ကျေးဇူးရှင်

လယ်တီဆရာတော်ဘုရားကြီး

၏

# နိုင်ငံတွင်းပုဏ္ဏာ

## အဖြေပေါင်းချုပ်

ပထမအုပ်

ဟံသာဝတီ

၂၁၉၃၅

မုံရွာမြို့
ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး
စီရင်တော်မူအပ်သော

# နိုင်ငံတွင်းပုဗ္ဗာဘာအဖြေ
# ပေါင်းချုပ်

## ပထမအုပ်


ကမ္ဘောဇ ပုစ္ဆာအဖြေ၊ ဓားဝယ် ပုစ္ဆာအဖြေ
ညောင်တီ ပုစ္ဆာအဖြေ၊ ရန်ကုန် ပုစ္ဆာအဖြေ
ဆပဂံ ပုစ္ဆာအဖြေ
ပရမတ္ထဒီပနီဋီကာ ပုစ္ဆာအဖြေ
မောင်လူကလေးပုစ္ဆာအဖြေ
မောင်သာထွန်းပုစ္ဆာအဖြေ
မောင်သာတိုးပုစ္ဆာအဖြေ
ဥက္ကံပုစ္ဆာအဖြေ
ကျွန်းကုန်းကြီး ပုစ္ဆာအဖြေ

## ၁၁-ကျမ်းတွဲ

☆

ရန်ကုန်မြို့
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၁၉၅၆-ခု

H 351—A [ဟံသာဝတီ]



ကျေးဇူးရှင်
လယ်တီဆရာတော်ဘုရားကြီးပုံတော်

# နိဒါန်း

**နိုင်ငံတွင်း ပုစ္ဆာအဖြေ**

ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးသည် ပိဋကတ်အရာ ပါရဂူရောက် တတ်မြောက်တော်မူသောကြောင့်၎င်း, သမထ ဝိပဿနာ ဘာဝနာ ၂-ပါး ပွားများရာ၌ ဟောကြား ညွှန်ပြကောင်းမွန်တော်မူလှသောကြောင့်၎င်း, လောကကြောင်း ဓမ္မကြောင်း မေးလာသူ အပေါင်းအား ကြောင်းကျိုးနှစ်ဝ ပါဠိပြလျက် အချက်ကျကျ သာဓကစုံသွင်း ဖြေရှင်းနိုင်သောကြောင့်၎င်း ပြည်တွင်းပြည်ပမဆန့် ပျံ့နှံ့ကျော်ကြားတော်မူခဲ့လေသည်၊ သို့ဖြစ်၍ ဆရာတော်ကြီး၏ ထံပါးသို့ ရဟန်းရှင်လူ ပြည်သူအများ ချဉ်းကပ်၍တတန် စာတမန်တမျိုးဖြင့် ရှိခိုးဦးညွှတ်ကြကာ အဘိဓမ္မာမှ တတန်, သုတ္တန်မှတနည်း, ဝိနည်းမှ တခက်း ပုစ္ဆာဆန်းပြုလုပ်ကြလျက် ပြည်ပပြည်တွင်းမကျန် အတန်တန် အဖန်ဖန်မေးကြ မြန်းကြလေသည်၊ ဤသို့သော အမေးပုစ္ဆာ ပြဿနာ အရပ်ရပ်ကို တတ်အပ်သေချာ အဖြေလွှာ ရေးသား၍ ပေးသနားတော်မူခဲ့သည့် လယ်တီပုစ္ဆာ အဖြေများကို စာရှုသူတို့ အလိုရှိရာ ကြည့်ရှုလွယ်ကူစေရန် ရည်သန်လျက် သူ့ကဏ္ဍနှင့်သူ သန့်ရှင်းအောင် ပိုင်းခြားကန့်သတ်ကာ—

၁။ ဘာသာရေးနှင့် ပတ်သက်မေးမြန်းသည့် ဖြေဆိုချက်များကို **ဘာသာရေး ပုစ္ဆာအဖြေပေါင်းချုပ်**ဟူ၍၎င်း။

၂။ အင်္ဂလန်ပြင်သစ်စသော နိုင်ငံခြားတိုင်းပြည်များမှ မေးမြန်းသည့် ဖြေဆိုချက်များကို**နိုင်ငံခြားပုစ္ဆာအဖြေပေါင်းချုပ်**ဟူ၍၎င်း။

၃။ မြန်မာပြည်တွင်း အမြို့မြို့ အရွာရွာမှ မေးမြန်းသည့် ဖြေဆိုချက်များကို **နိုင်ငံတွင်းပုစ္ဆာအဖြေပေါင်းချုပ် ပဌမတွဲ**

၄။ **နိုင်ငံတွင်းပုစ္ဆာ အဖြေပေါင်းချုပ် ဒုတိယတွဲ** ဟူ၍၎င်း အသီးအသီးခွဲခြား၍ ရိုက်နှိပ်ဖြန့်ချီအပ်သည်ဖြစ်ပါကြောင်း။

**ကျမ်းပြုအမေ ဇာတာတော်**

ယင်းသို့ အမြို့မြို့ အရပ်ရပ်၌ ဖြေဆိုတော်မူချက်များကို ပေါင်းစုထားသော ဤ နိုင်ငံတွင်း ပုစ္ဆာအဖြေပေါင်းချုပ်ကျမ်းကို ပြုစုတော်မူသော

# နိဒါန်း

**''ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး''**သည် ဒီပဲရင်းမြို့နယ် စိုင်ပြင်ရွာ အဘဦးထွန်းသာ,အမိ ဒေါ်ကျုံးတို့မှ ကောဇာသက္ကရာဇ် ၁၂၀၈-ခုနှစ် နတ်တော်လဆန်း ၁၃-ရက် အင်္ဂါနေ့ ညဥ့် တချက်တီးကျော် ၂-ပါဒ်၊ ၂-ဗိဇနာ၊ ၅-ပြန်၊ ၈-ခရာ၊သိဟ်လဂ်၊တူစန်း၊တနင်္ဂနွေ တြင်း၊ တနင်းလာ နဝင်း၊ ၉-လုံး၂-ပါဒ်ထက် လဂ်စီးလျက် ဗိရဏီနက္ခတ် မွန်းတည့်လတ်သော မင်္ဂလာအချိန်တွင် သားမြတ် သားဦး မီးရှူး သန္ဓေစင် ဖွားမြင်တော်မူလေသည်။

**နိမိတ်ပေါ်ပြ အမည်တော်ရ** ဖွားမြင်တော်မူပြီး မကြာမြင့်မီပင် ဖွားသန္ဓေစင်ရာ မင်္ဂလာအိမ်တော်၏အနီး မန်ကျည်းပင်၌ ထောင်၍ ထားအပ်သော ဝါးလုံးမှ သက်တံပေါ်ပြီးလျှင် ၎င်းသက်တံသည် ဖွားသန္ဓေစင်ရာ မင်္ဂလာအိမ်တော်ကို လက်ျာရစ် လှည့်လျက် အိမ်**ခေါင်**မှ အထက်ကောင်းကင်သို့ **တက်**သွားသည်ကို လူအများတွေ့ရှိရသဖြင့် မင်္ဂလာနိမိတ်ကို အစွဲပြု၍ **မောင်တက်ခေါင်** ဟု ဗျူပ္ပတ္တိနိမိတ် ကောင်းဟိတ်မင်္ဂလာနှင့်အညီ အမည်နာမ ဘွဲ့ချီသ၍ ခေါ်ဝေါ်ကြလေသည်။

**ဗျုပ္ပတ်အညီ ဘွဲ့တော်ချီ** ၎င်းမောင်တက်ခေါင်သည် အရွယ်တော်မြောက် ကျောင်းနေချိန်သို့ ရောက်လျှင် ရွာဦးကျောင်း ဆရာတော်ကြီး ဦးဓမ္မ မဟာထေရ် အထံတော်၌ အပ်နှံထားရာ သူငယ်တို့တတ်အပ်သော အရပ်ရပ် အတတ်ပညာများကို တတ်မြောက်ပြီးနောက် ရှင်သာမဏေ အဖြစ်ဖြင့် သာသနာ့ဘောင်သို့ တက်ရောက်တော်မူရကား-မောင်တက်ခေါင်-ဟူသော ဝေါဟာရမှ ထက်မြက်စူးရှ လျင်မြန်လှသော**ဉာဏ်**ရှိမှုကိုစွဲ၍ **ရှင်ဉာဏ**-ဟု ဗျုပ္ပတ္တိနိမိတ် ကောင်းဟိတ်မင်္ဂလာနှင့်အညီ အမည်နာမ ဘွဲ့ချီသ၍ နောက်မှတဖန် ခေါ်ဝေါ်ကြပြန်လေသည်။

**ဓမ္မာစရိယ ဆန်ထောက်ရ** ၎င်းနောက် သက်တော် ၂၀-ကျူး၍ ရဟန်းဘဝသို့ ကူးတော်မူပြီးလျှင် [သုဒဿနဝရ ဓမ္မသာမိ မဟာဓမ္မရာဇဂုရု, သုဒဿနဓဇ အတုလဓိပတိ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု] ဟူသော တံဆိပ်တော် ၂-ထပ်ရ သံဃာ

၁၀၀၀-ကျော် စာချ **မန္တလေးမြို့ စံကျောင်းဆရာတော်** မဟာထေရ်ကျော်ကြီးထံတော်ဝယ် ပညာရင်နို့ သောက်စို့မှီဝဲ နေစဉ်မှာပင် ၎င်းဆရာတော်ကြီး၏ အန္တေဝါသိက တပည့်ကြီးဖြစ်သော [လုံပဏ်,လင်းပဏ်၊ဤနှစ်တန်၊ ဘယ်ပဏ်သာ၍ တတ်သနည်း]ဟု ပညာရှိများ နှုတ်၌ အထပ်ထပ် ရွတ်ဆိုခံရသော **စလင်းဦးပဏ္ဍိစ္စမထေရ်** ထံတော်၌ ပိဋကတ်အခြေ တတ်မြောက်ခိုင်မြဲတော်မူလေသဖြင့် ပဌမစာချ ဆန်ထောက်တော်ရလျက် တပည့်အများ စာပေပို့ချ သင်ကြားပေးနေစဉ်မှာပင် ၁၂၄၁-ခု နှစ်၌ ပါရမီဒီပနီကျမ်းကို ပြုစုတော်မူလေ၏။

**ကျော်စောသတင်း တံဆိပ်နှင့်**

၁၂၄၈-ခုနှစ်သို့ရောက်လတ်သော်ရတနာပုံနေပြည်တော် မန္တလေးမြို့ စံကျောင်းတိုက်ဝိဟာရမှပြောင်းရွှေ့တော်မူခဲ့၍ **မုံရွာမြို့ လယ်တီ ကျောင်းတိုက်ကြီး**ကို တည်ထောင် ဖန်ဆင်းတော်မူကာ အရပ်ရပ်မှ ပညာရင်နို့သောက်စို့ရန် ရောက်လာကြသော များစွာသောင်းသောင်း တပည့် သံဃာအပေါင်းတို့အား စာပေပို့ချတော်မူခြင်း တကာ-တကာမအပေါင်းတို့အား တရားရေအေး တိုက်ကျွေးဆုံးမတော်မူခြင်း, ပါဠိဘာသာ-မြန်မာဘာသာ ၂-ဖြာသောကျမ်းဂန်တို့ကို ရေးသားပြုစုတော်မူခြင်း, အမြို့မြို့ အရွာရွာသို့ လှည့်လည်တော်မူလျက် တရား အမြိုက်မိုးကို တဖွဲဖွဲသွန်ချတော်မူခြင်း, အမေးပုစ္ဆာ ပြဿနာအရပ်ရပ်တို့ကို တပ်အပ်သေချာ ဖြေကြားရှင်းလင်းတော်မူခြင်း-စသော ဂုဏ်အပေါင်းတို့ကြောင့် လယ်တီဆရာတော်ကြီး-ဟုအာရှ,ဥရောပ အနှံ့ တအံ့တသြကျော်စောကိတ္တိ ဂုဏ်ရှိန်ညီ၍ ထွန်းလင်းဘိရကား တိုင်းကြီး,ပြည်ကြီးရှင်-ဘုရင်မင်းတို့က **အဂ္ဂမဟာပဏ္ဍိတ**-ဟူသောပါဠိဂုဏ်ဟိတ်ဘွဲ့တံဆိပ်တော်ဖြင့်၎င်း, **ဒီလစ်**-ဟူသော အင်္ဂလိပ်ဂုဏ်ဟိတ် ဘွဲ့တံဆိပ်တော်ဖြင့်၎င်း ဆက်ကပ်လှူဒါန်း ပူဇော်သည်ကို ခံယူရရှိတော်မူလေသည်။

**ကရုဏာရှေးရှု ကျမ်းဂန်ပြု**

ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီးသည် သာမဏေဖြစ်စဉ်က ကျေးစေခဏ်း ရတုကို စီရင်တော်မူလေသည်၊ ရဟန်းအဖြစ်သို့ ရောက်တော်မူသောအခါ စီရင်ပြုစုတော်မူသော ကျမ်းများမှာ—

# နိဒါန်း


၁။ ပရမတ္ထဒီပနီခေါ် [သင်္ဂြိုဟ် မဟာဋီကာသစ်ပါဌ်]
၂။ နိရုတ္တိဒီပနီခေါ်[ဝုတ္တိမောဂ္ဂလာန်ဋီကာပါဌ်]
၃။ ပဋ္ဌာနုဒ္ဒေသဒီပနီပါဌ်
၄။ သမ္မာဒိဋ္ဌိဒီပနီပါဌ်
၅။ အနုဒီပနီပါဌ်
၆။ ရူပဒီပနီ
၇။ လက္ခဏဒီပနီ
၈။ ပါရမီဒီပနီ
၉။ ဝိဇ္ဇာမဂ္ဂဒီပနီ
၁၀။ နိဗ္ဗာနဒီပနီ
၁၁။ မဟာသယနဒီပနီ
၁၂။ ဥတ္တမပုရိသဒီပနီ
၁၃။ ပဋိစ္စသမုပ္ပါဒဒီပနီ
၁၄။ အာဟာရဒီပနီ
၁၅။ အနတ္တဒီပနီ
၁၆။ ကမ္မဋ္ဌာနဒီပနီ
၁၇။ အာနာပါနဒီပနီ
၁၈။ စတုသစ္စဒီပနီ
၁၉။ သစ္စတ္ထဒီပနီ
၂၀။ ဗောဓိပက္ခိယဒီပနီ
၂၁။ သောမနဿုပေက္ခာဒီပနီ
၂၂။ ဘာဝနာဒီပနီ
၂၃။ သုကုမာရမဂ္ဂဒီပနီ
၂၄။ သာသနဒါယဇ္ဇဒီပနီ
၂၅။ ရောဂန္တရဒီပနီ
၂၆။ ဓမ္မဒီပနီ
၂၇။ ဒါနာဒိဒီပနီ
၂၈။ မဂ္ဂင်ဒီပနီ
၂၉။ ဂေါဏသုရာဒီပနီ
၃၀။ နိယာမဒီပနီ
၃၁။ ဝိပဿနာဒီပနီ
၃၂။ အနတ္တဒီပနီကျမ်းသစ်
၃၃။ သီလဝိနိစ္ဆယ
၃၄။ ဝိရတိသီလဝိနိစ္ဆယ
၃၅။ ဣဏပရိဘောဂဝိနိစ္ဆယ
၃၆။ ဒီဃာသနဝိနိစ္ဆယ
၃၇။ သရဏဂုံဝိနိစ္ဆယ ကျမ်းသစ်
၃၈။ အသင်္ခါရ, သသင်္ခါရဝိနိစ္ဆယ
၃၉။ သိက္ခာဂဟဏဝိနိစ္ဆယ
၄၀။ စေတိယင်္ဂဏဝိနိစ္ဆယ
၄၁။ ဥပသမ္ပဒ ဝိနိစ္ဆယ
၄၂။ အာဇီဝဋ္ဌမက သီလအဆုံးအဖြတ်
၄၃။ ဝိကာလဘောဇန သိက္ခာပုဒ် အဆုံးအဖြတ်
၄၄။ ပရမတ္ထသံခိပ်
၄၅။ ဝိနယသံခိပ်
၄၆။ သဒ္ဒသံခိပ်
၄၇။ သတ်ပုံသံခိပ်
၄၈။ သင်ပုန်းကြီးသံခိပ်
၄၉။ ပရမတ္ထဒီပနီခေါ် [သင်္ဂြိုဟ် မဟာဋီကာသစ်နိဿယ]
၅၀။ နိရုတ္တိဒီပနီခေါ်[ဝုတ္တိမောဂ္ဂလာန်ဋီကာနိဿယ]
၅၁။ ပဓာနသုတ် ပါဠိတော် နိဿယသစ်

၅၂။ အနတ္တဝိဘာဝနာပါဠိ နိဿယ
၅၃။ အာဝေဏိကဂုဏ်တော်ပါဠိ အနက်
၅၄။ လန်ဒန်ပါဠိဒေဝီပုစ္ဆာ ဝိဿဇ္ဇနာပါဠိ
၅၅။ သောတာပန်ပုစ္ဆာ
၅၆။ လယ်တီပုစ္ဆာ အဖြေပေါင်းချုပ်
၅၇။ နိဗ္ဗာနဝိဿဇ္ဇနာ
၅၈။ ရုပ်ပိုင်းအကျဉ်း
၅၉။ သာသနဝိသောဓနီ ပဌမတွဲ
၆၀။ ၎င်း ဒုတိယတွဲ
၆၁။ ၎င်း တတိယတွဲ
၆၂။ ခေတ်ကမ္မဋ္ဌာန်းကျမ်းသစ်
၆၃။ ဂမ္ဘီရကဗျာကျမ်း
၆၄။ ဥရောပဗုဒ္ဓဘာသာ အလင်းပြ
၆၅။ ပဋိစ္စသမုပ္ပါဒ်အကျဉ်းလင်္ကာ
၆၆။ သံဝေဂလေးချိုးနှင့်အမိပ္ပါယ်
၆၇။ ကမ္မဋ္ဌာန်းကျမ်းကြီး
၆၈။ ပုဗ္ဗေကဝါဒ ကမ္မဋ္ဌာန်း
၆၉။ လယ်တီမင်္ဂလသုတ္တန်
၇၀။ အလင်းကျမ်း

**သဗ္ဗေသင်္ခါရာ အနိစ္စာ**

ဤသို့အစရှိသည်ဖြင့်ဒီပနီ, ဝိနိစ္ဆယ,သံခိပ်,ပါဠိ-နိဿယ, ပုစ္ဆာ-ဝိဿဇ္ဇနာ, ဝိသောဓနီ ကျမ်းပေါင်းမြောက်မြားစွာကိုရေးသားစီရင်တော်မူခဲ့ပြီးသည့်နောက်—

**ဧဝံ မဟာနုဘာဝဿ၊ ယံ နာမေတံ မဟေသိနော။**
**န ဘယေန န လဇ္ဇာယ၊ မရဏဝသမာဂတံ။**

ဟူသော ဒေသနာတော်နှင့်အညီ ကြီးကျယ်မြင့်မြတ်သော အာနုဘော်တော်တို့နှင့် ပြည့်စုံတော်မူသည့် သဗ္ဗညုရှင်တော်မြတ်ဘုရားကြီးသော်မှရှောင်ကွင်း၍ မလွတ်နိုင်၊ကြောက်ရွံ့မဲ့ကင်း သေမင်းအလိုသို့ပါတော်မူရဘိသို့၊ ဘုရားရှင်၏တပည့်သာဝက ကျေးဇူးရှင် လယ်တီဆရာတော် မထေရ်မြတ်ကြီးသည်လည်း ၁၂၈၅-ခုနှစ် ပဌမဝါဆိုလပြည့်ဗုဒ္ဓဟူးနေ့ ၂-နာရီ မိနစ် ၃၀-အချိန်တွင် ပျဉ်းမနားမြို့၌ ကြောက်ရွံ့မဲ့ကင်း သေမင်းအလိုသို့ ပါတော်မူရချေပြီ။

**ပုံနှိပ်စေခြင်း နှလုံးသွင်း**

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးနောက်၌ စီရင်တော်မူခဲ့သော ကျမ်းစာများ **မတိမ်ကော မပပျောက်စေရန်ငှါ**, တပည့် နောက်

## နိဒါန်း

သား လူအများတို့ မှတ်သားကြည့်ရှု သတိပြုသဖြင့် ဉာဏ်စဉ်တိုးပွား နိဗ္ဗာန်တိုင် အကျိုးများစေရန်ရင်း ရည်သန်ရိုးရင်း နှလုံးသွင်းရှိရကား ပါဠိဆရာကြီး **ဦးခင်စိုး သိရိပဝရ ဓမ္မာစရိယ** အမှူးရှိသော ဟံသာဝတီ ပါဠိဆရာကြီးများက အက္ခရာပုဒ်ရင်း မချွတ်ယွင်းစေရအောင် သုတ်သင် ပြင်ဆင်လျက် ဤနိုင်ငံတွင်းပုဗ္ဗာအဖြေ ပေါင်းချုပ်ကျမ်းကို စက်တင် ပုံနှိပ်အပ်သည်ဖြစ်ပါကြောင်း။

**''ဟံသာဝတီ''**

# မာတိကာ

ဦးရေ | အကြောင်းအရာ | စာမျက်နှာ

## ကမ္ဘောဇပုစ္ဆာအဖြေ


၁။ လယ်တီဆရာတော်ဘုရားကြီးထံလျှောက်လွှာ .... ၁
၂။ လယ်တီဆရာတော်ဘုရားကြီးဖြေဆိုချက် .... ၂


## ထားဝယ်ပုစ္ဆာအဖြေ


၁။ လယ်တီဆရာတော်ဘုရားကြီးထံလျှောက်လွှာ .... ၇
၂။ လယ်တီဆရာတော်ဘုရားကြီးဖြေဆိုချက် .... ၉
၃။ ပဏ္ဍိတဆရာဖြေဆိုချက် .... ၁၀


## ဧည့်ဝတ်ပုစ္ဆာအဖြေ


၁။ လယ်တီဆရာတော်ဘုရားကြီးထံလျှောက်လွှာ .... ၂၃
၂။ လယ်တီဆရာတော်ဘုရားကြီးဖြေဆိုချက်
၁။ ပထမပုစ္ဆာအဖြေ .... ၂၅
၂။ ဒုတိယပုစ္ဆာအဖြေ .... ၂၆
၃။ တတိယပုစ္ဆာအဖြေ .... ၂၇
၄။ စတုတ္ထပုစ္ဆာအဖြေ .... ၂၇
၅။ ပဉ္စမပုစ္ဆာအဖြေ .... ၂၈
၆။ ဆဋ္ဌမပုစ္ဆာအဖြေ .... ၂၉
၇။ သတ္တမပုစ္ဆာအဖြေ .... ၂၉
၈။ အဋ္ဌမပုစ္ဆာအဖြေ .... ၃၀


## ရန်ကုန်ပုစ္ဆာအဖြေ


၁။ ဘုန်းကြီး ဦးရဝိန္ဒမေးလျှောက်လွှာ .... ၃၂
၂။ လယ်တီဆရာတော်ဘုရားကြီးဖြေဆိုချက်
၁။ ပထမပုစ္ဆာအဖြေ .... ၃၂

## မာတိကာ

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂။ | ဒုတိယပုစ္ဆာအဖြေ | .... | ၃၃ |
| ၃။ | တတိယပုစ္ဆာအဖြေ | .... | ၃၄ |
| ၄။ | စတုတ္ထပုစ္ဆာအဖြေ | .... | ၃၅ |
| ၅။ | နောက်ထပ်ပုစ္ဆာအဖြေ | .... | ၃၆ |

### ဆပဂံပုစ္ဆာအဖြေ


| | | | |
|---|---|---|---|
| ၁။ | မောင်စံဦးလျှောက်လွှာ | .... | ၃၉ |
| ၂။ | လယ်တီဆရာတော်ဘုရားကြီးဖြေဆိုချက် | | |


### ဒါနခဏ်း


| | | | |
|---|---|---|---|
| ၁။ | ၂-ပါးစုမာတိကာ | .... | ၄၀ |
| ၂။ | ၃-ပါးစုမာတိကာ | .... | ၄၂ |
| ၃။ | ၄-ပါးစုမာတိကာ | .... | ၄၃ |
| ၄။ | ၅-ပါးစုမာတိကာ | .... | ၄၃ |
| ၅။ | ၆-ပါးစုမာတိကာ | .... | ၄၄ |
| ၆။ | ၇-ပါးစုမာတိကာ | .... | ၄၅ |
| ၇။ | ၈-ပါးစုမာတိကာ | .... | ၄၅ |
| ၈။ | ၉-ပါးစုမာတိကာ | .... | ၄၆ |
| ၉။ | ၁၀-ပါးစုမာတိကာ | .... | ၄၆ |
| ၁၀။ | ၁၄-ပါးစုမာတိကာ | .... | ၄၇ |
| | **အရကျက်ရန်** | ... | ၄၈ |


### ကျက်မှတ်ကြည့်ရှုရန်


| | | | |
|---|---|---|---|
| ၁။ | ၂-ပါးစုအဓိပ္ပါယ် | .... | ၅၀ |
| ၂။ | ၃-ပါးစုအဓိပ္ပါယ် | .... | ၅၄ |
| ၃။ | ၄-ပါးစုအဓိပ္ပါယ် | .... | ၅၆ |
| ၄။ | ၅-ပါးစုအဓိပ္ပါယ် | .... | ၅၇ |
| ၅။ | ၆-ပါးစုအဓိပ္ပါယ် | .... | ၅၈ |
| ၆။ | ၇-ပါးစုအဓိပ္ပါယ် | .... | ၅၈ |
| ၇။ | ၈-ပါးစုအဓိပ္ပါယ် | .... | ၅၈ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၈။ | ၉-ပါးစုအဓိပ္ပါယ် | .... | ၅၉ |
| ၉။ | ၁၀-ပါးစုအဓိပ္ပါယ် | .... | ၆၁ |
| ၁၀။ | ၁၄-ပါးစုအဓိပ္ပါယ် | .... | ၆၂ |
| | **သီလခဏ်း** | | |
| ၁။ | အယုတ်,အလတ်,အမြတ်ဖြစ်ပုံ | .... | ၆၄ |
| ၂။ | ၂-ပါးစုမာတိကာ | .... | ၆၅ |
| ၃။ | ၃-ပါးစုမာတိကာ | .... | ၆၆ |
| ၄။ | ၄-ပါးစုမာတိကာ | .... | ၆၇ |
| ၅။ | ၅-ပါးစုမာတိကာ | .... | ၆၇ |
| ၆။ | ၈-ပါးစုမာတိကာ | .... | ၆၈ |
| ၇။ | ၉-ပါးစုမာတိကာ | .... | ၆၉ |
| ၈။ | ၄၀-ပါးစုမာတိကာ | .... | ၆၉ |
| | **ဓမ္မဝိနယစာတမ်းရှင်းလင်းချက်** | | |
| ၁။ | ဒုတိယဒါနစီစစ်ပုံ | .... | ၇၀ |
| ၂။ | တတိယဒါနစီစစ်ပုံ | .... | ၇၆ |
| | **ပရမတ္ထဒီပနီဋီကာပုစ္ဆာအဖြေ** | | |
| ၁။ | ဓမ္မကထိက လယ်တီ ဦးဝဏ္ဏိတလျှောက်လွှာ | .... | ၈၅ |
| ၂။ | လယ်တီဆရာတော်ဘုရားကြီးဖြေဆိုချက် | | |
| | **ဘုမိဘေဒ ၄-ပါး** | | |
| ၁။ | ကာမာဝစရဘုံပုဒ်စစ်ချက် | .... | ၉၀ |
| ၂။ | ရူပါဝစရဘုံ,အရူပါဝစရဘုံပုဒ်စစ်ချက် | .... | ၉၂ |
| ၃။ | လောကုတ္တရဘုံပုဒ်စစ်ချက် | .... | ၉၄ |
| | **အကုသိုလ်စိတ် ၁၂-ခု** | | |
| ၄။ | အကုသိုလ်စစ်ချက် | .... | ၉၆ |
| ၅။ | ယသင်္ခါရိကံ,အသင်္ခါရိကံပုဒ်အနက် စစ်ချက် | .... | ၉၇ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၆။ | သမ္မယုတ်,ဝိပ္ပယုတ် စစ်ချက် | .... | ၉၉ |
| ၇။ | သင်္ခါရစစ်ချက် | .... | ၁၀၄ |
| ၈။ | အကုသိုလ်စိတ်တို့၏အကြောင်း | .... | ၁၀၅ |
| ၉။ | ဝေဒနာသုံးပါးတို့၏အကြောင်း | .... | ၁၀၈ |
| ၁၀။ | သမ္မယုတ် ၄-ပါးအကြောင်း | .... | ၁၀၉ |
| ၁၁။ | သင်္ခါရတို့၏အကြောင်း | .... | ၁၁၀ |
| ၁၂။ | အကုသိုလ်များမီးတောက်မီးလျှံနှင့်တူပုံ | .... | ၁၁၂ |


## အဟိတ်စိတ် ၁၈-ခု


| | | | |
|---|---|---|---|
| ၁။ | အကုသလဝိပါက် | .... | ၁၁၃ |
| ၂။ | လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် | .... | ၁၁၄ |
| ၃။ | စက္ခုဝိညာဏ်၏အကြောင်း | .... | ၁၁၅ |
| ၄။ | သောတဝိညာဏ်၏အကြောင်း | .... | ၁၁၇ |
| ၅။ | ဃာန,ဇိဝှါ,ကာယဝိညာဏ်တို့၏အကြောင်း | .... | ၁၁၈ |
| ၆။ | ဝတ္ထုဘေဒဝိညာဏ် ၅-ပါး | .... | ၁၂၀ |
| ၇။ | ကိစ္စဘေဒစိတ် | .... | ၁၂၁ |
| ၈။ | ကုသလဝိပါက် | .... | ၁၂၂ |
| ၉။ | အဟိတ်ကြိယာ | .... | ၁၂၂ |
| ၁၀။ | သမ္ပဋိစ္ဆိုင်း | .... | ၁၂၅ |
| ၁၁။ | သန္တီရဏ | .... | ၁၂၅ |
| ၁၂။ | အာဝဇ္ဇန်း | .... | ၁၂၆ |
| ၁၃။ | ဝိပါက်မည်ခြင်း | .... | ၁၂၆ |
| ၁၄။ | ကြိယာမည်ခြင်း | .... | ၁၂၇ |
| ၁၅။ | အဟိတ်မည်ခြင်း | .... | ၁၂၈ |
| ၁၆။ | သမ္ဘဝ | .... | ၁၂၉ |
| ၁၇။ | သင်္ခါရစစ်ချက် | .... | ၁၃၀ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|

## ကာမာဝစရစိတ် ၂၄-ခု


၁။ သောဘဏဟမည်ခြင်း .... ၁၃၂
၂။ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် .... ၁၃၃
၃။ ကုသလသဒ္ဒါ၏အနက် .... ၁၃၃
၄။ ကုသိုလ်၏အကြောင်း .... ၁၃၅
၅။ သောမနဿ၏အကြောင်း .... ၁၃၅
၆။ ဥပေက္ခာ၏အကြောင်း .... ၁၃၇
၇။ ဉာဏသမ္ပယုတ်၏အကြောင်း .... ၁၃၉
၈။ သင်္ခါရစိစ်ချက် .... ၁၄၂
၉။ အသင်္ခါရိကနှင့်သသင်္ခါရိကအထူး .... ၁၄၄
၁၀။ အသင်္ခါရိက၏အကြောင်း .... ၁၄၅
၁၁။ မဟာဝိပါက် .... ၁၄၅
၁၂။ သောမနဿစသည်တို့၏အကြောင်း .... ၁၅၁
၁၃။ မဟာကုသိုလ်နှင့်မဟာကြိယာအထူး .... ၁၅၁


## ရူပါဝစရစိတ် ၁၅-ခု


၁။ ဈာန်မည်ကြောင်း .... ၁၅၅
၂။ ဥပစာရဘုံအခဏ်း .... ၁၅၉
၃။ ပထမဈာန် .... ၁၆၂
၄။ ဒုတိယဈာန် .... ၁၆၃
၅။ ဝေဒနာစသည်စိစ်ချက် .... ၁၆၅


## အရူပါဝစရစိတ် ၁၂-ခု


၁။ သာသနာပ,သာသနာတွင်းရနိုင်ပုံ .... ၁၇၀
၂။ ပထမာရုပ္ပဈာန် .... ၁၇၁
၃။ ဒုတိယာရုပ္ပဈာန် .... ၁၇၄
၄။ တတိယာရုပ္ပဈာန် .... ၁၇၅
၅။ စတုတ္ထာရုပ္ပဈာန် .... ၁၇၆

ဦးရေ အကြောင်းအရာ စာမျက်နှာ

## မောင်လှူကလေး၏ပုစ္ဆာအဖြေ

၁။ နယ်ပိုင်ဝန်ထောက်မောင်လှူကလေး
လျှောက်လွှာ .... ၁၇၉
၂။ လယ်တီဆရာတော်ဘုရားကြီးဖြေဆိုချက် .... ၁၈၀

## မောင်သာတိုး၏ပုစ္ဆာအဖြေ

၁။ အမိန့်တော်ရရွှေနေမောင်သာတိုးလျှောက်လွှာ .... ၁၈၃
၂။ လယ်တီဆရာတော်ဘုရားကြီးဖြေဆိုချက် .... ၁၈၄

## မောင်သာထွန်း၏ပုစ္ဆာအဖြေ

၁။ ကျွားမင်းကြီးရွာနေမောင်သာထွန်း
လျှောက်လွှာ .... ၁၈၇
၂။ လယ်တီဆရာတော်ဘုရားကြီးဖြေဆိုချက်
၁။ ပထမပုစ္ဆာအဖြေ .... ၁၈၇
၂။ ဒုတိယပုစ္ဆာအဖြေ .... ၁၈၈

## ဥက္ကံပုစ္ဆာအဖြေ

၁။ ဥက္ကံဘုရားကြီးကျောင်းဘုန်းကြီးလျှောက်လွှာ .... ၁၈၉
၂။ လယ်တီဆရာတော်ဘုရားကြီးဖြေဆိုချက် .... ၁၈၉

## ကျွန်းကုန်းကြီးပုစ္ဆာအဖြေ

၁။ လယ်တီဆရာတော်ဘုရားကြီးဖြေဆိုချက်
၁။ သင်္ခတပရမတ်,အသင်္ခတပရမတ် ၂-ပါးကို
ခွဲပြခြင်း .... ၁၉၇
၂။ နိဗ္ဗာန်၏ဘာဝ,အဘာဝကိုပြခြင်း .... ၂၀၀
၃။ နိဗ္ဗာန်၏အမေးလေးချက်အဖြေကို
ပြခြင်း .... ၂၀၃

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၄။ | နိဗ္ဗာန်မှာ ရုပ်ထူး,နာမ်ထူးမရှိကြောင်းကို ပြခြင်း | .... | ၂၀၇ |
| ၅။ | မိစ္ဆာဒိဋ္ဌိဖြစ်ပုံကိုပြခြင်း | .... | ၂၀၇ |
| ၆။ | သမ္မာဒိဋ္ဌိဖြစ်ပုံကိုပြခြင်း | .... | ၂၀၈ |
| ၇။ | မဇ္ဈိမပဋိပဒါကိုပြခြင်း | .... | ၂၀၉ |
| ၈။ | ပြည်သူတို့အတွက်နှိုးဆော်ချက် | .... | ၂၀၉ |

# နိုင်ငံတွင်းပုစ္ဆာအဖြေ ပေါင်းချုပ်

## ကမ္ဘောဇပုစ္ဆာအဖြေ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

တောင်ပိုင်းရှမ်းပြည်-စကားမြို့
ဒကာတော် စော်ဖွားကြီးက ကျေးဇူးတော်ရှင်-မုံရွာမြို့
လယ်တီဆရာတော်ဘုရားကြီးထံ
လျှောက်လွှာ

ဘုရားတပည့်တော်-စကားမြို့ ဒကာတော် စော်ဖွားကြီးက ရှိသေလေးမြတ်စွာ လျှောက်ထားပါသည် - ကျေးဇူးတော်ရှင် ဆရာတော်မြတ်ကြီးဘုရား၊ လျှောက်ထားရန်အကြောင်းထူးမှာ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ရေးထုတ်နုတ်တော်မူသည့် အမျိုးမျိုးသော ကျမ်းစာများကို ဘုရားတပည့်တော် ဝါသနာအလျောက် လေ့လာကြည့်ရှုရာ ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးကြောင့် အနည်းငယ်သိရှိရပ်မိပါ

၏ဘုရား၊ဉာဏ်မမှီ၍ ဝိဝါဒမကွဲသည့်အချက်မှာ အောက်ပါအချက်များ ဖြစ်ပါသောကြောင့် ဘုရားတပည့်တော်တို့ စိတ်ဒွိဟ ကင်းရှင်းပါရ အောင် သနားတော်မူပါသဖြင့် ဥပမာအမျိုးမျိုးနှင့် ဖြေကြားတော်မူ ပါမည့်အကြောင်းကို ရိုသေစွာလျှောက်ထား အသနားတော်မြတ်ခံပါ သည်-ကျေးဇူးတော်သခင် အရှင်မြတ်ကြီးဘုရား။

၁။ ငယ်စဉ်အခါကလည်း ကံ,စိတ်,ဥတု,အာဟာရနှင့် ဖြစ်ကြပါ သည်၊ကြီးလာလည်း ၎င်းအတိုင်းပင် ဖြစ်ကြပါသည်။

၂။ ငယ်စဉ်အခါကလည်း ဓာတ်လေးပါး, အဋ္ဌကလာပ်ရုပ် ရှစ် ပါးနှင့် ဖြစ်ကြပါသည်၊ ကြီးလာလည်း ၎င်းအတိုင်းပင် ဖြစ်ကြ ပါသည်။

၃။ ငယ်စဉ်အခါကလည်း ခဏိကဇာတိ, ဇရာ,မရဏ,ဥပါဒ်,ဌီ, ဘင်နှင့်ဖြစ်ကြပါသည်၊ ကြီးလာလည်း ၎င်းအတိုင်းပင် ဖြစ်ကြ ပါသည်။

၄။ သို့ပါလျက် တပည့်တော်တို့ လူများသည် မည်သည့် အတွက် ကြောင့် အိုရကြောင်းကို သိလိုပါသည်ဘုရား။

ဒကာတော်-စကားစော်ဖွားကြီး။

---

## လယ်တီဆရာတော်ဘုရားကြီးဖြေဆိုချက်

သတ္တဝါတို့၌ တေဇောဓာတ်လေးပါးရှိကြောင်းကို ပါဠိတော်၌ လာရှိ၏။

လေးပါးဆိုသည်ကား–

၁။ သန္တပ္ပနတေဇော,

၂။ ဒါဟတေဇော,

၃။ ဇိရဏတေဇော,

၄။ ပါစကတေဇော,

ဤလေးပါးတည်း။

ထိုလေးပါးတို့တွင်–

၁။ သန္တပ္ပနတေဇော ဆိုသည်ကား-ရက်ဆက် ရက်ခြားဖျားခြင်း အစရှိသည်ဖြင့် အလွန်ပူသောတေဇောပေတည်း။

၂။ ဒါဟတေဇောဆိုသည်ကား-ကျောက်နာ, ဝက်သက်နာ, ဝက်ခြင်နာအစရှိသည်ဖြင့် ပကတိအသွေးအသားတို့ကို သွေးပုပ်ပြည်ပုပ်ဖြစ်အောင် လောင်တတ်သောတေဇောပေတည်း။

၃။ ဇိရဏတေဇောဆိုသည်ကား-ဆံဖြူခြင်း, သွားကျိုးခြင်း,အရေတွန့်ခြင်း, မျက်စိနာစသော အင်္ဂါတို့၏ ဆုတ်ယုတ်ခြင်း, အားခွန်ဗလလျော့ပါးခြင်း-စသည်ဖြင့် အိုချိန်ကျလျှင် အိုရုပ်ပေါ်အောင် လောင်တတ်သော တေဇောပေတည်း။

၄။ ပါစကတေဇောဆိုသည်ကား-စားအပ် မျိုအပ်သော အစာအာဟာရတို့ကို ကြေကျက်စေတတ်သော တေဇောပေတည်း။

အထက်လျှောက်လွှာတွင်—

၁။ ယေ်စဉ်အခါကလည်း ကံ,စိတ်,ဥတု, အာဟာရနှင့် ဖြစ်ကြပါသည်၊ ကြီးလာလည်း ၎င်းအတိုင်းပင် ဖြစ်ကြပါသည်။

၂။ ယေ်စဉ်အခါကလည်း မာတ်လေးပါး, အဌကလာပ်ရုပ် ရှစ်ပါးနှင့်ဖြစ်ကြ ပါသည်၊ ကြီးလာလည်း ၎င်းအတိုင်းပင် ဖြစ်ကြပါသည်။

၃။ ယေ်စဉ် အခါကလည်း ခဏိက ဇာတိ, ဇရာ, မရဏ, ဥပါဒ်, ဌီ, ဘင်နှင့်ဖြစ်ကြပါသည်၊ ကြီးလာလည်း ၎င်းအတိုင်းပင် ဖြစ်ကြပါသည်။

၄။ သို့ပါလျက် တပည့်တော်တို့ လူများသည် မည်သည့်အတွက်ကြောင့် အိုရကြောင်းကို သိလိုပါသည်-ဟူသော ပုစ္ဆာလေးချက်၌—

**အဖြေကား။** ပြဆိုခဲ့ပြီးသော တေဇောလေးပါးတို့တွင်ဇိရဏတေဇော, လောင်မှုကြောင့် အိုရသည်-ဟု မှတ်ရမည်၊ ထိုတေဇောသည် ဇာတိမီး, ဇရာမီး, မရဏမီး-ဟူသော သုံးပါးတို့တွင် သန္တတိဇရာမီးကို လွန်စွာတောက်ပစေနိုင်၏၊ မြက်ပင်မျိုး, ကောက်စပါးမျိုး, သစ်ပင်မျိုး, ချုံနွယ်မျိုးတို့၌ ရင့်ချိန်ကျလျှင် ရင့်ရခြင်း,အိုချိန်ကျလျှင် အိုရခြင်းများသည်လည်း ထိုဇိရဏတေဇော၏ လောင်မှုပေတည်း၊ မီးနှစ်ပါးတို့၏ အထူးကား-ပူလောင်မှုသည် ဇိရဏတေဇော မီးပေတည်း၊

ပူလောင်သည့်အတွက် အပူလောင်ခံရသော ဝတ္ထုတို့၌ ဆုတ်ယုတ်လျော့ပါးဖေါက်ပြန်၍ သွားမှုသည် ဇရာမီးပေတည်း။

ကံ, စိတ်, ဥတု, အာဟာရ-ဟူသော အကြောင်းတရား လေးပါးရှိသည်တွင် အကြင်အခါ ကမ္ဘာနေလူအပေါင်းတို့၌ ကောင်းသောစိတ်သည် ပွါးစီး၏၊ ထိုအခါ ဗဟိဒ္ဓသန္တာန်၌ မြေ,ရေ,တော,တောင်, နေ, လ, နက္ခတ်, တာရာတို့မှ ဖြစ်ကုန်သော ဥတု,အာဟာရတို့သည် အလွန် အဆီအနှစ်ဩဇာနှင့် ပြည့်စုံကုန်၏၊ သတ္တဝါတို့သန္တာန်၌ဥတု, အာဟာရတို့၏ အထောက်အပံ့ကိုခံရသော ဇီဝိတိန္ဒြေစသောကမ္မဇရုပ်တရားတို့သည် အလွန်ထက်သန် ရှင်လန်းကုန်၏၊ ဇီရဏ တေဇောမပွါးစီးနိုင်ရှိ၏၊သတ္တဝါတို့အသက်ရှည်ကြကုန်၏၊ တက်ကပ် အလားပေတည်း။

အကြင်အခါ ကမ္ဘာနေ လူအပေါင်းတို့၌ မကောင်းသောစိတ်သည် ပွါးစီး၏၊ ထိုအခါ ဗဟိဒ္ဓသန္တာန်၌ မြေ, ရေ, တော, တောင်, နေ, လ,နက္ခတ်,တာရာတို့မှ ဖြစ်ကုန်သောဥတု, အာဟာရတို့သည် အဆီအနှစ်ကုန်ခန်း ကြမ်းတမ်းကုန်၏၊သတ္တဝါတို့၏သန္တာန်၌ ထိုဥတု,အာဟာရတို့၏ အထောက်အပံ့ကို ခံရသော ဇီဝိတိန္ဒြေစသော ကမ္မဇရုပ်တရားတို့သည် အလွန်နွံ့နဲ့ညှိုးနွမ်းကုန်၏၊ ဇီရဏတေဇောပွါးစီးနိုင်၏၊ သတ္တဝါတို့ အသက်တိုကြကုန်၏၊ဆုတ်ကပ် အလားပေတည်း။

သတ္တဝါတို့ အရွယ်သုံးပါးရှိသည်တွင် ပဌမအရွယ်၌ ရုပ်တရားတို့သည် တိုးပွါးကုန်၏၊ ဒုတိယအရွယ်၌ တိုးပွါးပြီးသည့်အတိုင်း တည်နေကုန်၏၊ တတိယ အရွယ်၌ ဆုတ်ယုတ်၍ သွားကုန်၏။

[ဤကား–မဇ္ဈိမတာပေတည်း။]

ထိုသုံးပါးတို့တွင်–

၁။ တိုးပွါးသော အခါ၌ အစဉ်သာ တခုသော ဥတု, တခုသော အာဟာရမှ ရုပ်ကလာပ်ပေါင်းအနည်းငယ်မျှသာ ပွါးစီး၏၊ ထို့ထက် အားရှိလာသောအခါ တခုသော ဥတု, တခုသော အာဟာရမှ ရုပ်ကလာပ်ပေါင်းအမြောက်အမြားပွါးစီး၍လာ

၏၊အဆင့်ဆင့် အားရှိသည်ထက် အားရှိလေလေ ရုပ်ကလာပ် အပွါး များသည်ထက် များလေလေဖြစ်၏။
[ဤကား-ပထမအရွယ်၌ ရုပ်တရားတို့၏ တိုးပွါးပုံတည်း။]

၂။ ဒုတိယအရွယ်၌ကား - အတိုးအပွါးရပ်၍ တိုးပွါးပြီးသော အတိုင်း အစဉ်ဖြစ်ပွါး၍ နေလေ၏။

၃။ တတိယအရွယ်၌ကား - တိုးပွါးမြဲတိုင်း အစဉ်ပွါး၍ နေရာမှ အစဉ်အတိုင်း ရုပ်ကလာပ်ပွါးမှု ဆုတ်ယုတ်၍သွားလေ၏၊ရုပ် ကလာပ်ပွါးမှုကုန်ဆုံး၍ သွားသောအခါ ထိုအစဉ်ချုပ်ကွယ် ၍သွားလေ၏၊စိတ္တဇရုပ်, ကမ္မဇရုပ်တို့သည်လည်း ဥတုဇရုပ်, အာဟာရရုပ်တို့နှင့်အတူ တိုးပွါးလျှင် တိုးပွါးခြင်း, တည်လျှင် တည်ခြင်း,ဆုတ်ယုတ်လျှင် ဆုတ်ယုတ်ခြင်းရှိကြကုန်၏။
[ဤကား-မည်သည့်အတွက်ကြောင့် အိုရကြောင်းကို သိလိုပါသည် ဟူ သောအမေးကို ဖြေဆိုချက်တည်း။]

ဇရာတာဓောကို အဘယ်ဆေးဝါးဓာတ်စာများနှင့် ကွယ်ကာ တားဆီးနိုင်ပါသနည်းဟူမူ ငွေဓာတ်,ရွှေဓာတ်,သံဓာတ်,ပြဒါးဓာတ် တို့ကို ဝိဇ္ဇာမယလုပ်ရတ်လမ်းတို့ဖြင့် ကောင်းစွာ စီရင် အောင်မြင် ထမြောက်ပြီးသောဓာတ်ပြာဆေးဝါးများသည် ထိုဇရာတာဓောကို တားဆီးကာကွယ်နိုင်၏။

ထို့ကြောင့် နေတ္တိပါဠိတော်၌—

သက္ကတေဝ ဇရာယ ပဋိကမ္မံ ကာတုံ။

ဟုလာ၏။

**အနက်ကား။** ဇရာယ၊အိုခြင်းတရားကို။ပဋိကမ္မံ၊မအိုရအောင်တား ဆီးကာကွယ်မှုကို။ကာတုံ၊ပြုခြင်းငှါ။သက္ကတေဝ၊တတ်ကောင်းသည်သာ လျှင်တည်း။

ဝိသုဒ္ဓိမဂ် မဟာဋီကာ၌လည်း—

ရသာယနဘေသဇ္ဇံ ပန သုစိရံပိ ကာလံ ဇီဝိတံ ပဝတ္တေတုံ သက္ကောတိ။

ဟူ၍လည်းလာ၏။

**အနက်ကား။** ရသာယနဘေသဇ္ဇံပန၊ ရသာယန ဆေးမျိုးသည်ကား။ သုစိရံပိကာလံ၊ အလွန် ရှည်မြင့်စွာသော ကာလ တိုင်အောင်လည်း။ဇီဝိတံ၊အသက်ကို။ပဝတ္တေတုံ၊တည်စေခြင်းငှါ။ သက္ကောတိ၊တတ်နိုင်၏။

တရာတမ်းမှာပင် တထောင်ရှည်အောင်, တသောင်းရှည်အောင်တတ်နိုင်၏-ဟူလို၊ ရသာယနဆေးဆိုသည်ကား - အထက်၌ ပြဆိုခဲ့ပြီးသော ဓာတ်ပြာကြီးပွါးမှုပေတည်း၊ ဒဗ္ဗဂုဏာဆေးကျမ်းများ, သာရကောမုဒီဆေးကျမ်းများတွင်လည်း ရသာယနဆေးအမျိုးမျိုးတို့ လာရှိ၏၊ ဓာတ်ပြာကြီး လုပ်လမ်းများသည် သာသနာတော်ထမ်း ရဟန်းတော်များ၏ လုပ်ငန်းမဟုတ်၊ကံရိုး, ဉာဏ်ရိုး, ဝီရိယရိုးများ၏ အလုပ်မျိုးမဟုတ်၊ကံထူး,ဉာဏ်ထူး,ဝီရိယထူးများ၏ အလုပ်ပေတည်း။

ကမ္မာဇပုဗ္ဗာအဖြေပြီး၏။

# ဓားဝယ်ပုစ္ဆာအဖြေ

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## လျှောက်လွှာ

ဘုရားတပည့်တော်တို့ စိတ်ဒွိဟ မကင်း၍ အလင်းကိုမသိရသော ဒါယကာ,ဒါယိကာမ တစုတို့က လက်စုံမိုး၍ ရှိခိုးလျှောက်ထား တောင်းပန်ကြပါသည် လယ်တီဆရာတော်ကြီးဘုရား။

တပည့်တော်, တပည့်တော်မတို့အား အစဉ်သနားသည်ကို အကြောင်းပြု၍ အောက်၌ဘော်ပြထားသော အချက်များကို ငဲ့ကွက်ခြင်းမရှိ၊ ဝိနည်းသိက္ခာပုဒ်တော်နှင့်အညီ အကျိုးအပြစ်ကို ထင်ရှားသိသာကြစေရန် အလုံးစုံ အကုန်အဋ္ဌုပ္ပတ္တိနှင့်တကွ ရှင်းလင်းအောင် အတိုကောက်ရေးသား၍ ဖြေကြားဟောတော်မူမှ စိတ်ဒွိဟကင်းကြပါမည်ဖြစ်ပါသောကြောင့် မနှောင့်မနှေး-ပြေရှင်းအောင် အမြိုက်ဆေး တိုက်ကျွေးတော်မူခဲ့ စေလိုပါကြောင်း တောင်းပန်လျှောက်ထားကြပါသည် အရှင်ဘုရား။

၁။ လောကမာရဇိန် ဘုရားကြီးဝတ်တော်အတွင်း ရဟန်းများ ဝါကပ်သော်- မည်သို့အပြစ်၊ အာပတ် သင့်,မသင့်ကို သိလိုပါကြောင်း။

၂။ လောကမာရဇိန်ဘုရားကြီးဝတ်အတွင်း ရုပ်ပွါးဆင်းတုတော်နှင့်ပလ္လင်ချင်းကျောခိုင်း၍ ရဟန်းတော်များ သက်နံးဝတ်ရုံလျက် တရားဟောသော် မည်သို့အပြစ်အာပတ် သင့်ပါမည်နည်း။

၃။ သာသနာမြေအပေါ်တွင် ဂိုဏ်း,ဂဏ, သံဃာကြီးများထံကိုဖြစ်စေ,မြို့လူကြီးများထံကိုဖြစ်စေ မပန်ကြားဘဲ မည်သည့်အဆောက်အဦမျိုးမဆို ရဟန်းသံဃာတို့ ဆောက်လုပ်အပ်, မအပ်ကို သိလိုပါကြောင်း။

၄။ ၎င်းဆောက်လုပ်သော အဆောက်အဦသည် ရဟန်း,သံဃာတော်ကိုယ်တိုင် တောင်းရမ်းပြုပြင် စီမံဆောက်လုပ်ပါက ဆောက်လုပ်သော ရဟန်းမှာ ဘယ်လို, နေထိုင်မိသော ရဟန်း,သံဃာတော်များမှာ ဘယ်လိုအပြစ်ရှိမည်ကို သိလိုပါကြောင်း။

၅။ အသူ့ဝတ်ဆယ်မျိုးအတွက် အသုံးချရန်ဝတ္ထုကြေးငွေများကို ဒါယကာ, ဒါယိကာမတို့က ရေစက်သွန်းချ၍ လှူဒါန်းထားခဲ့ကြသော ဝတ္ထုကြေးငွေများကို ရဟန်း,သံဃာတို့က သိမ်းပိုက်လက်ခံထားပြီးနောက် ထိုငွေများကို အလှူဆယ်မျိုးစေ့အောင် သုံးစွဲခြင်း မပြုခဲ့ပါက ထို ရဟန်း,သံဃာများမှာ ဘယ်လိုအပြစ်,ဘယ်လိုအာပတ် ထိုက်သင့်ပါမည်နည်း။

၆။ ရဟန်းသံဃာဖြစ်ပါလျက် ဝိသုဒ္ဓိနတ်မင်းကြီးမှတပါး အခြားသောနတ်ကို ရှိခိုးထိုက်ပါသေးသလော၊ အကယ်၍ ရှိခိုးငြားအံ့၊ ရှိခိုးသောရဟန်းသံဃာများမှာ မည်သို့ အပြစ်အာပတ်များရှိပါသနည်း။

၇။ ရဟန်းသား,မြေးဖြစ်ပါလျက် ရပ်ရွာရှိနတ်ကွန်း, နတ်ကန္နားများကို အသစ်ဆောက်လုပ်စီမံအားထုတ်ခြင်း၊ မိမိကိုယ်တိုင်နတ်ရုပ်ကြီးများ ကံကျွေးလက္ခပေး၍ ထုလုပ်ခြင်း၊ ၎င်းနတ်ရုပ်ကြီးများအား အသက်သွင်းသည်ဆို၍ပွဲတင်မြှောက်ပူဇော်ခြင်း၊ ဤသို့စသည်ဖြင့် ပြုလုပ်ခြင်းများသည် ဝိနည်းသိက္ခာပုဒ်တော်အတိုင်း ထိုသံဃာ၌အပြစ်ရှိသည်,မရှိသည်ကို သိလိုပါကြောင်း။

၈။ ဉာတိပဝါရိတ မဟုတ်သော ဒါယကာ, ဒါယိကာမတို့အားတောင်းရမ်းပြောဆို၍ ရအပ်သောပစ္စည်းနှင့် အခြားသောသံဃာတို့အား ကျွေးမွေးလှူဒါန်းခဲ့ပါလျှင် ထိုသုံးစားသော ရဟန်းတို့အား အပ်,မအပ် ပြုလုပ်တောင်းရမ်းသော ရဟန်းတို့အား အဘယ်ကဲ့သို့သော အပြစ်ဟူ၍ သေချာစွာ သိချင်ပါကြောင်း။

၉။ ပစ္စည်းလေးပါးဒါယကာ, ဒါယိကာမတို့ထံဖြစ်စေ၊ ပစ္စည်းလေးပါးမဟုတ်သော ဒါယကာ, ဒါယိကာမတို့ထံဖြစ်စေ၊ ခေတ္တကြေးငွေများကိုချေးငှါးပြီး တခုခုတွင် အသုံးချလိုက်ပြီးနောက် ထိုဝတ္ထုငွေများကို ပြန်၍မပေးနိုင်သော ရဟန်းတော်များမှာ ဘယ်လိုအပြစ်, ဘယ်လိုအာပတ်သင့်မည်ကို သိချင်ပါကြောင်း။

၁၀။ ဒါယကာ, ဒါယိကာမ တဦးတယောက်ထံက အကြွေးငွေ ၁၀၀ိ-ဘိုးလောက် ဝယ်ခြမ်းသုံးစွဲပြီး ထိုအကြွေးကို မဆပ်ပေးနိုင်ခဲ့ပါမူ ထိုရဟန်းမှာ ဘယ်လိုကံ, ဘယ်လိုအာပတ်ဟု သိလိုပါကြောင်း။

၎င်းအထက်ကဘော်ပြထားသော အမေးပုစ္ဆာ ဆယ်ချက်ကို ရွှာထောင်အာလံ မြဝတီဆရာတော်ထံ ဖြေရှင်းပေးတော်မူပါမည့် အကြောင်း ၁၂၈၂-ခု၊တပို့တွဲလဆန်း ၅-ရက်၊ စနေနေ့ ၁၀-နာရီ အချိန်လျှောက်ထား တောင်းပန်ရာ အဖြေမပြ တုဏှိဘာဝဖြစ်နေသောကြောင့် ကမ္ဘာ့သူကမ္ဘာ့သားတို့၏ တကယ့်မှီခိုရာ ကမ္ဘာ့မဏ္ဍိုင်ကြီးဖြစ်တော်မူသော ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးထံ ၌အမေးပုစ္ဆာဆယ်ချက်လျှောက်လွှာကြီး ဆိုက်ရောက်လာပြန်ရာ အောက်ပါအတိုင်း အဖြေရေးသား ပေးသနားတော်မူပါကြောင်း။

---

## လယ်တီဆရာတော်ဘုရားကြီး ဖြေဆိုက်ချက်

၁။ "လောကမာရဇိန် ဘုရားကြီးဝတ်တော်အတွင်း ရဟန်းတော်များ ဝါကပ်သော် မည်သို့အပြစ်အာပတ် သင့်မသင့်ကို သိလိုပါကြောင်း"ဟူသော ပုစ္ဆာ၌—

**အဖြေကား။** ဘုရားကြီးဝတ်တော်အတွင်းဝါကပ်သော် ဝတ်နိဗဒ်ဆောင်ရွက်၍ နေပေက မည်သည့်အာပတ်မျှမသင့်၊ ဝါဆို၍ နေအပ်ပါ၏၊ ဝါတွင်းအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားကိန်းဝပ်တော်မူရာ ဂန္ဓကုဋိတိုက်တော်အတွင်း၌ ဝါကပ်ရလေသကဲ့သို့တည်း။

၂။ ''လောကမာရဇိန် ဘုရားကြီးဝတ်အတွင်း ရုပ်ပွါးဆင်းတုတော်နှင့် ပလ္လင်ချင်းကျောခိုင်း၍ ရဟန်းတော်များ သင်္ကန်းဝတ်ရုံလျက် တရားဟောသော် မည်သို့အာပတ် သင့်ပါမည်နည်း''ဟူသောပုစ္ဆာ၌—

**အဖြေကား။** ဘုရားကြီး ဝတ်အတွင်း ရုပ်ပွါးဆင်းတုနှင့် ပလ္လင်ချင်းကျောခိုင်း၍ ရဟန်းတော်များ သင်္ကန်းဝတ်ရုံလျက် တရားဟောသော် ကန့်လန့်ကာ အကွယ်အကာရှိသည်ဖြစ်အံ့၊မည်သည့်အာပတ်မျှမသင့်၊ ကန့်လန့်ကာ အကွယ်အကာ မရှိသည်ဖြစ်အံ၊ ဗုဒ္ဓအဂါရဝဒုက္កဋ်အာပတ်သင့်တတ်၏၊ရဟန်းတော်များနေရာ ကျောင်းခန်းတွင်း၌ စာတိုက်ပလ္လင်နှင့် ရုပ်ပွါးဆင်းတုတော်များ ရှိနေခဲ့သော် ရုပ်ပွါးဆင်းတုတော်၏ ရှေ့၌ကန့်လန့်ကာ ကာရံ၍နေကြမြဲ ထုံးစံဖြစ်၏၊

၃။ ''သာသနာမြေအပေါ်တွင် ဂိုဏ်း,ဂဏ သံဃာကြီးများထံကိုဖြစ်စေ၊ မြို့လူကြီးများထံကို ဖြစ်စေ မပန်ကြားဘဲ မည်သည့်အဆောက်အဦမျိုးမဆို ရဟန်းသံဃာတို့ဆောက်လုပ် အပ်, မအပ်ကို သိလိုပါကြောင်း''ဟူသော ပုစ္ဆာ၌—

**အဖြေကား။** ဆောက်လုပ်သော ရဟန်းသည် မိမိနေထိုင်ရန်အဘို့ဆောက်လုပ်သည်လည်းရှိရာ၏၊ ဘုရားရုပ်ပွါးတည်ထားရန်အဘို့ကိုလည်း ဆောက်လုပ်သည်လည်းရှိရာ၏၊ရောက်လာသမျှသောရဟန်းသံဃာများနေထိုင်ရန် ဆောက်လုပ်သည်လည်းရှိရာ၏၊ ထိုတွင် သာသနာမြေပေါ်တွင် ရဟန်းသံဃာတော်ကြီးများထံကို ဖြစ်စေ, မြို့လူကြီးများထံကိုဖြစ်စေ မပန်ကြားဘဲ မိမိနေထိုင်ရန်အဘို့ဆောက်လုပ်သည်ဖြစ်အံ့၊ မပန်ကြားဘဲ ဆောက်လုပ်သည့် အတွက် စောင့်ရှောက်သူတို့ကို မရိုသေမှုအပြစ်ရှိ၏၊ဘုရားရုပ်ပွါးတည်ထားရန်အဘို့ ဆောက်လုပ်ခဲ့သော်ငြား, ရောက်လာသမျှသော ရဟန်းသံဃာများ နေထိုင်ရန်အဘို့ ဆောက်လုပ်ခဲ့သော်ငြား အပြစ်မရှိ၊ သို့သော် ထိုသာသနာမြေကို စောင့်ရှောက်သော ဂိုဏ်း,ဂဏ သံဃာကြီးများ, မြို့လူကြီးများကို တိုင်ကြားပြောဆို၍ ထိုသူတို့က အခွင့်ပေးရာ၌ ဆောက်လုပ်ခြင်းငှါ သင့်လျော်၏။

၄။ "ငင်းဆောက်လုပ်သော အဆောက်အဦသည် ရဟန်းသံဃာတော်ကိုယ်တိုင် တောင်းရမ်းပြုပြင် စီမံဆောက်လုပ် ပါက ဆောက်လုပ်သော ရဟန်းမှာ ဘယ်လို၊ နေထိုင်မိသော ရဟန်းသံဃာတော်များမှာ ဘယ်လို အပြစ်ရှိမည်ကို သိလိုပါကြောင်း"ဟူသော ပုစ္ဆာ၌–

**အဖြေကား။** ရွှေငွေစသော အကပ္ပိယဝတ္ထုများကို အကပ္ပိယစကားဖြင့် ခံယူဆောက်လုပ်ခဲ့သော် ခံယူဆဲအခါ၌ ခံယူမှုအတွက် နိဿဂ္ဂိယ ပါစိတ်အာပတ်သင့်၏၊ ထိုရဟန်းနေထိုင်ခဲ့သော် နေထိုင်သည့်အတွက် ဒုက္ကဋ်အာပတ်သင့်၏၊ နေထိုင်မိသော ရဟန်းသံဃာများမှာ အကပ္ပိယ အဆောက်အဦမှန်း သိလျက် နေထိုင်ခဲ့သော် ဒုက္ကဋ်အာပတ်သင့်၏၊ မသိ၍ နေထိုင်ခဲ့သော် အာပတ်လွတ်၏၊ ဤပုစ္ဆာ၌ အကျယ်ဖြေဆိုရန် နည်းလမ်းကို မူကား-"ပဏ္ဍိတ" ဆရာ ဖြေဆိုလိုက်သော ဝိသဇ္ဇနာမှာ ပြည့်စုံစွာ ပါရှိလေ၏။

၅။ "အလှူဝတ်ဆယ်မျိုး အတွက် အသုံးချရန် ဝတ္ထုကြေးငွေများကိုဒါယကာ, ဒါယိကာမတို့က ရှေ့စက်သွန်းချ၍ လှူဒါန်းထားခဲ့ကြသော ဝတ္ထုကြေးငွေများကို ရဟန်းသံဃာတို့က သိမ်းပိုက်လက်ခံထားပြီးနောက် ထိုငွေများကို အလှူဆယ်မျိုးစေ့အောင် သုံးစွဲခြင်းမပြုခဲ့ပါက ထို ရဟန်းသံဃာများမှာ ဘယ်လိုအပြစ် ဘယ်လိုအာပတ် ထိုက်သင့်ပါမည်နည်း" ဟူသောပုစ္ဆာ၌-

**အဖြေကား–**

၁။ အန္န-ဆွမ်းတည်းဟူသော အလှူဝတ္ထု။

၂။ ပါနံ-အဖျော်တည်းဟူသော အလှူဝတ္ထု။

၃။ ဃရံ-ရဟန်းသံဃာတို့နေရန် ကျောင်းတည်းဟူသော အလှူဝတ္ထု။

၄။ ဝတ္ထံ-အဝတ်သင်္ကန်းတည်းဟူသော အလှူဝတ္ထု။

၅။ မာလာ-ပန်းတည်းဟူသော အလှူဝတ္ထု။

၆။ ဂန္ဓော-နံ့သာတည်းဟူသော အလှူဝတ္ထု။

၇။ ဝိလေပနံ-နံ့သာပျောင်းတည်းဟူသော အလှူဝတ္ထု။
၈။ သေယျာ-ညောင်စောင်းဖထိုင်၊ဖျာယိုင်သင်ဖြူးစသောအိပ်ရာ ထိုင်ရာတည်းဟူသော အလှူဝတ္ထု။
၉။ အာဝါသထော-ညှော့သည်တို့ တည်းခိုရန် ဇရပ်တန်ဆောင်း ဟူသော အလှူဝတ္ထု။
၁၀။ ပဒီပေယျံ-ဆီမီးထွန်းရန် အဆောက်အဦ ဟူသော အလှူ ဝတ္ထု။

ဤကား-အလှူဝတ္ထုဆယ်ပါးတည်း၊ဤဆယ်ပါးကိုလှူရာမှာလည်း-
၁။ စေတီတော်အတွက် လှူသည်လည်းရှိ၏။
၂။ စာတုဒ္ဒိသာသံဃာအတွက် သံဃိကလှူသည်လည်းရှိ၏။
၃။ ပုဂ္ဂိုလ်အတွက် ပုဂ္ဂလိကလှူသည်လည်းရှိ၏။

ထိုသုံးပါးလုံး၌ပင် လှူဒါန်းသူ ဒါယကာမှာ စေတနာပြခန်း၍ လှူဒါန်းပြီးဖြစ်သောကြောင့် တောင်းရမ်းပြောဆိုနိုင်ခွင့် မရှိပြီ၊ စေတီ အတွက်လှူဒါန်းသော အရာဖြစ်ခဲ့အံ့၊ စေတီယသန္တကဖြစ်၏၊ စာတုဒ္ဒိသာ သံဃာအတွက်လှူဒါန်းသည်ဖြစ်အံ့၊ သံဃိကဖြစ်၏၊ ပုဂ္ဂိုလ်အတွက် လှူဒါန် သည်ဖြစ်အံ့၊ပုဂ္ဂလိကဖြစ်၏။

ထိုသုံးပါးတို့တွင်-

၁။ စေတိယသန္တက၌ ထိုစေတီမှာ စေတီစောင့်များ, ဘုရား ဘဏ္ဍာတော်ထိန်းလူကြီးများ ရှိခဲ့သော် ထိုဝတ္ထုများကို သိမ်းပိုက်၍ ထားသော ရဟန်းတော်များကို ထိုစေတီ ဘဏ္ဍာတော်ထိန်းများက တောင်းရမ်းပြောဆိုနိုင်၏၊မပေးမဆပ်ဘဲ သုံးစွဲ၍နေခဲ့သော် ထိုရဟန်း မှာ စေတီနှင့်စပ်သော ဘဏ္ဍာစားထိုက်၏။

၂။ သံဃိကသန္တက၌ ထိုဝတ္ထုများကို သိမ်းပိုက်၍ ထားသော ရဟန်းတော်များကို သံဃာကတောင်းရမ်းပြောဆိုနိုင်၏၊ မပေးမဆပ် ဘဲ သုံးစွဲ၍နေခဲ့သော် ထိုရဟန်းမှာ သံဃာနှင့်စပ်သော ဘဏ္ဍာစား ထိုက်၏။

၃။ ပုဂ္ဂလိကသန္တက၌ ထိုပုဂ္ဂိုလ်အား လှူဒါန်း၍ထားသောအရာ ဖြစ်သောကြောင့် အလှူဆယ်မျိုးစွေအောင် သုံးစွဲခြင်းမပြုသော်လည်း ဘဏ္ဍာစားအဖြစ် မဆိုသာပြီ၊မစွန့်ထိုက်သောအရာ၌ စွန့်ခဲ့သော်ငင်း၊

မသုံးထိုက်သောအရာ၌ သုံးခဲ့သော်ငြားထိုရဟန်းမှာ သဒ္ဓါဒေယျဝိနိပါတနဒုက္ကဋ်အာပတ်သင့်၏၊ အလှူဆယ်မျိုးအတွက်အသုံးချရန်လှူဒါန်းရာ၌လည်း ပြည့်စုံ လုံလောက်ရှိရန် အသုံးမချမူ၍၊ မပြည့်စုံ မလုံမလောက်ရှိရာ၌ အသုံးချလျှင် အသုံးချထိုက်၏။

အထူးမှာမူကား-ဃရ,သေယျ, အာဝါသထဟူသော အလှူဝတ္ထုများသည် ထာဝရမျိုးဖြစ်၍ ထိုဝတ္ထုများအတွက်ကို ထိုဝတ္ထုများ၌သာ အသုံးပြုထိုက်၏။

၆။ ''ရဟန်းသံဃာဖြစ်ပါလျက်ဝိသုဒ္ဓိနတ်မင်းကြီးမှတပါးအခြားသောနတ်ကိုရှိခိုးထိုက်ပါသေးသလော၊ အကယ်၍ရှိခိုးငြားအံ့၊ ရှိခိုးသောရဟန်းသံဃာများမှာ မည်သို့အပြစ်အာပတ်များရှိပါသနည်း''ဟူသော ပုစ္ဆာ၌-

**အဖြေကား။** ဝိသုဒ္ဓိနတ်မင်းကြီးမှတပါး အခြားသော နတ်များကို ရှိမခိုးအပ်၊ရှိခိုးခဲ့သော် ရှိခိုးသောရဟန်းမှာ ဒုက္ကဋ်အာပတ်သင့်၏။

၇။ ''ရဟန်းသား,မြေးဖြစ်ပါလျက်ရပ်ရွာရှိနတ်ကွန်း,နတ်ကန္တားများကို အသစ်ဆောက်လုပ် စီမံအားထုတ်ခြင်း, မိမိကိုယ်တိုင် နတ်ရုပ်ကြီးများ ကံကျွေးလက္ခပေး၍ ထုလုပ်စေခြင်း, ၎င်းနတ်ရုပ်ကြီးများအား အသက်သွင်းသည်ဆို၍ ပွဲတင်မြှောက်ပူဇော်ခြင်း၊ ဤသို့စသည်ဖြင့် ပြုလုပ်ခြင်းများသည် ဝိနည်းသိက္ခာပုဒ်တော်အတိုင်း ထိုသံဃာ၌ အပြစ်ရှိသည်,မရှိသည်ကို သိလိုပါကြောင်း'' ဟူသောပုစ္ဆာ၌-

**အဖြေကား။** လူဖြစ်သူတို့မှာ နတ်တို့၌ ပြုသင့်ပြုထိုက်သော အမှုကို ရှေးဦးစွာပြဆိုရာ၏၊ အင်္ဂုတ္တိုရ်ပါဠိတော် ပဉ္စကနိပါတ် မုဏ္ဍရာဇဝဂ် ပထမသုတ်၌ အနာထပိဏ်သူဌေးကြီးအား ဤသို့ဟောတော်မူ၏။

ပုနစပရံ ဂဟပတိ အရိယသာဝကောဥဋ္ဌာန ဝီရိယာဓိဂတေဟိ ဘောဂေဟိ ဗာဟာဗလပရိစိတေဟိ သေဒါဝက္ခိတ္တေဟိ ဓမ္မိကေဟိ ဓမ္မလဒ္ဓေဟိ ပဉ္စဗလိံ ကတ္တာ ဟောတိ ဉာတိဗလိံ အတိထိဗလိံ ပုဗ္ဗပေတဗလိံ ရာဇဗလိံ ဒေဝတာဗလိံ၊ အယံ စတုတ္ထော ဘောဂါနံ အာဒိယော။ ။

[ ၎င်းပါဠိတော် ]

**အနက်ကား။** ဂဟပတိ၊ သူကြွယ်။ ပုနစပရံ၊ ထိုမှတပါးလည်း။ အရိယသာဝကော၊ တပည့်သားဖြစ်သောသူသည်။ ဥဋ္ဌာနဝီရိယာဓိဂ တေဟိ၊ ထကြွလုံ့လဝီရိယတို့ဖြင့် ရအပ်ကုန်သော။ ဗာဟာဗလပရိ စိတေဟိ၊လက်ရုံးအားဖြင့် စုဆောင်းအပ်ကုန်သော။ သေဒါဝက္ခိတ္တေ-ဟိ၊ ချွေးထွက်စာဖြစ်ကုန်သော။ ဓမ္မိကေဟိ၊တရားနှင့်လျော်ကုန်သော။ ဓမ္မလဒ္ဓေဟိ၊ တရားသဖြင့်ရအပ်ကုန်သော။ ဘောဂေဟိ၊စည်းစိမ်ဥစ္စာ တို့ဖြင့်။ ပဉ္စဗလိံ၊ ငါးပါးသောပူဇော်ခြင်းကို။ ကတ္တာ၊ပြုလေ့ရှိသည်။ ဟောတိ၊ဖြစ်၏။ ဉာတိဗလိံ၊ ယခုဘဝတွင် အသက်ဝိညာဏ်ထင်ရှား ရှိသော မိဘ,ဘိုးဘွားစသော ဆွေမျိုးတို့အား ကျွေးမွေးပံ့ထောက် ချီးမြှောက်ပူဇော်ခြင်းကို။ ကတ္တာ၊ ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ အတိထိဗလိံ၊ မိမိနေရာသို့ ရောက်လာသော ဧည့်သည်အာဂန္တုတို့ အား ကျွေးမွေးပံ့ထောက် ချီးမြှောက်ပူဇော်ခြင်းကို။ ကတ္တာ၊ ပြုလေ့ ရှိသည်။ ဟောတိ၊ ဖြစ်၏။ ပုဗ္ဗပေတဗလိံ၊တမလွန်ဘဝသို့ ပြောင်းသွား လေပြီးသော မိဘ,ဘိုးဘွားတို့အား မိမိပြုသောကုသိုလ်အဘို့ကို အမျှ ပေးဝေခြင်းတည်းဟူသောပူဇော်မှုကို။ကတ္တာ၊ ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ရာဇဗလိံ၊ အစိုးရမင်းတို့အား မိမိ၌ကျရောက်သောအခွန် ဘဏ္ဍာတို့ကို ကျေကုန်စွာ ဆောင်ရွက်ခြင်းဟူသော ပူဇော်မှုကို။ ကတ္တာ၊ ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဒေဝတာဗလိံ၊ ကိုယ်စောင့် နတ်, အိမ်စောင့်နတ်,ရပ်စောင့်နတ်, ရွာစောင့်နတ်, မိရိုးဖလာ ကိုး ကွယ်ရာပြုကြသော နတ်အပေါင်းတို့အား ပြုလုပ်တင်သမြဲ ဖြစ်သော ပူဇော်မှုကို။ ကတ္တာ၊ ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ အယံ၊ ဤသည် ကား။ စတုတ္ထော၊ လေးခုမြောက်သော။ ဘောဂါနံ၊ စည်းစိမ်တို့၏။ အာဒိယော၊ ယူထိုက်ရထိုက်သော အကြောင်းအရာများပေတည်း။

ဤငါးပါးတို့တွင် "ဒေဝတာဗလိံ" ဟူသော ပုဒ်အရကို မဟာ ပရိနိဗ္ဗာနသုတ်၌ ဤသို့ဟောတော်မူ၏။

> ကိံ န္တိ တေ အာနန္ဒ သုတံ၊ ဝဇ္ဇီယာနိတာနိ ဝဇ္ဇီနံ ဝဇ္ဇီစေတိ ယာနိ အဗ္ဘန္တရာနိစေဝ ဗာဟိရာနိစ၊တာနိ သက္ကရောန္တိ ဂရုံ ကရောန္တိ မာနေန္တိ ပူဇေန္တိ၊ တေသဉ္စ ဒိန္နပုဗ္ဗံ ကတပုဗ္ဗံ ဓမ္မိကံ ဗလိံ နောပရိဟာပေန္တီတိ။

သုတမေတံ ဘန္တေ ဝဇ္ဇီ ယာနိ တာနိ ဝဇ္ဇီနံ ဝဇ္ဇီစေတိယာနိ အဗ္ဘန္တရာနိစေဝ ဗာဟိရာနိစ၊တာနိ သက္ကရောန္တိ ဂရုံကရောန္တိ မာနေန္တိ ပူဇေန္တိ၊ တေသဉ္စ ဒိန္နပုဗ္ဗံ ကတပုဗ္ဗံ ဓမ္မိကံဗလိံ နောပရိဟာပေန္တီတိ။

ယာဝကီဝဉ္စ အာနန္ဒ ဝဇ္ဇီ ယာနိတာနိ ဝဇ္ဇီနံ ဝဇ္ဇီစေတိယာနိ အဗ္ဘန္တရာနိ စေဝ ဗာဟိရာနိစ၊တာနိ သက္ကရိဿန္တိ ဂရုံကရိဿန္တိ မာနေဿန္တိ ပူဇေဿန္တိ၊တေသဉ္စ ဒိန္နပုဗ္ဗံ ကတပုဗ္ဗံ ဓမ္မိကံ ဗလိံ နောပရိဟာပေဿန္တိ၊ ဝုဒ္ဓိယေဝ အာနန္ဒ ဝဇ္ဇီနံ ပါဋိကင်္ခါ၊ နောပရိဟာနိ။

[၎င်းပါဠိတော်။]

**အနက်ကား။** အာနန္ဒ၊ အနန္ဒာ။ ကိန္တိ၊အသို့လျှင်။တော၊သင်သည်။ သုတံ၊ ကြားဘူးသနည်း။ ဝဇ္ဇီ၊ ဝေသာလီပြည် ဝဇ္ဇီမင်းတို့သည်။ ဝဇ္ဇီနံ၊ ဝဇ္ဇီမင်းအစဉ်အဆက်တို့၏။ အဗ္ဘန္တရာနိစေဝ၊ မြို့တွင်း၌လည်းဖြစ်ကုန်ထသော။ ဗာဟိရာနိစ၊ မြို့ပ၌လည်း ဖြစ်ကုန်ထသော။ ယာနိတာနိ ဝဇ္ဇီစေတိယာနိ၊အကြင်ဝဇ္ဇီတိုင်းသူတို့၏ ပူဇော်ရာဖြစ်သောနတ်စင်,နတ်ကွန်း, နတ်နန်း,နတ်နေရာသစ်ပင်-တည်းဟူသော နတ်စေတီတို့သည်။ သန္တိ၊ ရှိကုန်၏။ တာနိ၊ ထိုနတ်စေတီတို့ကို။ သက္ကရောန္တိ၊ အရိုအသေပြုမြဲပြုကြကုန်၏လော။ ဂရုံကရောန္တိ၊ အလေးအမြတ် ပြုမြဲပြုကြကုန်၏လော။မာနေန္တိ၊အမြတ်တနိုးပြုမြဲ ပြုကြကုန်၏လော။ ပူဇေန္တိ၊ ပူဇော်မြဲပူဇော်ကြကုန်၏။ တေသဉ္စ၊ ထိုနတ်စေတီတို့အားလည်း။ ဒိန္နပုဗ္ဗံ၊ ရှေးတင်မြဲပသမြဲ အရိုးအစဉ်ဖြစ်ထသော။ ကတပုဗ္ဗံ၊ ရှေးပြုလုပ်မြဲအရိုးအစဉ် ဖြစ်ထသော။ဓမ္မိကံ၊သတ်မှုဖြတ်မှုဒုစရိုက်မှ လွတ်ကင်းသည်ဖြစ်၍ တရားနှင့်လျော်သော။ဗလိံ၊ပူဇော်မှုကို။ နောပရိဟာပေန္တိ၊မဆုတ်မယုတ်စေဘဲ ပြုမြဲပြုကြကုန်၏လော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊မေးတော်မူ၏။

ဘန္တေ၊ အရှင်ဘုရား။ ဧတံ၊ ဤအကြောင်းအရာကို။ မေ၊ အကျွန်ုပ်သည်။ သုတံ၊ ကြားဘူးပါ၏။ ဝဇ္ဇီ၊ ဝေသာလီပြည် ဝဇ္ဇီမင်းတို့သည်။ ဝဇ္ဇီနံ၊ ဝဇ္ဇီမင်းအစဉ်အဆက်တို့၏။ အဗ္ဘန္တရာနိစေဝ၊ မြို့တွင်း၌လည်း ဖြစ်ကုန်ထသော။ ဗာဟိရာနိစ၊ မြို့ပ၌လည်း ဖြစ်ကုန်ထသော။ ယာနိ တာနိဝဇ္ဇီစေတိယာနိ၊ အကြင်ဝဇ္ဇီတိုင်းသူတို့၏ ပူဇော်ရာ ဖြစ်သော

နတ်စင်, နတ်ကွန်း, နတ်နန်း, နတ်နေရာသစ်ပင်တည်း-ဟူသော နတ်စေတီတို့သည်။ သန္တိ၊ ရှိကုန်၏။ တာနိ၊ ထိုနတ်စေတီတို့ကို။ သက္ကရောန္တိ၊ အရိုအသေပြုမြဲပြုကြကုန်၏။ ဂရုံကရောန္တိ၊ အလေးအမြတ်ပြုမြဲပြုကြကုန်၏။မာနေန္တိ၊အမြတ်တနိုးပြုမြဲပြုကြကုန်၏။ ပူဇေန္တိ၊ပူဇော်မြဲပူဇော်ကြကုန်၏။ တေသဉ္စ၊ ထိုနတ်စေတီတို့အားလည်း။ ဒိန္နပုဗ္ဗံ၊ ရှေးတင်မြဲပသမြဲအရိုးအစဉ် ဖြစ်ထသော။ ကတပုဗ္ဗံ၊ရှေးပြုလုပ်မြဲအရိုးအစဉ်ဖြစ်ထသော။ ဓမ္မိကံ၊ သတ်မှုဖြတ်မှု ဒုစရိုက်မှ လွတ်ကင်းသည်ဖြစ်၍ တရားနှင့်လျော်သော။ ဗလိံ၊ ပူဇော်မှုကို။ နောပရိဟာပေန္တိ။ မဆုတ်မယုတ်စေဘဲ ပြုမြဲပြုလုပ်ကြကုန်၏။ ဣတိ၊ဤသို့။ သုတံ၊ ကြားဘူးပါ၏။

အာနန္ဒ၊ အာနန္ဒာ။ ယာဝကီဝဉ္စ၊ အကြင်မျှလောက်လည်း။ ဝဇ္ဇီ၊ ဝေသာလီပြည် ဝဇ္ဇီမင်းတို့သည်။ ဝဇ္ဇီနံ၊ ဝဇ္ဇီမင်းအစဉ်အဆက်တို့၏။ အဗ္ဘန္တရာနိစေဝ၊ မြို့တွင်း၌လည်းဖြစ်ကုန်ထသော။ ဗာဟိရာနိစ၊ မြို့ပ၌လည်းဖြစ်ကုန်ထသော။ ယာနိတာနိ ဝဇ္ဇီ စေတိယာနိ၊ အကြင်ဝဇ္ဇီတိုင်းသူတို့၏ ပူဇော်ရာဖြစ်သော နတ်စင်, နတ်ကွန်း, နတ်နန်း, နတ်သစ်ပင်တည်း-ဟူသော နတ်စေတီတို့သည်။ သန္တိ၊ရှိကုန်၏။ တာနိ၊ ထိုနတ်စေတီတို့ကို။ သက္ကရိဿန္တိ၊ အရိုအသေပြုမြဲပြုကြကုန်လတ့ံ။ ဂရုံ ကရိဿန္တိ၊ အလေးအမြတ် ပြုမြဲပြုကြကုန်လတ့ံ။မာနေဿန္တိ၊ အမြတ်တနိုးပြုမြဲပြုကြ ကုန်လတ့ံ။ ပူဇေဿန္တိ၊ ပူဇော်မြဲ ပူဇော်ကြကုန်လတ့ံ။ တေသဉ္စ၊ထိုနတ်စေတီတို့အားလည်း။ ဒိန္နပုဗ္ဗံ၊ ရှေးတင်မြဲပသမြဲအရိုးအစဉ်ဖြစ်ထသော။ ကတပုဗ္ဗံ၊ ရှေးပြုလုပ်မြဲ အရိုးအစဉ်ဖြစ်ထသော။ ဓမ္မိကံ၊ သတ်မှုဖြတ်မှု ဒုစရိုက်မှလွတ်ကင်းသည်ဖြစ်၍ တရားနှင့်လျော်သော။ ဗလိံ၊ ပူဇော်မှုကို။ နောပရိဟာပေဿန္တိ၊မဆုတ်မယုတ်စေဘဲ ပြုမြဲပြုကြကုန်လတ့ံ။ အာနန္ဒ၊ အာနန္ဒာ။ ဝဇ္ဇီနံ၊ဝဇ္ဇီမင်းအစဉ်အဆက်တို့၏။ ဝုဒ္ဓိယေဝ၊ ပစ္စုပ္ပန်သံသရာချမ်းသာနှစ်ပါး ပွါးများခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။ ပရိဟာနိ၊ ဆုတ်ယုတ်ခြင်းကို။ နောပါဋိကင်္ခါ၊အလိုမရှိအပ်။

ဤပါဠိတော်ကိုထောက်၍ လူဖြစ်သော သူတို့မှာ ပစ္စုပ္ပန်အကျိုးအတွက် လောကပါလနတ်များကို ရှိခိုးကောင်း၏၊ ပူဇော်ကောင်း၏၊ နတ်ကွန်း နတ်ကန္နားကို ဆောက်လုပ်ကောင်း၏၊ စီမံကောင်း၏၊ မိမိ

ကိုယ်တိုင်နတ်ရုပ်ကြီးများ ကံကျွေးလက္ခပေး၍ ထုလုပ်ကောင်း၏၊ပွဲတင်မြှောက် ပူဇော်ခြင်းကို ပြုလုပ်ကောင်း၏၊ ရဟန်းဖြစ်သောသူတို့မှာမူ ကား-နတ်များကို ရှိခိုးခြင်းငှါမအပ်၊ နတ်ကွန်း, နတ်ကန္နား များကို ကိုယ်တိုင်မဆောက်ကောင်း၊ လူများကို ဆောက်လုပ်ကြစေရန် စေ့ဆော်ကောင်း၏၊နတ်ရုပ်ကြီးများကို ရဟန်းကိုယ်တိုင်မထုလုပ်ကောင်း၊ လက္ခကံကျွေးပေး၍ လူများကို ထုလုပ်စေအပ်၏၊ငင်းနတ်ရုပ်ကြီးများ အား ပွဲတင်မြှောက်ပူဇော်ခြင်းကို ရဟန်းကိုယ်တိုင်မပြုအပ်၊လူများကို ပြုလုပ်စေအပ်၏၊ဤအလုံးစုံကိုလည်း ယခုဘဝ၌ အန္တရာယ်ကင်း၍ချမ်းသာသုခကိုရခြင်းငှါ ပြုအပ်၏၊ ရတနာသုံးပါးကိုလည်း အမြတ်တနိုးကိုးကွယ်လျက် ရှိသောကြောင့် နတ်များကို ထိုသို့ ပြုသော်လည်း သရဏဂုံမပျက်။

၈။ ဉာတိပဝါရိတ မဟုတ်သော ဒါယကာ, ဒါယိကာမ တို့အား တောင်းရမ်းပြောဆို၍ ရအပ်သောပစ္စည်းနှင့် အခြားသော သံဃာတို့အား ကျွေးမွေးလှူဒါန်းခဲ့ပါလျှင် ထိုသုံးစားသော ရဟန်းတို့အား အပ်,မအပ်၊ပြုလုပ်တောင်းရမ်းသော ရဟန်း တို့အား အဘယ်ကဲ့သို့သောအပြစ်ဟူ၍ သေချာစွာ သိချင်ပါကြောင်း။

၉။ ပစ္စည်းလေးပါး ဘိတ်ကြားသူဒါယကာ,ဒါယိကာမတို့ထံဖြစ်စေ၊ပစ္စည်းလေးပါး မဘိတ်ကြားသူ ဒါယကာ,ဒါယိကာမတို့ထံဖြစ်စေ၊ခေတ္တကြေးငွေများကိုချေးငှါးပြီး တခုခုတွင် အသုံးချလိုက်ပြီးနောက် ထိုဝတ္ထုငွေများကိုပြန်၍ မပေးနိုင်သော ရဟန်းတော်များမှာ ဘယ်လိုအပြစ်, ဘယ်လို အာပတ်သင့်မည်ကို သိချင်ပါကြောင်း။

၁၀။ ဒါယကာ, ဒါယိကာမ တဦးတယောက်ထံက အကြွေးငွေ ၁၀၀ိ-ဘိုးလောက် ဝယ်ခြမ်းသုံးစွဲပြီး ထိုအကြွေးကို မဆပ်ပေးနိုင်ခဲ့ပါမူ ထိုရဟန်းမှာ ဘယ်လိုကံ,ဘယ်လိုအာပတ်ဟု-သိလိုပါကြောင်း။

[ဤအမေး ၃-ချက်မှာ ''ပဏ္ဍိတ''ဆရာ အဖြေရှိလေပြီ။]

၁၂၈၂-ခု၊တပေါင်းလဆန်း ၁၅-ရက်နေ့ ၃-နာရီ မိနစ်–၃၀အချိန်တွင် ပဲခူးဒိစတြိတ် ကဝမြို့ ငါးထပ်ကြီးဘုရား ပရဝုန်အတွင်း ခေတ္တလယ်တီစံကျောင်း၌ သီတင်းသုံးတော်မူစဉ် ဖြေဆိုတော်မူအပ်သော ခါးဝယ်ပုစ္ဆာအဖြေပြီး၏။

---

## ပဏ္ဍိတဆရာဖြေဆိုချက်

ဇယတု။ ။မြဝတီ ဆရာတော်ဘုရားထံ လျှောက်ထားသော ပုစ္ဆာဆယ်ချက်ကို မဖြေမကြားဘဲ နေသည့်အတွက် ဒါယကာတို့ကစိတ်၌ဟာမကင်း ရှင်းလင်းဖြေဆိုစေလိုကြောင်းနှင့် လျှောက်ထား တောင်းပန်ကြရာ ဆရာပဏ္ဍိတက အကျဉ်းသခ်ေပဖြင့် အများသိကြစေရန် ပါဠိသံပါဠိ မရှိမပါ ကျမ်းလာအဟုတ် စကားပြေဖြင့် ဖြေထုတ်လိုက်သော ဝိသဇ္ဇနာကား–

ဆယ်ချက်သောပုစ္ဆာတို့တွင် အစဉ်ကိုမပြဘဲ မိဿကယောယှဉ်တွဲ၍ ကွဲကွဲပြားပြား,ခြားနားသိသာအောင် ဖြေဆိုပေတော့အံ့။

ကောသလအိပ်မက်ခန်းတွင်-ဘုရားသခင်ဟောကြားထားတော်မူခဲ့သည်မှာ–

> "ငါဘုရားသာသနာ ဆုတ်ယုတ်သောအခါ ပါပမင်း,လက်ထက် လောလုပ္ပတဏှာအတွက်ကြောင့် ပစ္စည်းများကို ငဲ့ကွက်ခြင်းသဘောထား၍ ငါဘုရားတရားကို သာယာစွာ အသံနေအသံထားနှင့်ဟောကြားပြသကုန်လတ့်၊ထိုရောအခါ ၎င်းသဒ္ဓတဏှာ ကာမဂုဏ် အဟုန်သံကို ကြားနာရ၍ များစွာသောပစ္စည်း၊များစွာသောရွှေငွေတို့ကို လှူကြကုန်လတ့်၊ ထိုသို့ဟောပြောသော အလဇ္ဇီပါပဘိက္ခု၊ ရဟန်းစုတို့သည် အဘိုးအနဂ္ဃထိုက်သော စန္ဒကူးနံ့သာများကို မစင်ဘင်ပုပ်နှင့်လဲ၍ စားဘိသကဲ့သို့ အဘိုးအနဂ္ဃထိုက်သော လောကုတ္တရာ တရားကိုမစင်ဘင်ပုပ်နှင့်တူသော ရွှေ ငွေ ပစ္စည်း ဘဏ္ဍာတို့နှင့် လဲ၍စားသော အလဇ္ဇီပါပဘိက္ခု၊ရဟန်းတို့သည် ပေါ်ပေါက်လာလတ့်"–

ဟု ဟောတော်မူသော ပါရာဇိကဏ်အဋ္ဌကထာ, တေရသကဏ် ဋီကာတွင် လာသည်ကိုထောက်ထား၍ သာသနာတော် မရှေရှားရ အောင် သတိထားကြရမည်။

[ဤကား-ပထမသာသနာပြုစာတမ်းတည်း။]

ဂ။ ရဟန်းတို့မှာ ဉာတိပဝါရိတမဟုတ်သောသူတို့ထံ ဝစီဝိညတ်ဖြင့် တောင်းခံ၍ရသောပစ္စည်းများကို သုံးစွဲစားသောက်ခဲ့လျှင် အာပတ်သင့်ကြောင်း၊ရွှေငွေတို့ကို ကိုယ်တိုင်ခံခြင်း,သူတပါးကို ခံစေခြင်း, အနီး၌ထားသည်ကိုသာယာခြင်းကြောင့် နိဿဂ္ဂိပါစိတ်အာပတ်သင့်ခြင်း, ၎င်းရွှေငွေတို့ဖြင့် ရောင်းဝယ်၍ရသော ပစ္စည်းများနှင့် ဇရပ် တန်ဆောင်း,ကျောင်း,ကန်,အာဝါသ, ပြုလုပ်ခြင်း, ၎င်းဇရပ် တန်ဆောင်း,ကျောင်း,ကန်,အာဝါသတို့၏ အရိပ်ကိုပင် မခိုအပ်ကြောင်း၊ ၎င်းရွှေငွေတို့ဖြင့် ရောင်းဝယ်၍ ရအပ်သော ပစ္စည်းရပ် ဟူသမျှကိုပင် မသုံးဆောင်အပ်ကြောင်း၊ထိုဝတ္ထုပစ္စည်းဖြင့် တူးအပ်သော ရေတွင်း, ရေကန်စသည်တို့မှထွက်သော ရေကိုပင် မသောက်အပ်ကြောင်း၊၎င်း ဝတ္ထုတို့ဖြင့် ဝယ်၍ရအပ်သောမျိုးစေ့တို့ကိုစိုက်၍ ရအပ်သော သစ်သီးများကိုလည်း မစားကောင်း၊ ဤသို့စသည်ဖြင့် မအပ်ကြောင်းကို ပါရာဇိကဏ် အဋ္ဌကထာတို့၌ များစွာပင်လာသည် မယုံလျှင် ကြည့်ကြပါလေ။

သီတင်းသုံးဘော် ငါးယောက်တို့မှာကား-အကြင်မျှလောက်သော ကာလပတ်လုံးမသိသေး၊ ထိုမျှလောက်သော ကာလပတ်လုံးသုံးဆောင်ခဲ့လျှင် အာပတ်မှလွတ်ပါသေး၏၊ သိသောအခါကစ၍ သုံးဆောင်ခဲ့လျှင် အာပတ်သင့်တော့သည်။ ၎င်းမအပ်သောအမှုတို့ကို ပြုကျင့်သော ရဟန်းတို့ကို တပါးသောသူတို့က ချီးမွမ်းထောမနာခြင်း,တရားဟော တိုက်တွန်းခြင်းစသည်တို့ကိုပြုလုပ်သော ရှင်လူရဟန်းတို့ကိုလည်း သာသနာတော်ကို ကွယ်စေသောသူဟူ၍ မှတ်ကြရမည်ဟု ၎င်းအဋ္ဌကထာတွင်လာသည်၊ မယုံလျှင် လှန်၍ကြည့်ကြလေ။

[ဤကား-ဒုတိယသာသနာပြုစာတမ်းတည်း။]

၃-၄။ မအပ်မရာသော သင်္ကန်း, သပိတ်, ပရိက္ခရာတို့ကို ဝတ်ရုံ သုံးစွဲသောရဟန်းတို့ကို မြင်ခဲ့ပါလျှင် ၎င်းသင်္ကန်း, သပိတ်,ပရိက္ခရာတို့

ကို ဖျက်ဆီးဖြိုခွဲခြင်းကို ပြုကြသောရဟန်းများမှာ အပြစ်မရှိဟု လာသည်တရပ်၊ တပါးသောသူတို့ စိုးပိုင်သောသိမ်တွင်း အာရာမ်တွင်း၌ မင်းကျွမ်းဝင်သော ရဟန်းတို့က အသင်း အပင်းကိုရ၍ အတင်းအဓမ္မ,ဆောက်လုပ်ထားသော ဝတ္ထုများကို သုံးကြိမ်တိုင်တိုင်ပြောဆို၍မရခဲ့လျှင် အစဉ်အတိုင်း အမိုးအကာများကို ဖျက်ဆီး၍ပုံထား၊တိုင်အုဌ်စသောဝတ္ထုများကို ဖျက်ဆီး၍ပုံထားပြီးလျှင် ဥစ္စာရှင်တို့ကိုလာ၍ ယူကြပါဟု စေခိုင်းရမည်၊ လာ၍မယူဘဲ ပျောက်ပျက်သွားခဲ့သော်လည်း ဖျက်ဆီးဖြိုခွဲသောသူမှာ အပြစ်မရှိကြောင်းကို ၎င်းအဋ္ဌကထာ အဒိန္နာဒါန် သိက္ခာပုဒ်မှာကြည့်ကြပါလေ၊ တွေ့ပါလိမ့်မည်။

[ဤကား-တတိယသာသနာပြုစာတမ်းတည်း။]

၆-၇။ နတ်တို့ကို-ကိုးကွယ်သော အရာမှာ၊ နတ်ဝင်မ (နတ်ကတော်) တယောက်သည် နတ်တို့၏နေရာ-နတ်ကွန်း, နတ်တဲ၌နေပြီးလျှင် လာလာသမျှသောသူတို့ကို နတ်တို့အား ပူဇော်ကိုးကွယ်သောသူတို့မှာ အကျိုးစီးပွါးများလတံ့-ဟု အယူမှားအောင် ပြုလုပ်ခြင်း, လှည့်ဖြား၍စားသောက်ခြင်းကြောင့် ပြိတ္တာဘုံ၌ ကြီးစွာသောဒုက္ခကို ခံစား၍နေရကြောင်းကို ပါရာဇိကကဏ်အဋ္ဌကထာစတုတ္ထသိက္ခာပုဒ်တွင် လာသည်ကိုထောက်၍ အလွန်ကြောက်အပ်ကြောင်း၊ ရှိခိုး-ကိုးကွယ်အပ်သောပုဂ္ဂိုလ်ထဲတွင် မပါခြင်းကြောင့် ရဟန်းတို့မှာနတ်တို့ကို ရှိခိုး-ကိုးကွယ်လျှင် အာပတ်သင့်ကြောင်းကို သိကြလေ။

[ဤကား-စတုတ္ထသာသနာပြုစာတမ်းတည်း။]

၉-၁၀။ ရဟန်းတို့မှာ တစုံတယောက်သောသူတို့ထံ ဝတ္ထုကြေးငွေကို ချေး၄ါး၍မပေးနိုင်လျှင် ဘဏ္ဍာစား ထိုက်ကြောင်း၊ ဘဏ္ဍာစားဆိုသည်မှာ ဥစ္စာရှင်ကတောင်း၍မရလျှင် ငါတို့ဥစ္စာမရပြီဟုဝန်ချခြင်း၊ ရဟန်းကလည်းမပေးပြီဟု ဝန်ချခြင်း၊နှစ်ပါးစုံဝန်ချလျှင် ရဟန်းတို့မှာ အဒိန္နာဒါန်ကံထိုက်၍ ပါရာဇိက ကျကြောင်းကို အဒိန္နာဒါန်သိက္ခာပုဒ်အဖွင့် ပါရာဇိကကဏ် အဋ္ဌကထာ၌လာသည်၊ မယုံလျှင်ကြည့်ကြပါလေ။

[ဤကား-ပဥ္စမသာသနာပြုစာတမ်းတည်း။]

၅။ အလှူဆယ်ပါးတို့တွင် တပါးပါးကိုရည်မှတ်၍ လှူလိုက်သော ပစ္စည်းတို့ကို အလှူဆယ်ပါးတို့တွင် တပါးပါးကိုမျှမပြုလုပ်ဘဲ သုံးစွဲစားသောက်ခဲ့လျှင် ရှေးနည်းအတူ ဘဏ္ဍာစားထိုက်၍ နှစ်ဦးနှစ်ဝ ဝန်ချခဲ့လျှင် ရဟန်းမှာပါရာဇိကကျကြောင်း၊ ၎င်းအဋ္ဌကထာတွင် လာပြန်သည်၊ မယုံလျှင် ကြည့်ကြပါလေ။

[ဤကား-ဆဋ္ဌမသာသနာပြုစာတမ်းတည်း။]

ဤမျှလောက်အကျဉ်းအားဖြင့် ပဏ္ဍိတ-ဆရာ ဖြေဆိုလိုက်သော ဝိသဇ္ဇနာကို ယခုထင်ရှားရှိသော-မြဝတီဆရာတော်၊ လယ်တီဆရာတော်၏တပည့် ဦးပညာသီဟ, အောင်မင်္ဂလာ ဆရာတော်ကလေး ခေးဝယ်မြို့ ပညာရှိတို့ထံ ဟုတ်-မဟုတ်၊ မှန်မမှန်ကို ကေန်-ကေ သိကြလိုလျှင် မြန်မြန်ပင် ပုံနှိပ်တင်၍ ပြကြလေ။

[၁၂၈၂-ခု၊ တပို့တွဲလဆုတ် ၅-ရက်နေ့တွင် ပဏ္ဍိတဆရာဖြေဆိုလိုက်သောဝိသဇ္ဇနာ-သာသနာပြုစာတမ်းတည်း။]

ဆောင်ပုဒ်လင်္ကာ

၁။ ရပ်ရပ်ရွာရွာ၊သာသနာ၊ရောင်ဝါကေန်ညှိုးလတ့်။
၂။ အသံ,သာသာ၊တရားစာ၊ဆွဲခါ—ငင်ခါဟောလတ့်။
၃။ တရားနာလာ၊ထိုသူမှာ၊တဏှာဒကန်ပွါးလတ့်။
၄။ တဏှာပွါးလျှင်၊ဒုက္ခပင်၊ လျှင်လျှင်ခံရပေလတ့်။
၅။ တဏှာကိုပင်၊ကုသိုလ်ထင်၊အမြင်မှားလတ့်။
၆။ တရားမှန်းမသိ၊လူဒုဗ္ဘိ၊ပေါ်ရှိထိုခါ များလတ့်။
၇။ တရားဆိုတာ၊ဘယ်လိုဟာ၊မသိရှာထိုခါ များလတ့်။
၈။ တရားအမှန်၊ဟောကြပြန်၊မနာခံသူများလတ့်။
၉။ များသောခါမှ၊သာသနာပ၊ကွယ်ကြသည်ဘဲဗျို့။

''ပဏ္ဍိတ'' ဆရာ-ဖြေဆိုချက်ပြီး၏။

ခေးဝယ်ပုစ္ဆာအဖြေပြီး၏။

---

၂၁၉၃၅

# ဓညဝတီပုစ္ဆာအဖြေ

## နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

## လျှောက်လွှာ

ဓညဝတီရဟန်းတော်များက အောက်ပါ အမေးပုစ္ဆာ ၈-ချက်ကို ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးထံ အဖြေရေးသား ပေးသနားတော်မူပါမည့် အကြောင်း ရှိသေစွာ လျှောက်ပါသည်ဆရာတော်ဘုရား။

၁။ ရဟန်းတို့၏ ဥစ္စာဖြစ်သော ကျောင်းပစ္စည်းများကို ခိုးသူတို့ ခိုးယူရာ၌ ဥစ္စာရှင်ဖြစ်သော ရဟန်းမှုကား-အစိုးရ တရားသူကြီးများထံ တရားစွဲဆိုခြင်းကို မပြု၊ ၎င်းရဟန်းအား အမြဲကိုးကွယ်နေသူ လူဒါယကာတို့ကသာ တရားစွဲဆိုခြင်းကို ပြုသည့်အတွက် အစိုးရ တရားသူကြီးများသည် ၎င်းခိုးသူအား အမှုအားလျော်စွာ ရာဇဒဏ်ကိုပေးအံ့၊ ဥစ္စာရှင်ဖြစ်သော ရဟန်းအား အာပတ်မှ လွတ်ကင်းပါမည်လော။

၂။ ရဟန်းတို့သည် ရွှေငွေစသည်များကို ရှာနေသူ လူဒါယကာတို့အား ချေးငှါးအပ်နှံထားရာ၌ ၎င်းဒါယကာသည် ဥစ္စာရှင် ရဟန်းအားပြန်၍ မပေးမဆပ်ခြင်းကြောင့် ဆိုင်ရာတရားသူကြီးများထံ တောင်းခံရာ တရားသူကြီးများက ချေးရင်းငွေနှင့် ကုန်ကျသော စရိတ်ငွေတို့ပါပေးလျော်စေ-ဟု စီရင်ချက်ချပေးသောကြောင့် ၎င်းဒါယကာသည် ချေးရင်းငွေနှင့် ကုန်ကျသော စရိတ်ငွေတို့ပါ တရားလိုဖြစ်သော ရဟန်းအား ပေးလျော်ရငြားအံ့၊ ချေးရင်းငွေထက် ပိုမိုသော စရိတ်ငွေကို "ဒဏ်"ဟူ၍ ဆိုသင့်ပါမည်လော။

၃။ ဟောင်းနွမ်းယွင်းယိုကွဲပြိုပျက်စီး ရှိနေပြီးသော စေတီတော်ကို ဖြိုဖျက်၍ မဟာရာမ်တံတိုင်းနှင့် ဘုရားရုပ်ပွါးဆင်းတုမျှကိုသာ ချန်ထားပြီးလျှင် ၎င်းအုဌ်ကျောက် အင်္ဂတေများကို အခြားတရပ်သို့ ရွှေ့ပြောင်းစုပုံထား၍ ၎င်းအရံတွင်း၌ ဘုရားသိမ်တော်ဆောက်လုပ်ကောင်းပါမည်လော။

၄။ လူဖြစ်သော ဒါယကာတို့သည် ကာလပိုင်းခြား၍ ရှစ်ပါး,ဆယ်ပါး သီလများကို ခံယူဆောက်တည်၍ နေရာ မသ်ာအသုဘအလှူဇရပ် စသည်၌ ငါးပါးသီလကို ခံယူကြသူလူအများနှင့်အတူလိုက်၍ ငါးပါးသီလကို ခံယူသော်လည်း သီလမပျက် ခံယူကောင်း၏-ဟု အချို့အယူရှိကြ၏၊ ၎င်းစကားသည် ကျမ်းဂန်များနှင့် ညီညွတ်ပါမည်လော။

၅။ ရဟန်းသံဃာတော်များထင်ရှားရှိလျက် ဘုရားရုပ်ပွါးဆင်းတုတော် ထံ့မှာ သီလခံယူသော်လည်း သီလမရ-ဟု အချို့သောပုဂ္ဂိုလ်တို့ ထုတ်ဆိုမိန့်ဟ ပြောဆိုကြ၏၊ ထိုစကားသည် ဘုရားအလိုတော်ကျ ဗုဒ္ဓမတည့ ကျမ်းပြုလိမ်မာ အဋ္ဌကထာဆရာ၏ အယူနှင့်တူပါမည်လော။

၆။ ချောမောဆန်းကြယ် တင့်တယ်လျောက်ပတ်သော စေတီတော်မြတ်၏ အရံအကာ မဟာရာမ်တံတိုင်းကို ဖြိုဖျက်၍ ၎င်းဘုရားအတွင်း အောက်မြေအပြင်၌ သမံတလင်းအခင်းပြုလုပ်ကောင်းပါမည်လော။

၇။ ဝေရီဝိသဘာဂ-ဝဂ္ဂဖြစ်သော သံဃာသည် ကျောင်းတိုက်အနီးရှိလျက် ၎င်းပုဂ္ဂိုလ်တို့အား ဝတ်ကိုမကြားဘဲ ပရိဝတ် မာနတ်ဆောက်တည်ရာ စူဠဝါပါဠိအဋ္ဌကထာတို့နှင့် ညီညွတ်ပါမည်လော။

၈။ လူအဖြစ်သို့ ရောက်ပြီးသော ပုဂ္ဂိုလ်တို့သည်မိမိနေထိုင်ခဲ့သောကျောင်းကို ငါပိုင်ဆိုင်သောကျောင်း-ဟု ပြောဆိုကြရာ ထိုသူတို့ပိုင်ဆိုင်ထိုက်, မပိုင်ဆိုင်ထိုက်ကြောင်းများကို သိလိုပါသည် ဘုရား။

## လယ်တီဆရာတော်ဘုရားကြီးဖြေဆိုချက်

၁၂၇၂-ခု၊ သီတင်းကျွတ်လဆုတ် ၁၀-ရက်နေ့

### ပထမပုစ္ဆာအဖြေ

လျှောက်လွှာပါ ၈-ချက်တို့တွင်—

၁။ ပထမအချက်၌-ရဟန်းတို့၏ ဥစ္စာဖြစ်သော ကျောင်း ပစ္စည်းများကို ခိုးသူတို့ ခိုးယူရာ၌ ဥစ္စာရှင်ဖြစ်သော ရဟန်းမှကား-အစိုးရတရားသူကြီးများထံ တရားစွဲဆိုခြင်းကို မပြု၊ ၎င်းရဟန်းအား အမြဲကိုးကွယ်နေသူလူဒါယကာတို့ကသာ တရားစွဲဆိုခြင်းကိုပြုသည့်အတွက်အစိုးရတရားသူကြီးများသည်၎င်းခိုးသူအား အမှုအားလျော်စွာ ရာဇဒဏ်ကိုပေးအံ့၊ ဥစ္စာရှင် ဖြစ်သော ရဟန်းအား အာပတ်မှ လွတ်ကင်းပါမည်လော။

[ဤကား-အမေး]

**အဖြေကား။** ရဟန်းအား အမြဲကိုးကွယ်နေသူ လူဒါယကာတို့ကသာ တရားစွဲဆိုရာ၌ (၁) ပစ္စည်းရှင် ရဟန်းတော်၏ စေခိုင်းခြင်း ပယောဂနှင့်လွတ်ကင်း၍ လူဒါယကာတို့က အလိုအလျောက်စွဲဆိုခြင်းတပါး၊ (၂) ပစ္စည်းရှင် ရဟန်းတော်က သင်တို့တရားစွဲကြကုန်လော့-ဟု တိုက်တွန်း၍ လူဒါယကာတို့စွဲဆိုခြင်း တပါး-ဟူ၍နှစ်ပါးရှိ၏။

ထိုနှစ်ပါးတို့တွင်—

၁။ လူဒါယကာတို့ အလိုအလျောက်တရားစွဲဆိုရာ၌ လူဒါယကာတို့က တရားစွဲဆိုခြင်းကို ပြုသည့်အတွက် အစိုးရတရားသူကြီးများက ၎င်းသူခိုးအား အမှုအားလျော်စွာ ရာဇဒဏ်ကိုပေးသော်လည်း ပစ္စည်းရှင် ရဟန်းတော်မှာ တစုံတခု မှုဖြစ်မရှိ၊ လွတ်ကင်းလေ၏။

၂။ ရဟန်းတော်၏ တိုက်တွန်းချက်နှင့် လူဒါယကာတို့ စွဲဆိုရာ၌ မူကား-ရဟန်းတော်ကိုယ်တိုင် စွဲဆိုသည်နှင့် အတူတူပင်ဖြစ်၏။

ရဟန်းတော်၏ တိုက်တွန်းချက်သည်လည်း ဥဒ္ဒိဿ,အနုဒ္ဒိဿဟူ၍ နှစ်ပါးရှိ၏၊ထိုနှစ်ပါးတို့တွင်-

၁။ ဥဒ္ဒိဿဆိုသည်ကား- ခိုးသူ၏နာမည်ကို ထုတ်ဘော်ပြောကြား၍ တိုက်တွန်းခြင်းတည်း။

၂။ အနုဒ္ဒိဿ ဆိုသည်ကား- ခိုးသူ၏နာမည်ကို ထုတ်ဘော်ပြောကြားခြင်းကို မပြုမူ၍ တိုက်တွန်းခြင်းတည်း။

ထိုတွင် ဥဒ္ဒိဿ၌ အစိုးရတရားသူကြီးတို့က ငွေဒဏ်,ကြေးဒဏ်တပ်ခဲ့သော် ပစ္စည်းရှင်ရဟန်းတော်မှာ ဘဏ္ဍာစားထိုက်၏၊ အနုဒ္ဒိဿမှာမူကား-အစိုးရတရားသူကြီးတို့က ခိုးသူအား ငွေဒဏ်,ကြေးဒဏ်တပ်သော်လည်း ဘဏ္ဍာစားမထိုက်၊တစုံတခု မှုပြစ်မရှိဟု-မှတ်လေ။

ပထမပုစ္ဆာအဖြေပြီး၏။

## ဒုတိယပုစ္ဆာအဖြေ

၂။ ဒုတိယအချက်၌ - ရဟန်းတို့သည် ရွှေငွေစသည်များကို ရှာနေသူလူဒါယကာတို့အား ချေးငှါး အပ်နှံ ထားရာ၌ ၎င်းဒါယကာသည် ဥစ္စာရှင်ရဟန်းအား ပြန်၍မပေးမဆပ်ခြင်းကြောင့် ဆိုင်ရာတရားသူကြီးများထံ တောင်းခံရာ တရားသူကြီးများက ချေးရင်းငွေနှင့် ကုန်ကျသောစရိတ်ငွေတို့ပါ ပေးလျော်စေဟု စီရင်ချက်ချပေးသောကြောင့် ၎င်းဒါယကာသည် ချေးရင်းငွေနှင့် ကုန်ကျသောစရိတ်ငွေတို့ပါ တရားလိုဖြစ်သော ရဟန်းအား ပေးလျော်ရပြောအံ့၊ချေးရင်းငွေထက် ပိုမိုသော စရိတ်ငွေကို ဒဏ်ငွေဟူ၍ ဆိုသင့်ပါမည်လော။

[ဤကား-အမေး။]

**အဖြေကား။** ချေးရင်းငွေထက် အပိုအမိုကုန်ကျသော စရိတ်ငွေကိုဒဏ်ဟူ၍ မဆိုသင့်၊ အကြောင်းမူကား-ရာဇဝတ်မှုစုကို ကျူးလွန်မှုအတွက် ထောင်ဒဏ်ဖြစ်စေ, ကြိမ်ဒဏ်ဖြစ်စေ,ငွေဒဏ်ဖြစ်စေ တပ်ရာ၌သာ ဒဏ်ဟူ၍ဆိုသင့်သည်၊ ဤအရာ၌ကား - တရားနိုင်သူ တရားလို၌ အပိုအမိုကုန်ကျသော တရားစရိတ်ကို တရားရှုံးသူ တရားခံက ကျခံစေ

ဟူ၍ ဆုံးဖြတ်ခြင်းသည် မြန်မာဓမ္မသတ်တို့၌၎င်း,ဇုန္ဒိယရာဇသတ်တို့၌၎င်း ဆုံးဖြတ်မြဲအရိုးအစဉ်ဖြစ်ပေသည်၊ သို့သော် တရားနိုင်သူ ရဟန်းတော်က အပိုအမိုကုန်ကျသော စရိတ်လျော်ကြေးများကို ခံယူခြင်းငှါ မအပ်၊ ချေးငှါးအပ်နှံရင်းဖြစ်သောငွေကိုသာ ကပ္ပိယ နည်းလမ်းအားဖြင့် ခံယူအပ်၏။

ဒုတိယပုစ္ဆာအဖြေပြီး၏။

## တတိယပုစ္ဆာအဖြေ

၃။ တတိယအချက်၌ - ဟောင်းနွမ်းယွင်းယို ကွဲပြိုပျက်စီး ရှိနေပြီးသောစေတီတော်ကို ဖြိုဖျက်၍ မဟာရာမ်တံတိုင်းနှင့် ဘုရားရုပ်ပွါးဆင်းတုမျှကိုသာ ချန်ထားပြီးလျှင် ၎င်းအုဌ်ကျောက်အင်္ဂတေများကို အခြားတရပ်သို့ ရွှေ့ပြောင်းစုပုံထား၍ ၎င်းအရံတွင်း၌ဘုရားသိမ်တော်ဆောက်လုပ်ကောင်းပါမည်လော၊ သို့မဟုတ်-ခဏ္ဍသိမ်ဆောက်လုပ်ကောင်းပါမည်လော။

[ဤကား-အမေး။]

**အဖြေကား။** အဘိုးတန်ခြင်း, အကျိုးကျေးဇူးများခြင်း နှိုင်းယှဉ်ရာ၏၊ နောက်လုပ်သော အဆောက်အဦက အဘိုးမတန် အကျိုးကျေးဇူးလည်း မများရှိခဲ့သော် မဆောက်လုပ်ကောင်း၊ နောက်လုပ်သော အဆောက်အဦက အဘိုးသာ၍တန်ခဲ့သော်၎င်း, အကျိုးကျေးဇူးသာ၍ များခဲ့သော်၎င်း ဆောက်လုပ်ကောင်း၏။

တတိယပုစ္ဆာအဖြေပြီး၏။

## စတုတ္ထပုစ္ဆာအဖြေ

၄။ စတုတ္ထအချက်၌ - လူဖြစ်သော ဒါယကာတို့သည် ကာလပိုင်းခြား၍ ရှစ်ပါး,ဆယ်ပါးသီလများကို ခံယူဆောက်တည်၍ နေရာ မသာအသုဘ အလှူဇရပ်စသည်၌ ငါးပါးသီလကို ခံယူကြသူလူအများနှင့်အတူလိုက်၍ ငါးပါးသီလကိုခံယူသော်လည်း သီလမပျက် ခံယူကောင်း၏-ဟု အချို့အယူရှိကြ၏၊ ၎င်းစကားသည် ကျမ်းဂန်များနှင့် ညီညွတ်ပါမည်လော။

**[ဤကား-အမေး။]**

**အဖြေကား။** ခံယူပြီးသော ရှစ်ပါး, ဆယ်ပါး သီလများပျက်ရန် အကြောင်းနှစ်ပါးသာ ကျမ်းဂန်များလာ၏၊နှစ်ပါးဆိုသည်ကား-ကာလ အပိုင်းအခြားအတွင်း၌ သိက္ခာပုဒ်ကိုလွန်ကျူး၍ ပျက်ခြင်းတပါး၊ ကာလအပိုင်းအခြားလွန်၍ ပျက်ခြင်းတပါး-ဟူ၍နှစ်ပါးတည်း၊ ဆယ်ပါးသီလကိုခံယူပြီးသောသူသည် ရှစ်ပါးသီလ, ငါးပါးသီလများကို တဘန်ခံယူခဲ့သော်၎င်း, ရှစ်ပါးသီလကိုခံယူပြီးသောသူသည် ငါးပါး သီလကိုခံယူခဲ့သော်၎င်း ခံယူပြီးသောသီလပျက်သည်ဟူ၍ သီလပျက် အင်္ဂါ၌မလာ၊ စင်စစ်မူကား-နောက်ထပ်မံ၍ခံသောငါးပါးသီလသည် ဆယ်ပါး,ရှစ်ပါးသီလတို့၌ အတွင်းဝင်လျက်ရှိသောကြောင့် ဆယ်ပါး, ရှစ်ပါးတို့ကို တစိတ်တဒေသအားဖြင့် ထောက်ပံ့သကဲ့သို့သာ ဖြစ်ပေ၏။

စတုတ္ထပုစ္ဆာအဖြေပြီး၏။

## ပဉ္စမပုစ္ဆာအဖြေ

၅။ ပဉ္စမအချက်၌- ရဟန်းသံဃာတော်များ ထင်ရှားရှိလျက် ဘုရားရုပ်ပွါးဆင်းတုတော်ထံမှာ သီလခံယူသော်လည်း သီလမရ-ဟုအချို့သောပုဂ္ဂိုလ်တို့ထုတ်ဆိုမိန့်ဟ ပြောဆိုကြ၏၊ ထိုစကားသည် ဘုရားအလိုတော်ကျ ဗုဒ္ဓမတညှ ကျမ်းပြုလိမ်မာအဋ္ဌကထာဆရာ၏အယူနှင့်တူပါမည်လော။

[ဤကား-အမေး]

**အဖြေကား။** လူတို့သီလ၌ သီလခံယူသူ၏ နှုတ်ပဋိညာဉ်အတွက် ရသည်မဟုတ်၊ လူတို့အား သီလပေးမှုမည်သည် သိက္ခာပုဒ်အစဉ်ကို ကျွမ်းကျင်စွာရရှိခဲ့သော် ရဟန်းများအထံသို့မသွားမူ၍, စေတီရှိရာသို့ မသွားမူ၍မိမိနေရာ၌ပင်လျှင် မိမိအလိုအလျောက် နှုတ်မြွက်၍ဆောက်တည်လျှင်လည်း ရတော့သည်သာဖြစ်၏၊ ဘုရားရုပ်ပွါးဆင်းတုတော်ထံမှာ ခံယူရာ၌ ဆိုဘွယ်မရှိ၊သီလလည်းရ၏၊ ဘုရားကိုရှိသေမှုကုသိုလ်လည်းပွါးများ၏၊ ထို့ကြောင့် ရဟန်းသံဃာတော်များထင်ရှားရှိလျက် ဘုရားရုပ်ပွါးဆင်းတုတော်ထံမှာ ခံယူသော်လည်း သီလမရ-ဟုဆိုကြ

သောပုဂ္ဂိုလ်များ၏စကားသည် ကျမ်းဂန်မရှိ၊ ယုတ္တိမရ၊ မန္ဒပုဂ္ဂိုလ်တို့၏စကားသာတည်း။

ပဥ္စမပုစ္ဆာအဖြေပြီး၏။

## ဆဋ္ဌမပုစ္ဆာအဖြေ

၆။ ဆဋ္ဌမပုစ္ဆာ၌-ချောမောဆန်းကြယ် တင့်တယ်လျောက်ပတ်သောစေတီတော်မြတ်၏ အရံအကာ မဟာရာမ်တံတိုင်းကို ဖြိုဖျက်၍ရင်း ဘုရားအတွင်း အောက်မြေအပြင်၌ သိမ်တလင်း အခင်းပြုလုပ်ကောင်းပါမည်လော။

[ဤကား-အမေး]

**အဖြေကား။** အကျိုးကျေးဇူးချင်းနှိုင်းယှဉ်ရာ၏၊မဟာရာမ်တံတိုင်းရှိနေသည့် အကျိုးကျေးဇူး အောက်သိမ်တလင်း အကျိုးကျေးဇူးက နည်းပါးခဲ့လျှင်မလုပ်ကောင်း၊သိမ်တလင်းအကျိုးကျေးဇူးက များမြတ်ခဲ့လျှင် လုပ်ကောင်း၏။

ဆဋ္ဌမပုစ္ဆာအဖြေပြီး၏။

## သတ္တမပုစ္ဆာအဖြေ

၇။ သတ္တမ ပုစ္ဆာ၌- ဝေရိဝိသဘာဂ ဝဂ္ဂဖြစ်သော သံဃာသည် ကျောင်းတိုက်အနီးရှိလျက် ၎င်းပုဂ္ဂိုလ်တို့အား ဝတ်ကိုမကြားဘဲ ပရိဝတ်မာနတ်ဆောက်တည်ရာ စူဠဝါပါဠိအဋ္ဌကထာတို့နှင့် ညီညွတ်ပါမည်လော။

[ဤကား-အမေး။]

**အဖြေကား။** ကြားထိုက်သော အရပ်ဒေသဌာနဥပစာအတွင်း၌ ရှိနေခဲ့သော် ဝေရိဝိသဘာဝဖြစ်ခဲ့ပါလျှင် အပြစ်မရှိဟု ပါဠိအဋ္ဌကထာတို့၌အနုတ်မရှိ၊ ထို့ကြောင့် ကြားထိုက်သော အရပ်ဒေသဌာနဥပစာအတွင်းဖြစ်ခဲ့သော် ဝေရိဝိသဘာဂဖြစ်သော်လည်း ကြားရမည်၊ မကြားလျှင် အနာရောစနဒုက္ကဋ်ရတ္တိစ္ဆေဒဖြစ်လိမ့်မည်။

ကြားထိုက်သော ဥပစာဆိုသည်ကား-ရဟန်းတို့၏ အဆင်းကိုမြင်သော်၎င်း,အသံကိုကြားသော်၎င်း နီးသည်ဖြစ်စေ, ဝေးသည်ဖြစ်စေ

ဟစ်အော်၍သော်လည်းကြားအပ်၏၊ အဆင်းကိုမမြင်ရာ, အသံကိုမကြားရာ၌မူကား-ကျောင်းတိုက်မှအပ၌ ဖြစ်ခဲ့သော် တဆဲ့နှစ်တောင် ဥပစာလည်း ကြားထိုက်သော ဥပစာဖြစ်၏၊ကျောင်းတိုက်တွင်း၌ဖြစ်ခဲ့သော် ထိုကျောင်းတိုက်တခုလုံးသည် ကြားထိုက်သောဥပစာဖြစ်၏၊ ဤဥပစာအတွင်း၌ ရဟန်းရှိမှန်းသိလျက်နှင့်မကြားမူ၍ အရုဏ်တက်ခဲ့သော် ဝတ္တဘေဒဒုက္ကဋ်လည်းသင့်၏၊ ရတ္တိစ္ဆေဒလည်းဖြစ်၏၊ ရဟန်းရှိမှန်းမသိ၍ မကြားခဲ့သော် ဝတ္တဘေဒဒုက္ကဋ်ကားလွတ်၏၊ ရတ္တိစ္ဆေဒမူကား-ဖြစ်တော့သည်သာလျှင်တည်း။

ဋီကာတို့၌မူကား-နိက္ခိတ္တဝတ်သားဖြစ်ခဲ့သော် ကျောင်းတိုက် အတွင်း၌ဖြစ်သော်လည်း တဆဲ့နှစ်တောင်မျှသာ အာရောစနခေတ်ဖြစ်သည်-ဟုရှင်ပဒုမဝါဒတွင် ဘွင့်ဆိုကြ၏၊ ဆင်ခြင်ကြလေ။

သတ္တမပုစ္ဆာအဖြေပြီး၏၊

### အဋ္ဌမပုစ္ဆာအဖြေ

၈။ အဋ္ဌမပုစ္ဆာ၌-လူအဖြစ်သို့ ရောက်ပြီးသော ပုဂ္ဂိုလ်တို့သည် မိမိနေထိုင်ခဲ့သောကျောင်းကို ငါပိုင်ဆိုင်သော ကျောင်းဟု ပြောဆိုကြရာ ထိုသူတို့ပိုင်ဆိုင်ထိုက်, မပိုင်ဆိုင်ထိုက်ကြောင်းများကို သိလိုပါသည်ဘုရား။

[ဤကား-အမေး]

**အဖြေကား။** ထိုကျောင်းသည် ထိုရဟန်း၏ပုဂ္ဂလိကအဖြစ်နှင့် ရေစက်ချ၍ လှူသောကျောင်းဖြစ်ခဲ့အံ့၊ လူထွက်၍သွားသော်လည်း ထိုသူ၏သန္တကပင်ဖြစ်၏၊ သို့သော်-ထိုလူထွက်သည် ထိုကျောင်းသည် ငါ၏သန္တကဖြစ်သည်ဟု ရောင်းချ၍စားခြင်းငှါလည်းမအပ်၊ ဖျက်ဆီးခြင်းငှါလည်းမအပ်၊ သဒ္ဓါဒေယျဝိနိပါတဖြစ်၏။

သဒ္ဓါဒေယျ ဝိနိပါတဆိုသည်ကား- ပစ္စည်းရှင် ဒါယကာတို့က နောင်သံသရာကျိုးကို ယုံကြည်အားကိုး၍ လှူဒါန်းသောပစ္စည်းလေးပါးတို့ကို သံဃာအကျိုး, သာသနာအကျိုးမှ တပါးသောအရာ၌ ပေးစွန့်ရောင်းချခြင်းကိုပြုခြင်းတည်း၊လောက၌ အလွဲသုံးစားမှုဟုခေါ်၏၊

ဝိနည်းတော်၌ ဒုက္ကဋ်အာပတ်သင့်သည်ဟုလာ၏၊ သုတ္တန်တို့၌မူကား-အလွန်အပြစ်ကြီးသည်ဟုလာ၏၊ ထို့ကြောင့် သဒ္ဓါဒေယျ-လှူဒါန်း၍ထားသော ကျောင်းပစ္စည်းမျိုး, ပရိက္ခရာဘဏ္ဍာမျိုး, ဘုရားဆင်းတု, စာထုပ်,စာအုပ်စသည်တို့ကို ငါ၏ပုဂ္ဂလိကသန္တကဖြစ်သည်ဟု အလွဲသုံးစားမှုကို ပြုခြင်းငှါမထိုက် ဆင်ခြင်ကြလေကုန်။

အဋ္ဌမပုစ္ဆာအဖြေပြီး၏။

ဓညဝတီပုစ္ဆာအဖြေပြီး၏။

# ရန်ကုန်ပုစ္ဆာအဖြေ

## နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

## လယ်တီဆရာတော်ဘုရားကြီးဖြေဆိုချက်

[မုံရွာမြို့ ကျေးဇူးရှင်လယ်တီဆရာတော် ဘုရားကြီးသည် ၁၂၀၀-ပြည့်နှစ် ကဆုန်လပြည့်ကျော် ၃-ရက်နေ့ စစ်ကိုင်းတောင်ရိုး စိတ္တသုခချောင်၌ သီတင်းသုံးတော်မူစဉ် ရန်ကုန်မြို့ သရက်တောကျောင်းတိုက် ဘုန်းကြီးဦးရဝိန္ဒ မေးလျှောက်ချက်ကို အောက်ပါအတိုင်း ဖြေဆိုတော်မူသည်။]

၁။ သက္ကာယ ဒိဋ္ဌိ-ဟူသော ပုဒ်၌ သက္ကာယ-ဟူသော ပုဒ်တစ်ပုဒ်အရ မည်သည့် တရားကို တရားကိုယ်အဖြစ်ဖြင့် ကောက်သင့်ကြောင်း-ဟူသောအမေး၌—

**အဖြေကား။** ကတမော စာဘိက္ခဝေ သက္ကာယော၊ ပဉ္စုပါဒါနက္ခန္ဓာ တိဿဝစနီယံ၊ ကတမေ ပဉ္စ၊ သေယျထိဒံ၊ ရူပုပါဒါနက္ခန္ဓော ဝေဒနုပါဒါနက္ခန္ဓော သညုပါဒါနက္ခန္ဓော သင်္ခါရုပါဒါနက္ခန္ဓော ဝိညာဏုပါဒါနက္ခန္ဓော၊ အယံဝုစ္စတိ ဘိက္ခဝေ သက္ကာယော။

[ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် အန္တဝဂ် တတိယသုတ် ပေါင်-၅၀ ဟံသာဝတီရိုက် စာအုပ်မျက်နှာနံပါတ် ၁၁၆-ကြောင်းရေ-၁၂။]

သက္ကာယော သက္ကာယောတိ အာဝုသော သာရိပုတ္တ ဝုစ္စတိ၊ ကတမော နုခေါ အာဝုသော၊ သက္ကာယောတိ ပဉ္စိမေ အာဝုသော ဥပါဒါနက္ခန္ဓာ သက္ကာယော ဝုတ္တော ဘဂဝတာ၊ သေယျထိဒံ၊ ရူပုပါဒါနက္ခန္ဓော ဝေဒနုပါဒါနက္ခန္ဓော သညုပါဒါနက္ခန္ဓော သင်္ခါရုပါဒါနက္ခန္ဓော ဝိညာဏုပါဒါနက္ခန္ဓော၊ ဣမေခေါ အာဝုသော ပဉ္စုပါဒါနက္ခန္ဓာ သက္ကာယော ဝုတ္တော ဘဂဝတာတိ။

[သင္ဂါယတနသံယုတ်ပါဠိတော် ပေါင်-၅၀ ဟံသာဝတီတိုက်ရိုက် စာအုပ်မျက်နှာနံပါတ်-၁၀၀၊ ကြောင်းရေ-၉။]

ဤပါဠိတော်များကိုထောက်၍ ပထမပုစ္ဆာအရ သက္ကာယဆိုသည်ကား-ဥပါဒါနက္ခန္ဓာငါးပါးကိုဆိုသည်-ဟု သိအပ်၏၊ သက္ကာယ-ဟူသော ပုဒ်အနက်မှာလည်း "သက္ကာယဒိဋ္ဌိတိ ဝိဇ္ဇမာနဋ္ဌေန သတိ ခန္ဓပဉ္စက သင်္ခါတေ ကာယေဒိဋ္ဌိ"-ဟူသော အဋ္ဌသာလိနီပါဠ်နှင့်အညီ "သန္တော သံဝိဇ္ဇမာနော ကာယောတိသက္ကာယော"ဟု ဝိဂြိုဟ်ပြု။

**အနက်ကား။** သန္တော သံဝိဇ္ဇမာနော၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော။ ကာယော၊ ရုပ်အပေါင်းအစု,နာမ်အပေါင်းအစုတည်း။ ဣတိ၊ ထို့ကြောင့်။ သက္ကာယော၊ သက္ကာယမည်၏-ဟု ၎င်းပုဒ်အနက်ကိုမှတ်လေ။

ပထမပုစ္ဆာအဖြေပြီး၏။

**ဒုတိယပုစ္ဆာအဖြေ**

၂။ "ဘုရားရဟန္တာအရိယာ အရှင်မြတ်တို့၌ မဂ်ပယ်ပြီးမှ ကြွင်းကျန်ရှိနေသော ပစ္စုပ္ပန်လောကီ ခန္ဓာစုသည် သက္ကာယမည် မမည်" ဟူသောအမေး၌—

**အဖြေကား။** ဘုရားရဟန္တာ အရှင်မြတ်တို့၌ မဂ်ပယ်ပြီးမှ ကြွင်းကျန်ရှိနေသော ပစ္စုပ္ပန်လောကီ ခန္ဓာစုသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ်အပေါင်း, နာမ်အပေါင်းပင် ဖြစ်လေသောကြောင့် သက္ကာယ မည်သည်သာလျှင်ဖြစ်၏၊ သက္ကာယမမည်-ဟု မဆိုထိုက်၊ သို့သော် "ကတမော စ ဘိက္ခဝေ သက္ကာယော ပဉ္စုပါဒါနက္ခန္ဓာတိဿ ဝစနီယံ" ဟူသည်နှင့်အညီ ဥပါဒါန်လေးပါးတို့၏ အာရုံဖြစ်သော လောကီခန္ဓာစုသည်သာလျှင် သက္ကာယမည်သင့်ပါသည်၊ဘုရားရဟန္တာတို့၌ ဥပါဒါန်တို့ကိုပယ်ပြီး ဖြစ်လေသောကြောင့် ဘုရားရဟန္တာတို့၏ ခန္ဓာစုသည် ဥပါဒါနက္ခန္ဓာမဟုတ်ပြီဆိုငြားအံ့၊ ဘုရားရဟန္တာတို့၌ ဥပါဒါန် ၄-ပါးမရှိငြားသော်လည်း ဘုရားရဟန္တာတို့၏ ခန္ဓာစုသည် မယ်တော်, ခမည်းတော်, ဆွေတော်, မျိုးတော်-အစရှိသော သူတပါးတို့၏ ဥပါဒါန်တို့၏ စွဲလမ်းရာအာရုံဖြစ်ကောင်းလျက်ရှိသောကြောင့် ဥပါဒါ နက္ခန္ဓာမည်သည်သာလျှင်တည်း။

**ဥပမာကား။** ရွှေ, ငွေ, ပုလဲ, ပတ္တမြား, ဝတ်စားတန်ဆာ အစရှိသည်တို့သည် ထိုဝတ္ထုတို့၌အဇ္ဈတ္တဥပါဒါန် မရှိကုန်ငြားသော်လည်း လူတို့၌ရှိသောဥပါဒါန်တို့၏စွဲလမ်းရာအာရုံဖြစ်လေသောကြောင့်ဥပါဒိန္နကဓမ္မာတို့ချည်း သာတည်း၊ ရဟန္တာရှင်မဟာကစ္စည်း၏ ကိုယ်ခန္ဓာ၌ စွဲလမ်းသော သောရေယျသူဌေးသားဝတ္ထု၊ ဥပ္ပလဝဏ်ရဟန္တာမထေရ်မ၏ ကိုယ်ခန္ဓာ၌ စွဲလမ်းသော နန္ဒလုလင်သူဌေးသားဝတ္ထုများကို ထောက်လေ၊ အချို့သော သူတို့သည် မြတ်စွာဘုရား၏ ခန္ဓာတော်၌ ကေသာ, လောမာ-စသော ဒွတ္တိံသာကာရအစုတို့သည်လည်းလောကီ မဟုတ်ကုန်၊ လောကုတ္တရာသာ ဖြစ်ကုန်၏-ဟု ယူကြကုန်၏၊ ထိုအယူမှုကား-အင်္ဂုတ္တိုရ် အဋ္ဌကထာ၌ တိုက်ရိုက် ပယ်ဖျက်လျက် ရှိလေ၏။

ဒုတိယပုစ္ဆာအဖြေပြီး၏။

## တတိယပုစ္ဆာအဖြေ

၃။ သဗ္ဗေ သတ္တာ မရိဿန္တိ၊
မရဏံ တံ ဟိ ဇီဝိတံ။
ယထာကမ္မံ ဂမိဿန္တိ၊
ပုညပါပဖလူပဂါ။

ဟူသောဂါထာ၏ အဖွင့်နေတ္တိပါဠိတော်၌—

သဗ္ဗေ သတ္တာ တိ အရိယာ စ အနရိယာ စ သက္ကာယ ပရိယာပန္နာ စ သက္ကာယ ဝီတိဝတ္တာ စ-ဟူသောပါဠ်၌ သက္ကာယပရိယာပန္နပုဂ္ဂိုလ်-ဟူသည် မည်သည့်ပုဂ္ဂိုလ်မျိုး, သက္ကာယဝီတိဝတ္တ ပုဂ္ဂိုလ်-ဟူသည် မည်သည့်ပုဂ္ဂိုလ်မျိုးကို ကောက်ယူရမည်ကိုဇင်း၊ မရိဿန္တိတိဒွိဟိ မရဏေဟိ၊ ဒန္ဓမရဏေနစ အဒန္ဓမရဏေနစ-ဟူသော ပါဠ်၌ ဒန္ဓမရဏ, အဒန္ဓမရဏသေခြင်း-ဟူသည် မည်သည့်ပုဂ္ဂိုလ်တို့၏ သေခြင်းမျိုးဖြစ်မည်ကိုဇင်း သိလိုပါသည်'' ဟူသောတတိယအမေး၌—

**အဖြေကား။** ယေ ပိ တေ ဘိက္ခဝေဒေဝါ ဒီဃာယုကာ ဝဏ္ဏဝန္တော သုခဗဟုလာ ဥစ္စေသု ဝိမာနေသု စိရဋ္ဌိတိကာ တေပိ တထာဂတဿ ဓမ္မဒေသနံ သုတွာ ယေဘုယျေန ဘယံ သံဝေဂံ သန္တာသံ အာပဇ္ဇန္တိ ''အနိစ္စာဝ ကိရ ဘော မယံ သမာနာ နိစ္စမှာ

တိ အမည်မှ အဒ္ဓုဝါဝ ကိရ ဘော မယံ သမာနာခုဝမှာတိ အမည်မှ၊ အသဃတာဝ ကိရ ဘော မယံ သမာနာသဃတမှာ တိ အမည်မှ၊ မယံပိ ကိရ ဘော အနိစ္စာ အဒ္ဓုဝါ အသဃ- တာ သက္ကာယပရိယာပန္နာ''တိ ဝေံမဟိဒ္ဓိကော ခေါ ဘိက္ခဝေ တထာဂတော သဒေဝကဿ လောကဿ ဝေံမဟေသက္ခော ဝေံမဟာနုဘာဝေါတိ။

ယဒါ ဗုဒ္ဓေါ အဘိညာယ၊ ဓမ္မစက္ကံ ပဝတ္တယိ။
သဒေဝကဿ လောကဿ၊ သတ္ထာ အပ္ပဋိပုဂ္ဂလော။
သက္ကာယဿ နိရောဓံ စ၊ သက္ကာယဿ စ သမ္ဘဝံ။
အရိယံ စဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပသမဂါမိနံ။
ယေပိ ဒီဃာယုကာ ဒေဝါ၊ဝဏ္ဏဝန္တော ယသဿိနော။
ဘီတာ သန္တာ သမာပါဒုံ၊ သီဟဿေဝိတရေမိဂါ။
အဝီတိဝတ္တာ သက္ကာယံ၊ အနိစ္စာ ကိရ ဘော မယံ။
သုတွာ အရဟတော ဝါကျံ၊ ဝိပ္ပမုတ္တဿ တာဒိနောတိ။

[ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ ခန္ဓနိယဝဂ်၊ စတုတ္ထသုတ်၊ နံပါတ်–၆၁။]

ဤပါဠိတော်ကိုထောက်၍ သက္ကာယဒိဋ္ဌိ ရှိနေကြသောပုထုဇဉ် ပုဂ္ဂိုလ်တို့ကို သက္ကာယပရိယာပန္နပုဂ္ဂိုလ်တို့ဟူ၍,သက္ကာယဒိဋ္ဌိ ကျွတ် လွတ်ပြီးသော အရိယာပုဂ္ဂိုလ်တို့ကို သက္ကာယဝီတိဝတ္တပုဂ္ဂိုလ်တို့ဟူ ၍မှတ်လေ။

[မရဏာမေးခွန်း၌လည်း ကာလမရဏာကို ဒန္ဓမရဏာဆိုသည်၊ အကာ လမရဏာကို အဒန္ဓမရဏာဆိုသည်-ဟု မှတ်ယူလေ။]

တတိယပုစ္ဆာအဖြေပြီး၏။

### စတုတ္ထပုစ္ဆာအဖြေ

၄။ ''လူများနှင့် ခွေး,ဝက်, ကြက်, ငှက်စသော တိရစ္ဆာန်တို့၏ ပဋိသန္ဓေတည်နေပုံ သတ္တာဟအစဉ်ကို ကျမ်းဂန်များ၌ ခွဲခြမ်း ၍ပြသည်ကို မတွေ့မိသဖြင့် အတူတူပင်ယူရမည်၊ သို့တည်း မဟုတ် တခြားစီပင်ယူရမည်ကို သိလိုပါသည်'' ဟူသော စတုတ္ထအမေး၌–

**အဖြေကား။** ၎င်းသတ္တာဟအစဉ်မှာ လူတို့၌၎င်း, လူနှင့်အသက် တမ်းတူမျှသော တိရစ္ဆာန်တို့၌၎င်း မှတ်ရမည်၊ လူတို့မှာလည်း ယခု ကာလတရာ့တမ်း၌သာ မှတ်ရမည်၊ ထို့ထက် အသက်အလွန်ရှည် သောတမ်း, အလွန်တိုသော တမ်းများ၌မှာမူကား-ထိုထိုတမ်းအား လျော်စွာယူသင့်သည်။

စတုတ္ထပုဏ္ဏာအဖြေပြီး၏။

**နောက်ထပ်ပုဏ္ဏာအဖြေ**

၁၂၀၄-ခု၊ ကဆုန်လပြည့်ကျော် ဂ-ရက်နေ့စွဲနှင့် ထပ်မံ လျှောက်ထားလိုက်သော စကားအချက်စုတွင် တတိယပုဏ္ဏာ အရမှာ သက္ကာယ ပရိယာပန္နပုဂ္ဂိုလ်, ၎င်းဝီတိဝတ္တပုဂ္ဂိုလ်ဟု နှစ်စုဒုကပြု၍ ဟောတော်မူရကား- သက္ကာယပရိယာပန္န-ဟူ သော ပထမပုဒ်ကို သတ္တမီတပ္ပုရိသ်သမာသ်ပြုလုပ်၍ ပရမတ္ထ အားဖြင့် ထင်ရှားရှိသော ရုပ်အပေါင်း, နာမ်အပေါင်းဟု အနက်ပေး၍ ၎င်း၌ အကျုံးဝင်ရကား- ဘုရားရဟန္တာ အရိယာအရှင်များကိုလည်း သက္ကာယ ပရိယာပန္န-ဟူသော ပထမပုဒ်သို့ သွင်းမည်ဆိုလျှင် ဤနေတ္တိပါဠိတော်၌ မည်ကဲ့သို့ သွင်းသင့်ကြောင်းကို ထပ်မံလျှောက်ထား အသနားခံပါသည် ဟူသော စကား၌—

"ဘုရားရဟန္တာအရိယာ အရှင်များကိုလည်း သက္ကာယပရိယာပန္န ဟူသောပထမပုဒ်သို့ သွင်းမည်ဆိုလျှင်" ဟူသောစကားသည်မသင့်၊အ ကြောင်းမူကား-ထိုထိုဘုရားရဟန္တာ အရိယာအရှင်များသည် သက္ကာ ယပရိယာပန္နပုဂ္ဂိုလ်များမဟုတ်၊ သက္ကာယဝီတိဝတ္တ ပုဂ္ဂိုလ်များဖြစ် ပေသောကြောင့် သက္ကာယပရိယာပန္နပုဂ္ဂိုလ်များ မဟုတ်ပေ၊ သက္ကာ ယဝီတိဝတ္တပုဂ္ဂိုလ်များဖြစ်ပေသောကြောင့်တည်း။

ဤအရာ၌ ပရိယာပန္နဖြစ်ပုံ,ဝီတိဝတ္တဖြစ်ပုံကို ပြဆိုလိုက်ဦးအံ့၊ ဝေါ ဟာရသည် ဓမ္မဝေါဟာရ,ပုဂ္ဂလဝေါဟာရ-ဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင်—

၁။ ဓမ္မဝေါဟာရဆိုသည်ကား-ပရမတ္ထဓမ္မတို့၏ အမည်ပေတည်း။

၂။ ပုဂ္ဂလဝေါဟာရဆိုသည်ကား-ပုဂ္ဂိုလ်တို့၏ အမည်ပေတည်း။

ထိုနှစ်ပါးတို့တွင်—

၁။ "သက္ကာယပရိယာပန္န-ဟူသော ပထမပုဒ်ကိုသတ္တမိတပ္ပုရိသ်သမာသ်ပြုလုပ်၍ ပရမတ္ထအားဖြင့်ထင်ရှားရှိသောရုပ်အပေါင်း,နာမ်အပေါင်း၌ အကျုံးဝင်သောခန္ဓာဟု အနက်ပေး၍" ဟူသော စကားသည် ဓမ္မဝေါဟာရစကားမျိုးဖြစ်၏၊ ဤဓမ္မဝေါဟာရအလိုမှာ ဘုရားရဟန္တာ အရှင်မြတ်တို့၏သန္တာန်၌ မဂ်စိတ္တုပ္ပါဒ်,ဖိုလ်စိတ္တုပ္ပါဒ်များကိုချန်လှပ်၍ ကျန်ရှိသမျှသော ခန္ဓာတော်တခုလုံးသည် တေဘူမ္မကဓမ္မချည်းဖြစ်၏၊ လောကိယဓမ္မချည်း ဖြစ်၏၊ သက္ကာယဓမ္မချည်း ဖြစ်၏။ [ဤကား-ဓမ္မဝေါဟာရအလိုပေတည်း။]

၂။ ပုဂ္ဂလဝေါဟာရအလိုမှာမူကား-ထိုဘုရားရဟန္တာအရှင်များသည် တေဘူမ္မကဓမ္မ၌ အကျုံးမဝင်သော လောကုတ္တရာဘုံ၌ အကျုံးဝင်သော မဂ်စိတ္တုပ္ပါဒ်,ဖိုလ်စိတ္တုပ္ပါဒ်တို့ကိုအစွဲပြု၍ ထိုဘုရားရဟန္တာအရှင်များသည် တေဘူမ္မကဘုံသားမဟုတ်၊ အနာသဝ စတုတ္ထဘုံသားများဖြစ်ကြ၏၊ လောကိယဘုံသားများမဟုတ်၊ လောကုတ္တရာဘုံသားများဖြစ်ကြ၏။ [ဤကား-ပုဂ္ဂလဝေါဟာရအလိုပေတည်း။]

**ဥပမာကား**။ ရူပါဝစရဗြဟ္မာ့သန္တာန်၌ ဘဝင်စိတ္တုပ္ပါဒ်, ဈာန်စိတ္တုပ္ပါဒ်များကိုချန်လှပ်၍ ကျန်ရှိသမျှသော ဗြဟ္မာ့ခန္ဓာတခုလုံးသည် ကာမာဝစရခန္ဓာချည်းဖြစ်၏။ [ဤကား-ဓမ္မဝေါဟာရအလိုပေတည်း။]

ပုဂ္ဂလဝေါဟာရ အလိုမှာမူကား- ထိုရူပါဝစရဗြဟ္မာ များသည် ကာမာဝစရဘုံ၌ အကျုံးမဝင်သော ဘဝင်စိတ္တုပ္ပါဒ်,ဈာန်စိတ္တုပ္ပါဒ်တို့ကိုအစွဲပြု၍ထိုရူပါဝစရဗြဟ္မာများသည် ကာမာဝစရပုဂ္ဂိုလ်မဟုတ်၊ ရူပါဝစရဘုံသားများသာ ဖြစ်ကြ၏။ [ဤကား-ပုဂ္ဂလဝေါဟာရ အလိုပေတည်း။]

ဤဥပမာအတူ ဘုရားရဟန္တာအရိယာဟူသော ဝေါဟာရများသည်လည်း တေဘူမ္မကဓမ္မဟူသော သက္ကာယ၌ အကျုံးမဝင်သော မဂ်စိတ္တုပ္ပါဒ်,ဖိုလ်စိတ္တုပ္ပါဒ်တို့ကိုအစွဲပြု၍ ခေါ်ဝေါ်ကြရသော ပုဂ္ဂလဝေါဟာရများ ဖြစ်ကြ၍ သက္ကာယပရိယာပန္နဝေါဟာရမျိုး မဟုတ်၊ သက္ကာယဝီတိဝတ္တ ဝေါဟာရမျိုးသာ အမှန်ဖြစ်ပေသတည်း၊ ဘုရား

ရဟန္တာ အရိယာဟူသော ပျောက်ချက်စကားတွင်လည်း အရိယာဟူသောစကားဖြင့် သောတာပန်,သကဒါဂါမိ,အနာဂါမိပုဂ္ဂိုလ်တို့ကို ယူရမည်၊ထိုပုဂ္ဂိုလ်များသည်လည်း သက္ကာယပရိယာပန္နပုဂ္ဂိုလ်များ မဟုတ်၊သက္ကာယဝီတိဝတ္တပုဂ္ဂိုလ်များသာဖြစ်ကြ၏။

**ဖြစ်ကြပုံကား။** သောတာပန်ပုဂ္ဂိုလ်ဟူသော ဝေါဟာရများသည် တေဘုမ္မကဓမ္မဟူသော သက္ကာယ၌ အကျုံးမဝင်သော သောတာပတ္တိမဂ်စိတ္တုပ္ပါဒ်, ဖိုလ်စိတ္တုပ္ပါဒ်တို့ကိုအစွဲပြု၍ ခေါ်ဝေါ်ကြရသော ပုဂ္ဂလဝေါဟာရများဖြစ်ကြ၍ သက္ကာယပရိယာပန္နဝေါဟာရမျိုးမဟုတ်၊ သက္ကာယဝီတိဝတ္တဝေါဟာရမျိုးသာ အမှန်ဖြစ်သတည်း။

[သကဒါဂါမိ,အနာဂါမိပုဂ္ဂိုလ်တို့၌လည်း၊ဤနည်းအတူသိလေ။]

ဤသို့လျှင် ဓမ္မဝေါဟာရနှင့် ပုဂ္ဂလဝေါဟာရခြားနားကြပုံကို နေရာကျသိပြီးမှ ပုဂ္ဂလဝေါဟာရ၌သက္ကာယပရိယာပန္နပုဂ္ဂိုလ်မျိုး,သက္ကာယဝီတိဝတ္တပုဂ္ဂိုလ်မျိုး၂-ပါးခြားနားပုံကိုလည်းရှင်းလင်းစွာသိနိုင်လေသတည်း၊ထို့ကြောင့် ယခင်အထက်ဖြေဆိုချက်တွင် ပါရှိသည့်အတိုင်း သက္ကာယဒိဋ္ဌိရှိနေကြသော ပုထုဇဉ်ပုဂ္ဂိုလ်တို့ကို သက္ကာယပရိယာပန္နပုဂ္ဂိုလ်တို့ဟူ၍,သက္ကာယဒိဋ္ဌိကျွတ်လွတ်ပြီးသော အရိယာပုဂ္ဂိုလ်တို့ကို သက္ကာယဝီတိဝတ္တပုဂ္ဂိုလ်တို့ဟူ၍သာ မှတ်လေ။

နောက်ထပ်ပုစ္ဆာအဖြေပြီး၏။

[ဆရာတော်မှာ မကျန်းမမာရှိသည်နှင့်စာပေကျမ်းဂန်ကြည့်ရှုမှုအခွင့်မရသေးရှိနေသောကြောင့် အကျယ်ဝိတ္ထာရ မဖြေလိုက်ရ၊အကျဉ်းသခ်ေပမျှသာ ဖြေလိုက်ရပေသည်။]

အမိန့်အရ-လယ်တီဝဏ္ဏိတ။
ခေတ္တစစ်ကိုင်း-စိတ္တသုခချောင်။
ကဆုန်လပြည့်ကျော် ၁၀-ရက်၊ ၁၂၀၀ ပြည့်နှစ်။

ရန်ကုန်ပုစ္ဆာအဖြေပြီး၏။

# ဆပဂံပုစ္ဆာအဖြေ

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## လျှောက်လွှာ

ဆပဂံရွာ-ဒါယကာ မောင်စံဦး အထူးဂါဝရ အဘိယာစက တရားဖြင့် လျှောက်ထား တောင်းပန်ပါသည်-ကျေးဇူးရှင့် လယ်တီ ဆရာတော် မဟာထေရ်မြတ်ကြီးဘုရား။

လျှောက်ထားရန်မှာ မြတ်စွာဘုရားသာသနာတော်မြတ်နှင့် တွေ့ကြုံကြိုက်သည့်အားလျော်စွာ ပြုသင့်ပြုထိုက်သောဒါန, ကျင့်သင့်ကျင့်ထိုက်သော သီလတို့ကို ပြုကျင့် လုပ်ကိုင်ကြသည်မှာ လွန်စွာ များပြားကြပါသည်။

သို့ပြုကျင့်လုပ်ကိုင် ကြသော်လည်း ဒါနအပြား, သီလအပြား, ပေးလှူပုံနည်းလမ်း,ဆောက်တည်ပုံနည်းလမ်း စည်းကမ်းတို့မှာမူ သိရှိကြသူ လွန်စွာနည်းပါးကြပါသည်၊ သို့ပါ၍-ဒါနအပြား, သီလအပြား ခြားနားစွာသိမြင်နိုင်ကြစေရန် အကျဉ်းချုပ်ရေးသား ပေးသနားတော်မူပါမည့်အကြောင်း ရိုသေစွာ လျှောက်ထားတောင်းပန်ပါသည်-ကျေးဇူးရှင်လယ်တီဆရာတော် မဟာထေရ်မြတ်ကြီးဘုရား။

မောင်စံဦး။

ဆပဂံရွာ။

## လယ်တီဆရာတော်ဘုရားကြီးဖြေဆိုချက်

ဆပဂံရွာ-ဒါယကာမောင်စံဦး၏ ဒါနကထာ, သီလကထာအမေး လျှောက်လွှာသည် ဆပဂံတောရဂါတို့ထံသို့ ကောင်းစွာ ဆိုက်ရောက်လာသောကြောင့် ထိုအမေးလျှောက်လွှာကို ကျေလည်စေရန် ပါဠိ,

အဋ္ဌကထာ, ဋီကာ ဂန္ထန္တရတို့၌ လာရှိသော သဘောသက်တို့ကို ကျနသေချာစွာ ရေးသားဖြေဆိုပေအံ့။

လယ်တီဆရာတော်။

ဆပဂံတောရ။

### ဒါနကထာ-ဒါနခဏ်း

#### အရကျက်ရန်

#### ၂—ပါးစုံမာတိကာ

၁။ ဒါနံ၊ ဒါနသည်—

(က) အာမိသဓမ္မတော၊ပစ္စည်းဝတ္ထုကိုပေးလှူသောအာမိသဒါန၊ မိမိသိသော တရားကျမ်းဂန်ပညာ သိပ္ပကို သူတပါးတို့အား ဖြန့်ဖြူးသော ဓမ္မဒါန-ဟူ၍လည်းကောင်း။

(ခ) သက္ကစ္စအသက္ကစ္စတော၊ အရိုအသေပြု၍ လှူသောသက္ကစ္စ ဒါန၊ အရိုအသေမရှိဘဲ လှူသော အသက္ကစ္စဒါန-ဟူ၍ လည်းကောင်း။

(ဂ) ပူဇာနုဂ္ဂဟတော၊ မြတ်သောသူကို ပူဇော်မှုဖြင့် လှူဒါန်းသော ပူဇာဒါန၊ ယုတ်ညံ့သောသူကို ချီးမြှင့်မှုဖြင့် လှူဒါန်းသော၊အနုဂ္ဂဟဒါန-ဟူ၍လည်းကောင်း။

(ဃ) သာဟတ္ထိက အာဏတ္တိကတော၊ ကိုယ်တိုင် လှူသော သာဟတ္ထိကဒါန၊ သူတပါးကိုစေခိုင်း၍ လှူသော အာဏတ္တိက ဒါန-ဟူ၍လည်းကောင်း။

(င) ထာဝရ အထာဝရတော၊စေတီ,ပုထိုး,ဇရပ်,တန်ဆောင်း, ဂူ,ကျောင်း,ဘုရား,တံတား,စောင်းတန်း,ရေတွင်း,ရေကန် အာရာမ်,ဥယျာဉ်,သစ်ပင်တောစိုး-အစရှိသောထာဝရဒါန၊ ဆွမ်း,သင်္ကန်းစသော အထာဝရဒါန-ဟူ၍ လည်းကောင်း။

(စ) သပရိဝါရ အပရိဝါရတော၊ အမွှမ်းအမံအခြံအရံ ဝတ္ထု တို့နှင့် အစုံအလင်ပြု၍ လှူသော သပရိဝါရဒါန၊ အခြံအရံ မပါဘဲလှူသော အပရိဝါရဒါန-ဟူ၍လည်းကောင်း။

(ဆ) နိစ္စ အနိစ္စတော၊အမြဲဝတ်တည်၍လှူသော နိစ္စဒါန၊ ရံခါ ရံဘန်လှူသော အနိစ္စဒါန-ဟူ၍လည်းကောင်း။

(ဇ) သသင်္ခါရ အသင်္ခါရတော၊ သူတပါးတို့ နှိုးဆော်တိုက် တွန်း၍လှူသောသသင်္ခါရ ဒါန၊မိမိစိတ်သဘော သက်သက် နှင့်လှူသော အသင်္ခါရဒါန-ဟူ၍လည်းကောင်း။

(ဈ) ဇာန အဇာနတော။ အကျိုးကိုသိ၍ ပြုသော ဇာနဒါန၊ အကျိုးကို မသိဘဲပြုသောအဇာနဒါန-ဟူ၍ လည်းကောင်း။

(ဉ) ဝဋ္ဋ ဝိဝဋ္ဋတော၊လောကီချမ်းသာကို တောင့်တ၍ လှူသော ဝဋ္ဋနိဿိတဒါန၊ လောကုတ္တရာချမ်းသာကို တောင့်တ၍ လှူသော ဝိဝဋ္ဋနိဿိတဒါန-ဟူ၍ လည်းကောင်း။

(ဋ) ဓမ္မ အဓမ္မတော၊ ထမင်းအဖျော်စသော လှူထိုက်သော ဝတ္ထုကိုလှူသော ဓမ္မဒါန၊ မကောင်းမှုကို လိုလားသော သူတို့အား သေရည်သေရက် လက်နက်ကြိယာ-စသော မလှူထိုက်သော ဝတ္ထုတို့ကို ပေးလှူသော အဓမ္မဒါန-ဟူ၍ လည်းကောင်း။

(ဌ) ဓမ္မိက အဓမ္မိကတော၊ ရည်စူးရင်း ပုဂ္ဂိုလ်သံဃာ စေတီ ပုထိုးကိုလှူသော ဓမ္မိကဒါန ၉-ပါး၊ နဂိုရည်စူးရင်းမှ ပြောင်းလွှဲ၍ လှူသော အဓမ္မိက ၉-ပါး,-ဟူ၍ လည်း ကောင်း။

(ဍ) ဝတ္ထုဒါနအဘယဒါနတော၊ ပစ္စည်းဝတ္ထုကို ပေးလှူသော ဝတ္ထုဒါန၊ အသက်စည်းစိမ်ဘေးမဲ့ချမ်းသာကို ပေးလှူ သော ငါးပါးသီလစသော အဘယဒါန-ဟူ၍ လည်း ကောင်း။

(ဎ) အဇ္ဈတ္တိက ဗာဟိရတော၊ အသက်ခန္ဓာ အင်္ဂါကြီးငယ်ကို လှူသော အဇ္ဈတ္တိကဒါန၊ အပဝတ္ထုကိုလှူသော ဗာဟိရ ဒါန-ဟူ၍လည်းကောင်း။

(ဏ) သာဝဇ္ဇ အနဝဇ္ဇတော၊ သမင် ငါး,သား,နွား,ကျွဲ,ကြက်, ဝက်တို့ကိုသတ်ဖြတ် ညှဉ်းပန်းမှုနှင့် ရော၍ အပြစ်မကင်း

သော သာဝဇ္ဇဒါန၊အသက်သတ်ခြင်းညှဉ်းဆဲခြင်းမှ ကင်း၍ သန့်ရှင်းစင်ကြယ်သော အနဝဇ္ဇဒါန-ဟူ၍လည်းကောင်း။

(တ) အဂ္ဂ ဥစ္ဆိဋ္ဌတော၊ အဦးအဖျားအမွန်အမြတ်ကို လှူသော အဂ္ဂဒါန၊ အယုတ်အညံ့အကြွင်းအကျန်ကိုလှူသော ဥစ္ဆိဋ္ဌဒါန-ဟူ၍ လည်းကောင်း။

(ထ) ဟီန ပဏီတတော၊ မိမိသုံးဆောင်သည့်အောက် အယုတ်အညံ့ကိုလှူသော ဟီနဒါန၊ မိမိသုံးဆောင်သည်ထက် အကောင်းအမွန်ကိုလှူသော ပဏီတဒါန-ဟူ၍လည်းကောင်း။

ဒုဝိဓံ၊ အယုတ်အမြတ်အားဖြင့် (၂) ပါးအပြားရှိ၏။

၂-ပါးစုမာတိကာပြီး၏။

### ၃–ပါးစုမာတိကာ

၂။ ဒါနံ၊ ဒါနသည်။

(က) ဟီန မဇ္ဈိမ ပဏီတတော၊ယုတ်ညံ့သော ဟီနဒါန၊အလယ်အလတ်ရှိသော မဇ္ဈိမဒါန၊ အထွတ်အမြတ်ဖြစ်သောပဏီတဒါန-ဟူ၍ လည်းကောင်း။

(ခ) ဒါသ သဟာယ သာမိတော၊မိမိသုံးဆောင်သည့်အောက် ယုတ်ညံ့သောဝတ္ထုကို လှူသည်ဖြစ်၍ ကျွန်နှင့်တူသောဒါသဒါန၊မိမိသုံးဆောင်သည်နှင့်တူရုံရှိသော ဝတ္ထုကို လှူသည်ဖြစ်၍အပေါင်းအဖေါ်နှင့်တူသော သဟာယဒါန၊ မိမိသုံးဆောင်သည်ထက်ကောင်းမွန်သော ဝတ္ထုကိုလှူသည်ဖြစ်၍ အရှင်သခင်နှင့် တူသော သာမိဒါန-ဟူ၍ လည်းကောင်း။

(ဂ) ဝတ္ထု အဘယ ဓမ္မတော၊ပစ္စည်းဝတ္ထုကိုပေးလှူသောဝတ္ထုဒါန၊ သူတပါးအသက်,သူတပါးဥစ္စာကို ကယ်ဆယ်သော အဘယဒါန၊ တရားကျမ်းဂန်ကို ပြောဟော ပြသသော ဓမ္မဒါန-ဟူ၍ လည်းကောင်း။

(ဃ) လောက အတ္တ ဓမ္မတော၊လောကကို အလေးပြု၍ လှူသော လောကာဓိပတေယျဒါန၊မိမိဂုဏ်ကို အလေးပြု၍လှူသော

အတ္တာဓိပတေယျဒါန၊ သူတော်ကောင်းတရားကို အလေး
ပြု၍ လှူသော ဓမ္မာဓိပတေယျဒါန-ဟူ၍ လည်းကောင်း။
တိဝိဓံ၊ အယုတ် အလတ်အမြတ်အားဖြင့် သုံးပါးအပြားရှိ၏။
၃—ပါးစုမာတိကာပြီး၏။

## ၄—ပါးစုမာတိကာ

၃။ ဒါနံ၊ဒါနသည်—

(က) စတုပစ္စယတော၊ အဝတ် သင်္ကန်းကို လှူသော စီဝရဒါန၊ အစာအာဟာရကို လှူသော ပိဏ္ဍပါတဒါန၊ ဇရပ်,တန်ဆောင်း,ကျောင်း,အရိပ်အာဝါသကိုလှူသော သေနာသနဒါန၊ ဆေးဝါးဓာတ်စာကို လှူသော ဘေသဇ္ဇဒါနဟူ၍ လည်းကောင်း။

(ခ) ဒက္ခိဏာဝိသုဒ္ဓိတော၊ လှူသူသီလရှိ၍ ခံသူသီလမရှိသောဒါန၊ ခံသူသီလရှိ၍ လှူသူသီလမရှိသောဒါန၊လှူသူခံသူနှစ်ပါးသီလမရှိသောဒါန၊ လှူသူခံသူနှစ်ပါး သီလရှိသောဒါန - ဟူ၍ လည်းကောင်း။

စတုဗ္ဗိဓံ၊လေးပါးအပြားရှိ၏။
၄-ပါးစုမာတိကာပြီး၏။

## ၅—ပါးစုမာတိကာ

၄။ ဒါနံ၊ ဒါနသည်။

၁။ အဓမ္မဒါနတော၊ မူးယစ်စေတတ်သော သေရည်သေရက်ကိုလှူသောဓမ္မဒါနတပါး,

၂။ ရုပ်သေးအငြိမ့် စသော ကချေသည် သဘင်ကို လှူသော အဓမ္မဒါနတပါး,

၃။ ကာမဂုဏ်အတွက် နွားလားဥသဘကိုလှူသော အဓမ္မဒါနတပါး,

၄။ ကာမဂုဏ်အတွက် မိန်းမကိုလှူသော အဓမ္မဒါနတပါး,

၅။ မိန်းမယောက်ျားရှင်ခြင်း အစရှိသောကိလေသာတို့ကို ဖြစ်စေတတ်သော ပန်းချီဆေးရေးရုပ်ကိုလှူသော အဓမ္မဒါန တပါး—

ဟူ၍ အဓမ္မဒါနအပြားဖြင့်။ပဥ္စဝိဓံ၊ငါးပါးအပြားရှိ၏။
၅–ပါးစုမာတိကာပြီး၏။

### ၆–ပါးစုမာတိကာ

၅။ ဒါနံ၊ ဒါနသည်။

(က) ၁။ ဝဏ္ဏဒါနံ၊ အဆင်းအရောင်ကောင်းသောပန်းမျိုး, အဝတ်ထည်မျိုးဟူသော ရူပါရုံအလှူ,

၂။ သဒ္ဒဒါနံ၊ အသံသာယာသော ကြေးစည် ခေါင်းလောင်း စောင်းပတ္တလားစသော သဒ္ဒါရုံအလှူ,

၃။ ဂန္ဓဒါနံ၊အနံ့အထုံကောင်းသောပန်းမျိုး,နံ့သာမျိုးဟူသော ဂန္ဓာရုံအလှူ,

၄။ ရသဒါနံ၊ လျှာအရသာကောင်းသော ခဲဘွယ်ဘောဇဉ်ဟူသော ရသာရုံအလှူ,

၅။ ဖောဋ္ဌဗ္ဗဒါနံ၊ အတွေ့ကောင်းသော အခင်းမျိုး,အရုံမျိုး ဟူသော ဖောဋ္ဌဗ္ဗာရုံအလှူ,

၆။ ဓမ္မဒါနံ၊အသက်ရှည်ကြောင်း ဩဇာကောင်းသော ဆီဦး, ထောပတ်,ဆေးမျိုးဝါးမျိုးဟူသောဓမ္မာရုံအလှူဟူ၍လည်း ကောင်း။

(ခ) ၁။ အာရာမော၊ လူအများသုံးဆောင်ရန် သစ်သီးအာရာမ်၊ ပန်းအာရာမ်ဟူသော ထာဝရအလှူ,

၂။ သေတု၊ တံတားနင်းကြမ်း စောင်းတန်းလှေကားဟူသော ထာဝရအလှူ,

၃။ ဝနပ္ပတိ၊အရိပ်ကောင်းသော တောစိုးသစ်ပင်ကြီး ဟူသော ထာဝရအလှူ,

၄။ ပပါ၊အမြဲရေချမ်းစင်တည်သော ထာဝရအလှူ,

၅။ ဥဒပါနံ၊သောက်ရေကံ,သောက်ရေတွင်းဟူသော ထာဝရအလှူ,

၆။ ဥပဿယော၊ ဇရပ်,တန်ဆောင်း,ဂူကျောင်း,ဥမင်စသော ထာဝရအလှူဟူ၍လည်းကောင်း။ ဆဗ္ဗိဓံ၊ ခြောက်ပါး အပြားရှိ၏။

၆-ပါးစုမာတိကာပြီး၏။

## ၇–ပါးစုမာတိကာ

၆။ ဒါနံ၊ဒါနသည်။

၁။ သံဃိကတော၊ ဘုရားအမှူးရှိသော ဘိက္ခုသံဃာ ဘိက္ခုနီသံဃာ ၂-ပါးစုံကိုလှူသော သံဃိကဒါနတပါး,

၂။ သက်သက်သော ဘိက္ခုသံဃာ ဘိက္ခုနီသံဃာ ၂-ပါးစုံကို လှူသော သံဃိကဒါနတပါး,

၃။ ဘိက္ခုသံဃာ သက်သက်အားလှူသောသံဃိကဒါနတပါး,

၄။ ဘိက္ခုနီသံဃာ သက်သက်အားလှူသောသံဃိကဒါနတပါး,

၅။ ဘိက္ခုသံဃာ ဘိက္ခုနီသံဃာ ၂-ပါးစုံတို့မှ ညွှန်း၍ ရသော သံဃာအားလှူသော သံဃိကဒါနတပါး,

၆။ ဘိက္ခုသံဃာမှ ညွှန်း၍ရသော သံဃာအားလှူသော သံဃိကဒါနတပါး,

၇။ ဘိက္ခုနီသံဃာမှ ညွှန်း၍ရသော သံဃာအားလှူသော သံဃိကဒါနတပါး–

ဟူ၍ သံဃိကဒါနအပြားအားဖြင့်။သတ္တဝိဓံ၊ ၇-ပါးအပြားရှိ၏။

၇-ပါးစုမာတိကာပြီး၏။

## ၈–ပါးစုမာတိကာ

၇။ ဒါနံ၊ဒါနသည်။

၁။ ဒါနုပပတ္တိ၊ လူ့ချမ်းသာကို တောင့်တ၍ပြုသော ဒါနသည် လူ့ချမ်းသာ၌သာဖြစ်သော ဒါနတပါး,

၂။ နတ်ချမ်းသာကို အသီးအသီးတောင့်တ၍ ပြုသောဒါနသည် နတ်ပြည်ခြောက်ထပ်၌သာ ဖြစ်သောဒါန ၆-ပါး,

၈။ မြဟ္မ္မာချမ်းသာကို တောင့်တ၍ ပြုသော ဒါနသည် မြဟ္မာချမ်းသာ၌သာ ဖြစ်သော ဗျာနလာဘီပုဂ္ဂိုလ်တို့၏ ဒါနတပါး—
ဟူ၍။အဋ္ဌဝိဓံ၊ ရှစ်ပါးအပြားရှိ၏။

၈—ပါးစုမာတိကာပြီး၏။

### ၉-ပါးစုမာတိကာ

၈။ ဒါနံ၊ ဒါနသည်။

၁။ အဓမ္မိကတော၊တပါးသောပုဂ္ဂိုလ်ကို ညွှတ်ပြီးမှတခြားသော ပုဂ္ဂိုလ်ကိုလှူသော အဓမ္မိကဒါနတပါး,
၂။ ပုဂ္ဂိုလ်ကိုညွှတ်ပြီးမှ သံဃာကိုလှူသောအဓမ္မိကဒါနတပါး,
၃။ ပုဂ္ဂိုလ်ကိုညွှတ်ပြီးမှစေတီကိုလှူသောအဓမ္မိကဒါနတပါး,
၄။ သံဃာကိုညွှတ်ပြီးမှပုဂ္ဂိုလ်ကိုလှူသော အဓမ္မိကဒါနတပါး,
၅။ တပါးသောသံဃာကိုညွှတ်ပြီးမှ တခြားသောသံဃာကို လှူသောအဓမ္မိကဒါနတပါး,
၆။ သံဃာကိုညွှတ်ပြီးမှ စေတီကို လှူသောအဓမ္မိကဒါနတပါး,
၇။ စေတီကိုညွှတ်ပြီးမှ ပုဂ္ဂိုလ်ကိုလှူသော အဓမ္မိကဒါနတပါး,
၈။ စေတီကိုညွှတ်ပြီးမှ သံဃာကိုလှူသော အဓမ္မိကဒါနတပါး,
၉။ တပါးသောစေတီကိုညွှတ်ပြီးမှတခြားသော စေတီကိုလှူသော အဓမ္မိကဒါနတပါး—

ဟူ၍အဓမ္မိကဒါန အပြားအားဖြင့်။နဝဝိဓံ၊ ၉-ပါးအပြားရှိ၏။

၉-ပါးစုမာတိကာပြီး၏။

### ၁၀—ပါးစုမာတိကာ

၉။ ဒါနံ၊ ဒါနသည်။

၁။ အန္နံ၊ ထမင်းအစာမျိုးကို လှူသောအန္နဒါနတပါး,
၂။ ပါနံ၊ အဖျော်မျိုးကို လှူသော ပါနဒါန တပါး,
၃။ ဃရံ၊ နေရာအိမ်ကျောင်းကိုလှူသော ဃရဒါနတပါး,
၄။ ဝတ္ထံ၊ အဝတ်အထည်မျိုးကို လှူသောဝတ္ထုဒါနတပါး,
၅။ မာလာ၊ ပန်းမျိုးကိုလှူသော မာလာဒါနတပါး,
၆။ ဂန္ဓော၊ နံ့သာမျိုးကိုလှူသော ဂန္ဓဒါနတပါး,

၇။ ဝိလေပန၊ အညက်ကြိတ်ပြီးသော နံ့သာပျောင်းကို လှူသော ဝိလေပနဒါနတပါး,

၈။ သေယျံ၊ ညောင်စောင်းခင်ုင် အင်းပျဉ်ကွပ်ပစ်,ဖျာရိုင်သင်ဖြူး, အခင်းအနှီးမျိုးကို လှူသော သေယျဒါနတပါး,

၉။ အာဝသထော၊ ညှော့သည်တို့တည်းခိုရန် ဇရပ်,တန်ဆောင်းကို လှူသောအာဝသထဒါနတပါး,

၁၀။ ပဒီပေယျံ၊ အရောင်အလင်း အဆောက်အဦကို လှူသော ပဒီပေယျဒါနတပါး,

ဝတ္ထုတော၊ ဝတ္ထုအားဖြင့်။ဒသဝိဓံ၊ဆယ်ပါးအပြားရှိ၏။

၁၀-ပါးစုမာတိကာပြီး၏။

### ၁၄—ပါးစုမာတိကာ

၁၀။ ဒါနံ၊ ဒါနသည်။

၁။ ပုဂ္ဂလိကတော၊ တိရစ္ဆာန်သတ္တဝါအား ပေးလှူသောပုဂ္ဂလိက ဒါနတပါး,

၂။ မုဆိုးတံငါစသော ဒုဿီလတို့အား ပေးလှူသော ပုဂ္ဂလိက ဒါနတပါး,

၃။ သရဏဂုံမရှိသော သာသနာပ လူသီလဝန္တတို့အား ပေးလှူ သော ပုဂ္ဂလိကဒါနတပါး,

၄။ သာသနာပ ဈာန်ရရသေ့တို့အား ပေးလှူသော ပုဂ္ဂလိကဒါန တပါး,

၅။ သရဏဂုံသီလရှိသောလူသာမဏေတို့မှစ၍သောတာပတ္တိမဂ် ပုဂ္ဂိုလ်တို့အား ပေးလှူသောပုဂ္ဂလိကဒါနတပါး,

၆။ သောတာပတ္တိ ဖိုလ်ပုဂ္ဂိုလ်အား ပေးလှူသော ပုဂ္ဂလိကဒါန တပါး,

၇။ သကဒါဂါမိမဂ်ပုဂ္ဂိုလ်အားပေးလှူသောပုဂ္ဂလိကဒါနတပါး,

၈။ သကဒါဂါမိ ဖိုလ်ပုဂ္ဂိုလ်အား ပေးလှူသော ပုဂ္ဂလိကဒါန တပါး,

၉။ အနာဂါမိမဂ်ပုဂ္ဂိုလ်အားပေးလှူသော ပုဂ္ဂလိကဒါနတပါး,
၁၀။ အနာဂါမိဖိုလ်ပုဂ္ဂိုလ်အားပေးလှူသော ပုဂ္ဂလိကဒါနတပါး,
၁၁။ အရဟတ္တမဂ်ပုဂ္ဂိုလ်အား ပေးလှူသော ပုဂ္ဂလိကဒါနတပါး,
၁၂။ အရဟတ္တဖိုလ်ပုဂ္ဂိုလ်အားပေးလှူသော ပုဂ္ဂလိကဒါနတပါး,
၁၃။ ပစ္စေကဗုဒ္ဓါအားပေးလှူသော ပုဂ္ဂလိကဒါနတပါး,
၁၄။ သဗ္ဗညုဘုရားအားပေးလှူသော ပုဂ္ဂလိကဒါနတပါး—
ဟူ၍ပုဂ္ဂလိကဒါနအပြားအားဖြင့် စုဒ္ဒသဝိဓံ၊၁၄-ပါးအပြားရှိ၏။

၁၄—ပါးစုမာတိကာပြီး၏။

[အလှူခံပုဂ္ဂိုလ် ၁၄-ယောက်။]

ဒါနကထာ-ဒါနခဏ်း၌မာတိကာပြီး၏။

---

## အရကျက်ရန်

၁။ သုဿုသာ လဘတေ ပညံ၊ ဥဋ္ဌာတာ ဝိန္ဒတေ ဓနံ။ ။
သုဿုသာ၊ ပညာရှိတို့စကားကို ရိုသေလေးမြတ်စွာနာခံမှ၊ ပညံ၊ အသိပညာ အလိမ်မာ ကို။ လဘတေ၊ ရတတ်သည်။ ဥဋ္ဌာတာ၊ နေ့နေ့ ညည ထကြွပေါ့ပါး အလကား မနေတတ်မှ။ ဓနံ၊ ဥစ္စာကို။ ဝိန္ဒတေ၊ ရတတ်သည်။

[ပါဠိတော်-ရစေ။]

၂။ သုဝိဇာနော ဘဝံ ဟောတိ၊ ဒုဝ္ဗိဇာနော ပရာဘဝေါ။ ။
သုဝိဇာနော၊ ကောင်းကောင်းလိမ်မာသော သူသည်။ ဘဝံ၊ ပစ္စုပ္ပန် သံသရာနှစ်ဖြာကောင်းကျိုးတိုးပွါးစည်ကားသည်။ ဟောတိ၊ ဖြစ်၏။ ဒုဗ္ဗိဇာနော၊ အသိအလိမ်မာပညာနည်းပါးသောသူသည်။ပရာဘဝေါ၊ ဘဝအဆက်ဆက်ပျက်စီးယုတ်ညံ့သည်။ ဟောတိ၊ ဖြစ်၏။

[ပါဠိတော်-ရစေ။]

၃။ ဓမ္မကာမော ဘဝံ ဟောတိ၊ ဓမ္မဒေဿီ ပရာဘဝေါ။
ဓမ္မကာမော၊ အသိတရားအကျင့်ကို လိုလားသောသူသည်။ ဘဝံ၊ ပစ္စုပ္ပန်သံသရာ ချမ်းသာစီးပွါးများမြတ်သည်။ ဟောတိ၊ ဖြစ်၏။ဓမ္မ-

ဒေသီ၊ အသိတရား အကျင့်တရားကို မလိုလားသော သူသည်။ ပရာဘဝေါ။ ဘဝအဆက်ဆက်ပျက်စီးဆုံးရှုံးသည်။ ဟောတိ၊ဖြစ်၏။

[ပါဠိတော်-ရစေ။]

၄။ ကလျာဏကာရီကလျာဏံ၊ ပါပကာရီစပါပကံ။ ။ကလျာဏကာရီ၊ အကောင်းအမွန်ကို ပြုလေ့ရှိသော သူသည်။ ကလျာဏံ၊ အကောင်းအမွန်ကို၊ လဘတေ၊ ရတတ်၏။ ပါပကာရီ၊ မကောင်းမှုကို ပြုလေ့ရှိသောသူသည်။ ပါပကံ၊ မကောင်းမှုကို။ လဘတေ၊ ရတတ်၏။ ယခုဘဝ အကောင်းကိုပြုမှ နောက်နောက်ဘဝအကောင်းကိုရသည်၊ ယခုဘဝ မကောင်းသည်ကို ပြုလျှင် နောက်နောက်ဘဝမကောင်းသည်ကိုရသည်။

[ပါဠိတော်-ရစေ။]

၅။ ယာဒိသံ ဝပတေ ဗီဇံ၊ တာဒိသံ ဝဟတေ ဖလံ။ ။ယာဒိသံ၊ အကြင်သို့သဘောရှိသော။ ဗီဇံ၊ မျိုးစေ့ကို။ ဝပတေ၊ စိုက်ပျိုး၏။ တာဒိသံ၊ ထိုသို့သဘောရှိသော။ ဖလံ၊အသီးကို။ ဝဟတေ၊ဆောင်၏။ ဆန်ဖြူဆန်ကောင်းမျိုးကို စိုက်ပျိုးမှ ဆန်ဖြူစပါး ဆန်ကောင်းစပါး ဖြစ်ထွန်းသည်၊ ဆန်နီဆန်ကြမ်းမျိုးကို စိုက်ပျိုးလျှင် ဆန်နီစပါး ဆန်ကြမ်းစပါးဖြစ်ထွန်းသည်၊အချဉ်မျိုး, အခါးမျိုးကိုစိုက်လျှင် အချဉ်သီး, အခါးသီးသာ သီးသည်၊ အချိုမျိုး, အဆိမ့်မျိုးကိုစိုက်မှ အချိုသီး, အဆိမ့်သီး သီးသည်၊လောကမျက်မြင်ဥပမာ။

[ပါဠိတော်-ရစေ။]

၆။ သဒိသံ ပါကံ ဇနေတိ။ ။သဒိသံ၊ အကြောင်းကံနှင့်တူသော။ ပါကံ၊ အကျိုးကို။ ဇနေတိ၊ဖြစ်စေတတ်၏။ ။ကုသိုလ်ကံ,အကုသိုလ်ကံ တို့မည်သည် များသောအားဖြင့် ကံနှင့်အလားတူတတ်သည်။

[အဋ္ဌကထာ-ရစေ။]

၇။ မနာပဒါယီ လဘတေ မနာပံ။ ။မနာပဒါယီ၊အလှူခံပုဂ္ဂိုလ် နှစ်သက်ဘွယ်ကို လှူဒါန်းလေ့ရှိသော သူသည်။ မနာပံ၊ နှစ်သက်ဘွယ် သော အကျိုးကို။လဘတေ၊ ရတတ်၏။

[ပါဠိတော်-ရစေ။]

**တနည်းကား။** မနာပဒါယီ၊ မိမိနှစ်သက်သော ဝတ္ထုကို လှူဒါန်းသောသူသည်။ မနာပံ၊ နှစ်သက်ဘွယ်သော အကျိုးကို။ လဘတေ၊ ရတတ်၏။ မိမိနှစ်သက်မှ သူတပါးလည်း နှစ်သက်မည်။ အလှူခံနှစ်သက်မှ အလှူလည်း အကျိုးကြီးမည်-ဟု သိ၍ မိမိနှစ်သက်လောက်မှ သူတပါးကိုလည်း ပေးလှူသူသည် မနာပဒါယီမည်၏။ အလှူခံနှစ်သက်သည်သာလိုရင်း။

[သည်ကနောက်ကို စကားပြင်သက်သက်စုမှာ အရမကျက်နှင့် မှတ်မိအောင်ကြည့်၊ပါဠိအနက်ဖြစ်လျှင် အရကျက်။]

ကျက်မှတ်ကြည့်ရှုရန်
၂-ပါးစုအမိပ္ပါယ်

၁။ ဒါနနှစ်ပါးစုတို့တွင်—

(က) အာမိသဒါန, ဓမ္မဒါနနှစ်ပါးတွင် ဓမ္မဒါနမြတ်သည်။ ။

သဗ္ဗဒါနံ ဓမ္မဒါနံဇိနာတိ။ ။သဗ္ဗဒါနံ၊ အလုံးစုံသော အာမိသအလှူကို။ ဓမ္မဒါနံ ၊တရားအလှူက၊ ဇိနာတိ၊ အောင်၏။

[ပါဠိတော်-ရစေး]

**အာမိသ** အလှူ ဓမ္မအလှူ နှစ်ပါးပြိုင်ကြလျှင် ဓမ္မအလှူကနိုင်သည်သာ-ဟူလို၊ အာမိသအလှူကား-ဥစ္စာစည်းစိမ်ကို ပေးတတ်သည်၊ ဓမ္မအလှူကား-အသိအလိမ်မာ ဉာဏ်ပညာကိုပေးတတ်သည်။

(ခ) သက္ကစ္စဒါန, အသက္ကစ္စဒါနနှစ်ပါးတွင် သက္ကစ္စဒါနကမြတ်သည်၊သက္ကစ္စမပြောက်သောအလှူသည် အကျိုးပေးသောအခါ ထိုသူကို မိမိတို့၏သား,မယား,ကျေးကျွန်တို့မှပင် ရိုသေခြင်းမရှိကုန်၊သက္ကစ္စပြောက်သောအလှူသည် အကျိုးပေးသောအခါ ထိုသူကိုအများရိုသေရသည်။ (သဒိသံ ပါကံ ဇနေတိ။)

(ဂ) ပူဇာဒါန,အနုဂ္ဂဟဒါနနှစ်ပါးတွင် ပူဇာဒါနကမြတ်သည်၊ သို့သော်လည်း အနုဂ္ဂဟဒါနကိုလည်း အလေးပြုရသည်ပင်၊ အနုဂ္ဂဟဒါနပင်ဖြစ်သော်လည်း စေတနာထက်ထက်နှင့် သက္ကစ္စပြောက်အောင်လှူရမည်၊ခွေး,ဝက်, ကြက်, ငှက်ကိုပင် ကျွေးမွေးသော်လည်း ကောင်းမွန်စွာစီစဉ်၍ ကျွေးမွေးလျှင် သက္ကစ္စဒါနဖြစ်၏၊ မြေအလူးလူး ရွှံ့အလူးလူးပုံ၍ကျွေးလျှင် အသက္ကစ္စဖြစ်၏။

(ဃ) သာဟတ္ထိကဒါန,အာဏတ္တိကဒါနနှစ်ပါးတွင် သာဟတ္ထိက မြတ်၏၊ ကိုယ်တိုင်ပင်မထဘဲ သူတပါးကိုသာ ခိုင်းစေ၍ လှူသောဒါန သည် အကျိုးပေးသောအခါ အခြေအရံ နည်းတတ်သည်၊ ရာဇာညမင်း ကြီးသည် အာဏတ္တိကဒါနအတွက် စာတုမဟာရာဇ် နတ်ပြည်တွင် ဘုံ ဟောင်း, ဗိမာန်ဟောင်းကြီးတခုတွင် အခြေအရံမရှိဘဲ တယောက် ထည်းထည်းနတ်ကြီးဖြစ်ရသည်-ဟု ကျမ်းဂန်ရှိသည်၊ထို့ကြောင့် တတ် နိုင်လျက်နှင့်ထပျင်းသည့်အတွက် သူတပါးကိုသာ မခိုင်းကြနှင့် သာ ဟတ္ထိကမြောက်အောင်ပြုကြ။

(င) ထာဝရဒါန,အထာဝရဒါနနှစ်ပါးတွင်ထာဝရဒါနအကျိုး ပေးနိုင်မြဲသည်၊ နေ့စဉ်ဝတ်တည်ပြုသော ဆွမ်းစသော နိစ္စဘတ်ဒါန သည်လည်း ထာဝရဒါန အလားရှိ၏။

တေသံ ဒိဝါစ ရတ္တောစ၊သဒါ ပုညံ ပဝတ္တတိ။

တေသံ၊ ထိုထာဝရဒါန, နိစ္စဘတ်ဒါန, ရှိကြကုန်သောသူတို့အား။ ဒိဝါစ၊နေ့၌လည်းကောင်း။ရတ္တောစ-ညဉ့်၌လည်းကောင်း။သဒါ၊အခါ ခပ်သိမ်း။ပုညံ၊ကုသိုလ်သည်။ပဝတ္တတိ၊မြစ်ရေအယဉ်ကဲ့သို့စီး၏။

[ပါဠိတော်-ရစေ။]

(စ) သပရိဝါရဒါန, အပရိဝါရဒါန နှစ်ပါးတွင် သပရိဝါရဒါန မြတ်၏။

၁။ သင်္ကန်းကိုလှူလျှင် သင်္ကန်းသက်သက် လှူသည်ကား- အပရိဝါရ ဒါနမည်၏။

၂။ သင်္ကန်းလှူလျှင် သင်္ကန်းနှင့် စပ်သော အခြံအရံစုကို အစုံ အလင်ပြု၍လှူသည်ကား-သပရိဝါရဒါနမည်၏။

[အလုံးစုံသော အလှူဝတ္ထုတို့မှာလည်း ဤနည်းချည်း။]

၁။ အပရိဝါရဒါနသည် အကျိုးပေးသောအခါ ထမင်းကို လိုလျှင် ထမင်းသက်သက်ကိုသာ ရတတ်၏။ပျား‌ရှိ၍ ဖက် မရှိ၊ ဖက်ရှိ၍ ပျားမရှိဆိုဘိသကဲ့သို့ ဖြစ်တတ်၏။

၂။ သပရိဝါရဒါနမှာ အကျိုးပေးသောအခါ ထမင်းကို အ လိုရှိလျှင် ထမင်း၏ အခြံအရံဖြစ်သော ဟင်းကျွေးဟင်း လျာ အစုံအလင် ဘောဇဉ်ခဲဘွယ်, ပုဂံ အုပ်ခွက်,

လဘက် ဆေးကွမ်းနှင့် တကွရတတ်၏၊ (သဒိသံပါကံ ဇနေတိ။)

(ဆ) နိစ္စဒါန, အနိစ္စဒါနနှစ်ပါးသည် ထာဝရဒါန, အထာဝရဒါနနှင့် အလားတူ၏။ နိစ္စဒါန,ထာဝရဒါန တခုခုရှိသော သူသည် သောတာပန်နှင့် အလားတူ၏၊ သေလျှင် နတ်ရွာ သုဂတိဘဝမြဲ၏-ဟု အင်္ဂုတ္တိုရ်အဋ္ဌကထာမှာဆို၏၊ ထို့ကြောင့် လူဖြစ်သောသူသည် တခုခု သော နိစ္စဒါန, တခုခုသော ထာဝရဒါနရှိသင့်လှတော့သည်။

(ဇ) သသင်္ခါရ ဒါန, အသင်္ခါရ ဒါန နှစ်ပါးတွင် အသင်္ခါရဒါန မြတ်၏။

၁။ သူတပါးတိုက်တွန်း၍ ပြုရသော အလှူသည် အကျိုးပေးသောအခါ လူလည်း ထိုင်းမှိုင်းတတ်၏၊ ပစ္စည်းဥစ္စာအကျိုးပေးလည်းထိုင်းမှိုင်းတတ်၏။

၂။ အသင်္ခါရ အလှူသည် အကျိုးပေးသောအခါ လူလည်း သွက်လက်တတ်၏၊ ပစ္စည်းဥစ္စာအကျိုးပေးလည်း သွက်လက်တတ်၏။ (သဒိသံ ပါကံ ဇနေတိ။)

(ဈ) ဉာနကတ, အဉာနကတနှစ်ပါးတွင်ဉာနကတ မြတ်၏။

၁။ အကျိုးအာနိသင်ကိုမသိဘဲ လှူသောဒါနသည် အကျိုးပေးသောအခါ ဒွိဟိတ်အကျိုးကိုသာ ပေး၏၊ ဉာဏ်ပညာနုံ့တတ်၏။

၂။ အကျိုးအာနိသင်ကိုသိ၍ လှူသောဒါနသည် တိဟိတ်အကျိုးကို ပေးတတ်၏၊ ဉာဏ်ပညာထက်တတ်၏၊(သဒိသံ ပါကံ ဇနေတိ။)

[ဤသဒိသံ ပါကံ ဇနေတိ-ပါဠိနှင့်ဆိုင်သမျှမှာ- ယာဒိသံ ဝပတေ ဗီဇံ၊တာဒိသံ ဝဟတေ ဖလံ-ဟူသော ပါဠိနှင့်လည်း ဆိုင်လေ၏။]

(ည) ဝဋ္ဋနိဿိတဒါန,ဝိဝဋ္ဋနိဿိတဒါနနှစ်ပါးတွင်—

၁။ ဝဋ္ဋနိဿိတဒါနကား- ပါရမီဆယ်ပါးတွင်မဝင်၊ လူနတ်ချမ်းသာကိုသာ ပေးနိုင်၏၊နိဗ္ဗာန်မဂ်ဖိုလ်ကို မဆောင်နိုင်။

၂။ ဝိဝဋ္ဋနိဿိတ ဒါနသည် ပါရမီဆယ်ပါးတွင် ဒါနပါရမီ မည်၏၊ လူချမ်းသာ,နတ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာတည်း ဟူသော ချမ်းသာသုံးပါးကို ဆောင်နိုင်၏။

၁။ ဒါနပါရမီ,
၂။ သီလပါရမီ,
၃။ နိက္ခမပါရမီ,
၄။ ပညာပါရမီ,
၅။ ဝီရိယပါရမီ,
၆။ ခန္တီပါရမီ,
၇။ သစ္စာပါရမီ,
၈။ အဓိဋ္ဌာန်ပါရမီ,
၉။ မေတ္တာပါရမီ,
၁၀။ ဥပေက္ခာပါရမီ,

[ပါရမီဆယ်ပါး-ရစေ။]

(ဎ) ဓမ္မဒါန, အဓမ္မဒါနနှစ်ပါးတွင် အဓမ္မဒါနသည် ကုသိုလ်ရသောဒါနမဟုတ်၊ အကုသိုလ်ဖြစ်သော ဒါနသာတည်း၊ အထက်၌ အဓမ္မဒါန ငါးပါးလာလိမ့်မည်။

(ဏ) ဓမ္မိကဒါန, အဓမ္မိကဒါနနှစ်ပါးတွင် အဓမ္မိကဒါနသည် ကုသိုလ်မရဟု ဆိုကြ၏၊ ကုသိုလ်မရ လုံးလုံးမဟုတ်၊အရနည်းသည်ဟု ဆိုကြကုန်၏၊ အဓမ္မိကဒါနကိုးပါး အထက်မှာ လာလတံ့။

(ဍ) ဝတ္ထုဒါန, အဘယဒါနနှစ်ပါးတွင် အဘယဒါနမြတ်သည်၊ ငါးပါးသီလများသည် အဘယဒါနမျိုးတွင်ဝင်၏။

(ပ) အဇ္ဈတ္တိကဒါန, ဗာဟိရကဒါနနှစ်ပါးတွင် မွန်မြတ်သော ကိုယ်အင်္ဂါကိုလှူသော အဇ္ဈတ္တိကဒါနမြတ်၏။

(ဏ) သာဝဇ္ဇ, အနဝဇ္ဇ နှစ်ပါးတွင် အနဝဇ္ဇဒါနမြတ်၏၊သာဝဇ္ဇဒါနသည် အကျိုးပေးသောဘဝ၌ ကိုယ်တွင်းရန်ကိုယ်ပရန်များတတ်၏၊ စည်းစိမ်ဉစ္စာအတွက် အသက်ခန္ဓာဆုံးရတတ်၏။

(တ) အဂ္ဂဒါန,ဥစ္ဆိဋ္ဌဒါနနှစ်ပါးတွင် အဂ္ဂဒါန မြတ်၏၊ သို့သော်လည်း အလှူခံပုဂ္ဂိုလ်နှစ်သက်လျှင် အကြွင်းအကျန် အယုတ်အလှူပင်ဖြစ်သော်လည်း အကျိုးကြီးပါ၏၊ စေတနာထက်ထက်နှင့် သဏ္ဍစ္စမြောက်အောင်သာပြု၊ ချမ်းသာသော သူတို့၏ အကြွင်းအကျန်သည်

ဆင်းရဲလှသောသူတို့မှာ အကောင်းအမွန်ပင်ဖြစ်၏၊ လူတို့၏အကြွင်းအကျန်သည် ခွေး,ဝက်, ကြက်, ငှက်တို့မှာ အကောင်းအမွန်ပင်ဖြစ်ပေ၏။

(ထ) ဟီနဒါန၊ ပဏီတဒါန ၂-ပါးတွင် ပဏီတဒါနမြတ်၏၊ သို့သော်လည်း အလှူခံပုဂ္ဂိုလ်မှာအကျိုးများခဲ့သော်ငှင်း, အလှူခံပုဂ္ဂိုလ်နှစ်သက်ခဲ့သော်ငှင်း ယုတ်ညံ့သောအလှူဝတ္ထုပင်ဖြစ်သော်လည်း စေတနာထက်ထက်နှင့် သက္ကစ္စမြောက်အောင်လှူလျှင်အကျိုးကြီးပါ၏။

၂-ပါးစုံအမိပ္ပါယ်ပြီး၏။

## ၃-ပါးစုအဓိပ္ပါယ်

၂။ သုံးပါးစုတို့၌-

(က) ၁။ အကျော်အစောကို တောင့်တ၍ ပြုသောဒါနသည် ဟီနဒါနဖြစ်၏။

၂။ လူ့ချမ်းသာ, နတ်ချမ်းသာဟူသော အကျိုးကို တောင့်တ၍ လှူသောဒါနသည် မဇ္ဈိမဒါနဖြစ်၏။

၃။ အရိယာတို့၏ အလေ့အကျက် အလောင်း အလျာတို့၏အလေ့ အကျက်ကို အလေးဂရုပြု၍ လှူသောဒါနသည် ပဏီတဒါနမည်၏။

တနည်းကား-

၁။ လူချမ်းသာ, နတ်ချမ်းသာ ဟူသောအကျိုးကို တောင့်တ၍လှူသော ဒါနသည် ဟီန,

၂။ သာဝကဗောဓိ, ပစ္စေကဗောဓိကိုတောင့်တ၍ ပြုသောဒါနသည် မဇ္ဈိမ,

၃။ သဗ္ဗညုဗောဓိကိုတောင့်တ၍ ပြုသောဒါနသည် ပဏီတ, ထို့ကြောင့် ကုသိုလ်ကောင်းမှုကိုပြုလျှင် အမှတ်တမဲ့မပြုရ၊ ဗောဓိသုံးပါးတွင် တပါးပါးကိုရည်သန်ရမည်၊ တောင့်တရမည်-ဟု ပြောဆိုလေ့ရှိကြပေကုန်၏၊ ဗောဓိဆိုသည်ကား- မဂ်ဉာဏ်ပေတည်း။

ဗောဓိ ဝုစ္စတိ စတူသုမဂ္ဂေသု ဉာဏံ။ ။စတူသုမဂ္ဂေသု၊မဂ်လေးပါးတို့၌။ ဉာဏံ၊ ဉာဏ်ကို။ဗောဓိ၊ ဗောဓိ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

[ပါဠိတော်-ရစေ။]

၁။ ဗောဓိဆိုသည် သာဝကဗောဓိ, ပစ္စေကဗောဓိ, သဗ္ဗညုဗောဓိ-ဟူ၍ သုံးပါးရှိ၏။

၂။ သာဝက ဗောဓိသည် အဂ္ဂသာဝကဗောဓိ, မဟာသာဝကဗောဓိ, ပကတိသာဝကဗောဓိ-ဟူ၍ သုံးပါးရှိပြန်၏။

၃။ သဗ္ဗညုဗောဓိသည်လည်း ပညာဓိက, ဝီရိယာဓိက, သဒ္ဓါဓိက-ဟူ၍ သုံးမျိုးရှိပြန်၏။

၁။ ပညာဓိကမှာ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ရသည်။

၂။ ဝီရိယာဓိကမှာ ရှစ်သင်္ချေနှင့် ကမ္ဘာတသိန်း။

၃။ သဒ္ဓါဓိကမှာ တဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာ တသိန်း။

၄။ ပစ္စေကဗောဓိမှာ နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း။

၅။ ရှင်သာရိပုတ္တရာ,ရှင်မောဂ္ဂလာန် နှစ်ပါးတို့ကဲ့သို့ အမြတ်ဆုံးဖြစ်သော လက်ျာရံကြီး, လက်ဝဲရံကြီး နှစ်ပါးသည် အဂ္ဂသာဝကမည်၏၊ ထိုအဂ္ဂသာဝကဗောဓိမှာ တသင်္ချေနှင့်ကမ္ဘာတသိန်း ပါရမီဖြည့်မှ ရသည်။

၆။ ရှင်အာနန္ဒာ, ရှင်အနုရုဒ္ဓါ,ရှင်မဟာကဿပ-အစရှိကုန်သောလက်ျာရံ ၄-ကျိပ်,လက်ဝဲရံ ၄-ကျိပ် ၍ရှစ်ကျိပ်သော ပုဂ္ဂိုလ်တို့သည် မဟာသာဝကမည်ကုန်၏၊ ထိုမဟာသာဝက ဗောဓိသည် ကမ္ဘာတသိန်းပါရမီဖြည့်မှရသည်။

၇။ သည်မှကြွင်းသော ဘုရားတပည့်သား အရိယာ သာဝကသည် လူဖြစ်စေ, ရဟန်းဖြစ်စေ,နတ်ဗြဟ္မာဖြစ်စေပကတိသာဝကမည်၏၊ ကမ္ဘာတရာ, ကမ္ဘာတထောင်ပါရမီဖြည့်မှရသည်- ဟု ဆိုကြ၏၊ ပကတိသာဝက ဆုကိုမူကား-ကောင်းကောင်းပါရမီဖြည့်နိုင်လျှင် နှစ်ဘဝ, သုံးဘဝနှင့်ပင် ရပါ၏-ဟူ၍လည်း ဆိုကြကုန်၏။

(ခ) ဒါနဒါသ,ဒါနသဟာယ,ဒါနသာမိသုံးရပ်တွင် ဒါနသာမိမြတ်၏၊သို့သော်လည်း အလှူခံပုဂ္ဂိုလ်အားလျော်စွာ ရှိသေးသည်၊အလှူခံပုဂ္ဂိုလ်မှာ အကျိုးများ၍ အလှူခံနှစ်သက်၍ရှိလျှင် ဒါသ သဟာယ

ပင် ဖြစ်သော်လည်း အကျိုးကြီးပါ၏၊ စေတနာထက်ထက်နှင့် သဏ္ဍာန်စွဲ မြောက်အောင်သာလိုသည်။

(ဂ) ဝတ္ထု, အဘယ, ဓမ္မဒါနမှာ ထင်ရှားပြီ။

(ဃ)၁။ လူကဲ့ရဲ့မည်စိုး၍ လှူသော ဒါနသည်လောကာဓိပတေယျ ဒါနမည်၏၊ ရံခါရံဘန် စေတနာသဒ္ဓါ မရှိလှပါဘဲနှင့် လူကဲ့ရဲ့မည်စိုး၍ ပေးရလှူရသောဒါနလည်းရှိ၏၊ ထိုဒါနကို လောကာဓိပတေယျဒါနဆိုသည်။

၂။ စေတနာသဒ္ဓါ မရှိလှပါဘဲလျက် မိမိဂုဏ်သိမ်အရှိန် အဝါနှင့် ပေးမှလှူမှပင် လျော်မည်-ဟု ပေးလှူရသော အရာလည်းရှိကြသည်၊ ထိုအလှူသည် အတ္တာဓိပတေယျ ဒါနမည်၏။

၃။ ဆိုက်ရောက်လာသော အလှူခံပုဂ္ဂိုလ် အလိုရှိ၍ တောင်းရမ်းသော သူတို့အားတတ်နိုင်သမျှ ဝေငှပေးကမ်းလှူဒါန်း စွန့်ကြဲကျွေးမွေး ထောက်ပံ့မှုသည် ဘုရား အလောင်း,ပစ္စေကအလောင်း,အဂ္ဂသာဝက'မဟာသာဝက' ပကတိသာဝက အလောင်းသူတော်ကောင်းတို့၏ အမှုပေတည်း-ဟု သူတော်ကောင်းတရားကို အလေးပြု၍ ပေးလှူသော ဒါနသည် ဓမ္မာဓိပတေယျ ဒါနမည်၏၊ ဤဓမ္မာဓိပတေယျ ဒါနသည်မြတ်၏။

၃-ပါးစု အဓိပ္ပါယ်ပြီး၏။

## ၄-ပါးစုံအဓိပ္ပါယ်

၃။ (က) စတုပစ္စယဒါန၌ ပစ္စည်းဝတ္ထု အလှူစုတွင် သံဃိကကျောင်းအလှူသည် အမြတ်ဆုံးပေတည်း။

ဝိဟာရဒါနံ သံဃဿ၊အဂ္ဂံဗုဒ္ဓေနဝဏ္ဏိတံ။ ။သံဃဿ၊ စတုဒိသာလာလာသမျှသော သံဃာအား။ ဝိဟာရဒါနံ၊ကျောင်းအလှူကို။ အဂ္ဂံ၊ အမြတ်ဆုံး-ဟူ၍၊ ဗုဒ္ဓေန၊ ငါဘုရားသည်၊ ဝဏ္ဏိတံ၊ ချီးမွမ်းအပ်၏။

[ပါဠိတော်-ရစေ။]

တခြားတပါးသော အလှူတို့မှာ သဒ္ဒိသံ ပါကံ ဇနေတိ၊ဟူသည်နှင့် အညီ အလှူနှင့် လျော်ရာ ပေးသည်သာ များသည်၊ ကျောင်းအလှူမှာမူကား-အလုံးစုံကို ပေးနိုင်သည်-ဟုဟောတော်မူသည်လည်းရှိ၏။

သောစ သဗ္ဗဒဒေါ ဟောတိ၊ယော ဒဒါတိ ဥပဿယံ။ ။ယော၊ အကြင်သူသည်။ ဥပဿယံ၊ကျောင်းအလှူကို။ ဒဒါတိ၊ ဆောက်လုပ်လှူဒါန်း၏။ သော၊ ထိုသူသည်။ သဗ္ဗဒဒေါ၊အလုံးစုံးကိုပေးလှူသည်မည်သည်။ ဟောတိ၊ ဖြစ်၏။

[ပါဠိတော်-ရစေ။]

(ခ) ဒက္ခိဏာဝိသုဒ္ဓိလေးပါးတွင် အလှူပေး,အလှူခံ ၂-ပါးသီလ ရှိသောအလှူသည်မြတ်သည်၊တပါးပါးရှိလျှင်လည်း သင့်ရုံရှိ၏။

၄-ပါးစုအဓိပ္ပါယ်ပြီး၏၊

## ၅-ပါးစုအဓိပ္ပါယ်

၄။ ၅-ပါးစု၌-

၁။ သေလိုသောသူကို သူ့အလိုပြည့်ပါစေဟု အဆိပ်ဆေးကို ပေးလှူအံ့၊ ကြိုးကိုပေးလှူအံ့၊ ဓားလက်နက်ကို ပေးလှူအံ့၊ သေတဲ့ရန် နည်းကို ပြောဟောအံ့၊ ကုသိုလ်မဖြစ်, ပါဏာတိပါတကံသာဖြစ်၏၊သူတပါးကို သတ်လိုသောသူကို သူ့အလိုပြည့် စေခြင်းငှါ ပေးလှူရာ၌လည်း ဤအတူမှတ်၊ အဆိပ်ဆေးနှင့်မှ ပျောက်ငြိမ်းမည့် အနာရောဂါ ရှိသူကို အနာရောဂါပျောက်ငြိမ်းစေခြင်းငှါစင်ကြယ်စွာသောစိတ် အဆိပ်ဖြင့် ဆေးကိုပေးလှူရာ၌ကား-ကုသိုလ်ဒါန ဖြစ်ရပါသေး၏။

၂။ ပိုက်,ကွန်, လေး, မြှား-စသော လက်နက်ကြိယာမျိုးကို အထည်ပျက်အောင် ဖျက်ဆီး၍ ကျောင်းဘုရား ကိစ္စမှာ လှူဒါန်းလျှင်လည်း ကုသိုလ်ဒါနဖြစ်ရပါသေး၏။

၃။ သေရည်သေရက်စသောယစ်မျိုးများကိုလည်း မူးလောက် ယစ်လောက်အောင်မဟုတ်ဘဲ အနည်းငယ်မျှ ဆေးဘော် ဝါး ဘက်အနေနှင့် ပေးလှူရာ၌လည်းကောင်း, နူနာစ

သော အပဗာဟိရအနာမျိုးကို ပျောက်ငြိမ်းစေခြင်းငှါ လိမ်းကျံရန်ပေးလှူရာတို့၌လည်းကောင်း ကုသိုလ်ဒါန ဖြစ်ရပါသေး၏။

၄။ ကချေသဘင်အလှူ၌ ကိလေသာတရားပွါးများရန် သက်သက်ဖြစ်သော အကအခုန်အဆိုအတွဲ-ဇာတ် ရုပ်သေးကို ပေးလှူရာ၌သာ အကုသိုလ်ဒါန အဓမ္မ အလှူ ဖြစ်သည်၊ တီးသော အဆောက်အဦ, မှုတ်သော အဆောက်အဦ ကြိယာမျိုးကို လှူရာ၌ရင်း, တီးစေမှုတ်စေ၍ တီးသော အသံမျိုး,မှုတ်သောအသံမျိုးကိုလှူရာ၌ရင်း,ရဟန်ာသုံးပါး နှင့် သင့်လျော်လောက်သောအသံမျိုးကို မိမိကိုယ်တိုင်ပင် တီး၍ မှုတ်၍ လှူရာ၌ရင်း ကုသိုလ်မဖြစ်မဆိုသာ၊ လှူရိုးထုံးစံလည်း ကျမ်းဂန်များတွင် လာပေသည်။

၅။ အထိးအမလှူတို့မှာလည်း ကာမဂုဏ်မှုကို မငဲ့ဘဲ အလုပ်အကျွေးကိစ္စနှင့်လှူလျှင် အဓမ္မဒါနမဆိုသာ။

၅-ပါးစုံအမိပ္ပါယ်ပြီး၏။

၅။ ခြောက်ပါးစုထင်ရှားပြီ။

## ၇—ပါးစုံအမိပ္ပါယ်

၆။ ခုနစ်ပါးစုံ၌-ညွှန်ပြ၍ရသောသံဃာဆိုသည်ကား-မိမိကဘယ်ပုဂ္ဂိုလ်ဟုမရည်စူးဘဲ သံဃာအများထဲကတပည့်တော်ကိုသံဃာတပါးပေးပါ၊ နှစ်ပါးပေးပါဟု မိမိအလိုရှိသလောက် မထေရ်ကြီးများကို လျှောက်ထားလေရာ မထေရ်ကြီးများက စာရင်းစဉ်ကျရာ ပုဂ္ဂိုလ်ကို ညွှန်ပြပေ၏၊ မထေရ်ကြီးများ ညွှန်ပြ၍ ကျရာပုဂ္ဂိုလ်ကိုလှူသောအလှူ ပေတည်း။

၇-ပါးစုအမိပ္ပါယ်ပြီး၏။

## ၈—ပါးစုံအမိပ္ပါယ်

၇။ ရှစ်ပါးစု၌- ဒါနပပတ္တိရှစ်ပါးသည် ဝဋ္ဋနိဿိတ ဒါနစုသာတည်း၊ ဟီနဒါနဟူ၍ပင် ဟောတော်မူသည်။

တဿ တံ စိတ္တံဟီနာဓိမုတ္တံ ဟောတိ။ ။တဿ၊ထိုအလှူဒါယကာ၏။ တံစိတ္တံ၊ ထိုစိတ်သည်။ ဟီနာဓိမုတ္တံ၊ အယုတ်အညံ့သို့ ညွတ်သည်။ ဟောတိ၊ ၏။

[ပါဠိတော်-ရစေ။]

လူချမ်းသာ,နတ်ချမ်းသာ,ဖြဲဟ္မာ့ချမ်းသာမျှ တောင့်တသောစိတ်သည် အယုတ်အညံ့သို့ ညွတ်သော စိတ်မည်၏၊ နောက်ဆုံးဒါနဌ် ဖြဲဟ္မာ့ချမ်းသာလာသည်မှာ ဒါနနှင့်ဖြဲဟ္မာ့ချမ်းသာကို ရနိုင်သည် မဟုတ်၊ ဈာန်ရသော အလှူဒါယကာဖြစ်၍ ဖြဲဟ္မာ့ချမ်းသာ လာလေသည်။

၈-ပါးစုအဓိပ္ပါယ်ပြီး၏။

## ၉-ပါးစုအဓိပ္ပါယ်

၁။ ၉-ပါးစု၌-''တပါးသော ပုဂ္ဂိုလ်ကိုညွတ်ပြီးမှ တခြားသော ပုဂ္ဂိုလ်အားသော်၎င်း, သံဃာအားသော်၎င်း, စေတီအားသော်၎င်း လှူသော ဒါနသုံးပါးသည် အဓမ္မိကဒါနမည်၏''ဟူရာ၌-မည်သည့် ပုဂ္ဂိုလ်အားလှူမည်၊မည်သည့်ပုဂ္ဂိုလ်ဘိုဆောက်လုပ်မည်-ဟု နှုတ်မြွက်ပြောကြားပြီးသော အလှူထည်ကို ညွတ်ပြီးဆိုသည်။

ပရိဏတံနာမ ဒဿာမ ကရိဿာမာတိ ဝါစာ ဘိန္နာ ဟောတိ၊ ပရိဏတံနာမ၊ ညွတ်ပြီးဝတ္ထုမည်သည်ကား။ ဒဿာမ။ လှူကုန်အံ့၊ ကရိဿာမ၊ဆောက်လုပ်ကုန်အံ့။ ဣတိ၊ ဤသို့။ ဝါစာ၊-နှုတ်ကို။ ဘိန္နာ၊ မြွက်ပြီးသည်။ ဟောတိ၊ ဖြစ်၏။

[ပါဠိတော်-ရစေ။]

စိတ်ထဲကရည်စူးရုံမျှကို ညွတ်ပြီးမဆိုရ၊ စိတ်ထဲက ရည်စူးရုံမျှရှိသေးသော အလှူဝတ္ထုကို တခြားတပါးသို့ ပြောင်းလွှဲ၍ လှူရာ၌ အဓမ္မိကဒါန ဖြစ်သည်မဆိုသာပေ၊ နောက်နောက် သုံးပါးသုံးပါးတို့၌လည်း ဤနည်းအတူမှတ်၊ အဓမ္မိကဒါနဖြစ်ခဲ့လျှင် ကုသိုလ်မရ-ဟု ဆိုကြ၏၊ မရလုံးလုံးမဟုတ်၊ ပုဗ္ဗစေတနာကတလမ်း၊ မုဉ္စစေတနာ, အပရစေတနာတို့က တလမ်းစီနေ၍ စေတနာထောင့်သည့် အတွက် အဓမ္မိကဒါန ဆိုသည်။

ကုသိုလ်မှာဖြစ်ပါ၏-ဟူ၍လည်း ဆိုကြကုန်၏၊ မည်သည့် ပုဂ္ဂိုလ်ကို လှူမည်၊ မည်သည့်ပုဂ္ဂိုလ်ဘို့ ဆောက်လုပ်မည်-ဟု နှုတ်မြွက်ပြီးသော ဝတ္ထုသည် နှုတ်မြွက်သည့်အတွက် ထိုပုဂ္ဂိုလ်ဘက်သို့တဝက်ပါပြီးကဲ့သို့ ဖြစ်၏၊ထို့ကြောင့် ရွှေ့ပြောင်း၍ လှူခြင်းငှါ မထိုက်ပေပြီ၊ ရွှေ့ပြောင်း၍ လှူခဲ့လျှင် ဝစီသစ္စာလည်းပျက်၏၊ ထိုပုဂ္ဂိုလ်ဘက်သို့ တဝက်ပါပြီးသော အဘိုကိုလုယက်၍ တပါးသော ပုဂ္ဂိုလ်အား ပေးသည်လည်း မည်ပေ၏၊ ထို့ကြောင့် အဓမ္မိကဒါန-ဟူ၍ ဟောတော်မူသည်။

ထိုဝတ္ထုကို အလှူခံသော အမှုသည်လည်း အဓမ္မိက ပဋိဂ္ဂဟကိုးပါး ဟူ၍ ဟောတော်မူသည်၊ မတရားသောအလှူခံကိုးပါးဆိုလိုသည်၊ ထိုကဲ့သို့ ဝတ္ထုများကို လှူသော သူကပင်လှူသော်လည်း ခံသော ပုဂ္ဂိုလ်က သိလျှင် အလှူမခံရ၊ စေတီတော်မှုကား-အသက်မရှိ၍ ကိစ္စမရှိ နှုတ်မြွက်ပြီးသည့်အတွက် ထိုပုဂ္ဂိုလ်ဘက်သို့ တဝက်ပါပြီး-ဟူသောယုတ္တိမှာ ထိုဝတ္ထုသည် သံဃာကို မြွက်ဆိုပြောကြားပြီးဖြစ်၍ သံဃိက-ဟူ၍ပင် ပါဠိတော်၌ ဟောတော်မူသည်၊ ဤသံဃိက-ဟူသော ပုဒ်၏ အဘွင့်အဋ္ဌကထာကို ကြည့်ကြလျှင် နှုတ်မြွက်သည့်အတွက် ထိုပုဂ္ဂိုလ်ဘက်သို့ တဝက်တစိတ်ပါပြီး, ရောက်ပြီး-ဟူသော စကားထင်ရှားလိမ့်မည်။

ဒုစရိုက်မှုနှင့် ရရှိသော ပစ္စည်းဝတ္ထုကို လှူဒါန်းသော အလှူသည် ကုသိုလ်ပင်ဖြစ်ငြားသော်လည်း ပစ္စည်းမစင်ကြယ်သည့် အတွက် ကဲ့ရဲ့ဘွယ်သော အလှူပင်ဖြစ်ပြန်သကဲ့သို့ ထိုအတူ နှုတ်မြွက်ပြီး၍ ညွတ်ပြီး ကိုင်းပြီးဆိုရသော ဝတ္ထုကို တပါးသော ပုဂ္ဂိုလ်, သံဃာ, စေတီသို့ ပြောင်းရွှေ့၍ လှူသော အလှူကိုးပါးသည်လည်း ကုသိုလ်ပင် ဖြစ်သော်လည်း ကဲ့ရဲ့ဘွယ်သောအလှူပင်ဖြစ်ခဲ့၍ အဓမ္မိက ဒါန-ဟူ၍ ဟောတော်မူသည်၊ ကုသိုလ်မဖြစ်-ဟူ၍ကား-မဆိုသာပေ၊ ညွတ်မိသော ပုဂ္ဂိုလ်ကို ကျေကျေချမ်းချမ်းပြော၍ ပြောင်းရွှေ့မှု သင့်တင့်ပါ၏။

### မေးမြန်းဘွယ်

မေး။ လဇ္ဇီသူတော်ကောင်းထင်၍ လှူမည်ဒါန်းမည် ဆိုပြီးနောက်မှ ထိုပုဂ္ဂိုလ် အလဇ္ဇီဒုဿီလဖြစ်၍ နေသည်ကိုသိ၍ ပြောင်းရွှေ့လျှင် အဓမ္မိကဖြစ်အံ့မည်လော-မေးရန်ရှိ၏။

ဖြေ။ အဓမ္မိကပင် ဖြစ်မည်၊ သို့သော်လည်း လဇ္ဇီ ပုဂ္ဂိုလ်သို့ ပြောင်းရွှေ့သည့်အတွက် အကျိုးပေး သာ၍ပေးရန်ရှိ၏၊ အဓမ္မိက ဖြစ်သည့်အတွက်လည်း အကျိုးပေးမချောမောရှိ၏။

၉-ပါးစုအမိပ္ပါယ်ပြီး၏။

## ၁၀-ပါးစုအဓိပ္ပါယ်

၉။ ဆယ်ပါးစု၌-အစာအာဟာရကို လှူသောအလှူသည် အားခွန်ဗလကိုအထူးအကျိုးပေး၏။

အန္နဒေါ ဗလဒေါ ဟောတိ။ ။အန္နဒေါ၊အစာထမင်းကိုပေးလှူသောသူသည်။ ဗလဒေါ၊ အားခွန်ဗလကို ပေးလှူသည် မည်သည်။ ဟောတိ၊ ၏။

[ပါဠိတော်-ရစေ။]

အဝတ်တန်းဆာကို ပေးလှူသောသူသည် အဆင်းအရောင်၏ ကောင်းခြင်းကို အထူးအကျိုး ပေးတတ်၏။

ဝတ္ထဒေါ ဝဏ္ဏဒေါ ဟောတိ။ ။ဝတ္ထဒေါ၊အဝတ်သက်န်းကို ပေးလှူသောသူသည်။ ဝဏ္ဏဒေါ၊ အဆင်းအရောင်ကို ပေးလှူသည်မည်သည်။ ဟောတိ၊ ၏။

[ပါဠိတော်-ရစေ။]

ယာနံ- ယာဉ်အလှူမည်သည်ကား- ဘိနပ်, ခြေစွပ်ကိုလှူသည်၊ ယာဉ်မျိုး,ရထားမျိုးကိုလှူသည်၊ လှည်း, လှေ, ဘောင်, သင်္ဘောကိုလှူသည်၊ ဆင်,မြင်းကိုလှူသည် မိမိ၌ရှိသော လှည်း,လှေတို့နှင့် သူတပါးတို့ကိုလိုရာအရပ်သို့ ချမ်းသာစွာရောက်ပါစေခြင်းငှါ လှေကူးတို့,လှည်းကူးတို့ပို့သည်၊ လှေခ,လှည်းခ, ရထားခ, သင်္ဘောခ ပေးလှူသည်၊ ဤအလှူစုသည်ယာဉ်အလှူမည်၏၊ ဤယာဉ်အလှူကိုလှူသော ဒါနသည် ဖြစ်လေရာဘဝတို့၌ ရောဂါခပ်သိမ်း, အန္တရာယ်ခပ်သိမ်းကင်းငြိမ်း၍ ဣရိယာပုထ်လေးပါးတို့၌ ချမ်းသာခြင်းကို အထူးပေးတတ်၏။

ယာနဒေါ သုခဒေါ ဟောတိ။ ။ယာနဒေါ၊ယာဉ်အလှူကိုလှူသော သူသည်။ သုခဒေါ၊ဇာရိယာပုထ်လေးပါးချမ်းသာခြင်းကို ပေးလှူသည် မည်သည်။ ဟောတိ၊၏။

[ပါဠိတော်-ရစေ။]

ဆီမီးအရောင်အလင်းကိုပေးလှူသောဒါနသည် ဖြစ်လေရာ ဘဝ တို့၌ မျက်စိအမျိုးမျိုးတို့ကိုအထူးပေးတတ်၏၊ပသာဒစက္ခု, ဒိဗ္ဗစက္ခု, ဓမ္မစက္ခု,ပညာစက္ခု, သမန္တစက္ခု မျက်စိအမျိုးမျိုး၊ မျက်စိအမြင် ထက် ကောင်းမြတ်သောအကျိုး မရှိပြီ။

ဇရပ်,တန်ဆောင်း, ကျောင်း,အရိပ်အာဝါသ အလှူသည် အား ခွန်ဗလ,အဆင်းအရောင်, ဇာရိယာပထသုခ-အစရှိသော အလုံးစုံကို ပေးတတ်၏။

သောစ သဗ္ဗဒဒေါ ဟောတိ၊ ယော ဒဒါတိ ဥပဿယံ။ ။ယော၊ အကြင်သူသည်။ ဥပဿယံ၊ သူအများမှီခိုရာဇရပ်, တန်ဆောင်း, ကျောင်း, အရိပ်အာဝါသကို။ ဒဒါတိ၊ ပေးလှူ၏။ သော၊ ထိုသူသည်။ သဗ္ဗဒဒေါ၊အလုံးစုံကိုပေးလှူသည်မည်သည်။ ဟောတိ၊၏။

[ပါဠိတော်-ရစေ။]

ဝတ္ထုပစ္စည်းအလှူစုတွင် သံဃိကကျောင်းအလှူထက် အကျိုးကြီး သောအလှူမရှိပြီ။

၁၀-ပါးစုအမိပ္ပါယ်ပြီး၏။

## ၁၄—ပါးစုအမိပ္ပါယ်

၁၀။ ၁၄-ပါးစု၌-ပုဂ္ဂလိကအလှူ ၁၄-ပါးတို့တွင်—

၁။ တိရစ္ဆာန်သတ္တဝါတို့အား တနပ်စာဝအောင် ကျွေးမွေး သောအလှူသည် ဘဝတရာတို့၌ အာယု,ဝဏ္ဏ, သုခ,ဗလ, ပဋိဘာန-ဟူသော ကောင်းကျိုး ငါးပါးတို့ကိုပေးနိုင်၏။

၂။ လူဒုဿီလအား တနပ်စာဝအောင် ပေးလှူလျှင် ဘဝ တထောင်။

၃။ သရဏဂုံမရှိသော သာသနာပ လူသီလဝန္တတို့အား တနပ် စာပေးလှူလျှင် ဘဝတသိန်း။

၄။ ဈာန်ရ ရသေ့တို့အား တနပ်စာပေးလှူလျှင် ဘဝကုဋေ တသိန်း။

၅။ သရဏဂုံသီလရှိသော လူ သာမဏောမှစ၍ သောတာ ပတ္တိမဂ်ပုဂ္ဂိုလ်တိုင်း ပေးလှူလျှင် ဘဝအသင်္ချေ။

[သည်ကအထက် ဘဝအသင်္ချေချည်း၊ အသင်္ချေတွေကိုသာ အဆင့်ဆင့်ကြီးလေ။]

ဤအလှူခံ ၁၄-တွင် ရဟန်းဒုဿီလပုဂ္ဂိုလ် မပါသောကြောင့် ရဟန်းဒုဿီလသည်အလှူခံပုဂ္ဂိုလ်မထိုက်၊ လှူသူမှာ ကုသိုလ်မရဟု ဆိုကြကုန်၏၊ ရဟန်းဒုဿီလသည် လူဒုဿီလထက် ဆယ်ပါးသော အကြောင်းတို့ဖြင့် ဆယ်ဆသာကြောင်း မိလိန္ဒ ပဉှာတွင်လာသည်။

ဝေလာမသုတ် ပါဠိတော်၌ကား—

၁။ ခုနစ်နှစ်,ခုနစ်လ,ခုနစ်ရက်ပတ်လုံး ဇမ္ဗူဒီပါတကျွန်းလုံးကို ဘိတ်၍ လှူဒါန်းသော ဝေလမပုဏ္ဏားနှင့် အလှူထက် သောတာပန် တယောက်အား ဆွမ်းတနပ်စာ ကျွေးရသောအလှူသည် အကျိုးကြီး၏။

၂။ သောတာပန်တရာ ဆွမ်းကျွေးရသည်ထက် သကဒါဂါမ် တယောက်အားဆွမ်းကျွေးရသောအလှူသည်အကျိုးကြီး၏။

၃။ သကဒါဂါမ်တရာအား ဆွမ်းကျွေးမွေးရသည်ထက် အနာဂါမ် တယောက်အား ဆွမ်းကျွေးမွေးရသောအလှူသည် အကျိုးကြီး၏။

၄။ အနာဂါမ် တရာအား ကျွေးမွေးရသည်ထက် ရဟန္တာ တပါးအား ကျွေးမွေးရသောအလှူသည် အကျိုးကြီး၏။

၅။ ရဟန္တာတရာကို ဆွမ်းတနပ်စာ ကျွေးမွေးရသည်ထက် ပစ္စေကဗုဒ္ဓါတပါးကို ကျွေးမွေးရသောအလှူသည် အကျိုးကြီး၏။

၆။ ပစ္စေကဗုဒ္ဓါတရာကို ကျွေးမွေးရသည်ထက် သဗ္ဗညုဘုရား တပါးကို ကျွေးမွေးရသောအလှူသည် အကျိုးကြီး၏။

၇။ သဗ္ဗညုဘုရားတပါးကို ကျွေးမွေးရသည်ထက် ဘုရားအမှူးရှိသောသံဃာတော်တို့အား ကျွေးမွေးရသောအလှူသည် အကျိုးကြီး၏။

၈။ ဘုရားအမှူးရှိသောသံဃာတော်တို့ကိုကျွေးမွေးရသည်ထက် စတုဒိသာ သံဃိကကျောင်း တခုကိုဆောက်လုပ်လှူဒါန်းမှုသည် အကျိုးကြီး၏။

၉။ စတုဒိသာသံဃိကကျောင်းကို ဆောက်လုပ်လှူဒါန်းသည်ထက်သရဏဂုံသုံးပါးဆောက်တည်ရခြင်းသည် အကျိုးကြီး၏။

၁၀။ သရဏဂုံသုံးပါးဆောက်တည်ရသည်ထက် သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသီလကို ဆောက်တည်ရခြင်းသည် အကျိုးကြီး၏။

၁၁။ သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို ဆောက်တည်ရသည်ထက် နွားနို့တညှစ်ခန့် ကာလမျှပင် မေတ္တာတရားကို ပွါးများရခြင်းသည် အကျိုးကြီး၏။

၁၂။ မေတ္တာတရားကို ပွါးများရသည်ထက် အနိစ္စ ဘာဝနာတရားကို ပွါးများရခြင်းသည် အကျိုးကြီးမြတ် လှ၏—ဟု ဟောတော်မူသည်။

ဒါနကထာ အဓိပ္ပါယ်ပြီး၏။

ဒါနကထာ-ဒါနခဏ်းပြီး၏။

---

## သီလကထာ-သီလခဏ်း

### အယုတ်,အလတ်,အမြတ်ဖြစ်ပုံ

(က) ၁-ဟီနေန ဆန္ဒေန စိတ္တေန ဝီရိယေန ဝီမံသာယ ပဝတ္တိတံ ဟီနံ။

၂-မဇ္ဈိမေဟိ ဆန္ဒာဒီဟိ ပဝတ္တိတံ မဇ္ဈိမံ။

၃-ပဏီတေဟိ ပဏီတံ။

(ခ) ၁-ယသကာမတာယ ဝါ သမာဒိန္နံ ဟီနံ။
၂-ပုညဖလကာမတာယ မဇ္ဈိမံ။
၃-ကတ္တဗ္ဗ မေ ဝိဒန္တိ အရိယဘာဝံ နိဿာယ သမာဒိန္နံ ပဏီတံ။

(ဂ) ၁-အဟမသ္မိသီလ သမ္ပန္နော၊ ဣမေဝ နဘိက္ခူ ဒုဿီလာ ပါပဓမ္မာတိ ဧဝံ အတ္တုက္ကံသန ပရဝမ္ဘနာဒီဟိ ဥပက္ကိလိဋ္ဌံ ဝါ ဟီနံ။
၂-အနုပက္ကိလိဋ္ဌံ လောကိယ သီလံ မဇ္ဈိမံ။
၃-လောကုတ္တရံ ပဏီတံ။

(ဃ) ၁-တဏှာဝသေန ဝါ ဘဝဘောဂတ္ထာယ ဝါ ပဝတ္တိတံ ဟီနံ။
၂-အတ္တနော ဝိမောက္ခတ္ထာယ ပဝတ္တိတံ မဇ္ဈိမံ။
၃-သဗ္ဗတ္တ ဝိမောက္ခတ္ထာယ ပဝတ္တိတံ ပါရမိတာ သီလံ ပဏီတံ။

အပိ စ ခေါ အညတရံ ဒေဝနိကာယံ ပဏိဓာယ ဗြဟ္မစရိယံ စရတိ ဣမိနာဟံ သီလေန ဝါ ဝတေန ဝါ တပေနဝါ ဗြဟ္မစရိယေန ဝါ ဒေဝေါ ဝါ ဘဝိဿာမိ ဒေဝညတရောဝါတိ၊ သော အဿာဒေတိ တန္နိကာမေတိ၊ တေန စ ဝိတ္တိံ အာပဇ္ဇတိ၊ ဣဒံ ခေါ ဗြဟ္မဏ ဗြဟ္မစရိယဿ ခဏ္ဍမ္ပိ ဆိဒ္ဒမ္ပိ သဗလမ္ပိ ကမ္မာသမ္ပီတိ။

[သီလ၌ ဟီနဖြစ်ရန်အကြောင်းစုံသည် ဒါနမှာလည်း ဟီနဖြစ်ရန်ပင် ဖြစ်၏၊ မဇ္ဈိမ,ပဏီတ အတူတူ။]

အယုတ်,အလတ်,အမြတ်ဖြစ်ပုံပြီး၏။

---

**အရကျက်ရန်**

**၂–ပါးစုမာတိကာ**

၁။ သီလံ၊ သီလသည်။

(က) ဂဟဋ္ဌပဗ္ဗဇိတတော၊ လူတို့သီလ, ရဟန်းတို့သီလ ဟူ၍ လည်းကောင်း။

(ခ) ဂဟဋ္ဌ၊ လူတို့၏ဂဟဋ္ဌသီလ၌။ နိစ္စာနိစ္စတော၊ အမြဲထိန်းရသောငါးပါးသီလ, အာဇီဝဋ္ဌမက သီလ,ဆယ်ပါး သီလဟူသောနိစ္စသီလ၊ အမြဲတတ်နိုင်လျှင်အမြဲ, ရံခါတတ်နိုင်လျှင် ရံခါထိန်းရသော အဋ္ဌင်္ဂ ဥပုသ်ဟူသော အနိစ္စသီလဟူ၍ လည်းကောင်း။

(ဂ) စာရိတ္တ ဝါရိတ္တတော၊ ထိန်းနိုင်လျှင်အကျိုးရှိ၍ မထိန်းနိုင်လျှင် အပြစ်မရှိသော ဝိကာလဘောဇန သိက္ခာပုဒ်စသော စာရိတ္တသီလ, ထိန်းနိုင်လျှင် အကျိုးကြီးလှ၍ မထိန်းနိုင်လျှင် အပြစ်ကြီးလှသော ပါဏာတိ ပါတ သိက္ခာပုဒ်စသော ဝါရိတ္တသီလဟူ၍ လည်းကောင်း။

(ဃ) နိဿိတာနိဿိတတော၊ တဏှာဒိဋ္ဌိနှင့်ယှဉ်သော နိဿိတသီလ, တဏှာဒိဋ္ဌိနှင့် မယှဉ်သော အနိဿိတသီလဟူ၍ လည်းကောင်း။

(င) လောကိယ လောကုတ္တရတော၊ လောကိယသီလ,လောကုတ္တရာသီလဟူ၍လည်းကောင်း။

ဒုဝိဓံ၊ နှစ်ပါး နှစ်ပါးအပြားရှိ၏။

၂-ပါးစုမာတိကာပြီး၏။

၃-ပါးစုမာတိကာ

၂။ သီလံ၊ သီလသည်။

(က) ဟီန မဇ္ဈိမ ပဏီတတော၊ယုတ်ညံ့သောဟီနသီလ၊အလယ်ဖြစ်သော မဇ္ဈိမသီလ၊အမြတ်ဖြစ်သော ပဏီတသီလဟူ၍ လည်းကောင်း။

(ခ) အတ္တလောကာ ဓိပတေယျတော၊ဒါနဉ်ကဲ့သို့ မိမိကိုယ်ကို အလေးပြု၍ဖြစ်သော အတ္တာဓိပတေယျသီလ၊လောကကိုအလေးပြု၍ဖြစ်သော လောကာဓိပတေယျ သီလ၊ သူတော်ကောင်းတရားကို အလေးပြု၍ ဖြစ်သောဓမ္မာဓိပတေယျသီလဟူ၍လည်းကောင်း။

(ဂ) ပရာမဋ္ဌာဒိတော၊ တဏှာဒိဋ္ဌိ သုံးသပ်အပ်သော ပရာမဋ္ဌသီလ၊ တဏှာဒိဋ္ဌိ မသုံးသပ်အပ်သော အပရာမဋ္ဌသီလ၊ ကိလေသာငြိမ်းပြီးသော ပဋိပဿဒ္ဓိသီလ ဟူ၍လည်းကောင်း။

တိဝိဓံ၊ သုံးပါးသုံးပါးအပြားရှိ၏။

၃-ပါးစုံမာတိကာပြီး၏။

## ၄-ပါးစုမာတိကာ

၃။ သီလံ၊ သီလသည်။

(က) ဟာနဘာဂိယာဒိတော၊ ဆုတ်ယုတ်ခြင်း အဘို့ရှိသော ဟာနဘာဂိယသီလ, တည်တံ့ခြင်းအဘို့ရှိသောဌိတိဘာဂိယသီလ, တိုးတက်ခြင်းအဘို့ရှိသော ဝိသေသဘာဂိယသီလ, ထိုးထွင်း၍သိခြင်းအဘို့ရှိသော နိဗ္ဗေဓဘာဂိယသီလဟူ၍လည်းကောင်း။

(ခ) ပကတိယာဒိတော၊ပကတိသီလ,အာစာရသီလ,ဓမ္မတာသီလ, ပုဗ္ဗေဟေတုကသီလဟူ၍လည်းကောင်း။

စတုဗ္ဗိဓံ၊ လေးပါး လေးပါးအပြားရှိ၏။

၄-ပါးစုမာတိကာပြီး၏။

## ၅-ပါးစုမာတိကာ

၄။ သီလံ၊ သီလသည်-

(က) ဝေရမဏိယာဒိတော၊ဝိရတိသီလ၊ စေတနာသီလ၊သံဝရသီလ၊ အဝီတိက္ကမသီလဟူ၍လည်းကောင်း။

(ခ) ပဉ္စင်္ဂတော၊ သတ်မှုမှကြဉ်ရှောင်ခြင်း၊ ခိုးမှုမှကြဉ်ရှောင်ခြင်း၊ မလွန်ကျူးအပ်သော နှစ်ကိုပ်သော မိန်းမမှကြဉ်ရှောင်ခြင်း၊မုသားမှကြဉ်ရှောင်ခြင်း၊ ယစ်မျိုးမှကြဉ်ရှောင်ခြင်း-ဟူသော အင်္ဂါဖြင့်လည်းကောင်း။

ပဉ္စဝိဓံ၊ ငါးပါး ငါးပါးအပြားရှိ၏။

၅-ပါးစုမာတိကာပြီး၏။

## ၈-ပါးစုံမာတိကာ

၅။(က)၁။ ပါဏာတိပါတာ၊ အသက်သတ်မှုမှ။ ဝေရမဏီ၊ ကြဉ်ရှောင်ခြင်းတပါး။

၂။ အဒိန္နာဒါနာ၊ အရှင်မပေးသော ဥစ္စာကိုခိုးယူမှုမှ၊ ဝေရမဏီ၊ရှောင်ကြဉ်ခြင်းလည်းတပါး။

၃။ ကာမေသု မိစ္ဆာစာရာ၊ ဖောဋ္ဌဗ္ဗအာရုံ ကာမဂုဏ်တို့၌ မှားယွင်းသော အကျင့်မှ။ ဝေရမဏီ၊လည်းတပါး။

၄။ မုသာဝါဒါ၊ မဟုတ်စကား ပြောဆိုခြင်းမှ။ ဝေရမဏီ၊ လည်းတပါး။

၅။ ပိသုနဝါစာ၊ကုန်းတိုက်စကား ပြောဆိုခြင်းမှ။ ဝေရမဏီ၊ လည်းတပါး။

၆။ ဖရုသဝါစာ၊ အကြမ်းအတမ်းပြောဆိုမှုမှ။ ဝေရမဏီ၊ လည်းတပါး။

၇။ သမ္ဖပ္ပလာပါ၊ ပစ္စုပ္ပန်အကျိုး, သံသရာအကျိုး မရှိသော ရာမ,အီနောင်,ငွေတောင်,ဘာရတစသောဒဏ္ဍာရီစကားမျိုးကို ပြောဆိုမှုမှ။ ဝေရမဏီ လည်းတပါး။

၈။ မိစ္ဆာဇီဝါ၊ ယုတ်မာသော အသက်မွေးမှုမှ။ ဝေရမဏီ၊ ကြဉ်ရှောင်ခြင်းလည်းတပါး။

ဣတိ၊ ဤသို့။ အာဇီဝဋ္ဌမကဝသေန၊အာဇီဝလျှင် ရှစ်ခုမြောက် ရှိသော နိစ္စသီလ၏ အစွမ်းအားဖြင့် လည်းကောင်း။

(ခ) ဥပေါသထဝသေန၊အင်္ဂါရှစ်ပါးရှိသော ဥပေါသထသီလ၏ အစွမ်းအားဖြင့်လည်းကောင်း။အဋ္ဌဝိဓံ၊ ရှစ်ပါး ရှစ်ပါးအပြားရှိ၏။

(ဂ) ပုန၊ တဖန်။ ဥပေါသထော၊ အဋ္ဌင်္ဂဥပုသ်၌။ ပါကတိကံ၊ ပကတိ ဥပုသ်နေ့၌ စောင့်ထိန်းသော အဋ္ဌင်္ဂ ဥပုသ်-ဟူ၍ လည်းကောင်း။ပါဋိဟာရိယံ၊ လေးလတန်သည်,သုံးလတန်သည်, နှစ်လတန်သည်, တလတန်သည်,တပက္ခတန်သည် အမြဲစောင့်ထိန်းသော ပါဋိဟာရိယ ဥပုသ်-ဟူ၍ လည်း

ကောင်း။ ပဋိဇာဂရီ၊ အကြိုရက်, အပိုရက်တို့၌ စောင့်ထိန်းသော ပဋိဇာဂရဥပုသ်-ဟူ၍ လည်းကောင်း။အဌဝိဓံ၊ ရှစ်ပါး ရှစ်ပါး အပြားရှိ၏။

(ဃ) ပုန၊တဘန်၊ ဂေါပါလကံ။ နွားငှါးကျောင်းသော သူ၏ အမှုနှင့် အလားတူသော ဂေါပါလက ဥပုသ်-ဟူ၍ လည်းကောင်း။ နိဂဏ္ဌကံ၊ နိဂဏ္ဌတက္ကတွန်းတို့၏ ဥပုသ်နှင့် တူသော နိဂဏ္ဌ ဥပုသ်-ဟူ၍ လည်းကောင်း။အရိယကံ၊ အရိယာတို့၏ ဥပုသ်နှင့်တူသော အရိယာ ဥပုသ်-ဟူ၍ လည်းကောင်း။ အဌဝိဓံ၊ ရှစ်ပါးရှစ်ပါးအပြားရှိ၏။

ဂ-ပါးစုမာတိကာပြီး၏။

## ၉-ပါးစုမာတိကာ

၆။ နဝင်္ဂုပေါသထဝသေန၊မေတ္တာဘာဝနာနှင့် တကွ အင်္ဂါကိုးပါးရှိသောနဝင်္ဂဥပုသ်၏အစွမ်းအားဖြင့်။နဝဝိဓံ၊ကိုးပါး ကိုးပါးအပြားရှိ၏။

၉-ပါးစု မာတိကာပြီး၏။

## ၄၀-ပါးစုမာတိကာ

၇။ ဒသန္နံ၊ ဆယ်ပါးကုန်သော။ ဒုစ္စရိတာနံ၊ ဒုစရိုက်တို့ကို။ ပဟာနဝသေန၊ ပယ်စွန့်သည်၏ အစွမ်းအားဖြင့်။ စတ္တာလီသဝိဓံ၊ လေးဆယ်အပြားရှိ၏။တံ၊ ထိုဂဟဌသီလအပြားကို။ ဒေသေန္တံ၊ဟောတော်မူသော မြတ်စွာဘုရားကို။အဟံ၊ အကျွန်ုပ်သည်။ နာမာမိ၊ ရှိခိုးပါ၏။

[ဒုစရိုက်တို့၌ မနောကံ သုံးပါးကို သီလအပြား၌ သွင်းလိုက်သည်ကား-သီလအစစ်ဖြစ်၍ သွင်းသည် မဟုတ်၊ မနောကံသီလ-ဟူ၍မရှိ၊ ဒုစရိုက်တို့ကို အစုံအလင်ထုတ်ပြလို၍ သွင်းလိုက်သည်၊ ဒုစရိုက်လေးဆယ်ဆိုသည်ကား-ဒုစရိုက်ဆယ်ပါးတွင် တပါးပါး၌ ကိုယ်တိုင်ပြုခြင်း, သူတပါးကို စေခိုင်းခြင်း, ထိုဒုစရိုက်မှုကို ချီးမွမ်းခြင်း, ထိုဒုစရိုက်မှုကို နှစ်သက်ခြင်း-ဟူ၍ လေးပါး လေးပါးစီပွါး၍ ဒုစရိုက်လေးဆယ် ဖြစ်သတည်း။]

၄၀-ပါးစုမာတိကာပြီး၏။

သီလကထာ-သီလခန်းပြီး၏။

## ဓမ္မဝိနယ စာတမ်းရှင်းလင်းချက်

ဇယတု။ ဓမ္မဝိနယဘုတ်အုပ် ၁၉-နံပါတ်တွင်ပါသောဒါနသည်—
၁။ အကျိုးဖလမျှကိုသာရသောဒါန,
၂။ အကျိုးဖလမျှကို မရသောဒါန,
၃။ အကျိုးဖလမျှ မရသည့်ပြင် အလှူခံအလှူပေး နှစ်ပါးလုံး သာသနာဖျက်ဖြစ်၍ အဝီစိငရဲသို့သွားကြရသောဒါန—

ဟူ၍ သုံးပါးအပြားရှိသည် ဆိုပြီးလျှင်—

### ဒုတိယဒါနစိစစ်ပုံ

အကျိုးဖလမျှ မရသောဒုတိယဒါန၏ အကျယ်သရုပ်ကိုထုတ်ပြရာ၌—

၁။ အလှူခံပုဂ္ဂိုလ်က အလဇ္ဇီလည်းဖြစ်စေ,
၂။ အလှူပေး ဒါယကာကလည်း မိစဉ်ဘဆက်ပင် မဟာဂိရိနတ်ကို ကိုးကွယ်ဘိသကဲ့သို့ မိမိတို့အစဉ်အဆက် ကိုးကွယ်ရင်းဖြစ်၍ အမှတ်တမဲ့လှူဒါန်းသည်လည်းဖြစ်စေ,

ထိုဒါနသည် အနည်းငယ်သောအကျိုးဖလမျှကို မရသောဒါနမှတ်ရမည်ဟုပြပေ၏၊ ထိုစကားသည် ကျမ်းဂန်တို့၌အဆိုမရှိ၊ အတ္တနောမတိ မိမိသဘောအရကို ပြဆိုချက်သာဖြစ်သည်၊ အတ္တနောမတိပင်ဖြစ်သော်လည်း ကျမ်းဂန်တို့နှင့်နှိုးနှော၍ ညီညွတ်ပေလျှင် ယူထိုက်မှတ်ထိုက်ပါ၏။

### မိရိုးဖလာနတ်ကိုးကွယ်မှု

ကျမ်းဂန်တို့နှင့် ညီညွတ်သည်မညီညွတ်သည်ကို စစ်တမ်းထုတ်ပြလိုက်အံ့။

၁။ မဟာဂိရိ-အစရှိသော မိရိုးဖလာ ကိုးကွယ်ကြသောနတ်များကို အရိုးအစဉ်မပျက် ကိုးကွယ်ခြင်းအမှုသည် လူတို့၌ကောင်းကျိုးစီးပွါး ဖြစ်ထွန်းရန်အမှုတခု ဖြစ်ကြောင်းကို အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဟောတော်မူသည်-တချက်။

၂။ ရွာစောင့်နတ်,မြို့စောင့်နတ်, တိုင်းစောင့်နတ်, ပြည်စောင့်နတ်တို့ကို အစဉ်အလာမပျက်ရအောင် ကိုးကွယ်ကြသော မြို့ရွာ တိုင်းပြည်များသည် အကျိုးစီးပွါး မဆုတ်မယုတ်နိုင်သော အပရိဟာနိယဓမ္မတပါး ဖြစ်ကြောင်းကို မဟာပရိနိဗ္ဗာနသုတ်၌ ဟောတော်မူသည်-တချက်။

၃။ တသ္မာ ဟိ ဘူတာနိ သမေထ သဗ္ဗေ၊
မေတ္တံ ကရောထ မာနုသိယာ ပဇာယ၊
ဒိဝါစ ရတ္တောစ ဟရန္တိ ယေဗလိံ-

ဟူ၍နေ့နေ့ညည ပူဇော်သက္ကာရများကို ဆောင်ယူပူဇော်ကြပေကုန်သော လူတို့အား နတ်အပေါင်းတို့သည် ချစ်ခြင်းမေတ္တာကို ပြုကြပေကုန်လော့-ဟု ရတနသုတ်တွင် ဟောတော်မူသည်-တချက်။

၄။ ယေ တ္တ ဒေဝတာ အာသုံ၊ တာသံ ဒက္ခိဏမာဒိသေ၊
တေ ပူဇိတာ ပူဇယန္တိ၊ မာနိတာ မာနယန္တိ နံ၊
ဒေဝတာနုကမ္ပိတော ပေါသော၊ သဒါ ဘဒြာနိ ပဿတိ-

ဟူ၍ လူတို့သည် အိမ်သစ်တက်သောအခါ ရဟန်းသံဃာတော်များကို လှူဒါန်းကျွေးမွေးရာ မဟာဂိရိအစရှိသော အိမ်စောင့်နတ်များကို အမျှဝေရမည်၊ ငါတို့ကိုအမျှဝေပေသည် ဟူ၍ ထိုအိမ်ရှင်တို့ကို အိမ်စောင့်နတ်တို့ကဘေးကင်းအောင်, အန္တရာယ်ကင်းအောင်စောင့်ရှောက်ခြင်းဖြင့် ထိုအိမ်ရှင်တို့ကို တဘန် ပူဇော်ကြကုန်သည်၊ မြတ်နိုးတနာ ပြုကြကုန်သည်၊ ထိုနတ်တို့သည် ချစ်ကြင်သနား၍ စောင့်ရှောက် ကုန်သည်ရှိသော် ထိုအိမ်ရှင်တို့သည် အခါခပ်သိမ်း ကောင်းမြတ်သော မင်္ဂလာကြက်သရေတို့ကိုသာမြင်ရ, တွေ့ရ, ကြုံရကုန်သည် ဟု ဟောတော်မူသည်-တချက်။

ဤသို့လျှင် လူတို့၏ ကောင်းကျိုးစီးပွါး များမြတ်ရာ သဘောတရားတို့ကို ဟောတော်မူသော မြတ်စွာဘုရားသည် မဟာဂိရိစသောမိရိုးဖလာ ကိုးကွယ်ကြသော နတ်များကို အစဉ်အလာ မပျက်ရအောင်

ကိုးကွယ်ပူဇော်ကြသော အမှုကို သုတ္တန်အရပ်ရပ်တို့၌ ချီးမွမ်းတော်မူသည်၊ အစဉ်အလာ ကိုးကွယ်မြဲတိုင်း မကိုးကွယ်ကြသောလူတို့အား အကျိုးစီးပွါး ဆုတ်ယုတ်ရန် အကြောင်းတခု ဖြစ်ကြောင်းကိုလည်း မဟာပရိနိဗ္ဗာနသုတ်၌ ဟောတော်မူသည်။

မဟာပရိစသောနတ်တို့ကို အစဉ်အလာမပျက်ရအောင် ကိုးကွယ်ပူဇော်သည်လည်း ယိုနတ်တို့သည် သီလဂုဏ်,သမာဓိဂုဏ်, ပညာဂုဏ်တို့နှင့် ပြည့်စုံကြပေကုန်သည်-ဟု ဒက္ခိဏေယျအနေနှင့် ကိုးကွယ်ရသည်လည်းမဟုတ်၊ ကံကိုလုံးလုံးလွှတ်၍ ထိုနတ်တို့သည်သာ ကောင်းကျိုး,မကောင်းကျိုးကို ပေးနိုင်သည်-ဟု ကိုးကွယ်ရသည်လည်းမဟုတ်၊ လောက၌ အနာရောဂါမကပ်မရောက်ပါစေခြင်းအကျိုးငှါ ဆေးသမားကြီးများကို ကိုးကွယ်ကြရသကဲ့သို့, ဥစ္စာပစ္စည်း ပေါများစေခြင်း အကျိုးငှါ သူဌေးကြီး, သူကြွယ်ကြီးများကို ကိုးကွယ်ကြရသကဲ့သို့, ခပ်သိမ်းသော စည်းစိမ် ကြက်သရေတို့ကို ရပါစေခြင်း အကျိုးငှါ မင်းစိုးရာဇာတို့ကို ကိုးကွယ်ကြရသကဲ့သို့ ကိုးကွယ်သည်သာ ဖြစ်သတည်း။

ကောင်းကောင်းတတ်ပေသော ဆေးသမားကြီးများကို ကောင်းစွာကိုးကွယ်လျှင် ရောဂါပျောက်ငြိမ်းမှု, သူဌေးကြီး,သူကြွယ်ကြီးများကို ကောင်းစွာကိုးကွယ်ဆည်းကပ်လျှင် ပစ္စည်းဥစ္စာဖြစ်ထွန်းမှု, မင်းစိုးရာဇာတို့ကို ကောင်းစွာကိုးကွယ်ခစားလျှင် စည်းစိမ်ကြက်သရေတို့ကို ခံစံရမှုများသည်လည်း လောကမျက်မြင်ပင်ဖြစ်ကြသည်၊ မင်းစိုးရာဇာတို့ကို မရိုမသေပြုကျင့်လျှင်စည်းစိမ်ဥစ္စာပျက်စီးမှု,အသက်ခန္ဓာပျက်စီးမှုများသည်လည်း လောက၌ မျက်မြင်ပင်ဖြစ်ကြသည်။

အချို့သော လူပြိန်းတို့သည် ထိုအစဉ်အလာ ကိုးကွယ်ရိုးဖြစ်သောနတ်များကို ကိုးကွယ်ရမည်၊ ရိုသေရမည်-ဆိုလျှင် ကံကိုသာ အားကိုး၍ ထိုသို့သော ကိုးကွယ်ရိုသေမှုများကို လုံးလုံးပစ်ပယ်ကုန်၏၊ ထိုသူတို့သည် မင်းစိုးရာဇာတို့ အမိန့်အာဏာနှင့် စပ်လျှင် ကံကိုသာ အားကိုး၍ မနေဝံ့၊ ယခုသေရတော့မလောက် ကြောက်ရွံ့ကြကုန်၏။

အကြောင်းမှာမူကား-မင်းစိုးရာဇာတို့ အမျက်ထွက်၍ အသက်ခန္ဓာဆုံးမှု, စည်းစိမ်ဥစ္စာဆုံးမှုများကို မျက်မြင်ဖြစ်၍ ကြောက်ရွံ့ကြ

ကုန်သည်၊ နတ်တို့အမျက်ထွက်၍ အသက်ခန္ဓာဆုံးမှု၊ စည်းစိမ် ဥစ္စာဆုံးမှုများကိုမူကား- နတ်ကောင်နှင့်တကွ မမြင်ရ၍ ထိုလူပြိန်းတို့မကြောက်ကြကုန်သည်။

[ဤစကားရပ်တို့ကား-ဤဘုတ်အုပ်စာ၌ အကျိုးမရှိသော ဒါနကိုပြရာ၌ မိရိုးဖလာကိုးကွယ်သော မဟာဂီရိနတ်ကို ကိုးကွယ်မှုကို ဥပမာပြု၍ လာသောကြောင့် ဤဘုတ်အုပ်စာကိုကြည့်ရှုသော လူပြိန်းတို့သည် ထိုမဟာဂီရိနတ်များကို မရှိမသေပြုမိကြချေလျှင် မိမိတို့အသက်ခန္ဓာ၊ သားငယ် မြေးငယ်တို့အသက်ခန္ဓာ၊ ဥစ္စာစည်းစိမ် ဆုံးပါးခြင်းသို့ ရောက်ရာသော အချက်ကြီး တခုဖြစ်ချေ၍ အသေ အချာ ပြလိုက်သော စကားရပ်တည်း။]

## အလဇ္ဇီပုဂ္ဂိုလ်ကို လှူဒါန်းမှု

"မိမိတို့ အစဉ်အလာ ကိုးကွယ်ရင်းဖြစ်၍ အလဇ္ဇီ ပုဂ္ဂိုလ်ကိုပင် အမှတ်တမဲ့ လှူဒါန်းသည်လည်း ဖြစ်စေ"ဟု အကျိုးမရှိသော အင်္ဂါ တပါးကို ပြရာ၌-

အလဇ္ဇီမှန်း သိလျက် လှူဒါန်း၍ နေလျှင်သာ အကျိုးမရှိဆိုလျှင် ဆိုရမည်၊ အလဇ္ဇီမှန်းမသိဘဲ အမှတ်တမဲ့လှူဒါန်း၍ နေသည်မှာ အဘယ့်ကြောင့် အကျိုးမရှိဘဲ ရှိအံ့နည်း၊ အလဇ္ဇီမှန်းသိလျက်ပင် လှူဒါန်းစေဦးတော့၊ တပါးသော လဇ္ဇီ ရဟန်းတို့နှင့် ဘက်ပြိုင်နိုင်စေခြင်း၄ါ၊ တပါးသော လဇ္ဇီရဟန်းတို့၏ အနှိပ်အကြိတ်ကို ခုခံနိုင်စေခြင်း အကျိုး၄ါ-ဟု မသင့်သော နှလုံးသွင်းခြင်းဖြင့် လှူဒါန်း၍ နေလျှင်သာ အကျိုးမရှိအပြစ်သာရှိသည်-ဟု ဆိုခွင့်ရှိသည်။

ဤရဟန်းသည် မည်သည့် သိက္ခာပုဒ်ကိုသိလျက်နှင့် လွန်ကျူး၍ နေသောကြောင့် ထိုသိက္ခာပုဒ်အတွက် အလဇ္ဇီ ကေန်ဖြစ်၍နေ၏၊ သို့သော်လည်း မလွန်ကျူးဘဲ အမြဲတည်၍ နေသော သိက္ခာပုဒ်တို့သည်လည်း ထိုပုဂ္ဂိုလ်မှာ အရာမကများလျက်ရှိပေသေးသည်၊ ထိုရှိ၍ နေသော သိက္ခာပုဒ်တို့တွင်လည်း တခုခုသော သိက္ခာပုဒ်တော်သည် ပင်လျှင် အဘိုးအနဂ္ဃ ထိုက်တန်လှပေသေးလျက်ရှိသည်-ဟု မြတ်စွာဘုရားပညတ်တော်မူသော တခုတခုသော သိက္ခာပုဒ်၏ ဂုဏ်ကျေး

ဇူးကို သိ၍ ထိုမလွန်ကျူးဘဲ တည်နေသော သိက္ခာပုဒ်တို့၏ အတွက် သဒ္ဓါတရားမပျက်လှူဒါန်း၍ နေပေမူကား-အသခ်ေယျ, အပ္ပမေယျ အကျိုးပေးမည်ပင် ဖြစ်သတည်း။

**ဥပမာကား။** အညာ မိုးကုတ် ကျောက်တွင်း၌ အချို့သော မြကျောက်ကြီးများသည် အပေါ်ရံပြင်ပ၌ အကာဖုံးအုပ်၍ နေ၏၊ အတွင်း၌မူကား-အဘိုး အနဂ္ဃထိုက်တန်သော အရည်အသွေး ရှိ၏၊ မျက်စိ အားနည်းသော ပါဒရက်သည် ကျောက်တူး သမားသည် ထိုကျောက်ကိုတွေ့ခဲ့လျှင် အပေါ်ရံအကာ သက်သက်ကိုသာ မြင်၍ အတွင်း၌ရှိသော အရည်အသွေးတို့ကို မမြင်ခြင်းကြောင့်အဘိုးမတန် ထင်မှတ်၍ လွှတ်ရာသို့ ဖယ်ရှား၍ထား၏၊ မျက်စိအမြင် ကောင်းသော ကျောက်တူးသမားသည် ထိုကျောက်ကိုတွေ့မြင်၍ ကြည့်ရှုလေရာ အပေါ်ရံအကာကို ဘောက်ပြီးလျှင် အတွင်း၌ ပြည့်သောအရည် အသွေးတို့ကိုမြင်၍ ဆောင်ယူခဲ့စိတ်ရောင်းချလေရာ များစွာသော ရွှေ, ငွေဥစ္စာတို့ကိုရ၍ ကြွယ်ဝချမ်းသာလေ၏။

၎င်အတူ ရဟန်းတို့မှာ နဝကောဋိသဟဿာနိ-အစရှိသော ဝိသုဒ္ဓိ မဂ်အဋ္ဌကထာပါဠ်နှင့်အညီ-ကုဋေကိုးထောင် မကသော သိက္ခာပုဒ် တော်တို့သည် ဥတ်ကမ္ဘဝါစာရွတ်ဘတ်၍ ပြီးဆုံးသည်နှင့် တပြိုင်နက် တည်ကုန်၏၊ပညာမျက်စိ အားနည်းလှသောလူရှင်တို့သည် မြကျောက် မှာအကာနှင့်တူသော ပျက်စီး၍နေသောသိက္ခာပုဒ်ငယ်များတွင်၍သာ မျက်စိဆိုး၏၊ မပျက်မစီးရှိ၍နေသော ကုဋေကိုးထောင်မျှ မကသော သိက္ခာပုဒ်တော်တို့ကိုမူကား-မမြင်ကြကုန်၊ သဒ္ဓါဗလ, ပညာဗလနှင့် ပြည့်စုံသောသူတို့သည်မူကား-မြင်နိုင်ကြကုန်သည်ဖြစ်၍ ထိုအလဇ္ဇီကို ပင်ကြည်ညိုသောစိတ်ဖြစ်နိုင်ကြကုန်၏။

**တနည်းလည်း။** အလဇ္ဇီကိုလှူသော ဒါနသည် အကျိုးမကြီး၊ လဇ္ဇီ ပုဂ္ဂိုလ်ကိုလှူမှအကျိုးကြီးသည်-ဟု အကျိုးကိုခင်မင်၍ ရွေးချယ်ချက်နှင့် တကွ လှူဒါန်းသောဒါနသည် ပုညဖလကာမတာယဟီနံ- ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဠ်နှင့်အညီ-သီလမှာကဲ့သို့ ဟီနဒါနသာဖြစ်ချေ

သည်၊ ပါရမီမြောက်သော ဒါနပင်မဟုတ်ချေ၊ ပုညာဘိသင်္ခါရ အစစ်ဖြစ်ချေသည်၊ သံသရာဝဋ်မှ ထွက်မြောက်အောင် ဆောင်နိုင်သော ဒါနမဟုတ်ချေ-ဟု အလိမ်မာဉာဏ်အမြင်သန်၍ လဇ္ဇီဟူ၍လည်းအမှုမစိုက်၊ အကျိုးကြီးသည်, မကြီးသည်ဟူ၍လည်းအမှုမစိုက်၊ အလှူခံပုဂ္ဂိုလ်ဆိုလျှင် အယုတ်,အလတ်,အမြတ်မရွေး လှူနိုင်စွန့်နိုင်သော ပါရမီဒါနကိုသာ အလေးပြုလျက် အမှတ်တမဲ့လှူဒါန်း၍ နေသောဒါနသည် အလောင်းအလျာတို့၏ အလေ့အလာပါရမီမြောက်သောဒါနပင်ဖြစ်ပေရကား-အကျိုးမရှိ မဆိုသာပေ။

ထိုစကားမှန်၏၊ ပုညဖလ-ဟု ဆိုအပ်သော အကျိုးကိုအလိုရှိလှ၍ လှူကြသော ဟီနဒါနရှင်တို့မှာသာ လဇ္ဇီ,အလဇ္ဇီ အမှုစိုက်ဘွယ်ရှိကြသည်၊ အကျိုးကြီးမှုအတွက်နှင့် လဇ္ဇီ,အလဇ္ဇီရွေးချယ်၍ လဇ္ဇီပုဂ္ဂိုလ်ကိုလှူဒါန်းကြသော ဒါနစုသည် ဟီနဒါနချည်းသာတည်း၊ ပါရမီမြောက်သော ဒါနစုပင်မဟုတ်၊သံသရာဝဋ်မှကျွတ်လွတ်စေတတ်သော ဒါနစုပင်မဟုတ်၊ ပုညဖလကာမတာယဟီနံ-ဟူသောဝိသုဒ္ဓိမဂ် သီလနိဒ္ဒေသကို ရှုကြလေ။

ပုညဖလကာမတာယ၊ ကောင်းမှု၏အကျိုးကိုအလိုရှိခြင်းကြောင့်။
သမာဒိန္နံ၊ဆောက်တည်အပ်သော သီလသည်။ဟီနံ၊ဟီနသီလမည်၏။
[အနက်နှင့်သီလ အတူတူပင်။]

ယခုကာလ အချို့သောလူရှင်တို့သည် ဤဝိသုဒ္ဓိမဂ်အဋ္ဌကထာကို သတိမထားမိကြကုန်သည်ဖြစ်၍ အကျိုးကြီး, မကြီးအတွက်နှင့် လဇ္ဇီ, အလဇ္ဇီရွေးချယ်မှုများကို အလွန်အလေး ပြုကြကုန်၏၊ ဟီနဒါနကို အားပြုမှုသာတည်း၊ ထိုကြောင့် သံသရာဝဋ်မှကျွတ်လွတ်ထဲ ့ရန်ပါရမီဒါနမြောက်လိုသောသူတို့သည် ဒါနအတွက် အကျိုးကြီးမှု,မကြီးမှုကို အကြောင်းပြု၍ လဇ္ဇီ,အလဇ္ဇီရွေးချယ်မှုများကို ဝေးစွာကြဉ်ရှောင်၍ ဖလအကျိုးကိုမငြိမတွယ်ဘဲ ကျွတ်ကျွတ်လွတ်လွတ် ရဲရဲဝံ့ဝံ့ စွန့်ကြပေးကမ်း လှူဒါန်းဝေငှခြင်းငှါ စွမ်းနိုင်ရာသော အမှုကိုသာကောင်းစွာ အလေးပြုကုန်ရာသည်။

''ဝိစေယျ ဒါနံ ဒါတဗ္ဗံ၊ယတ္ထ ဒိန္နံ မဟပ္ဖလံ''ဟူ၍ အကျိုးကြီးရာကိုရွေးချယ်၍ လှူရမည်-ဟု ဟောတော်မူသည်မှာ ပါရမီမြောက်,

မမြောက်ကို ပဓာနမပြုဘဲ ပုဂ္ဂလဇ္ဈာသယအားလျော်စွာ အကျိုးကို ပဓာနပြု၍ ဟောတော်မူသော ဒေသနာဟု မှတ်ရမည်။

[ဤစကားရပ်ဖြင့် အလဇ္ဇီပုဂ္ဂိုလ်ကိုပင် မိရိုးဖလာအားဖြင့် အမှတ်တမဲ့ လှူဒါန်း၍ နေသောဒါနသည် အကျိုးသက်သက်မရှိသော ဒါနမည်၏-ဟု ပြအပ်သော ဒုတိယနည်းကို အမှန်အားဖြင့် မယူသာကြောင်းကို ထင်လင်းစွာ ပြလိုက်သတည်း–တရပ်။]

ဒုတိယဒါနစိစစ်ပုံပြီး၏။

### တတိယဒါနစိစစ်ပုံ

"အကျိုးဖလမရသည့်ပြင် အလှူခံအလှူပေးနှစ်ပါးလုံး သာသနာဖျက်ဖြစ်၍ အဝီစိငရဲသို့ သွားကြရသောဒါန" ဟူသောတတိယဒါန၏ အကျယ်သရုပ်ကို ထုတ်ပြရာ၌–

> အလှူခံပုဂ္ဂိုလ်က အလဇ္ဇီဒုဿီလဖြစ်စေ၊အလှူပေးဒါယကာလည်း ထိုအလဇ္ဇီဒုဿီလပုဂ္ဂိုလ်တို့၏ အမှုအရာဟု ဆိုအပ်သော ဆေးကုခြင်း, ဗေဒင်ဟောခြင်း, အစေအပါးခံခြင်း, သစ်သီးပေးခြင်း, ပန်းပေးခြင်းစသော အမှုအရာ အလေ့အကျက်တို့ကို ကြိုက်နှစ်သက်၍ လှူဒါန်းခြင်းသည် သာသနာတော်ကို ဖျက်ဆီးလိုသောစေတနာ မပါသော်လည်း ကေန်သာသနာဖျက်ဖြစ်သော အလဇ္ဇီတို့အပြောအဟော အမှုအရာ ဒိဋ္ဌာနုဂတိသို့ အစဉ်လိုက်မှားခြင်းကြောင့် အလှူခံပုဂ္ဂိုလ်, အလှူပေးဒါယကာ နှစ်ဦးလုံးပင် သာသနာဖျက်ဖြစ်သောကြောင့် ဒါယကာဆရာ ထိုထက်အောက် အဝီစိငရဲကြီး၌ခံကြရမည်–

ဟု ဆိုးမတော်မူသည် ဟူသောစကားသည် ကျမ်းမမြင် ဂန်မမြင် ဆိုချင်အားကြီး အချည်းအနှီးသက်သက် နောက်လှ၍ ထွက်လိုက်သော အယူပျက် စကားသာတည်း။

**လင်း၍ပြအံ့။** အလဇ္ဇီဆိုသည်ကား-ရဟန်းတို့မှာ သီလဆောက်တည်မှုသည် လူတို့ကဲ့သို့မြွက်၍ ဆောက်တည် ရတော့သည်မဟုတ်၊

ဥတ္တကမ္မဝါစာဘတ်ရွတ်၍ ပြီးဆုံးလျှင် အလုံးစုံရဟန်းသီလတို့သည် ဆောက်တည်ခြင်း သမာဒါန ကိစ္စမြောက်ကုန်တော့သည်၊ ထိုသမာဒါနကိစ္စသည် သိက္ခာချ၍ လူသာမဏေအရာ၌ တည်ခဲ့သော်၎င်း,ပါရာဇိက ကျ၍ရဟန်းပဋိညာဉ်ကိုစွန့်ပြီးလျှင် လူသာမဏေအရာ၌ တည်ခဲ့သော်၎င်း ဥတ္တကမ္မဝါစာမှုအကုန်ငြိမ်း၍သီလသမာဒါနကိစ္စအကုန်ပျက်၏၊ ထိုပုဂ္ဂိုလ်ကို အလဇ္ဇီဟူ၍၎င်း, ဒုဿီလဟူ၍၎င်း, မဆိုရပေ၊ ပါရာဇိက ကျပြီးဖြစ်လျက် ရဟန်းဟု ပဋိညာဉ်ဝန်ခံ၍ နေသောပုဂ္ဂိုလ်ကိုမူကား-အလဇ္ဇီဟူ၍၎င်း, ဒုဿီလဟူ၍၎င်း ဆိုရသည်။

ပါရာဇိက မကျမရောက်မူ၍ သံဃာဒိသိသ်စသော သိက္ခာပုဒ်ငယ်ကိုသိလျက် စိတ်စေတနာနှင့်တကွ လွန်ကျူးသော ပုဂ္ဂိုလ်မှာမူကား-ထိုလွန်ကျူးသော သိက္ခာပုဒ်မှာပင် သမာဒါန ကိစ္စပျက်သည်မဟုတ်၊ ထိုသိက္ခာပုဒ် အတွက် ဥတ္တကမ္မဝါစာထပ်၍ ဘတ်ဘွယ်ကိစ္စမရှိ၊စောင့်ရှောက်ခြင်းဟူသော သံဝရဓမ္မမျှသာပျက်ပေသည်၊ သမာဒါနကိစ္စမပျက်ပေ၍လည်း ထိုပုဂ္ဂိုလ်ကို ဒုဿီလဟူ၍လည်းမဆိုရ၊ အလဇ္ဇီဟူ၍သာ ဆိုရသည်၊ အာယတိံသံဝရ၌တည်၍ ဝုဋ္ဌာနကံ,ဒေသနာကံတို့ဖြင့်ကုစားလျှင် သံဝရဓမ္မ၌တည်ပြန်၍ လဇ္ဇီပုဂ္ဂိုလ်ဖြစ်ပြန်၏၊ ဤသို့အလဇ္ဇီနှင့် ဒုဿီလတို့၏ အထူးအပြားကို ခြားနားအောင် မှတ်ရမည်။

ဤဓမ္မဝိနယဘုတ်အုပ်ဆရာကား-အလဇ္ဇီနှင့် ဒုဿီလခြားနားချက်ကို မသိရှာသောကြောင့် အလဇ္ဇီ အမှုအရာမျှသာ ဖြစ်သောဆေးကုခြင်း, ဗေဒင်ဟောခြင်း, အစေအပါးခံခြင်း,သစ်သီးပေးခြင်း,ပန်းပေးခြင်းအစရှိသော သိက္ခာပုဒ်ငယ်များကိုပင် အလဇ္ဇီ,ဒုဿီလတို့၏ အမှုအရာဟု မှောက်မှားစွာ ဆိုမိလေသည်-တချက်။

**သာသနာဖျက်ဆိုသည်ကား။** အလဇ္ဇီ ပုဂ္ဂိုလ်ကို အားပေး အားမြှောက် ထောက်ပံ့ချီးမြှင့်သော သူတယောက်ကို ရူပိယသိက္ခာပုဒ်အဋ္ဌကထာ၌ သာသနာဖျက်ပုဂ္ဂိုလ်ဟူ၍လာသည်၊ ဝိနည်း,သုတ္တန်,အဘိဓမ္မာ ကောင်းစွာလှလှ ကျကျနန မတတ်ပါဘဲလျက် ဤဓမ္မဝိနယဘုတ်အုပ်စာကို ရေးသားသောဆရာကဲ့သို့ တရားကျမ်းဂန်အသံပေး၍ တရားကျမ်းဂန်ကို မကျွမ်းကျင်ရှာသော လူရှင်ရဟန်းတို့ကို တရား အ

မှန် ကျမ်းဂန်အထွက်ဘဲ-ထင်မှားကြလေအောင် တရားရောင်,တရားတုတို့ကို ရေးသား၍ဘုတ်အုပ်စာထုတ်ကြသော သူတို့ကို သာသနာဖျက်-ဟူ၍ ကဿပသံယုတ်ပါဠိတော်၌ ဟောတော်မူသည်၊ဤကဲ့သို့သော သူတို့ကို သာသနာဖျက်-ဟူ၍လည်းလာသည်။

အစောင့်အစည်းမရှိသည်ဖြစ်၍ မိမိနေရာ၌ မိမိဘာသာ သိက္ခာပုဒ်တော်များကို လွန်ကျူး၍ နေသော ပုဂ္ဂိုလ်များကို မိမိကိုယ်ကို မိမိသတ်သောသူ-ဟူ၍သာ ဆိုရသည်၊ သာသနာ ဖျက်-ဟူ၍မဆိုရ၊ဤဓမ္မဝိနယဆရာကား-သာသနာဖျက်-ဟူ၍ ကျမ်းဂန်တို့၌လာသည်ကို ခြားခြားနားနား မသိရှာသောကြောင့် ဆေးကုခြင်း, ဗေဒင်ဟောခြင်း အစရှိသော အမှုကိုပြုကျင့်သော အလဇ္ဇီမျှကိုသာ သာသနာဖျက်-ဟူ၍ ဆိုမှားလေသည်။

"ထိုပုဂ္ဂိုလ်၏ အမှုအရာကို ကြိုက်၍ လှူဒါန်းကာနေသော ဒါယကာကို သာသနာဖျက်" ဟူ၍ ဆိုရာ၌လည်း–

ထိုဒါယကာသည် မိမိကိုယ်ကိုသာ မိမိဖျက်သည်၊ သာသနာဖျက်မဆိုရ၊ ဤကဲ့သို့မိမိကိုယ်ကို မိမိဖျက်သော ရဟန်းသည် အပါယ်သို့ကျတတ်သည်-ဟူ၍သာ ကျမ်းဂန်တို့၌လာသည်၊ အဝီစိငရဲကြီးသို့ ကျသည်-ဟု ကျမ်းဂန်မရှိ၊ ထိုရဟန်းကို လှူဒါန်း၍ နေသော ဒါယကာမှာလည်း အကျိုးများစွာ မကြီးကြောင်းကိုသာ ကျမ်းဂန်လာသည်၊ အဝီစိငရဲမှာ ကျရမည်-ဟု ကျမ်းဂန်မရှိ၊ ကဿပ ဘုရားလက်ထက် ကပိလရဟန်းသည် အမိ,နှမတို့နှင့် တကွ အဝီစိငရဲ၌ကျသည်မှာလည်း ရဟန္တာရဟန်းကောင်းတို့ကို ကြမ်းတမ်းစွာသော ဝစီကံတို့ဖြင့် ပြစ်မှားမှုဖြစ်သည်၊ ဆေးကုမှု, ဗေဒင်ဟောမှုမျိုးမဟုတ်၊ ပေတဝတ္ထု၌ ကျောင်းဒါယကာနှင့်ကျောင်းနေဆရာနှစ်ဦး ကုဋိအိမ်တွင်းမှာအထက်အောက်နှစ်ယောက်သား ပြိတ္တာဖြစ်၍ နေကြသည်မှာလည်း မဇ္ဈေရမှုသာဖြစ်သည်။

**ဓမ္မဝိနယဘုတ်အုပ်ဆရာကား။** ဤပေတ ဝတ္ထုကို သူပြော လူပြောရမ်းတမ်း သံတမ်းကြားဘူးသည်ကို အဝီစိ ငရဲ အမှတ် လွဲရှာ၍ "ဒါယကာဆရာ အထက်အောက် အဝီစိငရဲကြီး၌ ခံကြရသည်-ဟု

ဆိုးမတော်မူသည်''ဟု ဆိုမှားဟန်ရှိသည်၊ ကျမ်းဂန် လာသည်လည်း မဟုတ်၊ ယုတ္တိယုတ္တာလည်း သက်သက်မရှိပါဘဲနှင့် အဝီစိငရဲကြီး ခံကြရမည်-ဟု ဝန်ခံပေသော ဤဆရာသည် နောက်၌ သူဆိုလတ္တံ့ သော''အလိကံဘဏံ''ဟူသော ရဟန်းပျက်အင်္ဂါနှင့် ညီရှာလျက်ရှိ၏။

နောက်၌လည်း တရပ်တကျေးက လာသော အလင်္ဂီကို လင်္ဂီထင် မှတ်၍ လှူဒါန်းမှုသည် အကျိုးမရှိ-ဟု ဆိုသောအချက်၊ ဓာတ်တော် မဟုတ်သည်ကို ဓာတ်တော်-ဟု ထင်မှတ်၍ ရှိခိုးခြင်း, ဓာတ်တော်မရှိ သော စေတီပျက်ကို ဓာတ်တော်ရှိသည်မှတ်၍ ရှိခိုးခြင်းများကဲ့သို့-ဟု ဆိုသော စကားစုသည်လည်းပရမတ္ထသဘောသကန်၌ ဉာဏ်အလိမ်မာ သက်သက်ကင်း၍ မှောက်မှားခြင်းစုသာတည်း။

**မှောက်မှားပုံကိုအကုန်လင်း၍ပြလိုက်အံ့။** ဆေးကုခြင်း,ဗေဒင်ဟော ခြင်း စသော သိက္ခာပုဒ်ငယ်များ အတွက်နှင့် အလင်္ဂီဖြစ်ခါမျှသော ရဟန်းကို ဦးပြည်းကား-သင်္ကန်းဝတ်ခါမျှ အကာသာရှိ၍ အနှစ်သာရ ဟု ဆိုအပ်သော အကျင့် သိက္ခာကား-ထိုအလင်္ဂီပုဂ္ဂိုလ်၏ သန္တာန်၌ အလျင်းပင်မရှိ-ဟု ဆိုသည်ကား-အလွန်ကြည်လင်သော ကောင်းကင် ၌ရှိသော တန်ဆောင်မုန်းလပြည့်နေ့တွင် လွင်တီးခေါင်၌ ပက်လက် အိပ်ပျော်၍ နေသော ဒုလာပါဒရက်သည်ကြီး တယောက်သည် ဝမ်းတွင်း,ရင်တွင်းမှ သလိပ်ခိုးတို့သည် ထ၍ မျက်လုံးနှစ်ခု အပြည့်ဖုံး လေ၏။

ဖုံးသည်ကိုလည်း ရှုတ်တရက် မသိတဲ့၍ ကောင်းကင်သို့မြော်လေ ရာ ကောင်းကင် အပြင်မှာ လဝန်းကြီးလည်း ကွယ်ပျောက်သည်၊ နက္ခတ်တာရာတို့လည်း အကုန်ကွယ်ပျောက်ကုန်လေသည်၊ အလွန်မဲ လှ မိုက်လှသောတိမ်ပုပ် အတိ ဖုံးလွှမ်းခဲ့သည်၊ မှောင်ကြီးအတိ မိုက် ခဲ့ပြီ၊ တန်ဆောင်မုန်းလ မိုယ်းကြီးသည်းထန်စွာ ရွာတော့မည်-ဟု မည်တွန်တောက်တီးသော သူနှင့် အလားတူစွာ ထိုအလင်္ဂီ သန္တာန် မှာ ကုဋေကိုးထောင်မျှ မကရှိသော သိက္ခာပုဒ်တွေကို ဓမ္မဝိနယဆရာ မမြင်ရှာလေ။

''အလင်္ဂီပုဂ္ဂိုလ်ကို လှူဒါန်း၍ အကျိုးမရှိ''ဆိုသော စကားသည် ပုဂံပြည်တွင် တုးရွှင်းခြေတောင် တောကျောင်းနေ ရဟန်းသိက္ခာ

ပျက် လူထွက်ဆရာရေးသားစီရင်သည်-ဟု အစဉ်အလာပြောရိုးရှိကြသော စူဠဂဏ္ဍိကျမ်းတွင်သာ လာရှိသည်၊ကျမ်းကောင်း,ဂန်ကောင်းတို့မှာ တထွာလေးသစ်မလာမရှိ၊ဒုဿီလပုဂ္ဂိုလ်ကို လှူဒါန်းလျှင် အကျိုးမကြီးကြောင်းကိုသာ ကျမ်းကောင်း,ဂန်ကောင်းများ၌ လာပေသည်။

"ဓာတ်တော်အစစ်မဟုတ်သည်ကို ဓာတ်တော်စစ်ထင်မှတ်၍ ရှိခိုးလျှင် အကျိုးမရှိ"ဟု ဆိုခြင်းသည်လည်းမဟုတ်၊ အတုမရှိသောသဗ္ဗညုဘုရားကြီးကို အထူးကြည်ညိုလှသော သဒ္ဓါမှန် သဒ္ဓါစစ်နှင့်ပြည့်စုံပြီးသော လူမျိုးအပေါင်းတို့သည် ကျောက်ခဲ, ကြေးခဲ, ငွေခဲ,ရွှေခဲ,အမြုတေ,ဂေါရာဇဉ်းတို့ကိုပင် ဓာတ်တော်စစ်ထင်မှတ်၍ ရှိခိုးကိုးကွယ်သော်လည်း ထိုလူမျိုးတို့၏စိတ်,စေတနာ,သဒ္ဓါ,ပညာတို့သည် သဗ္ဗညုမြတ်စွာဘုရားကြီး၌ ဆိုက်၍တည်ကုန်သည်သာ ဖြစ်ပေရကား-ကုသိုလ် အစစ်အမှန် ဖြစ်၏။

ဓာတ်တော် မရှိသော စေတီအိမ်ပျက်ကို မဆိုထားဘိ၊ တောင်ပို့ပျက်ကိုပင်ရှိခိုးငြားသော်လည်း သည်တောင်ပို့မြေမျိုးသည် သဗ္ဗညုတဉာဏ်တော်ရှိသော မြေမျိုးဖြစ်သည်-ဟုရှိခိုးသည်မဟုတ်၊ စေတီထင်မှတ်၍ ရှိခိုးခြင်းသာ ဖြစ်ပေရကား-သဗ္ဗညု မြတ်စွာ ဘုရားကြီးသို့ဆိုက်၍ တည်သည်သာ ဖြစ်၏၊ ကပိလဝတ် ပြည်တော်မှ တောထွက်တော်မူ၍ ဗောဓိမဏ္ဍိုင်၌ ဘုရားအဖြစ်သို့ ရောက်တော်မူ၍ ကုသိနာရုံပြည်၌ပရိနိဗ္ဗာန်စံတော်မူသော သဗ္ဗညု မြတ်စွာဘုရားကြီးသည်သာလျှင် သဗ္ဗညု အစစ်အမှန်ဖြစ်သည်-ဟု အတပ်သိပြီး,ကြည်ညိုပြီးသောလူမျိုးအပေါင်းတို့မှာ ဘယ်သင်း ဘယ်ဟာကိုပင် ကိုးကွယ်သော်လည်း မမှားနိုင်ပြီ၊ ဘုရားမလွဲနိုင်ပြီ။

သဒ္ဓါဓိကော၊ သဒ္ဓါလွန်ကဲသော။ မန္ဒပညော၊ နုံ့သောပညာရှိသော သူသည်။ အဝတ္ထုသ္မိံ၊ မကြည်ညိုထိုက်သော ဝတ္ထု၌။ပသီဒတိ၊ ကြည်ညိုမိတတ်၏—ဟု လာသည်မှာ ဘုရားအမှန်, တရားအမှန်, သံဃာအမှန်ကို မသိဘူးကြ၍ ပုရာဏကဿပ, မက္ခလိဂေါသာလ-စသော တိတ္ထိကြီးတို့ကိုသာ ဘုရား-ဟူ၍ ကြည်ညိုကြသော သူတို့ကိုသာ ဆိုသည်၊ ဘုရားတပည့်သား ဖြစ်လျက် ဘုရားကို မကြည်ညိုမူ၍

တိတ္တိတိုကိုသာ ကြည်ညိုသောလိင်္ဂဝိမင်းမျိုးဖြစ်သောသုနက္ခတ္တရဟန်း လိုဟာကို ဆိုသည်-တရပ်။

ဆေးကုခြင်း, ဗေဒင်ဟောခြင်းစသော သိက္ခာပုဒ်ငယ်များ အတွက် အလဇ္ဇီဖြစ်၍ နေသော ရဟန်းကို လှူဒါန်း၍ အကျိုးမရှိကြောင်းကို ပါဠိသာဓကပြသည်ကား—

န မုဏ္ဍကေန သမဏော၊ အဗ္ဗတော အလိကံ ဘဏံ။
ဣစ္ဆာလောဘသမာပန္နော၊ သမဏော ကိံ ဘဝိဿတိ။

ဟူသော ဓမ္မပဒပါဠိတော်ကိုပြပေ၏၊ထိုပါဠိတော်၏ ပါဌ်လျှောက် အဓိပ္ပါယ်ကား—

ဦးပြည်းကာမျှဖြင့် ရဟန်းသမဏမဟုတ်သေး၊သိက္ခာသီလအကျင့်, ဓုတင်အကျင့်လည်းမရှိသော၊ မဟုတ်မမှန်သော စကားကိုလည်း ပြော လေ့ရှိသောစကား, မရောက်သေးသော ဝတ္ထုအာရုံကာမဂုဏ်ကို တောင့်တသော ဣစ္ဆာတရား, ရပြီးရောက်ပြီးသော ဝတ္ထုအာရုံ ကာမဂုဏ်တို့၌ သာယာသောလောဘတရားတို့နှင့်ပြည့်စုံသောသူသည် အဘယ်မှာရဟန်း ဟုတ်ပချေအံ့နည်း။

ဓမ္မဝိနယဆရာသည်''အဝီစိငရဲကြီး၌ ကျရမည်-ဟု ဆုံးမတော်မူ သည်''ဟု မဟုတ်မမှန်သော စကားကို ပြောသောသူ ဖြစ်ပေရကား- ဤဒေသနာတော်တွင် သူလည်း အပါအဝင်ဖြစ်လေတော့သည်။

### ရဟန်း ၃-မျိုး

အလင်္ကတောပိ စေ သမံ စရေယျ၊
သန္တော ဒန္တော နိယတော ဗြဟ္မစာရီ။
သဗ္ဗဘူတေသု နိဓါယ ဒဏ္ဍံ၊
သသမဏော သဗြဟ္မဏော သဘိက္ခု။

ဟူသော ဓမ္မပဒ ပါဠိတော်နှင့် အညီ-ရဟန်းသည် ဝိနည်းရဟန်း, သုတ္တန်ရဟန်း,ပရမတ်ရဟန်း ဟူ၍ သုံးမျိုးရှိသည်။

၁။ ဥတ်ကမ္မဝါစာနှင့် ဘတ်ရွတ်သမုတ်ရ၍ ဖြစ်သော သမ္မုတိ ရဟန်းသည် လာလုဒါယိမထေရ်ကြီးတို့ကဲ့သို့ အလွန်ပင်ပညာနည်း လှစွာသော သူပင်ဖြစ်ငြားသော်လည်း ဝိနည်း ရဟန်းပေတည်း၊ ထို

ဝိနည်းရဟန်းသည်လည်း မြတ်စွာဘုရား၏ဥတ်ကမ္မဝါစာဖြင့် ရဟန်းဖြစ်လေသောကြောင့် မြတ်စွာဘုရား၏ သမ္မုတိသားတော်မည်၏၊ ထိုသမ္မုတိရဟန်းသည်အရိယာအစစ်သို့ရောက်သောအခါ ပရမတ်ရဟန်းမည်ပြန်၏၊ မြတ်စွာဘုရား၏ ပရမတ္ထသားတော် အစစ်လည်းမည်၏၊ သမ္မုတိသံဃာ,ပရမတ်သံဃာဟူသည်လည်း ဤအတူပင်မှတ်။

[ဤကား–ဝိနည်းရဟန်းတည်း။]

၂။ သုတ္တန် ရဟန်းဆိုသည်ကား- ဆိုခဲ့ပြီးသော ဝိနည်းပညတ်တော်၏အစွမ်းအားဖြင့် သမ္မုတိ ရဟန်းဖြစ်ပြီးသော လာလုဒါယီမထေရ်, နမုဏ္ဏာကေနသမဏော ဟူသောဂါထာ၏ ဝတ္ထုတွင်လာသော ဟတ္ထကမထေရ်,အဿဇိပုနဗ္ဗသုကအစရှိသော ဆဗ္ဗဂ္ဂီရဟန်းတို့ကဲ့သို့ လောဘတထောင်ထောင်, ဒေါသ-မောဟ တထောင်ထောင်ရှုန့်ရင်းကြမ်းတမ်းသော ကာယကံ,ဝစီကံ, မနောကံ အပြည့်နှင့်နေသောသူတို့ကို သုတ္တန်ပရိယာယ်အလိုအားဖြင့် သမဏမဆိုအပ်ကုန်၊လူပုထုဇဉ်ပင် ဖြစ်ငြားသော်လည်း ကိလေသာတရားတို့ငြိမ်သက်၍ ဣန္ဒြေ ၆-ပါး, ဒွါရ ၃-ပါးငြိမ်သက်ကြပေမူကား- သမဏ-ဟူ၍ပင်ဆိုရ၏။

[ဤကား-သုတ္တန်ရဟန်းတည်း။]

၃။ ပရမတ် ရဟန်းဆိုသည်ကား- သုဒ္ဓေါဒနမင်းကြီး၊ သန္တတိအမတ်ကြီးတို့ကဲ့သို့ မင်းမြောက်တန်းဆာ ဆင်ယင်လျက်ရှိသော လူပင်ဖြစ်ငြားသော်လည်း, နတ်ပင်ဖြစ်ငြားသော်လည်း သိကြားဗြဟ္မာပင်ဖြစ်ငြားသော်လည်း အရိယာမဂ်ကို ရသောအခါမှစ၍ သမဏော၊ ရဟန်းလည်းမည်၏။ ဗြဟ္မဏော၊ ဗြဟ္မဏလည်းမည်၏။ ဘိက္ခု၊ ဘိက္ခုလည်းမည်၏။

[ဤကား-ပရမတ်ရဟန်းတည်း။]

ထိုသုံးပါးသော ရဟန်းတို့တွင် သုတ္တန်ရဟန်း, အဘိဓမ္မာရဟန်းအစစ်ပင် မဖြစ်တတ်သေးသော်လည်း ဝိနည်းရဟန်းဟု ဆိုအပ်သောသမ္မုတိရဟန်း,သမ္မုတိသံဃာ ဖြစ်ပေလျှင်ပင် အခိုက်အတန့်အားဖြင့်တခုသော,နှစ်ခုသော,သုံးခုသော သိက္ခာပုဒ်ယေတို့ကို ကျူးလွန်မှုနှင့်အလဇ္ဇီပုဂ္ဂိုလ်ပင် ဖြစ်စေဦးတော့၊အလှူခံမြတ်တွင် ပါဝင်ပေသည်သာဖြစ်၏။

"နမုလ္လာကေန သမဏော" ဟူသော ထိုဂါထာသည်ကား-သုတ္တန်ဂါထာ, သုတ္တန်ဒေသနာဖြစ်ပေရကား-ဠဋ္ဌေ ဖြပါး, ဒ္ဒါရ ၃ပါးမငြိမ်သက်သော ဝိနည်းရဟန်းမျှကိုသာ ရဟန်းဟူ၍မဆိုလို၊ ထို့ကြောင့် "သမဏော ကိံ ဘဝိဿတိ" ဟူ၍ ကဲ့ရဲ့တော်မူသည်။

ကိလေသေ သမေတီတိ သမဏော။ ။ယော၊အကြင်သူသည်။ကိလေသေ၊ ကိလေသာတို့ကို။ သမေတိ၊ ငြိမ်းစေနိုင်၏။ ဣတိ၊ ထို့ကြောင့်။ သော၊ ထိုသူသည်။ သမဏော၊ သမဏမည်၏။ ဝါ၊ ရဟန်းမည်၏။

ဤသို့သော အနက်သွားနှင့် ညီညွတ်သောသူကိုမှ သုတ္တန်အလို ရဟန်းဆိုသည်၊ ထို့ကြောင့် မဟုတ်လော၊ နောက်ဂါထာ၌—

ယော စ သမေတိ ပါပါနိ၊ အဏုံထူလာနိ သဗ္ဗသော။
သမိတတ္တာ ဟိ ပါပါနိ၊ သမဏောတိ ပဝုစ္စတိ။

ဟူ၍ ဟောတော်မူသည်တကား—

[ဤကား-ရဟန်းတို့ကို ခြားနားယူသာအောင် ပြလိုက်သောအချက်တည်း။]

ထိုသုံးပါးတို့တွင် အလဇ္ဇီရဟန်း, ဒုဿီလရဟန်းဟူသော ရဟန်းစုသည် ဝိနည်းသိက္ခာပုဒ်နှင့်စပ်၍ ဖြစ်ရသောအရာ ဖြစ်လေရကား-ဝိနည်းရဟန်းအရာ၌သာရှိပေသည်၊သုတ္တန်ရဟန်း, အဘိဓမ္မာရဟန်းတို့မှာအလဇ္ဇီဟူ၍မရှိ၊ ဒုဿီလဟူ၍မရှိကြပေ၊ ဤဓမ္မဝိနယဆရာကားယခုခြားနား၍ပြခဲ့သော ရဟန်းဟူသော ဝေါဟာရ အထူးအပြားများကို သက်သက်မသိဘူး, မကြားဘူးရှာသောကြောင့် ဆေးကုခြင်း, ဗေဒင်ဟောခြင်းစသော အပြစ်အငယ်စုနှင့် အလဇ္ဇီဖြစ်သောရဟန်းအား လျှဒါန်း၍အကျိုးမရှိကြောင်းကို သုတ္တန်ရဟန်း အခြေအနေကိုဟောသောဂါထာကို သက်သေလုပ်၍ ပြလေသည်-တရပ်။

သံဃေ စိတ္တိကာရံ ကာတုံ သက္ကောန္တဿ ဟိ ဒိဏ္ဏာသဝေ
ဒိန္နဒါနတော ဥဒ္ဒိသိတွာ ဂဟိတေ ဒုဿီလေ ပိ ဒိန္နံ မဟပ္ဖလ
တရမေဝ။

ဟူသော ဒက္ခိဏာ ဝိဘင်္ဂသုတ်အဋ္ဌကထာ၌လည်းမြတ်စွာဘုရားလက်ထက်တော်မှာပင်ဖြစ်စေ၊ သံဃာမှညွှန်းချ၍ ရအပ်သော ဒုဿီလ

ရဟန်းကို သံဃာ၌တည်သော ရှိသေခြင်းဖြင့် လှူဒါန်းသောအလှူသည် ရဟန္တာပုဂ္ဂိုလ်ကို ပုဂ္ဂလိကလှူရသော အလှူထက်အကျိုးကြီး၏-ဟု အဘယ်ကာလမဆို သာဓာရဏအားဖြင့် သံဃိကအလှူ အကျိုးကြီး ကြောင်းကို ပြတော်မူသည်။

**ဓမ္မဝိနယဆရာကား။** ဥဒ္ဒိသိတွာ ဂဟိတေဒုဿီလေပိ- ဟူသောပါဌ်ကို ကြောင်ကြောင်မြင်လျက်နှင့် အနက်သွား, အဓိပ္ပါယ်သွားကို သက်သက် မသိရှာသည့်အတွက်ကြောင့် ထိုအဋ္ဌကထာပါဌ်၏ အဓိပ္ပါယ်ကို သီလသိက္ခာသာသနာကွယ်၍ သံဃာအစစ်မရှိသော လိင်္ဂသာသနာမျှ သာ ရှိသောနောက်ကာလ၌ ကာသာဝကဏ္ဌဒုဿီလရဟန်းကို ထုတ်၍ပြဘိသည်၊ထိုအခါမှာ ဥဒ္ဒိသိတွာဆိုရန် သံဃာအစစ်အဘယ်မှာရှိ တော့အံ့နည်း၊ထိုအခါ၌သံဃာအစစ်တို့၏ ဂုဏ်ကျေးဇူးကိုကြားဘူးရုံမျှ ရှိကြသေးသော လူပညာရှိတို့သည် ကြားဘူးသောသံဃာကိုရည်မှတ်၍ ထိုအခါတွင်ရှိကြသော ဒုဿီလဂေါတြဘူရဟန်းတုတ္တိုကို လှူဒါန်းသည်၊ သံဃာမှည္ဝန်းချသည်-ဟုဆိုရန် ညွှန်းချသောသံဃာအစစ်ဟူ၍ ထိုအခါ မရှိပြီ။

[သင်္ဂဇာဆရာတော်ဘုရားဆုံးမချက်ပြီး၏-ဟု ပါရှိသည်ကား-အဟုတ် အမှန်ကိုသိ၍ဆိုခဲ့သော အချက်ဟူ၍ တခုမျှလှလှမပါ၊စိတ်ထင်ရာရာကိုဆိုခဲ့ သော အရာစုချည်းဖြစ်၍ ဆရာတော်ဘုရားကြီးကို "ကျောက်ကြီးငါးခို" နံပါတ်တပ်၍ ထားလေသည်။]

တတိယဒါနစိစစ်ပုံပြီး၏။

ဆပဂံပုစ္ဆာအဖြေပြီး၏။

# ပရမတ္ထဒီပနီဋီကာပုစ္ဆာအဖြေ

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁၂၇၀-ပြည့်နှစ်၊တန်ခူးလဆန်း ၁၅-ရက်၊ မုံရွာမြို့-လယ်တီတိုက်နိုင်ငံခြား-ဗုဒ္ဓသာသနာပြုအသင်းကြီးတွင် ဒုတိယနာယက- နယ်လှည့်ဓမ္မကထိက လယ်တီ-ဦးဝဏ္ဏိတထံမှ၊ ကျေးဇူးရှင် လယ်တီဆရာတော်မဟာထေရ်မြတ်ကြီးထံသို့—

### လျှောက်လွှာ

တပည့်တော်-ဝဏ္ဏိတ အတိသက္ကစ္စဂါရဝတရားဖြင့် ရှိသေလေးမြတ်စွာ လျှောက်ထားဝံ့ပါသည် မဟာမေရု နှိုင်းတုမမြင် အနန္တဂုဏ်အင်ကျေးဇူးရှင် မဟာထေရ်မြတ်ကြီးဘုရား။

လျှောက်ထားရန်မှာ— သံသရာစု ဖြစ်ပျက်မှုကို မရှုမကြံ လိမ်မာဉာဏ်မဝင် ပုထုဇဉ်အပေါင်းတို့အား တရားအမှန် ရရန်အကျိုး မြော်ကိုးရည်ဆ ဉာတ,တီရဏ် ပဟာနံဟု ၃-တန်ပိုင်းခြား ပရိညာတရားတို့ဖြင့် သဘာဝဓမ္မ ပစ္စုပ္ပဋ္ဌာန်အခါဏ်း နည်းဆန်းနာကြွယ် သွယ်သွယ်ဝဝ မိပ္ပါယ်ပြရာ "မဟာဉာဏံ ဝတဘော"အံ့ဩမဗ္ဘိဂမ္ဘီရတိက္ခာပညာဝါအစစ် ဖြစ်တော်မူသော ကျေးဇူးရှင် - မဟာထေရ်မြတ်ကြီးသည်၊သုဒုဒ္ဒသ သုနိပုဏာ သုဂမ္ဘီရ အတက္ကာဝစရ အတိစိတြကထာ ယထာဓမ္မသာသနာ ပရမတ္ထဒေသနာတော်၏အရာ၌—

> အစိန္တေယျ ဝါစော ဗုဒ္ဓေါ၊
> မူလဘာသာယ ဒေသယိ။
> နာနာဘာသာ ဇနာသေသာ၊
> သကံသကာယ ဗုဇ္ဈရေ။ ။

ဗုဒ္ဓေါ၊မြတ်စွာဘုရားသည်။အစိန္တေယျ ဝါစော၊မကြံအပ် မကြံနိုင်သောစကားရှိတော်မူသည်ဖြစ်၍။ဝါ၊မကြံအပ် မကြံနိုင်သောစကား ရှိ

တော်မူသော။ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။မူလ ဘာသာယ၊မာဂဓဘာ သာတခုဖြင့်။ဒေသယိ၊ထိုထိုများတောင်း ဝေနေယျသတ္တဝါအပေါင်း တို့အား ကောင်းစွာ ဟောကြားတော်မူ၏။နာနာ ဘာသာ၊အထူးထူး အပြား ဘာသာများကုန်သော။ ဇနာ၊ အမျိုးမတူ ထိုထိုသူတို့သည်။ အသေသာ၊အကြွင်းအကျန်မရှိကုန်ဘဲ။သကံ-သကာယ၊ မိမိတို့၏ ဘာ သာစကား အလေ့အကျက်အားဖြင့်။ ဗုဇ္ဈေရေ၊ ပိုင်းပိုင်းခြားခြား သိ ကြားနားလည်ကြကုန်၏။

မြတ်စွာဘုရားသည် အလုံးစုံသောသတ္တဝါအမျိုးဘာသာအပေါင်း အစုတို့အား တခုတည်းသော "မာဂဓ"ဘာသာဖြင့် ဟောကြားပြသ တော်မူငြားလည်း မကြီးအပ်,မကြီးစည်နိုင်သောတန်ခိုးတော်၏ အစွမ်း အားဖြင့် အကြွင်းအကျန်မရှိ မိမိတို့ဘာသာစကားနှင့် မှတ်ယူနား လည်နိုင်ရန်အခွင့်ကို ရရှိကြကုန်၏၊ ယခုအခါ ထိုပရမတ္ထ ဒေသနာ တော်ကြီး၏ အရာ၌ တတ်သိလိမ်မာနိုင်ရန်–

၁။ ပါဠိဘာသာ၏ ခက်ခဲခြင်းကြီးတပါး,
၂။ အနက်ဘာသာ၏ ခက်ခဲခြင်းကြီးတပါး,
၃။ အဓိပ္ပါယ်ယတ္တ၏ ခက်ခဲခြင်းကြီးတပါး,

ဤကဲ့သို့ ခက်ခဲခြင်းကြီး ၃-ပါး ခုခံကာကွယ်နေသည့် အတွက် သာမညပုဂ္ဂိုလ်တို့သည် ထိုအရာ၌ အသိအလိမ်မာ ဉာဏ်ပညာပွင့် လင်းထက်သန်ခြင်းငှါ မစွမ်းနိုင်ကြသည်ကို လွန်စွာထောက်ထား ညှာ တာသနားကြည့်ရှုတော်မူသဖြင့် နက်နဲခက်ခဲကျယ်ဝန်း လှစွာသော ဉာဏသာဂရ ဉာဏသမုဒ္ဒရာ အဘိဓမ္မာ သဘောသကံ များကို ယောကျ်ား,မိန်းမ ကလေး, သူငယ်,လူမမယ်ကလေးများမှစ၍ သက် ရွယ် ကြီးမြင့် ဇရာရင့်၍ အိုခွင့်, ကြီးခွင့်ဆိုက်ရောက်လျက် ရှိကြကုန် သော ပုဂ္ဂိုလ်ကြီးများတိုင်အောင်–

သရုပ်အဓိပ္ပါယ်နှင့်တကွ အလွယ်တကူ သင်ယူ တတ်မြောက် နိုင်ရန် ကြံဘန် ကြံကုတ်၍ မြန်မာဘာသာဖြင့်ထုတ်ဘော် ရေးသား တော်မူသော"ပရမတ္ထသံ ခိပ်ကျမ်း"ကိုလွယ်ကူစွာသင်ယူတတ်မြောက် ကြရသဖြင့် အထက်အောက်မြန်မာ များပြားသော မြို့ရွာဒေသတို့၌

ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ်, ဗောဓိပက္ခိယတရားများနှင့် ရုပ်ကလာပ်အဖွဲ့အစည်းတို့ကို တတ်မြောက်လိမ်မာမှုကို ရရှိကြပါသည်၊ ထိုသို့ ရုပ်နာမ်ဓမ္မ နှစ်ဌာနတို့ကို သဘာဝဓမ္မ ကျနပိုင်နိုင်ရန် အဘိဓမ္မာ ဉာဏ်ပညာ အလင်းရောင်ကြီးကို ပေးသနားတော်မူသည်လည်း-တရပ်။

ပိဋကတ်သုံးပုံကျမ်းအကုန်တို့ကို လုံခြုံစောင့်ရှောက်သဖြင့် ပျောက်ပျက်မှားယွင်း အပြစ်ကင်းခြင်း အရာ၌ လွန်စွာ အသုံးပြုကြရသော ကစ္စည်းသဒ္ဒါကျမ်းကြီးကိုလည်း ပင်ပန်းခြင်းမရှိစေဘဲ တတ်သိလိမ်မာ သဒ္ဒါဉာဏ် ပွင့်လင်းရန် အခွင့်ကို မြော်လင့်တော်မူပြီးကာ "သဒ္ဒသံ-ခိပ်" ဟူသော "ပိဋကပါလက-ပိဋကတ်စောင့် ကျမ်း" ကိုလည်း ကြီးပမ်းအားထုတ်တော်မူသည်လည်း-တဖြာ။

မြတ်စွာဘုရား သာသနာတော် မြတ်ကြီး၌ "ဝိနယောနာမ သာသနဿ အာယု"ဟူသည်နှင့် အညီ ထိုဝိနည်း တရားတော်မြတ်သည် သာသနာတော်၌"မူလ အာယု သုခ နိဒါန၊"အစစ်ဖြစ်ကြီး ဖြစ်သဖြင့် စင်စစ်တတ်မြောက်အပ်သော တရားပင်မှန်ငြားသော်လည်းဝိနည်းငါးကျမ်းနက်ကျယ်ဝှမ်း၍ သိခြင်းငှါမစွမ်းနိုင်သော ရဟန်းရှင်လူတို့အတွက် လိုရင်းအချက် ပဓာန စတုပစ္စယမှီရာလေးပါးနှင့် တကွ များပြားစွာအသုံးပြုကြရသောဌာနဆိုင်ရာဘုရားဥပဒေတော်တို့ကို ထုတ်ကွက်နုတ်ယူရေးသား တော်မူပြီးကာ- "ဝိနယသံခိပ်"ဟူသော "သာသနပါလက-သာသနာတော်စောင့်ကျမ်း" ကိုလည်း၊ ကြိုးပမ်းအားထုတ်တော်မူသည်လည်း-တဌာန။

နာနာသတ္တာရာနံ မုခံ ဥလ္လောကေန္တိတိ ပုထုဇ္ဇနာ။ ။ကြဉ်လည်များစွာ သံသရာ၌ ရောက်ရာ ရောက်ရာသော ဘာသာတရားအမျိုးမျိုးတို့ကို အားကိုးကျင့်ကြံကြရပြန်သည်နှင့်ညီစွာ မိစ္ဆာမှောင်ကြီး အမိုက်ဆီး၍"နာနာသတ္တာရဉလ္လောကန" ဘေးကြီးနှင့်တွေ့ကြုံမ်လျက် ရှိကြသော အမျိုးဘာသာ အတွက်လည်း ပဋိစ္စသမုပ္ပါဒ်,မဂ္ဂင်နိယာမ,မူလပရိယာယ, သမ္မာဒိဋ္ဌိ,ဥတ္တမပုရိသ, အနတ္တာနိသံသ, ကမ္မဋ္ဌာန, ဗောဓိပက္ခိယ,ဝိဇ္ဇာမဂ္ဂ ,နိဗ္ဗာနဝိသဇ္ဇနာ,ဘာဝနာဒီပနီ,ရူပဒီပနီ စသော

ဒီပနီ ကျမ်းပေါင်းတရာကျော်တို့ကိုလည်း မာဂဓမဘာက် မြန်မာဘာ သာသက်သက်ဖြင့် စီရင်ရေးသား ကြီးစားအားထုတ်တော် မူသည် လည်း တဝ။

ဤကဲ့သို့ ဝေဏေယျသတ္တဝါအပေါင်းတို့၏ အကျိုးစီးပွါး,သာသနာ တော်မြတ်ကြီး၏ အကျိုးစီးပွါးများရာ များကြောင်း ကောင်းမြတ် သော ဒီပနီကျမ်းစာတို့ကို ထုတ်ဘော်ရေးသား၍ သနားဖြန့်ဖြူးတော် မူပေသော“မဟာဂန္ထကာရ”အရှင်ကျေးဇူးတော်သခင် မဟာထေရ် မြတ်ကြီးဘုရား။

လျှောက်ထားတောင်းပန်လိုသော အချက်ကြီး တခုမှာ- မဟာ ထေရ်မြတ်ကြီးစီရင်ရေးသားတော်မူအပ်သော “ပရမတ္ထဒီပနီမဟာ ဋီကာ” သစ်ကျမ်းကြီးသည် မာဂဓပါဠိဘာသာဖြစ်၍ ပါဠိဘာသာ သိကျွမ်းနားလည်ကြသော ပုဂ္ဂိုလ်တို့သာလျှင် ဓမ္မရသ, အတ္ထရသ များကို လွယ်ကူစွာခံစားရသည်ဖြစ်ပါသည်၊ ပါဠိဘာသာနှင့် ဝေးကြ သော ပုဂ္ဂိုလ်တို့မှာ ထိုအရသာများကို ခံစားမှုအရေးသည် လွန်စွာ ဝေးကွာကြပါသည်။

သို့ပါ၍ ပါဠိဘာသာ တတ်မြောက်ခြင်းမရှိကြကုန်သော (ပါဠိ ဘာသာနှင့် ဝေးကြကုန်သော) ပုဂ္ဂိုလ်တို့အတွက် ထိုပရမတ္ထဒီပနီ မဟာဋီကာသစ်ကျမ်းကြီး၏ သဘောသကံများကို ပါဠိမဘာက် မြန်မာ စကားပြင်သက်သက်ဖြင့် ရေးသားတော်မူပါမည့်အကြောင်း ရိုသေ လေးမြတ်စွာ လျှောက်ထားတောင်းပန်ပါသည်-တနိုင်ငံလုံး၏ ကျေး ဇူးတော်အရှင်ဆရာတော်မဟာထေရ်မြတ်ကြီးဘုရား။

လယ်တီဝဏ္ဏိတ။

နယ်လှည့်ဓမ္မကထိက

နိုင်ငံခြားဗုဒ္ဓဘာသာသာသနာပြုအသင်းကြီး

ဒုတိယနာယက။

လယ်တီတိုက်၊ မုံရွာ။

## လယ်တီဆရာတော်ဘုရားကြီးဖြေဆိုချက်
## ဘူမိဘေဒ ၄-ပါး

**နမော ဗုဒ္ဓဿ။** လေးပါးသောအဘိဓမ္မတ္ထတို့တွင်စိတ်သည်ဘူမိဘေဒအားဖြင့် ကာမာဝစရစိတ်, ရူပါဝစရစိတ်, အရူပါဝစရစိတ်,လောကုတ္တရာစိတ်-ဟူ၍လေးပါး၊ ဘူမိဘေဒ-ဟူရာ၌ ဘုံသည်အာရမ္မဏဘုံ, သဟဇာတဘုံ,ဌာနဘုံ, အဝတ္ထာဘုံ ဟူ၍ လေးပါးရှိသည်။

၁။ မဥ္စာအပ်သေးသော အနုသယကိလေသာတို့၏ငှင်း, ဝိပဿနာဉာဏ်တို့၏ငှင်း, အာရုံပြုရာဖြစ်သော ခန္ဓာငါးပါးသည် အာရမ္မဏာဘူမိမည်၏။

၂။ သုခဘူမိယံ ကာမာဝစရ-စသည်ဖြင့်လာသော သုခဝေဒနာဖြစ်ရာဖြစ်သော သုခသဟဂုတ် ၆၃-ခုစသည်သည် သဟဇာတဘုံမည်၏။

၃။ အပါယ်ဘုံ,မနုဿဘုံ-စသော ဩကာသလောကသည်ဌာနဘုံမည်၏။

၄။ တရာတမ်း၌ ပထမဆယ်နှစ်ရွယ်သည် မန္ဒဘူမိမည်၏၊ ဒုတိယဆယ်နှစ်ရွယ်သည် ခိဍ္ဍာဘူမိမည်၏၊ တတိယဆယ်နှစ်ရွယ်သည် ဝဏ္ဏဘူမိမည်၏၊ ထို့အတူ ဗလဒသကအရွယ်သည် ဗလဘူမိမည်၏၊ ပညာဒသက အရွယ်သည် ပညာဘူမိမည်၏-စသည်ဖြင့်ဆိုလေ။

လူအဖြစ်သည် ဂဟဋ္ဌဘူမိ၊ သာမဏေ အဖြစ်သည်ကား-သာမဏေရဘူမိ၊ ထို ၂-ပါးစုံသည် အနုပသမ္ပန္နဘူမိ၊ ရဟန်းအဖြစ်သည် ဥပသမ္ပန္နဘူမိမည်၏၊ ပုထုဇဉ်အဖြစ်သည် ပုထုဇ္ဇနဘူမိမည်၏၊ အရိယာအဖြစ်သည် အရိယာဘူမိမည်၏၊သေက္ခပုဂ္ဂိုလ်အဖြစ်သည် သေက္ခဘူမိမည်၏၊ ရဟန္တာအဖြစ်သည် အသေက္ခဘူမိမည်၏၊သောတာပန်အရိယာအဖြစ်သည် ပထမဘူမိမည်၏၊ သကဒါဂါမ် အဖြစ်သည် ဒုတိယဘူမိ၊ အနာဂါမ်အဖြစ်သည် တတိယဘူမိ၊ ရဟန္တာအဖြစ်သည် စတုတ္ထဘူမိ

မည်၏၊ ဤသို့လျှင်အဆင့်ဆင့်ဖြစ်ပေါ်ကူးပြောင်း၍ရောက်အပ်သော ပရမတ္ထဓမ္မတို့၏ အခိုက်အတန့်ကိုစွဲ၍ခေါ်သောဘုံသည် အဝတ္ထာဘုံမည်၏။

[မဂ်တရား,ဖိုလ်တရားများသည် တဏှာ ၃-ပါး၏ အုပ်စိုးခြင်းမှ လွတ်၍ အဝတ္ထာဘုံခေါ်သည်၊ နိဗ္ဗာန်သည်တဏှာ ၃-ပါး၏ အုပ်စိုးခြင်းမှရင်း, သင်္ခတအဖြစ်မှရင်းလွတ်၍ အဝတ္ထာဘုံခေါ်သည်၊ ကာမဘုံ,ရူပဘုံ,အရူပဘုံခေါ်သည်မှာဌာနဘုံ,အဝတ္ထာဘုံ ၂—ချက်သင့်၏၊ ဌာနလည်း ခြားနားလျက်ရှိပေ၍ ဌာနဘုံလည်း သင့်ပေသည်၊ အုပ်စိုးသောတဏှာ ၃-ပါးလည်း ခြားနားလျက်ရှိပေ၍ အဝတ္ထာဘုံလည်း သင့်ပေသည်။]

### ကာမာဝစရပုဒ်စိစ်ချက်

ကာမာဝစရပုဒ်၌-ကာမပုဒ်, အဝစရပုဒ်, ကာမသည်ကိလေသာကာမ, ဝတ္ထုကာမဟူ၍ ၂-ပါး။

၁။ မဟာနိဒ္ဒေသပါဠိ၌ ဝေဘန်သောသုတ္တန်နည်းအားဖြင့် ကာမတဏှာ,ရူပတဏှာ,အရူပတဏှာဟူ၍ တဏှာရာဂ လောဘအားလုံးသည် ကိလေသာကာမမည်၏။

၂။ တေဘူမကဓမ္မအားလုံးသည် ဝတ္ထုကာမမည်၏။

ကာမာဝစရပုဒ်ကို ဖွင့်ကြသောအဋ္ဌကထာ ဋီကာကြီးငယ်တို့၌ ဤသုတ္တန်နည်းအတိုင်းသာ ဖွင့်ကြကုန်သည်၊ ဖွင့်ကြသော်လည်း စိတ်ကိုဘူမိဘေဒအားဖြင့် ပိုင်းခြားဝေဘန်ရာဌာန၌ ထိုသုတ္တန်နည်းကို မလိုအပ်၊ ရူပ,အရူပတရားများကို ကာမဆိုသောအဘိဓမ္မာပါဠိမရှိ၊ ထို့ကြောင့် ဤအရာ၌ အဘိဓမ္မာနည်းအားဖြင့်—

၁။ ကာမစိတ်စေတုပညာသ, စေတသိက်ဒွေပညာသ,ရုပ်အဋ္ဌဝီသကိုသာ ဝတ္ထုကာမဆိုရမည်။

၂။ ထိုကာမကို သာယာသောတဏှာ လောဘကိုသာ ကိလေသာကာမဆိုရမည်။

ထို ၂-ပါး၏ဖြစ်ထွန်းရာဖြစ်သောကာမဘုံသည် ကာမသော၊ ၂-ပါးသောကာမ၏။ ဘဝေါ၊ ဖြစ်ပွါးရာတည်း။ဣတိ၊ ဤအကြောင်းကြောင့်။ ကာမော၊ ကာမမည်၏-ဟု ဝိဂြိုဟ်ပြု၍ ကာမမည်၏၊ ထိုကာမဘုံသည် ဌာနဘုံ,အဝတ္ထာဘုံ ဟူ၍ ၂-ပါးရှိ၏။

၁။ အပါယ်လေးဘုံ, လူ့ဘုံ,နတ်ပြည်ခြောက်ထပ်, နတ်ဘုံသည် ဌာနကာမဘုံမည်၏။

၂။ ရူပါဝစရဗြဟ္မာဘုံ အတွင်းတွင် ပါဝင်ကုန်သော ဘုံဗိမာန်, ရေကန်ဥယျာဉ်-စသည်တို့သည်၎င်း၊ ရူပဗြဟ္မာတို့၏ ရုပ်ခန္ဓာအစုတို့သည်၎င်း၊ထိုဗြဟ္မာတို့၏သန္တာန်၌ ဖြစ်သောလောဘမူ, မောဟမူ,စက္ခုဝိညာဏ်, သောတဝိညာဏ်, သမ္ပဋိစ္ဆိုင်း,သန္တီရဏ, အာဝဇ္ဇန်းခွေ့, ဟသိတုပ္ပါဒ်, မဟာကုသိုလ်, မဟာကြိယာ စိတ်အစု စိတ်အစဉ်တို့သည်၎င်း အဝတ္ထုကာမဘုံမည်ကုန်၏၊ အရူပဗြဟ္မာတို့၏ သန္တာန်၌ဖြစ်သော လောဘမူ, မောဟမူ, မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်, မဟာကြိယာ စိတ်အစု စိတ်အစဉ်တို့သည် အဝတ္ထု ကာမဘုံမည်ကုန်၏။

ဌာနဘုံ, အဝတ္ထုဘုံ ၂-ပါးတို့တွင်လည်း အဝတ္ထုဘုံသည်သာ ပဓာနပေတည်း။

ကာမပုဒ်စစ်ချက်ပြီး၏။

### အဝစရံပုဒ်စစ်ချက်

အဝစရံဟူသောပုဒ်၌ အဝသဒ္ဒါသည် ရောနှောပေါင်းယှဉ် အကျုံးဝင်ခြင်းအနက်ကိုဟော၏၊ စရသဒ္ဒါသည် ကြင်လည်ခြင်း,ဖြစ်ခြင်း အနက်ကိုဟော၏။

ကာမေ အဝစရတီတိ ကာမာဝစရံ။

**အနက်ကား။** ယံစိတ္တံ၊ အကြင်စိတ်သည်။ကာမေ၊ ဌာနကာမဘုံ, အဝတ္ထုကာမဘုံ ၂-ပါးစုံ၌။ အဝစရတိ၊ တမျိုးတည်း,တနွယ်တည်း ရောနှောသက်ဝင်၍ ကြင်လည်တတ်ဖြစ်တတ်၏။ ဣတိ၊ ဤသို့သော အကြောင်းကြောင့်။ တံစိတ္တံ၊ ထိုစိတ်သည်။ ကာမာဝစရံ၊ကာမာဝစရ စိတ်မည်၏။

ဌာနဘုံ, အဝတ္ထုဘုံဖြစ်သော ကာမဘုံရေးတို့နှင့် ကာမဟုမျိုးတည်း, ကာမတနွယ်တည်းဖြစ်အောင် ရောနှောဖြစ်သော စိတ်ကိုသာ ကာမာဝစရဆိုရမည်၊ ကာမပုဂ္ဂိုလ်သန္တာန်၌ ဥပါဒ်ကာမျှ ဖြစ်ကာမျှနှင့် ကာမာဝစရမဆိုရ-ဟုလိုသည်။

ရူပစိတ်, အရူပစိတ်, လောကုတ္တရာစိတ်များသည် ကာမပုဂ္ဂိုလ် သန္တာန်၌ဖြစ်ပါသော်လည်း ကာမဘဝင်တို့နှင့် တမျိုးတည်း, တန္တယ် တည်းဖြစ်အောင် ရောနှောသက်ဝင်၍ ဖြစ်ကြမည်မဟုတ်ပေ၊ ကာမ မျိုး,ကာမနွယ်မှ ကျွတ်လွတ်၍ အဝတ္ထာဘုံ အသီးတည်ထောင်ကာဖြစ် ကြပေသည်၊ထို့ကြောင့် ထိုစိတ်များကို "ကာမေအဝစရတိ" အနက် နှင့် သက်သက်မဆိုင်ပေရကား-ကာမာဝစရ မခေါ်ရပေ။

ကာမပုဂ္ဂိုလ်သန္တာန်မှာ အသီးတည်ထောင်ကာ ဖြစ်လာသော ထိုအဝတ္ထာဘုံသည် ရူပဘုံ,အရူပဘုံ, လောကုတ္တရာဘုံသာ ဖြစ်ပေရ ကား- ထိုစိတ်များသည် "ရူပေ အဝစရတိ၊ အရူပေ အဝစရတိ၊ အနုတ္တရေအဝစရတိ"အနက်၌သာသက်ဝင်သင့်ပေသောကြောင့် ရူပါ ဝစရစိတ်, အရူပါဝစရစိတ်,လောကုတ္တရာစိတ်ဟူ၍သာ ခေါ်ခွင့်သာ ရှိပေသည်။

ရူပဘုံ,အရူပဘုံတို့၌ဖြစ်ကြသော လောဘမူစိတ်, မောဟမူစိတ် စသည်များသည်လည်း ရူပဘဝင်,အရူပဘဝင်တို့နှင့် တမျိုးတည်း, တန္တယ်တည်းဖြစ်အောင် ရောနှောသက်ဝင်၍ ဖြစ်ကြသည်မဟုတ်ပေ၊ မဟဂ္ဂုတ်မျိုး,မဟဂ္ဂုတ်နွယ်မှ ကျွတ်လွတ်၍ အဝတ္ထာဘုံ အသီးတည် ထောင်ကာဖြစ်ကြပေသည်၊ ထို့ကြောင့် ထိုစိတ်များကို "ရူပေအဝစ ရတိ၊ အရူပေအဝစရတိ" အနက်တို့နှင့် သက်သက်မဆိုင်ပေရကား- ရူပါဝစရ,အရူပါဝစရ မခေါ်ရပေ၊ "ကာမေအဝစရတိ" အနက်၌ သာ ဆိုက်တိုက်လာသည်နှင့် ကာမာဝစရသာ ခေါ်ရပေသည်။

[ကာမမျိုး,ကာမနွယ်မှကျွတ်လွတ်သည်ဟူရာ၌ကာမတဏှာ၏ကြက်စား ရာအာရုံအဖြစ်မှလွတ်သည်ကိုယူ၊မဟဂ္ဂုတ်မျိုး,မဟဂ္ဂုတ်နွယ်မှ ကျွတ်လွတ် သည်ဟူရာ၌လည်း ရူပတဏှာ,အရူပတဏှာတို့၏ ကြက်စားရာအာရုံ အ ဖြစ်မှ လွတ်သည်ကိုယူ။]

ကာမာဝစရ်ပုဒ်စစ်ချက်ပြီး၏။

## ရူပါဝစရ်,အရူပါဝစရ်ပုဒ်စစ်ချက်

ရူပါဝစရ်ပုဒ်, အရူပါဝစရ်ပုဒ်တို့၌လည်း ဤနည်းအတိုင်းဝေဘန် လေ၊ ရူပသဒ္ဒါ,အရူပသဒ္ဒါများသည် ကသိုဏ်းစသော အာရုံကိုရှင်း, ဈာန်ကိုရှင်း, ဈာန်၌သာယာသော တဏှာကိုရှင်း, ထိုတဏှာ၏ကြက် စားရာဘုံကိုရှင်း ဟောသတည်း။

၁။ ရူပစိတ် ၁၅-ခုသည် ဝဋ္ဋရူပမည်၏။

ထိုဝဋ္ဋကို သာယာသော တဏှာသည် ကိလေသရူပမည်၏။

ရူပဿ၊ ၂-ပါးသောရူပ၏။ ဘဝေါ၊ ဖြစ်ပွါးရာတည်း။ ရူပံ၊ ၂-ပါး သောရူပ၏ ဖြစ်ပွါးရာ၊ရူပ ၁၆-ဘုံရ၏။

၁။ ထိုရူပ ၁၆-ဘုံသည် ဌာနရူပဘုံမည်၏။

၂။ ပုဂ္ဂိုလ် သန္တာန်မှာ ဖြစ်ခိုက်သော ရူပဈာန် တရားသည် အဝတ္ထာရူပဘုံမည်၏။

[အရူပမှာလည်း ဤနည်းအတိုင်းခွဲလေ၊ ကာမပုဂ္ဂိုလ်,ရူပပုဂ္ဂိုလ် တို့၌ ဖြစ်ခိုက်သော အရူပဈာန်စုကို အဝတ္ထာ အရူပဘုံယူလေ၊ အဝစရ သဒ္ဒါ၏အနက်ကိုလည်း ဆိုခဲ့ပြီးသောအတိုင်း ကျနအောင်ယူလေ။]

## ဋီကာကျော်ဝါဒ

ဋီကာကျော်တို့၌ကား—

ထိုထိုဘုံ,ပုဂ္ဂိုလ်သန္တာန်၌ ဖြစ်လာကာမျှကို အဝစရအနက်ပြု၍ ဖွင့်ကြကုန်၏၊ ပါဠိတော်ကို သတိမရ၍ ဖွင့်ကြကုန်သည်။

ကတမေ ဓမ္မာ ကာမာဝစရာ၊ ဟေဋ္ဌတော အဝီစိနိရယံ ပရိယန္တံ ကရိတွာ ဥပရိတော ပရနိမ္မိတ ဝသဝတ္တိ ဒေဝေ အန္တော ကရိတွာ ယံ ဧတသ္မိံ အန္တရေ ဧတ္ထာဝစရာ ဧတ္ထပရိယာ ပန္နာ ခန္ဓ။လ။ ဣမေ ဓမ္မာ ကာမာဝစရာ။

ကတမေ ဓမ္မာ ရူပါဝစရာ၊ ဟေဋ္ဌတော ဗြဟ္မလောကံ ပရိယန္တံ ကရိတွာ ဥပရိတော အကနိဋ္ဌေ ဒေဝေ အန္တော ကရိတွာ ယံ ဧတသ္မိံ အန္တရေ ဧတ္ထာဝစရာ ဧတ္ထပရိယာပန္နာ ခန္ဓ။လ။ ဣမေဓမ္မာရူပါဝစရာ။

ကတမေ ဓမ္မာအရူပါဝစရာ၊ဟေဋ္ဌတောအာကာသာနဉ္စာ ယတနုပဂေ ဒေဝေ ပရိယန္တံ ကရိတွာ ဥပရိတော နေဝသညာ နာသညာယတနုပဂေ ဒေဝေ အန္တောကရိတွာ ယံ ဧတသ္မိံ အန္တရေ ဧတ္ထာဝစရာ ဧတ္ထပရိယာပန္နာ ခန္ဓ။လ။ ဣမေဓမ္မာ အရူပါဝစရာ။

[ဓမ္မသင်္ဂဏီပါဠိတော်။]

ပါဠိ ၃-ရပ်တို့တွင်ရှေ့ပါဠိ၌"အန္တောဂကရိတွာ"တိုင်အောင်သော ပါဌ်တို့ဖြင့် ကာမဏ်အရ ဌာနဘုံကိုပိုင်းခြား၍ ပြတော်မူသည်၊"တွေ့ာ ဝစရာ" ဟူသောပါဌ်ဖြင့် သတ္တမီတပ္ပုရိသ်သမာသ်ကို ပြတော်မူသည်၊ "တွေ့ပရိယာပန္နာ"ဟူသောပါဌ်ဖြင့် အဝစရသဒ္ဒါ၏အနက်သွားကို ပြတော်မူသည်၊ ဖြစ်ကာမျှသောဥပ္ပန္နအနက်ကို မလိုအပ်၊ ဖြစ်ရာဘုံ၌ ရှိသောတရားတို့နှင့်အမျိုးတူအန္တယ်တူဖြစ်အောင် ရောနှောဘက်ယှဉ်အ ကျုံးဝင်သောပရိယာပန္နအနက်ကိုယူလေ-ဟူလိုသည်၊နောက်ပါဠိ၂- ချက်တို့၌လည်း ဤနည်းတူယူလေ၊ ပါဠိနှင့်မညီရုံတွင်မက အတ္ထယုတ္တိ လည်းမရှိသောကြောင့် အဗျာပိတဒေါသ, အတိဗျာပိတဒေါသ ဆို ထိုက်လေ၍ ယေဘုယျ ဝုတ္တိနည်းနှင့် အပြီးသတ်ရလေသည်။

[ပယ်ချက်–၂။]

ရူပါဝစရံ,အရူပါဝစရံပုဒ်စစ်ချက်ပြီး၏။

### လောကုတ္တရံပုဒ်စစ်ချက်

လောကုတ္တရံပုဒ်၌-လောကပုဒ်, ဥတ္တရပုဒ်၊ လုဇ္ဇတိပလုဇ္ဇတီတိ လောကော၊ ဖရိုဖရဲ ပြိုကွဲပျက်ပြား ဆုံးပါးကွယ်ပျောက်တတ်သော အနက်ကြောင့် ကာမ,ရူပ,အရူပဟူသော ဥပါဒါနက္ခန္ဓာတရား ငါး ပါးကို လောကဆိုသည်။

> လုဇ္ဇတိ ပလုဇ္ဇတီတိ ခေါ ဘိက္ခု၊ တသ္မာ လောကောတိ ဝုစ္စတိ၊"သံယုတ်ပါဠိတော်"၊လုဇ္ဇတီတိဘိဇ္ဇတိ၊"အဋ္ဌကထာ"၊ လောကသဒ္ဒါ အနိစ္စပရိယာယ်။

နိစ္စဟူသောမိစ္ဆာသည် ဥပါဒါနက္ခန္ဓာတို့၌သာ ရောက်နိုင်လေရ ကား-ထိုမိစ္ဆာကိုပါယ်ခြင်းငှါ ဥပါဒါနက္ခာကိုသာလောကဟုဆိုအပ် သည်၊ဥပါဒ်,ဌီ,ဘင် အထင်အရှားရှိ၍ ပျက်စီးခြင်းသဘောရှိပါသော် လည်း လောကုတ္တရာစိတ်များကို လောကဟု မဆိုရပေ၊ တယောက် သောပုဂ္ဂိုလ်၏ သန္တာန်၌ ခန္ဓာ ၅-ပါးသည် လောက ၅-ခုမည်၏၊ လူငါးယောက်မည်၏။

စက္ခုသည် တလောကတည်း, လူတယောက်တည်း၊ သောတသည် တလောက,လူတယောက်-စသည်ဖြင့် အာယတနလောက ၁၂-ပါး, လူ ၁၂-ယောက်၊ ဓာတ်လောက ၁၈-ပါး,လူ ၁၈-ယောက်၊ ရုပ်ကလာပ်တခုကိုတလောကပြု၍ ရေတွက်သော် သတ္တဝါတကောင်ဟူရာမှာ လူပေါင်းလောကပေါင်း အနန္တ၊ ပထဝီသည်တလောက၊ အာပေါသည် တလောက-စသည်ဖြင့်ရေတွက်သော် ရုပ်ကလာပ်တခုတွင်ပင် လူပေါင်းလောကပေါင်း ရှစ်ခု,ကိုးခု,ဆယ်ခု—စသည်ဖြစ်၏။

ဖဿသည် တလောက၊ ဝေဒနာသည် တလောက၊ သညာသည်, စေတနာသည်,ဝိတက်သည်, ဝိစာရသည်, မောဟသည်,လောဘသည်, ဒေါသသည်,သဒ္ဓါသည်,သတိသည် တလောက-စသည်ဝေဘန်လေ၊လူပေါင်းအနန္တ စုမိကြမှ လူတယောက်သာခေါ်သည်၊တယောက်တည်းအမှန်ဖြစ်၍ခေါ်သည်မဟုတ်၊ဤဥပါဒါနက္ခန္ဓာ ၅-ပါးဟူသောလောက ၃-ပါးသည်ကား-အာသဝတရား ၄-ပါးတို့၏ဖြစ်ပွါးရာ အာရုံအစုဖြစ်ခဲ့၍ သာသဝမျိုး, သာသဝနွယ်သာတည်း။

လောကပုဒ်စစ်ချက်ပြီး၏။

## ဥတ္တရပုဒ်စစ်ချက်

ဥတ္တရသဒ္ဒါသည် လွန်မြောက်ခြင်းအနက်ကိုဟော၏၊ သာသဝဓမ္မတို့၏ သန္တာန်၌ဖြစ်ကုန်ငြားသော်လည်း ထိုသာသဝဓမ္မတို့၏ သာသဝမျိုး,သာသဝနွယ်ကိုလွန်၍ အနာသဝဟူသော အဝတ္ထာဘုံသည် အသီးတည်ထောင်၍ဖြစ်ကြပေကုန်ရကား-လောကတော၊ လောက ၃-ပါးမှ၊ဥတ္တရံ၊လွန်မြောက်သည်တည်း-ဟု ဝိဂြိုဟ်ပြု၍ မဂ်စိတ်,ဖိုလ်စိတ်တို့ကို လောကုတ္တရာခေါ်သည်။

[ယခုဆိုခဲ့ပြီးသော ပါဠိတော်နည်းမှတပါး ဤဏ်ရှိတိုင်းဆိုကြသော ဝိဂြိုဟ်များကို ဋီကာတို့မှယူလေ။]

သာသပ္ပမုခဋ္ဌော မံသော၊
ဇေဂုဋ္ဌော၀ ယထာတထာ။
သာသဝါပိ ဓမ္မာ တသ္မာ၊
နာသဝတ္ထံ ပရိဗ္ဗဇေ။ ။

**ဂါထာအနက်ကား။** သာသပ္ပမုခဋ္ဌော၊ ခွေး၏ခံတွင်း, အဆိပ်ထိ သောမြွေ၏ခံတွင်း၌တည်သော။ မံသော၊ အသားဟင်းလျာတိုးသည်။ ဇေဂုစ္ဆောဝေယထာ၊စက်ဆုပ်အပ်သည်သာလျှင် ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။သာသဝါဓမ္မာပိ၊ခွေးမြွေတမျှအာသဝတို့၏ခံတွင်း၌တည်ကုန် သော တေဘူမကတရားတို့သည်လည်း။ ဇေဂုစ္ဆာဝေ၊ စက်ဆုပ်အပ် ကုန်သည်သာလျှင်တည်း။တသ္မာ၊ထို့ကြောင့်။ ဝိညူ၊ပညာရှိသည်။အနာ သဝတ္ထံ၊အနာသဝတရားကိုရခြင်းအကျိုးငှါ။ ပရိဗ္ဗဇေ၊ကျင့်ရာ၏။

ခွေးငုံ၍ထားသော အမဲသားသည် ခွေး၏လျှာရည်တံတွေးနှင့်ရော သည်ဖြစ်၍ စက်ဆုပ်ဘွယ်သာဖြစ်၏၊ အဆိပ်ထန်သော မြွေငုံ၍ထား သောအမဲသားသည် မြွေ၏လျှာရည်တံတွေးနှင့်၎င်း, မြွေဆိပ်နှင့်၎င်း ရောသည်ဖြစ်၍ စက်ဆုပ်ဘွယ်သာဖြစ်၏၊ ထို့အတူ သာသဝတရား၏ အာရုံဖြစ်၍ ခံတွင်း၌တည်သည်ဟု ဆိုအပ်ကုန်သော လူ့ဘဝ လူ့စည်း စိမ်, နတ်ဘဝနတ်စည်းစိမ်, ဗြဟ္မာ့ဘဝဗြဟ္မာ့စည်းစိမ် တို့သည်လည်း အရိယာ မျက်စိအမြင်ရှိကုန်သောသူတို့၏ စက်ဆုပ်ဘွယ်တို့သာတည်း၊ ထို့ကြောင့် ထိုတရားတို့ကိုစွန့်၍ အနာသဝတရားတို့ကိုရခြင်းငှါ လွန် စွာ အားထုတ်ရာ၏-ဟုလိုသည်၊

လောကုတ္တရာရုံပုဒ်စစ်ချက်ပြီး၏။

ဘူမိဘေဒ ၄-ပါးပြီး၏။

---

## အကုသိုလ်စိတ် ၁၂-ခု

### အကုသိုလ်စစ်ချက်

အကုသိုလ်စိတ်၌-မောဟစသည်တို့သည် သဒ္ဒါစသည်တို့နှင့် ဖြောင့် ဖြောင့်ဆန့်ကျင်ဘက်ဖြစ်ကြကုန်၏၊ထို့ကြောင့် ထိုမောဟစသော စေ တသိက် ၁၄-ပါးတို့သည်သာ အကုသိုလ်အစစ်တို့မည်ကုန်၏၊စိတ်မှာ ထိုအကုသိုလ်အစစ်တို့နှင့်ယှဉ်မိ၍သာ အကုသိုလ်မည်သတည်း၊ ဖဿစ သော အညသမာန်း ၁၃-ခုတို့၏အမှုအရာသည် သာဝဇ္ဇလည်းမဟုတ်၊ အနဝဇ္ဇလည်းမဟုတ်၊ ထို့အတူ စိတ်၏စိန္တန အမှုအရာသည်လည်း သာဝဇ္ဇလည်းမဟုတ်၊အနဝဇ္ဇလည်းမဟုတ်၊ရှေး၌ဆိုခဲ့ပြီးသော ရေဥပ

မာကဲ့သို့ မောဟစသော ကေန္တသာဝဇ္ဇဓမ္မတို့နှင့်ပေါင်းမိသောအခါ ထိုသာဝဇ္ဇဓမ္မတို့၏အကြီးအမှူး ဦးစီးဦးကိုင်ဖြစ်၏၊သဒ္ဓါစသောကေန္တ အနဝဇ္ဇဓမ္မတို့နှင့် ပေါင်းမိသောအခါ ထိုအနဝဇ္ဇဓမ္မတို့၏ အကြီးအမှူး ဦးစီးဦးကိုင်ဖြစ်၏၊ ထို့ကြောင့် စိန္တနကြိယာဖြစ်သော ဤစိတ်သည် ဖဃစသည်တို့ကဲ့သို့ အညသမာန်းသက်သက်သာတည်း။

[ဝေဒနာ, ဒိဋ္ဌိ,လောဘ, ပဋိဃ,မောဟ, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စတို့၏ ဝစ နတ္ထလက္ခဏာစသည်ကို နောက်မှဆိုပေအံ့။]

အကုသိုလ်စစ်ချက်ပြီး၏။

### သသင်္ခါရိကံ,အသင်္ခါရိကံပုဒ်အနက်စစ်ချက်

အသင်္ခါရိကံပုဒ်၌ နသင်္ခါရဖြစ်ခြင်းအနက်ဟော၊သင်္ခါရသဒ္ဒါ၌ဥပါယ အနက်,ပယောဂအနက်ဟော၊ဣကသဒ္ဒါ၌ဥပ္ပန္နအနက်ဟော၊သသင်္ခါရိ ကံပုဒ်၌ သဟသဒ္ဒါတက္ကဟူသော သမဝါယအနက်ဟော၊ သင်္ခါရသဒ္ဒါ ဥပါယအနက်,ပယောဂအနက်ဟော၊ဣကသဒ္ဒါ၌ဥပ္ပန္နအနက်ဟော၊ဖြစ် ခွင့်ဆိုက်ပါလျက် ဖြစ်ခြင်းငှါမဝံ့ဘဲ တွန့်၍နေသောစိတ်အစဉ်ကို မတွန့် မနစ်ဖြစ်စေခြင်းငှါ ဖြစ်ထိုက်သောအကြောင်းနှင့် နှိုးဆော်တိုက်တွန်း ခြင်းအမှုသည် ပယောဂလည်းမည်၏၊ ဥပါယလည်းမည်၏၊ ထိုအမှုကို သင်္ခါရဆိုပေသည်၊တရားကိုယ်အားဖြင့်ကား-စေတနာလည်းသင့်ပါ၏၊ ဝါယာမလည်းသင့်ပါ၏။

ထိုသင်္ခါရသည် နောက်၌ဖြစ်သော သသင်္ခါရိကစိတ်နှင့် သန္တာန် တူလည်းရှိ၏၊သန္တာန်ကွဲလည်းရှိ၏။

၁။ ကောင်းမှုအရာ၌၎င်း, မကောင်းမှုအရာ၌၎င်း ပြုခွင့်ဆိုက်ပါ လျက် မပြုလိုဘဲ တွန့်တိုဆုတ်နစ်၍နေသောအခါ မိမိကိုယ်ကို မိမိတိုက်တွန်းမှု ထမြောက်သည်ကား- သန္တာန်တူပေတည်း။

၂။ သူတပါး တိုက်တွန်းမှု ထမြောက်သည်ကား - သန္တာန်ကွဲ ပေတည်း။

သဟ သင်္ခါရေန ယော ဝတ္တတီတိသသင်္ခါရော။ ။ယောပစ္စယဂဏော၊ အကြင်စိတ်ဖြစ်ရန် အကြောင်းအပေါင်းသည်။ သင်္ခါရေန၊ ပုဗ္ဗပယော

ဂဟုဆိုအပ်သော သင်္ခါရနှင့်။ သဟ၊ တကွ။ ဝတ္တတိ၊ဖြစ်၏။ ဣတိ၊ ထို့ကြောင့်။သောပစ္စယဂဏော၊ထိုစိတ်ဖြစ်ရန် အကြောင်း အပေါင်း သည်။သသင်္ခါရော၊သသင်္ခါရမည်၏။

အကြောင်းအပေါင်းဟူသည်ကား - ကုသိုလ်အရာ၌ သပ္ပုရိသူပနိဿယစသော အကြောင်းအပေါင်း, အကုသိုလ်အရာ၌ အသပ္ပုရိသူပနိဿယစသော အကြောင်းအပေါင်းပေတည်း၊ ဤအကြောင်း အပေါင်းသည် ရံခါ သင်္ခါရမကူဘဲနှင့်ပင် ကုသိုလ်စိတ်, အကုသိုလ်စိတ်တို့ကို ဖြစ်စေနိုင်သည်၊ ရံခါမူကား–သင်္ခါရကူပါမှ ကုသိုလ်စိတ်, အကုသိုလ်စိတ်တို့ကို ဖြစ်စေနိုင်သည်။

၁။ သင်္ခါရကူပါမှ ဖြစ်စေနိုင်သောအခါထိုအကြောင်းအပေါင်း သည် သသင်္ခါရမည်၏။

၂။ သင်္ခါရမကူဘဲ သက်သက်အားဖြင့်ပင် ကုသိုလ်စိတ်,အကုသိုလ် စိတ်တို့ကို ဖြစ်စေနိုင်သောအခါ အသင်္ခါရမည်၏။

နတ္ထိ သင်္ခါရော ဧတဿာတိ အသင်္ခါရော၊ ဧတဿ၊ ထိုစိတ်ဖြစ်ရန် အကြောင်းအပေါင်းအား။ သင်္ခါရော၊ အကူအပံ့ဖြစ်သော သင်္ခါရ သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ထို့ကြောင့်။ အသင်္ခါရော၊ အသင်္ခါရမည်၏။ (ဝိဂြိုဟ်။)ဤသို့လျှင် ပုဗ္ဗပယောဂဟု ဆိုအပ်သော သင်္ခါရနှင့်တကွဖြစ် သည် မဖြစ်သည်ဟူသောအချက်၊သင်္ခါရရှိသည်, မရှိသည်ဟူသော အ ချက်များသည် ပကတိအကြောင်းအပေါင်း၌သာဆိုထိုက်သောအချက် စုပေတည်း။

သက်သေကား–

သဟ သင်္ခါရေနာတိ သသင်္ခါရော၊တေန သသင်္ခါရေန သပ္ပ- ယောဂေန သဥပါယေန ပစ္စယဂဏေနာတိ အတ္ထော။ [အဋ္ဌသာလိနီ။]

သသင်္ခါရေန ဥပ္ပန္နံ သသင်္ခါရိကံ။ ။ယံစိတ္တံ၊ အကြင်စိတ်သည်။ သသင်္ခါရေန၊ အကူအပံ့ သသင်္ခါရနှင့်တကွဖြစ်သော အကြောင်း အပေါင်းကြောင့်။ဥပ္ပန္နံ၊ ဖြစ်ပေါ်လာသည်တည်း။ ဣတိ၊ထို့ကြောင့်။ တံစိတ္တံ၊ထိုစိတ်သည်။ သသင်္ခါရိကံ၊သသင်္ခါရိကမည်၏။

အသင်္ခါရေန ဥပ္ပန္နံ အသင်္ခါရိကံ။ ။ယံစိတ္တံ၊အကြင်စိတ်သည်။အသင်္ခါရေန၊အကူအမ သင်္ခါရမဟုတ် သက်သက်သောအကြောင်းအပေါင်းကြောင့်။ဥပ္ပန္နံ၊ဖြစ်ပေါ်သည်တည်း။ ဣတိ၊ထို့ကြောင့်။ တံစိတ္တံ၊ထိုစိတ်သည်။အသင်္ခါရိကံ၊အသင်္ခါရိကမည်၏၊ဤသို့ဋီကာပစ္စည်းကို အသီးထုတ်၍ ဥပ္ပန္နတဒ္ဓိတ်ဆိုမှ စိတ်ကိုရထိုက်ပေသတည်း။

သက်သေကား—

ယသ္မိံ သမယေ ကာမာဝစရံ။ လ။ စိတ္တံ ဥပ္ပန္နံ ဟောတိ သသင်္ခါရေန။

[ဓမ္မသင်္ဂဏီပါဠိတော်။]

## ဋီကာဝါဒများ

ဋီကာတို့၌ကား—

ဤအဋ္ဌကထာပါဠိများကို သတိမမူကြကုန်မူ၍ သဟနှင့် သင်္ခါရ-ပထမဝိဂြိုဟ်တွင်ပင် စိတ်ကိုအရပြုခြင်း၊ နောက်၌ဖြစ်သောစိတ်နှင့်ရှေ့၌ရင်း,သန္တာနက်ွဲ၌ရင်း ဖြစ်သော ပုဗ္ဗပယောဂကို သဟအနက် အပြိုင်ခက်သောကြောင့် နောက်စိတ်၏ထက်သည်၏ အဖြစ်တည်းဟူသော တိက္ခဘာဝကို သင်္ခါရအမည်ပေးခြင်း၊ဋီကာပစ္စည်းကို အနက်မရှိပြုခြင်းများသည် ဋီကာဆရာ ၃—ပါးတို့ ညဏ်သွား ချော်ချက်စုသာတည်း။

[ပါယ်ချက်-၃။]

သသင်္ခါရိကံ,အသင်္ခါရိကံပုဒ်အနက်စစ်ချက်ပြီး၏။

## သမ္ပယုတ်,ဝိပ္ပယုတ်စစ်ချက်

လောဘမူစိတ်၌ စေတသိက် ၂၂-ယှဉ်၏။ ဒေါသမူစိတ်၌လည်း ၂၂-ပင်၊ မောဟမူ၌ ၁၆၊ လောဘမူယှဉ် ၂၂-တွင် ပီတိ,ဒိဋ္ဌိ, မာန,ထိန, မိဒ္ဓ၊ ဤ ၅-ခုသည် အချို့ယှဉ်သည်သာတည်း၊ အကြွင်း ၁၇-ခုသည် အကုန်ယှဉ်ပေတည်း၊ အချို့ယှဉ် ငါးခုတွင်လည်း မာန ထိန, မိဒ္ဓ၊ ဤ ၃-ခုသည် ရံခါယှဉ်သတည်း၊ အမြဲယှဉ်မဟုတ်၊ ဒေါသမူယှဉ် ၂၂-တွင်လည်း ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန,မိဒ္ဓ၊ ဤ ၅-ခုသည် ရံခါယှဉ်သတည်း။

အချို့ယှဉ်,ရုံခါယှဉ်ဟူသမျှသည် စိတ်ကိုအထွေအပြားများအောင် အထူးပြုနိုင်သည်ချည်းတည်း။

ပြပုံကား—

၁။ ဒိဋ္ဌိသည် အချို့ယှဉ်ဖြစ်၍ ယှဉ်သောစိတ်သည် ဒိဋ္ဌိဂတသမ္ပယုတ်, မယှဉ်သောစိတ်သည် ဒိဋ္ဌိဂတဝိပ္ပယုတ် ၂-ထွေထုတ်ရသကဲ့သို့ အချို့ယှဉ်ပြန်သော ပီတိအတွက်နှင့်လည်း ပီတိသမ္ပယုတ်,ပီတိဝိပ္ပယုတ် ၂-ထွေထုတ်ခွင့်ရှိသည်။

၂။ အချို့ယှဉ်,ရုံခါယှဉ်ဖြစ်သောမာန, ထိန, မိဒ္ဓ တို့အတွက်နှင့်လည်း မာနသမ္ပယုတ်, မာနဝိပ္ပယုတ်, ထိနမိဒ္ဓသမ္ပယုတ်, ထိနမိဒ္ဓဝိပ္ပယုတ် ၂-ထွေထုတ်ခွင့်ရှိသည်။

၃။ ဒိဋ္ဌိဝိပ္ပယုတ် ၄-ခုသည်ပင် မာနသမ္ပယုတ် ၄-ခု၊ မာနဝိပ္ပယုတ် ၄-ခုဖြစ်ပေလတ့်။

၄။ သသင်္ခါရိက ၄-ခုသည်ပင် ထိန, မိဒ္ဓသမ္ပယုတ် ၄-ခု၊ ထိန, မိဒ္ဓဝိပ္ပယုတ် ၂—ခုဖြစ်လာလတ့်။

၅။ ဒေါသမူဒွေသည်လည်း ဣဿာသမ္ပယုတ် ၂—ခု၊ဣဿာဝိပ္ပယုတ် ၂-ခု၊မစ္ဆရိယသမ္ပယုတ် ၂-ခု၊ မစ္ဆရိယဝိပ္ပယုတ် ၂-ခု၊ကုက္ကုစ္စသမ္ပယုတ် ၂-ခု၊ကုက္ကုစ္စဝိပ္ပယုတ် ၂—ခု ဖြစ်လာလတ့်။

၆။ သသင်္ခါရိကတခုပင်လျှင် ထိန,မိဒ္ဓ၊ သမ္ပယုတ် ၁-ခု၊ထိန, မိဒ္ဓဝိပ္ပယုတ် ၁-ခုဖြစ်လာလတ့်။

### မေးမြန်းဘွယ်

မေး။ ဤသို့စိတ်ကို အထွေအပြားများအောင် အထူးပြုတတ်ကုန်သော သမ္ပယုတ်တရားတို့သည် များစွာရှိကြပါကုန်လျက် အဘယ့်ကြောင့် လောဘမူမှာဝေဒနာနှင့် ဒိဋ္ဌိကိုသာ၊ဒေါသမူမှာဝေဒနာနှင့် ပဋိဃကိုသာ၊ မောဟမူမှာဝေဒနာ, ဝိစိကိစ္ဆာ,ဥဒ္ဓစ္စတို့ကိုသာ သဟဂုတ်သံ,သမ္ပယုတ်သံနှင့်ဝေဘန်ထုတ်ဆိုလေသနည်း-မေးရန်။

ဖြေ။ ဝေဒနာသည် ခံမှုစံမှုဖြစ်ပေ၍ အလွန်ထင်ရှားသဖြင့် ခန္ဓာ ငါးပါးအသီးထား၍ ရှုရန်တရားလည်း ဖြစ်ပေသည်၊သူမှ ပြားသော သုခသဘော,ဒုက္ခသဘောစသည်တို့သည်လည်း အသီးအသီး ထင်ရှားကြကုန်သည်၊ ထို့ကြောင့် စိတ်ကို ဝေဒနာအပြားနှင့်ဘက်တွဲ၍အထွေအပြားဝေဘန်ပေသည်၊ ဝေဒနာသင်္ဂဟ,တသင်္ဂဟထုတ်ရလေသည်၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာ တို့သည် မဂ်ဖြင့်ပယ်ခဏ်းသို့ရောက်သောအခါပထမမဂ်၏ အသီးဝေပုံကျဖြစ်၍ မဂ်တို့၏အစွမ်းအထူးကိုပြရာ၌ အစဉ် ထင်ရှားကြပေကုန်သည်၊ ထို့ကြောင့် ပဟာတဗ္ဗဖြစ်သော အကုသိုလ်စိတ်ကိုဒိဋ္ဌိဝိစိကိစ္ဆာတို့နှင့်အသီးဝေဘန်ပေသည်။

ပဋိဃသည်လည်း တတိယမဂ်၏ ဝေပုံကျပေတည်း၊ ဥဒ္ဓစ္စမှာမူကား အကုသိုလ်အကုန်နှင့်ဆက်ဆံသည်ဖြစ်၍၎င်း, အကြွင်းမရှိပယ်ခဏ်းသို့ ရောက်မှ ပယ်ရပါလေသည်ဖြစ်၍၎င်း ယှဉ်ခဏ်း,ပယ်ခဏ်းတို့၌အထူး ထွက်သောတရားမဟုတ်ပေ၊ထိုသို့မဟုတ်သော်လည်း အထူးအားရှိရာ အတွက်ကိုပြလို၍ ဥဒ္ဓစ္စသမ္ပယုတ်အသီးထုတ်လေသည်။

ပီတိ,မာန,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ,ထိန,မိဒ္ဓ၊၌ ၇-ပါးတို့တွင် ပီတိသည် သောမနဿ၏ နောက်လိုက်ဖြစ်ပေသည်၊ထို့ကြောင့်ဝေဒ နာဘေဒနှင့်ပင်ပြီးတော့သည်၊ မာန,ထိန,မိဒ္ဓတို့အတွက်နှင့်သမ္ပယုတ် ဝိပ္ပယုတ် ၂-ထွေထုတ်သင့်ပါသော်လည်း သမ္ပယောဂ အစီအရင်တွင် မာန,ဝိပ္ပယုတ်,ထိန,မိဒ္ဓ ဝိပ္ပယုတ်တွင် ဘယ်တရားယှဉ်သည်ဟု အထူး စီရင်မှုလည်းမရှိ၊မဂ်ဖြင့်ပယ်ခဏ်းတွင် သမ္ပယုတ်ကိုဘယ်မဂ်ပယ်သည်၊ ဝိပ္ပယုတ်ကို ဘယ်မဂ်ပယ်သည်-ဟု အထူးပယ်ချက်လည်းမရှိ၊ ထို့ ကြောင့် ထိုတရားတို့ကို အပြားဘေဒအမှု၌ ဂရုမစိုက်လေသည်။

ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စတို့သည်ကား-အာရုံအများနှင့်ဆက်ဆံ သော တရားစုမဟုတ်၊ မိမိတို့ဆိုင်ရာ အာရုံအနည်းငယ်မျှသာ ဆက်ဆံ ကြကုန်သည်၊ ထို့ကြောင့် ထိုတရားတို့ကို အပြားဘေဒမှု၌ ဂရုမစိုက် လေသည်၊ ဆိုခဲ့ပြီးသော အကြောင်းတို့ကြောင့်ပင်လျှင် ပါဠိတော်၌ လည်း ထိုမာန,ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ တို့ကို ''ယေဝါပနက''အဖြစ်နှင့် ဟောတော်မူသည်။

### မေးဖြန်းဘွယ်

မေး။ စိတ်တို့ကိုမည်သည့်စိတ်, မည်သည့်စိတ်ဟု အမည်တခု ထားရန် အထွေအပြားပြု၍ ဝေဘန်သော အမှုသည် အ ရာတပါး, ဌာနတပါးသို့ရောက်လျှင်လည်း ဝေဘန်ခွဲခြမ်း မှုအစဉ်၌ တွင်ကျယ်လောက်မှ ဝေဘန်ရသည်၊မာနစသည် တို့သည် အမြဲယှဉ်သော နိယတယောဂီမဟုတ်ကြ၍ သမ္ပ ယောဂမှု၌ မထွက်ရကုန်သည် မဟုတ်လော-ဟူမူ။

ဖြေ။ ဒိဋ္ဌိသမ္ပယုတ်အသီးထုတ်ချက်ရှိ၍သာ ဒိဋ္ဌိသည် သမ္ပယုတ်မြဲ သည်-ဟု ဆိုရသည်၊ ထို့အတူ မာနသမ္ပယုတ် အသီးထုတ် ပေလျှင် မာနသည်မာနသမ္ပယုတ်စိတ်၌ အမြဲယှဉ်သည်-ဟု ဆိုရသည်ပင်၊ ဣဿာစသည်တို့၌လည်း ဤအတူ။

### ဋီကာကျော်ဝါဒ

ဋီကာကျော်၌ကား—

"ဝေဒနာ, ဒိဋ္ဌိ, ပဋိဃ, သင်္ခါရ, ဝိစိကိစ္ဆာတို့သည်သာလျှင် အချို့စိတ်၌ ယှဉ်ခြင်း၊အချို့စိတ်၌မယှဉ်ခြင်း အထူးရှိကြကုန်၍ စိတ်ကို အထွေအပြား ပြုနိုင်ကြကုန်၏၊ သည်မှ တပါးသော တရားတို့သည် မပြုနိုင်ကြကုန်၊ ယှဉ်ခြင်း,မယှဉ်ခြင်း အထူးရှိ ကြကုန်သည်မှာလည်း ယှဉ်ဘို့အကြောင်း, မယှဉ်ဘို့ အ အကြောင်းအသီးအသီးဖြစ်ကြ၍ အထူးရှိကြကုန်သည်"—

ဟု အကျယ်ဆိုပေ၏၊ ပီတိ, မာန, ထိန, မိဒ္ဓစသည်တို့သည်လည်း အချို့စိတ်၌ယှဉ်ခြင်း, အချို့စိတ်၌ မယှဉ်ခြင်းအထူးရှိကြကုန်သည်ပင်၊ အကြောင်းလည်း အသီးအသီးအထူးရှိကြကုန်သည်ပင်၊ စိတ်ကိုလည်း မာနသမ္ပယုတ္တ,မာနဝိပ္ပယုတ္တ စသည်ဖြင့် အထူးပြုနိုင်ကြကုန်သည်ပင်၊ ထို့ကြောင့် ဋီကာကျော်အဖွင့်ကို အသင့်ဟုမယူသာချေ။

[ပယ်ချက် ၄။]

ဒေါသမူဒွေမှာလည်း ဝေဒနာအတွက်, သမ္ပယုတ်အတွက်အထွေ အပြားမရှိပါဘဲလျက် ဒေါမနဿ သဟဂတံ,ပဋိဃသမ္ပယုတ္တံ ဆိုရပြန် သည်မှာ—

၁။ မင်းတို့သည် ပျော်မြူးကုန်လျက် အသက်သတ်မှုကိုစေခိုင်းသော အခါ၌၎င်း, လုလင်ပျိုတို့သည် ပျော်မြူးကုန်လျက် သူ့အသက် သတ်မှုကို ပြုကြကုန်သော အခါ၌၎င်း, မိစ္ဆာအယူရှိသော သူတို့သည် အသက်ကို သတ်ညှစ်၍ယဇ်ပူဇော်ရာ နှစ်သက်ကြ သောအခါ၌၎င်း, သောမနဿဇောတို့၏အလယ်၌ အနည်းငယ်မျှဖြစ်ကြကုန်သော ပါဏာတိပါတမှုတို့သည် သောမနဿ နှင့်သော်၎င်း, ဥပေက္ခာနှင့် သော်၎င်း ယှဉ်ကုန်ရာသည်-ဟု ယူရန်ရှိသည်လည်းတကြောင်း,

၂။ ဆိုခဲ့ပြီးသောမိစ္ဆာလူညစ်တို့ ယဇ်ပူဇော်မှု၌၎င်း, အချို့သော ကုလားလူမျိုးတို့ကဲ့သို့ တိရစ္ဆာန်ကို သတ်ကောင်း၏၊ ချွတ် သည်မည်၍ ကောင်းမှုအထူးဖြစ်၏-ဟူသော မိစ္ဆာအယူနှင့် ကုသိုလ်ရအောင် သတ်ကြရာ၌၎င်း, ပါဏာတိပါတမှုသည် မိစ္ဆာဒိဋ္ဌိ ယှဉ်လေရာသည်-ဟု ယူရန်ရှိသည်လည်းတကြောင်း,

၃။ သေခွင့်ဆိုက်ပြီး ဒုက္ခကြီးစွာမြင်ရရာ၌ ကြင်နာလှထွေ မြန်မြန် သေမှု ကောင်းလေ၏-ဟု အကြံဖြစ်ရာ၌၎င်း, သေတည့်စိမ့်ငှါ ဝါစာကာယ ပယောဂမှု လုလ္လပြုရာ၌၎င်း ကရုဏာဇောတို့၏ အလယ်၌ အနည်းငယ် ဖြစ်လေသော ဝိဟေသ ဇောစုသည် ကရုဏာနှင့်ပင် ယှဉ်လေရာသည်-ဟု ယူရန် ရှိသည်လည်း တကြောင်း,

သို့အကြောင်းများကြောင့် ထိုသောမနဿဝေဒနာ-ဥပေက္ခာဝေ ဒနာတို့ကို၎င်း, ထိုမိစ္ဆာဒိဋ္ဌိကရုဏာတို့ကို၎င်း ပယ်ခြင်း-နှစ်စေခြင်း ငှါဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ်တို့ကို ဖေါ်ထုတ်၍ ဆိုပြန်ရ သတည်း။

ဒေါမနဿနှင့် ပဋိဃတို့၏ အဝိနာဘာဝကိုပြလို၍ ဆိုသည်-ဟူ သော ဋီကာကျော်၌လည်း ဤနည်းနှင့်လိုက်အောင်ယူလေ၊ စင်စစ် အားဖြင့်မူကား- စိတ်ကိုအထူးပြုခွင့်ရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ၊ ဝေဒနာမည်သည် အစွဲအလမ်းအလွန်ကြီးရာဌာနဖြစ်၍ အသီးရှုထိုက် သော တရားဖြစ်ပေရကား-စိတ်တိုင်းမှာပင် ဝေဒနာယောဂကို မလွှတ်

ရရှိသည်နှင့် ဒေါမနဿသဟဂုတ်ကို ထုတ်ရလေသည်၊ ထို့ကြောင့် မဟုတ်လော၊ မောဟမူဒွေ့, စက္ခုဝိညာဏ်ဒွေစသော စိတ်တကာ စိတ်တိုင်းမှာပင် ဝေဒနာကိုမလွှတ်နိုင်ဘဲ အမြဲမူတည်ရလေသည်။

ဒေါသသည် ပူပြင်းသောတရားဖြစ်ခဲ့၍ ဒေါသနှင့်ယှဉ်သောစိတ်၌ ဝေဒနာသည် ဥပေက္ခာသဘောအနေနှင့်ပင်မတည်နိုင်၊ သောမနဿ အနေမှာ ဝေးလှစွာ၏၊ထို့ကြောင့် ဤစိတ်၌ဒေါမနဿဝေဒနာမြဲလေ သတည်း။

၁။ မောဟမူဒွေ၌ကား- ရှေးစိတ်တို့၌ လောဘ, ဒေါသမင်းမူရာ ဖြစ်၍ မောဟသည် မေ်ခွင့်မရ၊ ဤစိတ် ၂၃-၌သာမေ်ခွင့်ရ သည်နှင့် အဆမတန်တွေဝေ ထိုင်းမှိုင်းသောမောဟနှင့် ယှဉ် သည်လည်း တကြောင်း,

၂။ အာရုံ၌တည်တံ့ခြင်းမရှိဘဲ အမြဲလှုပ်ရှား လွင့်ပါး၍နေသော ဝိစိကိစ္ဆာ,ဥဒ္ဓစ္စတို့နှင့်ယှဉ်ရသည်လည်းတကြောင်း။

သို့အကြောင်းများကြောင့် ၂-ပါးသော ဤစိတ်သည် ဣဋ္ဌ,အနိဋ္ဌ၌ ပင်ရှုင်ခြင်း,ညှိုးခြင်း ကင်းတုံသမှု လျစ်လျူရှုသော ဥပေက္ခာဝေဒနာ နှင့်သာယှဉ်လေသည်။

သမ္ပယုတ်,ဝိပ္ပယုတ်စစ်ချက်ပြီး၏။

### သင်္ခါရစစ်ချက်

သင်္ခါရအပြားကိုမဆိုသည်မှာ ပါဠိတော်၌ မလာ၍မဆိုသည်၊ပါဠိ တော်၌ လောဘမူစိတ်, မဟာကုသိုလ်စိတ်တို့မှာပင် အသင်္ခါရဟူ၍ အဟောမရှိ၊ နောက်နောက်စိတ်၌ သသင်္ခါရေန-ဟု ဟောတော်မူ သည်ကိုထောက်၍ ရှေးရှေးစိတ်ကို အဝုတ္တသိဒ္ဓိနည်းအားဖြင့် အသင်္ခါ ရိကခေါ်ကြရသည်။

မောဟမူဒွေသည်လည်း ထိုအဝုတ္တ သိဒ္ဓိနည်းအဝင်-အသင်္ခါရိက သက်သက်ဟု ယူရမည်၊သင်္ခါရဝိမုတ်ဟု မယူသင့်။

သက်သေကား—

ပဋိစ္စသမုပ္ပါဒနိဒ္ဒေသ၌ အဝိဇ္ဇာ၏အပြားကိုဆိုရာဝယ် သသင်္ခါရ, အသင်္ခါရအားဖြင့် ၂-ပါးရှိကြောင်းကိုသာအဋ္ဌကထာတို့၌ဆိုပေသည်။

သသင်္ခါရ, အသင်္ခါရ, သင်္ခါရဝိမုတ်အားဖြင့် ၃-ပါးရှိကြောင်းကို မဆိုပေ။

ခန္ဓဝိဘင်း အဋ္ဌကထာ၌လည်း အကုသိုလ်စိတ်တို့၏ ဩဠာရိက, သုခုမကိုဝေဘန်ရာ၌သသင်္ခါရိက,အသင်္ခါရိက ၂-ထွေသာလာပေသည်၊ သင်္ခါရဝိမုတ်ဟူ၍မလာပေ၊ ဤသက်သေဖြင့်လည်း မောဟမူဒွေကို သသင်္ခါရိကပေ-ဟု ပုံသေမှတ်အပ်၏။

## ဋီကာကျော်ဝါဒ

ဋီကာကျော်၌ကား—

ဤ မောဟမူဒွေသည် မိမိသဘောအားဖြင့် ထက်သန်ခြင်းမရှိလေသောကြောင့် အသင်္ခါရိကလည်းမမည်၊ မတိုက်တွန်းဘဲပင် အဖြစ်များလှ၍ တိုက်တွန်းအပ်သော သဘောမရှိသောကြောင့်လည်း သသင်္ခါရိကလည်းမမည်၊ ၂-ပါးစုံမှလွတ်သောသင်္ခါရဝိမုတ်သာတည်းဟု-ဆို၏။

လောဘမူ,ဒေါသမူတို့ကဲ့သို့ အမှင်နှင့်ရဲရဲ ထက်မှသာ တိက္ခဘာဝဆိုရသည်မဟုတ်၊ မတိုက်တွန်းဘဲနှင့် ဖြစ်ပေါ်နိုင်ခါမျှကိုလည်း တိက္ခဘာဝဆိုရပါ၏၊ တွေဝေခြင်းကိစ္စရှိသော မောဟမူမှာ အတိုင်းထက်အလွန် တွေဝေခြင်းကိုပင်တိက္ခဆိုရမည်၊ ထို့ကြောင့် ထိုဋီကာကျော်စကားကိုအမြတ်အားဖြင့်မယူအပ်။ [ပယ်ချက်-၅။]

သင်္ခါရစစ်ချက်ပြီး၏။

## အကုသိုလ်စိတ်တို့၏အကြောင်း

သမ္ပတ္တိစက်လေးပါးသည် ကုသိုလ်စိတ်တို့၏ အကြောင်းတည်း၊ ဝိပတ္တိစက်လေးပါးသည် အကုသိုလ်စိတ်တို့၏ အကြောင်းတည်း။

၁။ အပ္ပဋိရူပဒေသဝါသော၊သူတော်ကောင်းတရားရှစ်ပါးခြောက်တပ် မလျောက်ပတ်သော အရပ်ဒေသ၌ နေခြင်းတပါး,

၂။ အသပ္ပုရိသူပနိဿယော၊ သူတော်မဟုတ် သူယုတ်သူမာ သူမိစ္ဆာတို့ကို မှီရာမှီကြောင်း အပေါင်းအသင်းအရင်းပြု၍ နေရခြင်းတပါး,

၃။ ပုဗ္ဗေအကတပုညတာ၊ ပြုဘူးသော ရှေးဘုန်း ရှေးကံ အခံသေး နုတ်ခြင်းတပါး,

၄။ အတ္တမိစ္ဆာပဏိဓိ၊ စိတ်ထား သဘောထား ယွင်းမှား တိမ်း စောင်း မကောင်းသော အလေ့အကျက် ရှိခြင်းတပါး,

[ဝိပ္ပတ္တိစက် ၄-ပါး။]

အယောနိသောမနသိကာရသည်လည်း အကုသိုလ်စိတ်တို့၏နည်း စွာသော အကြောင်းပင်တည်း။

> အယောနိသော ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နာ စေဝ အကုသလာဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာစ အကုသလာဓမ္မာ အဘိဝဍ္ဎန္တိ၊ အနုပ္ပန္နာစ ကုသလာဓမ္မာ န ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာစ ကုသလာ ဓမ္မာ ပရိဟာယန္တိ။
>
> [ပါဠိတော်။]

**အနက်ကား။** ဘိက္ခဝေ၊ ရဟန်းတို့။ အယောနိသော၊မသင့်သော အကြောင်းအားဖြင့်။ မနသိကရောတော၊ နှလုံးသွင်းသောသူအား။ အနုပ္ပန္နာစေဝအကုသလာဓမ္မာ၊ ဖြစ်နေကျမဟုတ်သော အကုသိုလ် တရားတို့သည်လည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်လာကုန်၏။ ဥပ္ပန္နာစအကု သလာဓမ္မာ၊ ဖြစ်နေကျဖြစ်သော အကုသိုလ် တရားတို့သည်လည်း။ အဘိဝဍ္ဎန္တိ၊ တိုးပွါးကုန်၏။ အနုပ္ပန္နာစ ကုသလာဓမ္မာ၊ မဖြစ်ဘူး သေးသော ကုသိုလ်တို့သည်လည်း။ နဥပ္ပဇ္ဇန္တိ၊ဖြစ်ခွင့်မရကုန်။ ဥပ္ပန္နာစ ကုသလာဓမ္မာ၊ ဖြစ်မြဲသမျှသော ကုသိုလ်တရားတို့သည်လည်း။ ပရိ ဟာယန္တိ၊ ဆုတ်ယုတ်ရကုန်၏။

လောက၌ အလုံးစုံသောသက်ရှိသက်မဲ့ ဇာဋ,အနိဋ္ဌဝတ္ထုစုံ၊အလုံး စုံသော ဖြစ်မှု, ပျက်မှုစသည် နှလုံးထားလိမ်မာလျှင် ကုသိုလ်ဖြစ်ဘို့ ချည်း၊နှလုံးထားမလိမ်မာလျှင် အကုသိုလ်ဖြစ်ဘို့ချည်း၊အကုသိုလ်လွတ် ဘို့လမ်းသည် ယောနိသောလမ်းမည်၏၊ အကုသိုလ်ဖြစ်ဘို့ လမ်းသည် အနိယောသောလမ်းမည်၏၊ သက်တော်ထင်ရှား ဘုရားနှင့်ပင် တွေ့ သော်လည်း အယောနိသော-လမ်းသို့ စိတ်ဦးလှည့်ခဲ့လျှင် အကုသိုလ် ဖြစ်ဘို့သာဖြစ်၏၊ မိမိအလိုသို့လိုက်ပါသော တာဝတိံသာနတ်သမီးနှင့်

ပင်တွေ့သော်၎င်း,မိမိအသက်ကို ဖျက်ဆီးမည့်သူနှင့်ပင် တွေ့သော်၎င်း၊ ယောနိသောလမ်းသို့ ဦးလှည့်ခဲ့လျှင် ကုသိုလ်ဖြစ်၏။

အဇ္ဈတ္တဝိသင့် ဝိသံ၊
အဇ္ဈုပေက္ခေယျ ပဏ္ဍိတော။
နတွေ ဝုဗ္ဗထ မနက္ကာရံ၊
သောဟာပါယပထော ဥဇု။ ။

**အနက်ကား။** ပဏ္ဍိတော၊ပညာရှိသည်။ အဇ္ဈတ္တဝိသင့်၊ကိုယ်တွင်း မဆန့်ပွံ့နှံ့ပူလောင်၍နေသော။ဝိသံ၊မြွေပွေးဆိပ်ကို။အဇ္ဈုပေက္ခေယျ၊ ကြောင့်ကြံမပြု လျစ်လျူရှုသော်လည်း ရှုရာသေး၏။ ဥဗ္ဗထမနက္ကာရံ၊ ကိုယ်တွင်းမှ ထ၍လာသော အယောနိသောမနသိကာရကို။ နတွေ– အဇ္ဈုပေက္ခေယျ၊ လျစ်လျူရှုကာ မနေရာသည်သာလျှင်တည်း။ဟိက- သ္မာ၊ဘယ်အတွက်ကြောင့်ဟူမူကား။ သော၊ ထိုအယောနိသော မနသိ ကာရမည်သည်။ ဥဇု၊မသွေမထောင့် အလွန်ဖြောင့်သော။ အပါယပ ထော၊ အပါယ်လမ်းကြောင်းပေတည်း။

**လောဘမူစိတ်၏အကြောင်း**

၁။ လောဘခြီရံသောကံနှင့်ရသော ပဋိသန္ဓေရှိခြင်းတပါး,
၂။ လောဘအဖြစ်များသော မင်းစိုးရာဇာဘဝ,နတ်ဘဝတို့မှလာခဲ့ သောသူ ဖြစ်ခြင်းတပါး,
၃။ ဣဋ္ဌာရုံနှင့်တွေ့ကြုံခြင်း တပါး,
၄။ သာယာဘွယ်ဟု ရှုလေ့ရှိခြင်းတပါး,
ဤ ၄-ပါးသည် လောဘမူစိတ်၏ ဝိသေသအကြောင်းစုပေတည်း။

**ဒေါသမူစိတ်၏အကြောင်း**

၁။ ဒေါသခြီရံသောကံနှင့်ရသော ပဋိသန္ဓေရှိခြင်းတပါး,
၂။ ဒေါသအဖြစ်များသော အချို့သော ငရဲဘဝ, ပြိတ္တာဘဝ, ကြောင်,ကျား စသောတိရစ္ဆာန်ဘဝတို့မှ လာခဲ့သောသူ ဖြစ် ခြင်းတပါး,
၃။ အနိဋ္ဌာရုံနှင့်တွေ့ကြုံခြင်းတပါး,
၄။ ရန်ပေါက်ဘွယ်မှာ မသာယာဘွယ်ဟု ရှုလေ့ရှိခြင်းတပါး,
ဤ ၄-ပါးသည် ဒေါသမူစိတ်၏ ဝိသေသအကြောင်းစုပေတည်း။

### မောဟမူစိတ်၏အကြောင်း

၁။ မောဟခြိရံသောကံနှင့်ရသော ပဋိသန္ဓေရှိခြင်းတပါး,
၂။ မောဟအဖြစ်များသော အချိုသောလူ့ဘဝ, တိရစ္ဆာန်ဘဝ တို့မှ လာခဲ့သောသူ ဖြစ်ခြင်းတပါး,
၃။ မဇ္ဈတ္တာရုံနှင့် တွေ့ကြုံခြင်းတပါး,
၄။ မညီမညွတ် တရားလွတ်၍ စွပ်မိစွပ်ရာ ဗလဘွာလျောက်လျှား ထင်တိုင်းအားဖြင့် ရှုလေ့ရှိခြင်းတပါး,
ဤ ၄–ပါးသည် မောဟမူစိတ်၏ ဝိသေသအကြောင်းစုပေတည်း။

ဣဋ္ဌာရုံ,အနိဋ္ဌာရုံ,မဇ္ဈတ္တာရုံ ဟူရာ၌ သဘာဝ,ပရိကပ္ပ ၂-ပါးစီခွဲ ၍ယူ၊ဝိပါက်အကြိုက်မှာ သဘာဝ, ဇောအကြိုက်မှာ ပရိကပ္ပ၊မိစ္ဆာဒိဋ္ဌိ တို့မှာ ဘုရားတည်းဟူသော အာရုံသည် ပရိကပ္ပအနိဋ္ဌာရုံ မည်၏၊ ခွေး,ကျီး,လင်းတ တို့မှာ မစင်ခွေးကောင်ပုပ်များသည် ပရိကပ္ပဣဋ္ဌာရုံ မည်၏။

ပါပဟောတုပရိက္ခိတ္တံ၊
ပုညံ ယဿ ဒုမေဓိနော။
ပုညပါက မနုဘောန္တိ၊
တေဝ မာရေန္တိ ဟောတဝေါ။ ။

**အနက်ကား။** ဒုမေဓိနော၊ပညာနည်းသော။ ယဿ၊ အကြင်သူ၏။ ပုညံ၊ကုသိုလ်ကံသည်။ပါပဟောတုပရိက္ခိတ္တံ၊အကုသိုလ်ဟိတ်ခြံရံ၏။ ပစ္ဆ၊ တမလွန်ဘဝသို့ရောက်၍။ ပုညပါကံ၊ ထိုကုသိုလ်ကံ၏ အကျိုးကို၊ အနု ဘောန္တိ၊ခံစားစေ၍နေသော။တံ၊ထိုသူကို။ တေဟောတဝေါ၊ ကံပြုစဉ် က ခြံရံကြသော ထိုတိဟိတ်တရားတို့သည်ပင်လျှင်။မာရေန္တိ၊သတ်တတ် ကုန်၏။

အကုသိုလ်စိတ်တို့၏အကြောင်းပြီး၏။

### ဝေဒနာ ၃-ပါးတို့၏အကြောင်း

### သောမနဿ၏အကြောင်း

၁။ သောမနဿဝိပါက်စိတ်နှင့်ပဋိသန္ဓေနေခြင်းတပါး,
၂။ မနက်နဲသော သဘောရှိခြင်းတပါး,

၃။ သဘာဝဇ္ဈာရုံ,ပရိကပ္ပ ဇ္ဈာရုံတို့နှင့် တွေ့ကြုံခြင်းတပါး,
၄။ နှောင့်ရှက် ပူပန်ခြင်းမှ ကင်းခြင်းတပါး,
ဤ ၄-ပါးသည် သောမနဿ၏ အကြောင်းတည်း။

### ဥပေက္ခာ၏အကြောင်း

၁။ ဥပေက္ခာစိတ်နှင့် ပဋိသန္ဓေနေခြင်းတပါး,
၂။ နက်နဲသောသဘော ရှိခြင်းတပါး,
၃။ မဇ္ဈတ္တာရုံတို့နှင့် တွေ့ကြုံခြင်းတပါး,
ဤ ၃-ပါးသည် ဥပေက္ခာ၏ အကြောင်းတည်း။

[ဆိုခဲ့ပြီးသော မောဟမူစိတ်၏ အကြောင်း ၄-ပါးသည်လည်း ဥပေက္ခာ၏ အကြောင်းပင်၊ ဆိုခဲ့ပြီးသော ဒေါသမူစိတ်၏ အကြောင်း ၄-ပါးသည်ပင် ဒေါမနဿ၏ အကြောင်းဖြစ်၏။]

ဝေဒနာ ၃-ပါးတို့၏အကြောင်းပြီး၏။

### သမ္ပယုတ် ၄-ပါးအကြောင်း

### ဒိဋ္ဌိ၏အကြောင်း

၁။ ဒိဋ္ဌိကျမ်း,ဒိဋ္ဌိတရားကို ကြားနာဘန်များခြင်း,
၂။ ဒိဋ္ဌိအယူရှိသောသူနှင့် အပေါင်းအသင်းပြုခြင်း,
၃။ သူတော်ကောင်းတရားတို့နှင့် ကွာဝေးခြင်း,
၄။ နှလုံးသွင်း ချော်ချွတ်ခြင်း,
[အဋ္ဌကထာတွင်လာသောဒိဋ္ဌိအကြောင်း။]

[ဋီကာကျော်၌ သသတုစ္ဆေဒါသယတာဟု အဝိလာ၏၊မိစ္ဆာဒိဋ္ဌိဘာဝ အဆက်နီးခဲ့၍ဒိဋ္ဌာနုသယတရားအထူးအားကြီးသောသူသည် သသတုစ္ဆေဒါသယပုဂ္ဂိုလ်မည်၏၊ ပဋိဃ၏အကြောင်းမှာ ဒေါသမူ၏ အကြောင်း စုပင်။]

### ဝိစိကိစ္ဆာ၏အကြောင်း

၁။ ပညာရှိတို့ကို မေးမြန်းလေ့ မရှိခြင်း,
၂။ မိမိဉာဏ်နှင့် မတန်သောအရာ၌ မိစ္ဆာဝိတက်များခြင်းများ သည် ဝိစိကိစ္ဆာ၏အကြောင်းတည်း။

## ဥဒ္ဓစ္စ၏အကြောင်း

၁။ မောဟလွှန်ကဲခြင်း,
၂။ မတည်မကြည်သောသူတို့နှင့် အပေါင်းအသင်းများခြင်း,
၃။ အတ္တဟိတမှု,ပရဟိတမှုဟူ၍ အလျင်းမရှိခြင်းများသည် ဥဒ္ဓစ္စသမ္ပယုတ်၏အကြောင်း။

သမ္ပယုတ် ၄-ပါးအကြောင်းပြီး၏။

## သင်္ခါရတို့၏အကြောင်း

လျောက်ပတ်သော ဥတုဘောဇဥ်စသည်သည် အသင်္ခါရိကဖြစ်ရာ၏ အကြောင်း-ဋီကာကျော်၌ ဤမျှသာလာ၏၊ အဋ္ဌကထာကြီး၌ လောဘမူဒုတိယစိတ်၌ သမ္မာဒိဋ္ဌိအမျိုးသားသည် မိစ္ဆာဒိဋ္ဌိအမျိုးသမီးကိုယူလို၍ တောင်းရမ်းပြောဆိုကြလေရာ အယူမတူ၍ မပေးနေ၏၊ သင်တို့ပြုတိုင်းပြုပါစေမည်ဆိုမှ ပေးလေ၏၊ ထိုသမ္မာဒိဋ္ဌိအမျိုးသားသည် ထိုသူတို့နှင့် အတူ တိတ္ထိဆရာတို့သို့ ကပ်လေရာ အစ၌မယုံနိုင်သေး၊ ကြာမြင့်လတ်သော် နှစ်သက်ခြင်းဖြစ်၍ ထိုမိစ္ဆာကိုယူလေ၏၊ ဤကဲ့သို့နေရာ၌ ဤဒုတိယစိတ်ဖြစ်၏-ဟုလာ၏။

သင်္ခါရိကတ္တာ သပ္ပယောဂေန သဉပါယေန ဥပ္ပဇ္ဇနတော-ဟူ၍လည်း ယုတ္တိအကြောင်းကိုဆို၏၊ ဤကိုထောက်၍ ယခုအခါဘုရားတရားကို ကြားဘူးနားဝ ရှိကြကုန်သော သမ္မာဒိဋ္ဌိလူမျိုးတို့အား သဒ္ဓါ၏ အစွမ်းဖြင့်ပင် ဒိဋ္ဌိကိုပွါးနိုင်ကြသည်ဖြစ်၍ ဒိဋ္ဌိဂတသမ္ပယုတ်ဖြစ်ခြင်းမရှိဟု သိရမည်၊ ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်သို့ရောက်မှ ဒိဋ္ဌိကွာသည်ဟု ဆိုသည်မှာ အကွာကြီး ကွာသည်ကို ဆိုလိုသည်။

သမ္မာဒိဋ္ဌိလူမျိုးဖြစ်ပါလျက် ပုဂ္ဂိုလ်,သတ္တဝါ,ငါ့ကိုယ်,ငါဟု စွဲယူထင်မှတ်လျက်ရှိကြသည်မှာ သညာစိတ္တ ဝိပ္ပလ္လာသအတွက်သာတည်း၊ ဒိဋ္ဌိဝိပ္ပလ္လာသအတွက်မဟုတ်ပေ၊ ဤစိတ်၌ ဒိဋ္ဌိဆရာတို့က အခါခါဖျားယောင်း သွေးဆောင်မှုသည်ပင် သင်္ခါရမည်၏။

အထက်အောက်နေ၍ ပွဲသဘင်ကြည့်ကြရာ၌ အထက်မှ မြေမှုန့်တံတွေး ကျမည်ကို ကြောင့်ကြတခု လုံ့လပြုလျက် ကြည့်ရှုကြသော အောက်လူတို့အားငှင်း၊ ပြည့်ရှင်မင်း ထွက်တော်မူလာရာ ပုန်းကွယ်ခိုအောင်း၍ ကျဉ်းမြောင်းလှစွာသော နံရံပေါက်စသည်မှ ကြည့်ကြ

ကုန်သော သူတို့အားရင်း၊ ဤသို့သောအခါ၌ သသင်္ခါရိကစတုတ္ထစိတ် ဖြစ်သည်-ဟု လာပေ၏။

ဤစကားရပ်ဖြင့် ကောင်းမြတ်သော ဇာဋ္ဌာရုံကို တွေ့ပါလျက် အနောက်အယှက် တဘက်နှိုးလှ၍ ကျိုးလန့်စာစား ခံစားရသူတို့အားရင်း၊ကြောင့်ကြဗျာပါရတဘက်နှင့် ဝိတက်ရှုပ်ထွေးအရေးတင်းလင်း အခင်းနိုးကြပ် ကတ်ကတ်သတ်သတ် ခံစားရသော ဤသူတို့အားရင်း, သသင်္ခါရိကစိတ်သာ ဖြစ်သည်-ဟုသိလေ၊ ဤ၌ ခံစားသော အာရုံကို မလွှတ်နိုင်လှ၍ ကြောင့်ကြဗျာပါရထည်းမှုစိတ်ကို အာရုံ၌ အခါခါ ထားရခြင်းအမှုကိုပင် သင်္ခါရယူ၊ ဆဋ္ဌစိတ်,အဋ္ဌမစိတ်တို့မှာ ဒုတိယစိတ်,စတုတ္ထစိတ်တို့နှင့်အလားတူကုန်၏။

ဒေါသမူသသင်္ခါရိကစိတ်၌-

> ဒသမံ သသင်္ခါရတ္တာ ပရေဟိ ဥဿာဟိတဿဝါ, ပရေသံ ဝါ အပရာဓံ သာရိတဿ, သယမေဝ ဝါ ပရေသံ အပရာဓံ အနုဿရိတွာ ကုဇ္ဈမာနဿ ဥပ္ပဇ္ဇတိ-

ဟုလာ၏။

**အနက်ကား။** ဒသမံ၊ ဒသမစိတ်သည်။ သသင်္ခါရတ္တာ၊ သင်္ခါရနှင့်တကွဖြစ်လေသောကြောင့်။ ပရေဟိ၊ တပါးသောသူတို့သည်။ ဥဿာဟိတဿဝါ၊ တိုက်တွန်းအပ်သောသူအားရင်း။ ပရေသံ၊ တပါးသောသူတို့၏။အပရာဓံ၊ မိမိအားပြုဘူးသောအပြစ်ကို။ သာရိတဿဝါ၊သူတပါးတို့ကအမှတ်ရစေသောသူအားရင်း။ ပရေသံ၊ တပါးသောသူတို့၏။ အပရာဓံ၊ ပြုဘူးသောအပြစ်ကို။ သယမေဝ၊ မိမိသည်ပင်လျှင်။အနုဿရိတွာ၊ အမှတ်ရ၍။ ကုဇ္ဈမာနဿဝါ၊ ဒေါသအမျက်ထွက်၍လာသောသူအားရင်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဤ ၃-နည်းတို့တွင် နောက် ၂-နည်း၌ ပယောဂ မထင်ရှား၊ သူတပါးတို့က အမှတ်ရအောင်ပြောမှု,မိမိကိုယ်ကို မိမိလယ်လယ်ပတ်ပတ် အမှတ်ရအောင် အောက်မေ့မှုဟု ဆိုအပ်သောဥပါယသည်ပင် သင်္ခါရမည်သတည်း။

[ဤကား-အဋ္ဌကထာ၌ လာသောအသင်္ခါရိကစိတ် ၅ခု-တို့၏ဖြစ်ပုံတည်း။]

လောဘမူရှစ်ခုတို့တွင် စတုတ္ထစိတ်အားအနည်းဆုံး၊ စတုတ္ထထက် အဋ္ဌမသာသည်၊ အဋ္ဌမထက် တတိယသာသည်၊ တတိယထက် သတ္တမ သာသည်၊ သတ္တမထက် ဒုတိယသာသည်၊ဒုတိယထက် ဆဋ္ဌသာသည်၊ ဆဋ္ဌထက် ပထမသာသည်၊ ပထမထက် ပဉ္စမသာသည်-ဟုဋီကာတို့၌ ဆိုပေ၏။

ဖြစ်ပုံအစီအရင်များကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ,ဋီကာကျော်တို့မှယူ။

သခ်ါရတို့၏အကြောင်းပြီး၏။

**အကုသိုလ်များ မီးတောက် မီးလျှံနှင့်တူပုံ**

၁။ ဧတေ မာရဃ ဒါဟဂ္ဂိ၊
ဟဒယမှိ နိပါတိနော။
နိပစ္စ ဆဟိ ဒွါရေဟိ၊
သဒ္ဓမ္မသာရဒါပိနော။ ။

၂။ န စ ဇ္ဇ ဇာလာ ဝုဋ္ဌန္တိ၊
ဘသ္မာ ဆန္နာဝ တိဋ္ဌရေ။
ပစ္စ ဇာလာ သမ္ပဇ္ဇန္တိ၊
ပေတေသု နိရယေသု စ။ ။

၃။ သုဂတ္တဒွါရိနော ဟောထ၊
အပါယဂ္ဂိသုဘာယိနော။
အမှိဘူတာဝ တေ အဇ္ဇ၊
ပစ္စ ဇာလာ ဘဝန္တိ တေ။ ။

**အနက်ကား**

၁။ ဧတေ၊ ဤ ၁၂-ပါးသောတရားတို့သည်။မာရဃ၊မာရ်မင်း၏။ ဒါဟဂ္ဂိ၊ လောင်မီးလက်နက်တို့ပေတည်း။ ဟဒယမှိ၊ နှလုံးအိမ်၌သာ လျှင်။ နိပါတိနော၊ ကျရောက်စွဲငြိတတ်ကုန်၏။ ဆဟိဒွါရေဟိ၊ မျက်စိ ပေါက်,နားပေါက်စသောအပေါက် ၆-ပါးတို့မှ။ နိပစ္စ၊ ဝင်ရောက် ကျစွဲ၍။ သဒ္ဓမ္မသာရဒါပိနော၊ သူတော်ဥစ္စာ ၇-ဖြာတည်းဟူသော ရတနာစစ် အနှစ် အဆီတို့ကို ပြာမကြွင်းအောင် အလျှင်းဥဿုံ အကုန် အပြောင်လောင်တတ်ကုန်၏။

၂။ စ၊ သို့ပင်လောင်ကုန်သော်လည်း။ တေ၊ ထိုအကုသိုလ် ၁၂-ပါးတရားလောင်မီးတို့သည်။အဋ္ဌ၊ ဤဘဝ၌။ ဇာလာ၊မီးတောက်-မီးလျှံကြီးတို့သည်။ ဟုတွာ၊ ဖြစ်၍။ နဝုဋ္ဌန္တိ၊မထကုန်သေး။ဘဿာဆန္နာဝ၊ ပြာဖုံးသောမီးတို့ကဲ့သို့။ တိဋ္ဌရေ၊ တည်နေကုန်၏။ ပစ္ဆ၊ နောင်ဘဝ၌မူကား။ တေ၊ ထိုအကုသိုလ်ဓမ္မတို့သည်။ ပေတေသု၊ ပြိတ္တာဘုံတို့၌ ၎င်း။ နိရယေသု စ၊ ငရဲဘုံတို့၌၎င်း။ ဇာလာ၊ မီးတောက်, မီးလျှံတို့သာ။ သမ္ဘဝန္တိ၊ ကောင်းစွာဖြစ်လာကုန်၏။

၃။ အပါယဂ္ဂိသုဘာယိနော၊ အပါယ်မီးကို ကြောက်ကြကုန်မူကား။ သုဂတ္တဒ္ဓါရိနော၊ အလွန်လုံခြုံသောတခါး ၆-မျက်နှာရှိကြကုန်သည်။ဟောထ၊ ဖြစ်ကြကုန်လော့။ တေဓမ္မာ၊ ထိုအကုသိုလ် ၁၂-ပါးတို့သည်။အဋ္ဌ၊ဤဘဝ၌။ အမှိဘူတာဝ၊ ငါ့ရုပ်-ငါ့ဟန် ငါ့သဏ္ဌာန်ဖြစ်ကြကုန်၍သာလျှင်။ ပစ္ဆ၊နောက်ဘဝ၌။ တေ၊ထိုအကုသိုလ်ဓမ္မတို့သည်။ ဇာလာ၊ ငရဲမီးတောက်,ပြိတ္တာမီးတောက်တို့သည်၊ ဘဝန္တိ၊ဖြစ်ကုန်၏။

ယခုဘဝ၌မူကား- အကုသိုလ်ဓမ္မတို့ကိုပင် ငါပြုကြကုန်သည်၊ ငါ့ကိုယ် ပြုကြကုန်သည်၊ နောင်ဘဝ၌ ဤဓမ္မတို့သည်ပင် ငရဲမီး,ပြိတ္တာမီးတွေဖြစ်လာကုန်သည်-ဟူလိုသည်။

အကုသိုလ်များမီးတောက်မီးလျှံနှင့်တူပုံပြီး၏။

အကုသိုလ်စိတ် ၁၂-ခုပြီး၏။

---

## အဟိတ်စိတ် ၁၈-ခု

### အကုသလဝိပါက်

အဟိတ်စိတ်၌ စက္ခုဝိညာဏ်ပုဒ်၌-

စက္ခုသည်ဝိညာဏ်၏မှီရာပသာဒရုပ်ပေတည်း၊ယင်းကိုဒွါရသင်္ဂဟ၌ စက္ခုဒွါရခေါ်သည်၊ဝတ္ထုသင်္ဂဟ၌ စက္ခုဝတ္ထုခေါ်သည်၊ ယင်းစက္ခုသည် မိမိကိုမှီသော ဝိညာဏ်အား ဝတ္ထုပုရေဇာတပစ္စည်း,ဝတ္ထုပုရေဇာတနိဿယပစ္စည်း, ဝတ္ထုပုရေဇာတိန္ဒြိယပစ္စည်း, ဝတ္ထုပုရေဇာတဝိပ္ပယုတ္တပစ္စည်း,ဝတ္ထုပုရေဇာတတ္ထိပစ္စည်း, ဝတ္ထုပုရေဇာတအဝိဂတပစ္စည်း၊ဤ ၆–ပစ္စည်းတို့နှင့် ကျေးဇူးပြုပေသည်၊ ပစ္စုပ္ပန်ရူပါရုံသည်

ဤဝိညာဏ်အား အာရမ္မဏပစ္စည်း, ပုရေဇာတပစ္စည်း, အတ္ထိပစ္စည်း, အဝိဂတပစ္စည်း၊ ဤ ၄–ပစ္စည်းတို့နှင့် ကျေးဇူးပြုပေသည်။

သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်တို့၌လည်း သောတ, ဃာန, ဇိဝှါ, ကာယတို့သည်ဝိညာဏ်၏ မှီရာပသာဒရုပ်တို့ပေတည်း။ သောတဒွါရ, သောတဝတ္တု၊ ဃာနဒွါရ, ဃာနဝတ္တု၊ ဇိဝှါဒွါရ, ဇိဝှါဝတ္တု၊ ကာယဒွါရ, ကာယဝတ္တု–ဆိုမြဲ၊ ဝတ္တု ၆–ပစ္စည်းဆိုမြဲ၊ ပစ္စုပ္ပန်ဖြစ်သောသဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့သည် ဤဝိညာဏ်အား ၄-ပစ္စည်းဆိုမြဲ၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ပဉ္စဝိညာဏ်အား အနန္တရပစ္စည်း, သမနန္တရပစ္စည်း, ဥပနိဿယပစ္စည်း, နတ္ထိပစ္စည်း, ဝိဂတပစ္စည်း၊ ဤ ၅-ပစ္စည်းတို့နှင့် ကျေးဇူးပြုပေသည်။

### လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်

စက္ခုဝိညာဏ်၊ စက္ခုဝိညာဏ်သည်–

၁။ စက္ခုသန္နိဿိတရူပဝိဇာနနလက္ခဏာ၊ စက္ခု၌မှီ၍ ရူပါရုံကိုသိခြင်းလက္ခဏာရှိ၏။

၂။ ရူပမတ္တာရမ္မဏရသံ၊ ရူပါရုံမျှလျှင် အာရုံပြုခြင်းကိစ္စရှိ၏။

၃။ ရူပါဘိမုခဘာဝပစ္စုပဋ္ဌာနံ၊ ရူပါရုံသို့ရှေးရှုသည်၏အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။

၄။ ရူပါရမ္မဏာယ၊ ရူပါရုံလျှင် အာရုံရှိသော။ ကြိယာမနောဓာတုယာ၊ ပဉ္စဒွါရာဝဇ္ဇန်း၏။ အပဂမပဒဋ္ဌာနံ၊ ကင်းခြင်း, ချုပ်ခြင်းလျှင် နီးစွာသောအကြောင်းရှိ၏။

[အဋ္ဌသာလိနီ။]

သောတဝိညာဏ်စသည်တို့၌ ဝတ္တု၊ အာရုံလဲ၍ဆိုလေ၊ ရသမှာ-ရူပဒဿနရသံ-ရူပါရုံကိုမြင်ခြင်းကိစ္စ။ သဒ္ဒသဝနရသံ-သဒ္ဒါရုံကိုကြားခြင်းကိစ္စ။ ဂန္ဓဃာယနရသံ-ဂန္ဓာရုံကိုနံခြင်းကိစ္စ။ ရသသာယနရသံ-ရသာရုံကိုလျက်ခြင်းကိစ္စ။ ဖောဋ္ဌဗ္ဗဖုသနရသံ-ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိခြင်းကိစ္စရှိ၏–ဟူ၍လည်းသင့်ပါ၏။

## စက္ခုဝိညာဏ်၏အကြောင်း

၁။ စက္ခုပသာဒရုပ်လည်း အကြည်အလင်ထင်ရှားရှိသည်ဖြစ်စေ,

၂။ ရူပါရုံလည်းမြင်လောက်သောအရပ်၌ထင်ရှားရှိသည်ဖြစ်စေ,

၃။ ထိုရူပါရုံမှာနေရောင်,လရောင်,ကြယ်ရောင်,မီးရောင်,ပတ္တမြား ရောင်စသော ထွန်းပြနိုင်သော အရောင်အလင်း ဝန်းဝိုင်းခြံရံ လျက်ရှိသည်လည်းဖြစ်စေ,

၄။ ထိုရူပါရုံလျှင် အာရုံရှိသော ပဉ္စဒွါရာဝဇ္ဇန်း ဖြစ်ပေါ်သည် လည်းဖြစ်စေ,ဤအင်္ဂါ ၄–ပါးစုံမှ စက္ခုဝိညာဏ်ဖြစ်နိုင်သည်။

အရောင်အလင်းမှာ ရူပါရုံကိုခြံရံသော အရောင်အလင်း, စက္ခု ပသာဒကိုခြံရံသော အရောင်အလင်း ၂–ပါးပင် သင့်ရာ၏။

တောတောင်အခြားမရှိ၊မှောင်အခြားမရှိ နေ့ညဥ့်မရွေး ဝေးလှစွာ သော ရူပါရုံကိုပင်မြင်နိုင်သော နတ်ဗြဟ္မာတို့၏မျက်စိ၊ ညဥ့်အခါပင် ဝန်းကျင်တယူဇနာအတွင်းမြင်နိုင်သော ဘုရားမျက်စိ၊ကျား,ကြောင်, မိန်ကောင်, ခင်ပုပ်စသော ညဥ့်၌ကျက်စားသောသတ္တဝါတို့၏ မျက်စိ များသည် စက္ခုပသာဒတွင်ခြံရံသော အရောင်အလင်း၏ ကျေးဇူးပေ တည်း၊ညဥ့်ကိုစာမြင်သောမျက်မှန်,နေ့ကိုအဝေးအသေးမြင်သောမျက် မှန်မှစ၍ မြင်သောအရာများသည်လည်း စက္ခု၌ခြံရံသော အရောင် အလင်းကျေးဇူးပေတည်း။

သန်းခေါင်လကွယ်, တောအုပ်လယ်၌ နေ၍လည်း အဝေး၌တည် သောကြယ်တို့ကိုငှင်း၊ တောင်ထိပ်မီးတို့ကိုငှင်း၊ ထိုကြယ်, ထိုမီးတို့၏ အနီးအပါး၌ ရှိသော ဝတ္ထုတို့ကိုငှင်း မြင်ရခြင်းများသည် ရူပါရုံ တွင်ခြံရံသော အရောင်အလင်း၏ ကျေးဇူးပေတည်း၊ အလွန် ကြည် လှစွာသော ဝေဠုရိယပတ္တမြားသည် အလင်းတပါး မရှိသော်လည်း မိမိအတွင်း၌တည်သော အကြည်၏တန်ခိုးကြောင့်မြေ,မိုယ်း,ကောင်း ကင်, တောင်စဉ် ၇-ထပ်, နတ်ဘုံ နတ်နန်းအခမ်းအနား အလုံးစုံ အလင်းအထင်ရသကဲ့သို့ သမ္ဘာရစက္ခု၏ အတွင်း၌ တည်သော အကြည်သည်လည်း အစွမ်းအားလျော်စွာပြနိုင်ပါသည်။

### အဋ္ဌကထာပါဠိ

ဤအရာတွင် အဋ္ဌကထာ၌–

စက္ခုသို့၊ စက္ခုဝတ္ထုသည်။ အသမ္ဘိန္နေပိ၊ မပျက်မပြား ထင်ရှားရှိပါသော်လည်း။ ဗဟိဒ္ဓါ၊ အပက၊ ရူပါရမ္မဏေ၊ ရူပါရုံသည်။ အာပါထံ၊ထင်ခြင်းသို့။အနာဂစ္ဆန္တေ၊မရောက်ခဲ့သည်ရှိသော်။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်သည်။ နုပ္ပဇ္ဇတိ၊ မဖြစ်နိုင်။

တသို့၊ ထိုရူပါရုံသည်။ အပါထံ၊ ထင်ခြင်းသို့။ အာဂစ္ဆန္တေပိ၊ ရောက်ပါသော်လည်း။ အာလောက သန္နိဿယေ၊ အရောင်အလင်း-ဟူသော မှီရာသည်။ အသတိ၊ မရှိပြန်သော်။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်သည်။ နုပ္ပဇ္ဇတိ၊ မဖြစ်နိုင်။

တသို့၊ ထိုအရောင်အလင်း-ဟူသော မှီရာသည်။ သန္တေပိ၊ ရှိပါသော်လည်း။ ကြိယာမနော ဓာတုယာ၊ ပဉ္စဒွါရာ ဝဇ္ဇန်းစိတ်သည်။ ဘဝင်္ဂေ၊ ဘဝင်ကို။ အနာဝဋ္ဋေတေ၊ မလည်စေအပ်သည်ရှိသော်။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်သည်။ နုပ္ပဇ္ဇတိ၊ မဖြစ်နိုင်–

ဟုလာ၏။

### စဉ်းစားဘွယ်

ဤစကားတွင်-ရူပါရုံပင်ထင်ပါသော်လည်း အရောင်အလင်း မရှိပြန်သော် စက္ခုဝိညာဏ်မဖြစ်နိုင်-ဟူသော စကားသည် စဉ်းစားရန်ရှိချေ၏၊ အာရုံ ၆-ပါးတို့တွင် ရူပါရုံ, သဒ္ဒါရုံ, ဓမ္မာရုံ ဤ ၃-ပါးတို့သည် အရိပ်ခိုက် အရိပ်ထင်တို့သာတည်း၊ ဝတ္ထုခိုက် ဝတ္ထုထင်မဟုတ်ပေကုန်၊ ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရ၌ ခိုက်ကြ ထင်ကြသော ဂန္ဓာရုံ, ရသာရုံ,ဖောဋ္ဌဗ္ဗာရုံ၊ ဤ ၃-ပါးတို့သည်ကား-ဝတ္ထုခိုက်တို့ပေတည်း၊ အရိပ်ခိုက်မျှ မကပေကုန်၊ ဤ၃-ပါးတို့သည်လည်း မနောဒွါရတွင် ထင်သော အခါ အရိပ်ခိုက် အရိပ် ထင်သာတည်း၊ ထို့ကြောင့် အရိပ်ခိုက်သက်သက်သာဖြစ်သော ရူပါရုံသည် အလင်းရောင်ခြီရုံချက် ၂-ပါးတွင် တပါးပါးကိုရမှသာ ပသာဒအကြည်တွင် အရိပ်ထင်နိုင်သည်၊ မှန်အပြင်, ရေအပြင်စသော အကြည်-ဟူသမျှ၌

ထင်ကြ ခိုက်ကြသော မျက်နှာရိပ်စသည်များသည်လည်း အမိုက်ကင်း၍ အလင်းတပါးကိုရမှ ထင်နိုင်ကြ,ခိုက်နိုင်ကြကုန်သည်၊ ဤနှင့်မခြားအလားထပ်တူသာ ဖြစ်သင့်ရာသည်။

အဋ္ဌကထာအဆိုမှာ-မှောင်ကြီးစွာ၌ ဖွင့်ကာထားခဲ့လျှင် အနားအနီးရှိဝတ္ထုစုသည် စက္ခု၌ ထင်သည်သာဖြစ်၏၊ အလင်းမရှိ၍ ဝီထိမူကား-မကျသည်-ဟု ရောက်ချေသည်၊ ကြိုကြလေကုန်၊မျက်စိမမှိတ်ဘဲအိပ်ပျော်သောသူအား မျက်နှာပေါ်၌ ထွန်းထားသော မီးရောင်အဆင်း, မီးတောက်အဆင်းသည် အလင်းသူပင် ဖြစ်ခဲ့၍မျက်စိအကြည်တွင်တထင်တည်းထင်သည်ပင်၊ဘဝင်အယဉ်ထန်လှ၍ စလနမဖြစ်သောကြောင့် အာဝဇ္ဇန်းမထွက်သည်နှင့် စက္ခုဝိညာဏ်မပေါ်လေသတည်း။

စက္ခုဝိညာဏ်၏အကြောင်းပြီး၏။

## သောတဝိညာဏ်၏အကြောင်း

သောတဝတ္ထုလည်း—

၁။ အကြည်အလင် ထင်ရှားရှိသည် ဖြစ်စေ,

၂။ သဒ္ဒါရုံအများလည်း ကြားနိုင်လောက်အောင် အရပ် အတွင်း၌ ဖြစ်ဆဲရှိသည်ဖြစ်စေ,

၃။ သောတဝတ္ထု, သဒ္ဒါရုံ ၂-ပါးစုံသည်ပင် အကုန်ပိတ်ခြင်းအမှုကင်း၍ အလင်းအာကာသ ၂-ဘက် ရသည်လည်းဖြစ်စေ,

၄။ ထိုသဒ္ဒါရုံလျှင် အာရုံရှိသော ပဉ္စဒ္ဒါရာ ဝဇ္ဇန်း-ဟူသော မနသိကာရ ပေါ်ခွင့်ရသည်လည်းဖြစ်စေ, ၄-ထွေအင်္ဂါစုံလင်ပါမှ သောတဝိညာဏ် ဖြစ်ပေသည်။

ဤ၌ကား-သောတဝတ္ထုမှာလည်း အာကာသလင်းမှ, သဒ္ဒါရုံမှာလည်း အာကာသလင်းမှ၊ တဘက်လင်းမျှနှင့် မရပေ၊ ကွင်းသောစကားရပ်မှာ အသမ္ပတ္တဂါဟချင်း, အရိပ်ခိုက်ခြင်း တူပေမူကြောင့်စက္ခုအတိုင်းအကုန်ချဲ၍ ပြောလေ။

**အထူးမှုကား။** စက္ခုမှာ အာလောက၏ ဆန့်ကျင်ဘက်ဖြစ်သော အမိုက်ဓာတ် အမှောင်ဓာတ်သည်သာ ပိတ်ဆီးနိုင်သည်၊ ပထဝီသ

ဘော,အာပေါသဘောများသည်မပိတ်ဆီးနိုင်၊ ထို့ကြောင့် အတောင်တရာထုလှစွာသော ဖလ်တိုက်မှန်တိုက်ခြားရာ၌ငင်း, အတောင်တရာနက်ကြည်လှစွာသော ရေ၏အတွင်း၌ငင်း မှောင်နှင့် ကင်းသဖြင့် ဖေါက်ထွင်းကာမြင်နိုင်သည်၊ သောတမှာ အာကာသ၏ ဆန့်ကျင်ဘက်ဖြစ်သော ပထဝီဓာတ်, အာပေါဓာတ်တို့သည်သာ ပိတ်ဆီးနိုင်သည်၊ မှောင်ဓာတ်တို့ကို မပိတ်မဆီးနိုင်။

မှောင်ဓာတ်ဟူသည်ကား-အကြည်မျိုး, အလင်းမျိုးမဟုတ်၊ မဲပုပ်မည်းညစ်ပစ်ထိုင်းနောက်ကြုသော ရူပါရုံမျိုးတို့ပင်တည်း၊ ထို့ကြောင့် အလွန်ပါးသော သစ်ရွက်ခြောက်ကိုမျှဖေါက်၍ မမြင်နိုင်ရှိကြသည်၊ နတ်မျက်စိမှာမူကား-သမ္ဘာရဓာတ် သဟဇာတ် အကြည်အလွန်အားကောင်းလှ၍ အန္ဓကာရခေါ်သော အမိုက်ဓာတ်အစု, အမှောင်ဓာတ်စုတို့ မခုခံနိုင်ကုန်။

သောတဝိညာဏ်၏အကြောင်းပြီး၏။

အရိပ်ခိုက် ၂-ပါးပြီး၏။

**အထည်ခိုက် ၃-ပါး**

**ဃာန,ဇိဝှါ,ကာယဝိညာဏ်တို့၏အကြောင်း**

ဃာနဝတ္ထုလည်း—

၁။ အကြည်အလင် ထင်ရှားရှိသည်ဖြစ်စေ,

၂။ ဂန္ဓာရုံအပေါင်းလည်း အနီးအပါး ထင်ရှားရှိသည်ဖြစ်စေ,

၃။ ပသာဒကလာပ်နှင့် ထိစပ်မိအောင် ဂန္ဓာရုံကိုဆောင်၍ ဝင်ပေသော လေဓာတ်လည်းရှိစေ,

၄။ ဘဝင်အယဉ်ကို တွန်းဖွဲ့ကန့်ကွက်၍ ပေါ်ထွက်လာသော အာဝဇ္ဇန်းမနသိကာရလည်းရှိစေ,၄-ထွေအင်္ဂါစုံလင်ပါမှဃာနဝိညာဏ်ဖြစ်သတည်း။

ဇိဝှါဝတ္ထုလည်း—

၁။ အကြည်အလင် ထင်ရှားရှိသည်ဖြစ်စေ,

၂။ ရသာရုံလည်း ရှိသည်ဖြစ်စေ,

၃။ လျှာအပြင်ကို စိမ့်စိုနူးနှံ့နိုင်သော အရည်အစက်လည်းရှိသည်ဖြစ်စေ,

၄။ ဘဝင်အယဉ်ကို အစဉ်ဖြတ်တောက်နိုင်သော အာဝဇ္ဇန်း မနသိကာရလည်းရှိစေ, ၄-ထွေအင်္ဂါစုံလင်ပါမှ ဇိဝှါဝိညာဏ်ဖြစ်သတည်း။

[ဤ၌အရည်အစက်ဟူသော အာပေါမှာ လျှာမှထွက်သော အရည်, ရသဝတ္ထုမှာပါရှိသော အရည် ၂-မည်ပင် ရှိ၏။]

ကာယဝတ္ထုလည်း—

၁။ အကြည်အလင် ထင်ရှားရှိသည်ဖြစ်စေ,

၂။ ပထဝီ,တေဇော,ဝါယော ဟူသောဖောဋ္ဌဗ္ဗာရုံ ၃-ပါးတွင် တပးါပါးလည်း ထင်ရှားရှိသည်ဖြစ်စေ,

၃။ ကာယဝတ္ထုမှာလည်း ထိခိုက်ခြင်းငှါတတ်ကောင်းရာအောင် ခက်မာသော ပထဝီအခံရှိသည်လည်းဖြစ်စေ,

၄။ မနသိကာရ ဖြစ်ခွင့်ရသည်လည်း ဖြစ်စေ,၄-ထွေအင်္ဂါစုံလင်ပါမှ ကာယဝိညာဏ်ဖြစ်သတည်း။

ကြမ်းသည် နူးသည်ကား-ပထဝီဖောဋ္ဌဗ္ဗတည်း၊ ပူသည်အေးသည်ကား-တေဇောဖောဋ္ဌဗ္ဗတည်း၊ တောင့်တင်းသည်, ရှော့ရဲသည်ကား-ဝါယောဖောဋ္ဌဗ္ဗတည်း၊ ဤသို့ ၂-မျိုး, ၂-မျိုးစီခွဲ၍၊ ၆-ထွေဖြစ်၏၊ ဤ ၆-ထွေတွင်မှ တခုခုမျှကို ကာယဝိညာဏ်ယူနိုင်သည်၊ ၂-ခုပြိုင်၍ မယူနိုင်။

အလွန်သေးနုသော မြူမျိုး,အရိပ်မျိုး, အရောင်မျိုး,အသံကလာပ်, အနံ့ကလာပ်မျိုးတို့သည် ကိုယ်ကိုထိပါး၍သွားသော်လည်း မြေဓာတ်အထုသေးငယ်မှုကြောင့် ထိမှန်းမသိ ရှိသည်များကိုထောက်၍ အချိုသောဖောဋ္ဌဗ္ဗာရုံသည်လည်း မိမိတွင်ရံသောအခံပထဝီကောင်းမှ ထင်နိုင်သည်ဟုသိသာ၏၊ အဝီစိငရဲမီး-စသောအပူတေဇော, လောကန္တရိက်ရေစသော အအေးတေဇောများမှာမူကား- ပကတိနေပူ, မီးပူ,

လေအေး, ရေအေးများမှာပင် သဟဇာတ် ပထဝီ အခံများစွာ အားမကြီးဘဲပင် ထင်နိုင်သည်။

[ဤဈာန,ဇဝ္ဂါ,ကာယ,ဂန္ဓ, ရသ,ဖောဋ္ဌဗ္ဗတို့သည်ကား-သမ္ပတ္တဂါ ဟဖြစ်ကုန်ကြ၍ အရိပ်မျှနှင့်မပြီးကုန်၊ အထည်ချင်းချင်းထိရ,ခိုက်ရမှထင်နိုင် ကြ၍ ဝိသယဝိသယီကိစ္စပြီးစီးကြလေသတည်း။]

ဈာန,ဇဝ္ဂါ,ကာယဝိညာဏ်တို့၏အကြောင်းပြီး၏။

အထည်ခိုက် ၃-ပါးပြီး၏။

**ဝတ္ထုဘေဒဝိညာဏ် ၅-ပါး**

ကြွင်းကျန်သော သဘောသက်၌ ဝေဘန်စိတ်ဖြာမှုတို့မှာ ဝတ္ထုသင်္ဂဟ,ဝီထိသင်္ဂဟ,ရူပသင်္ဂဟတို့မှာလာလတံ့၊တခုတည်းသာဖြစ်သော ဝိညာဏ်သည်မှီရာဝတ္ထု၅-ခုအပြားကြောင့် ငါးပါးဖြစ်ရလေသတည်း၊ အရေးပိုင်တယောက်တည်းသည်ပင်လျှင်မန္တလေးရုံးမှာထိုင်ခိုက် မန္တလေးအရေးပိုင်၊အဝမြို့ရုံးမှာထိုင်ခိုက်အဝအရေးပိုင်၊ စစ်ကိုင်းမြို့ရုံးမှာ ထိုင်ခိုက် စစ်ကိုင်းအရေးပိုင်၊ လှေကူးမြို့ရုံးမှာထိုင်ခိုက် လှေကူးအရေးပိုင်၊ တပယင်းမြို့ ရုံးမှာ ထိုင်ခိုက်တပယင်းအရေးပိုင်-ဆိုသည်၊ ဤအတူမှတ်။

၁။ ဗလဝါမုခိယော တော၊
ပဉ္စဝိညာဏဓာတုယော။
တောသု သတ္တာ သီဒန္တာ၊
သဗ္ဗဒုက္ခာ န မုစ္စရေ။ ။

၂။ တသ္မာ ပဏ္ဍိတော တော၊
ဒဠှံ ပိဓေယျ ဘေရဝေ။
သံဝရေ နာတိမညေယျ၊
နော သိယာ မုတ္တသံဝရော။ ။

**အနက်ကား**

၁။ တောပဉ္စဝိညာဏ ဓာတုယော၊ ဤငါးခုသော ပဉ္စဝိညာဏ် ဓာတ်တို့သည်။ ဗလဝါမုခိယော၊ ဗလဝါမုခ ဝဲပေါက်ကြီးငါးခု တို့ပေတည်း။ တောသု၊ ဤဝဲကြီးငါးခုတို့၌။ သတ္တာ၊ သတ္တဝါတို့သည်။ သီဒန္တာ၊ နစ်ကာမြောကာနေကြရကုန်သည်ဖြစ်၍။ သဗ္ဗဒုက္ခာ၊ ဒုက္ခခပ်သိမ်းမှ။ နမုစ္စရေ၊ မလွတ်နိုင်ကြကုန်။

၂။ တသ္မာ၊ ထို့ကြောင့်။ ပဏ္ဍိတော၊ လိမ်မာသောပညာရှိသည်။ ဘောရဝေါ၊စေ့စေ့တွေးကအရေးကြီးကျယ်ကြောက်မက်ဘွယ်ကောင်းလှကုန်သော။ ဓေတေ၊ ဤငါးပေါက်တို့ကို။ ဒဋ္ဌု၊ အတင်းအကြပ်။ ပိဓေယျ၊ ပိတ်ဆို့ရာ၏။ သံဝရေ၊ သံဝရတရားငါးပါးတို့ကို။ နာတိမညေယျ၊ မလေးမစားမပြုရာ။ မုတ္တသံဝရော၊စွန့်လွှတ်သောသံဝရတရားရှိသည်။ နော့သိယာ၊ မဖြစ်လေသင့်။

၁။ သမုဒ္ဒါဝယ် စကြာဝဠာတောင်ခြေမှ အဝီစိနယ်သို့ ကျ အောင်ထင်သော ဝဲကြီးတို့ကို ဗလဝါမုခ ဝဲဆိုသတတ်။
၂။ ထိုဝဲဂယက်နယ်သည် ယူဇနာ အရာမက ကျယ်သတတ်။
၃။ လမ်းမှားသောလှေသင်္ဘောတို့သည် အစွန်အဖျားမိခဲ့လျှင် ဂယက်ငင်ရာဝဲသို့ပါ၍ ဗလဝါပေါက် အောက်အဝီစိအထိ သွားရလေတော့ သတတ်။

ယခုအဝီစိရဲ၌ ရှိကြသော သူအပေါင်းတို့သည် ပဉ္စဝိညာဏ်-ဟူသော ဗလဝါမုခဝဲကြီးစုပ်ရာပါ၍ကျရောက်သောသူတို့သာတည်း။

ဝတ္ထုဘေဒဝိညာဏ် ၅-ပါးပြီး၏။

## ကိစ္စဘေဒစိတ်

သမ္ပဋိစ္ဆနပုဒ်၌-သံပုဒ်, ပဋိပုဒ်, ဣသုဓာတ်, ယုပစ္စည်း သုကိုစ္ဆပြု၊ ယုကိုအနပြု၊ လောက၌ပေးအပ်လွှဲပုံသော ပစ္စည်း ဝတ္ထု၊အမှုအခင်းတို့ကိုဝန်ခံသိမ်းပိုက်ခြင်းသည်သမ္ပဋိစ္ဆနမည်၏၊ဤ၌လည်း ပဉ္စဝိညာဏ်တို့၏ အာရုံကို ထိုပဉ္စဝိညာဏ်တို့ချုပ်သည် နောက် မပျောက်မကွယ်အောင် တွယ်တာဆက်လက်၍ လက်ခံသိမ်းပိုက်မှုကိုပင် သမ္ပဋိစ္ဆိုင်းဆိုသည်။

သန္တီရဏပုဒ်၌-သံပုဒ်, တီရဓာတ်, ယုပစ္စည်း၊ ယုကိုအနပြု၊နငယ်ကိုဏကြီးပြု၊လောက၌ စုံစမ်းစစ်ဆေးဘွယ်ရှိသောပစ္စည်း ဝတ္ထု၊အမှုအခင်းတို့ကို အလင်းသိသာအောင် စုံစမ်းစစ်ဆေးမှုသည် သန္တီရဏမည်၏၊ ဤ၌လည်း သမ္ပဋိစ္ဆိုင်းခံယူသိမ်းပိုက်၍ ထားသော ပဉ္စာရုံကို ဣဋ္ဌ, အနိဋ္ဌ သိသာရအောင် စုံစမ်းစစ်ဆေးမှုကိုပင် သန္တီရဏဆိုသည်။

ထို့ကြောင့် ဤ ၂-ပါးသော စိတ်သည် ကိစ္စများ၍ ၂-ပါးဖြစ်လေသတည်း၊ ပညာအများတတ်သော လူတယောက်သည် ပန်းပဲအလုပ်နှင့် နေခိုက် ပန်းပဲဆရာ ခေါ်ရသတည်း၊ ပန်းထိမ်အလုပ်နှင့် နေခိုက် ပန်းထိမ်ဆရာခေါ်ရသည်၊ ဤအတူမှတ်။

ကိစ္စဘေဒစိတ် ပြီး၏။

အကုသလဝိပါက်ပြီး၏။

## ကုသလဝိပါက်

ကုသလ ဝိပါက်နှစ်ပါးမှာလည်း ဝတ္ထုဘေဒငါးပါး, ကိစ္စဘေဒ ၂-ပါး၊ ဝတ္ထုဘေဒ ငါးပါးမှာလည်း အရိပ်ခိုက် ၂-ပါး, အထည်ခိုက် ၃-ပါး၊ ကိစ္စဘေဒ ၂-ပါးတွင် သန္တီရဏ ကိစ္စမှာ ဝေဒနာဘေဒအားဖြင့် ၂-ပါး။

ကုသလဝိပါက်ပြီး၏။

## အဟိတ်ကြိယာ

အာဝဇ္ဇနပုဒ်၌-အာပုဒ်, ဝဇ္ဇဓာတ်,ယုပစ္စည်း၊ ယုကိုအနပြု၊ လောက၌ အညာမှ လာသောမြစ်ရေသည် ရေကြောင်းလိုက် တကြောင်းတည်း သွားရမည်ကို မသွားဘဲနှင့် ဝဲကြီးဝဲငယ်နှင့် တွေ့သောအခါ လာခဲ့သော အစဉ်မှဖဲ၍ ဝဲသို့သက်ကာ ချာချာပတ်ပတ် ချားရဟတ်ကဲ့သို့လှည့်လည်ခြင်းသည် အာဝဇ္ဇနမည်၏၊ အာဝဋ္ဋနမည်၏၊ အာဘောဂမည်၏။

ဤ၌လည်း-ကံ, ကမ္မနိမိတ်, ဂတိနိမိတ်တည်း-ဟူသော အာရုံ၌တည်၍ မြစ်ရေအယဉ်ကဲ့သို့ ဘဝင်ကိစ္စနှင့်သွားမြဲ သွားရပါမည်ကို မသွားလေဘဲ လမ်းမှဖဲကာ အာရုံဟောင်းကိုလွှတ်ပစ်၊ အာရုံသစ်ကို တွယ်တာလျက် ချာကနဲလှည့် ဝဲလည်၏သို့ အတည်မသုံး ဖဲ၍ရှုန်းသည်ကို အာဝဇ္ဇန်းဆိုသည်၊ထိုအာဝဇ္ဇန်းသည် ကိစ္စအားဖြင့် တပါးတည်းသာ၊ဒွါရဘေဒအားဖြင့် ၂-ပါးဖြစ်၏။

ဟသိတုပ္ပါဒပုဒ်၌-ဟသိတပုဒ်, ဥပ္ပါဒပုဒ်၊ ပြုံးခြင်းကိစ္စကိုဖြစ်စေနိုင်သောစိတ်ဆိုလိုသည်၊ ပြုံးခြင်းကိစ္စဆိုသည်မှာလည်း ကာမဂုဏ်နှင့်စပ်၍ပြုံးမှု,အချော်အသောနှင့်စပ်၍ ပြုံးမှုမဟုတ်ပေ၊မရှုန့်မရင်း အပြစ်

ကင်း၍ သန့်ရှင်းသိမ်မွေ့သော အနောဠာရိကအာရုံ၌ တစုံတခုသော အချက်နှင့် မျက်နှာဣန္ဒြေ အနေစွင့်စွင့်ပွင့်ကာမျှသာတည်း၊ ရှေ့ကသွားသော ဘုရားပြုံးတော်မူသည်ကို နောက်နေအာနန္ဒာသိသည်မှာကား- နှုပ်ခမ်းတော်စဉ်းငယ်အဖွင့်ဝယ် စွယ်တော် ၄-ဆူမှတူယူအရပ်သို့ထန်းလုံးသဏ္ဍာန် သောက်ရူးကြယ်ပြန်သကဲ့သို့ အလျှံဝင်းဝင်း တောလုံးလင်းမျှ ထွက်သွားသော ရောင်ခြည်တော်တို့ကို မြင်ပေ၍ နောက်နေအာနန္ဒာသိနိုင်ပါသတည်း။

[ဤကိုထောက်၍ ဘုရား,ရဟန္တာတို့ပြုံးမှုဝယ် အနည်းငယ်သွားပေါ်သည်လည်းရှိ၏-ဟုသိသာရန်။]

အလင်္ကာ၌လည်း ရယ်ခြင်း ၆-ပါးတွင် သွားပေါ်ရုံရယ်ခြင်း ဟူသော ဟသိတကိုဇေဋ္ဌပုဂ္ဂိုလ်၌ သွင်းပေသည်၊ အဟိတ်ကြိယာသည် ကိစ္စအားဖြင့် ၂-ပါးသာ၊ဒွါရဘေဒနှင့်မှ ၃-ပါးရသည်၊ ဆိုရန်ကြွင်းကျန်သမျှကို အထက်မှာမှ ဆိုလတံ့။

အဟိတ်ကြိယာ ပြီး၏။

**စိစစ်ဘွယ်**

**ပဉ္စဝိညာဏ်**

ယခုအခါ အဟိတ်စိတ်ဝယ် စိစစ်ဘွယ်တို့ကို ရွေးချယ်ထုတ်နုတ်၍ သရုပ်ထင်အောင်ဆိုအံ့။

ပဉ္စဝိညာဏ် ၅-ခုတွင် ရှေ့ ၄-ခုမှာ ဥပေက္ခာမြဲကြောင်းကား-

စက္ခု,ရူပါရုံ ၂-ပါးစုသည် အားနည်းလှစွာသော ဥပါဒါရုပ်စုသာတည်း၊ဂွမ်းစိုင်,ဂွမ်းလုံးခြင်းတိုက်သော်လည်း မခိုက်မနာသကဲ့သို့ ဥပါဒါရုပ်ချင်းတိုက်မှုသည်လည်း မခိုက်မနာ၊ မနာခြင်းကြောင့် အခံဝတ္ထုမှ ပွင့်သောဝိညာဏ်သည် အလွန်အားနည်း၏၊ဖဿသည်အလွန်အားနည်း၏၊ဖဿတရား အားနည်းသည့်အတွက်ကြောင့် စက္ခုသမ္ဖဿဇာ ဝေဒနာသည် ဥပေက္ခာအမူနှင့် လျစ်လျူသာခံစားနိုင်လေသတည်း၊ ဝေဒနာတရား အားရှိအားမဲ့, သုခဒုက္ခဖြစ်ရသည်မှာ ဖဿသည်သာ မူလတည်း။

ဖဿပစ္စယာဝေဒနာ၊"ပါဠိ"ယထာ ဖဿံ ဝေဒနာဝဝတ္ထာနတော၊ "အဋ္ဌကထာ"

ယထာဖဿံ၊ ဖဿအားလျော်စွာ။ဝေဒနာဝတ္ထုနတော၊ဝေဒ
နာအစား ခြားနားစွာဖြစ်ပေါ်ခြင်းကြောင့်။"အနက်"

ဖဿသည် ကပ္ပိယနှင့်တူသည်၊ဝေဒနာသည် ကြောင့်ကြမစိုက် အလိုက်နှင့်ပြီးသော ဘုန်းကြီးနှင့်တူသည်၊ အချို့,အချဉ်,အလေး,အပေါ့ အကောင်းအဆိုးမှာ ကပ္ပိယဖြစ်သူ ပြုလုပ် ချက်ပြုတ်စီမံ၍ ပေးရာ ခံစားရတော့သည်။

[နောက်ဝိညာဏ် ၃–ပါးလည်းနည်းတူ။]

ကာယဝိညာဏ်ဒွေတို့၌ ဥပေက္ခာမဟုတ် ဒုက္ခသုခဖြစ်ကြောင်း ကား-

အမှိမှာ ကာယဝတ္ထုဟူသော ဥပါဒါရုပ်ပင်၊ အာရုံမှာမူကား- မဟာဘုတ်ကြီးတို့ပေတည်း။ဂွမ်းလုံးကိုပေပေါ်မှာတင်၍တူနှင့်အလွတ် ထုရာ၌ တူချက်သည် အထုခံအားမတန်၍ ဂွမ်းတွင်မနေ၊ ပေအပြင်၌ တူချက်ရိုက်သဖြင့် အရိုက်ပြင်းထန် အသံပြင်းပြစွာဖြစ်သကဲ့သို့ ထို့အ တူ မဟာဘုတ်တို့သည် ကာယဝတ္ထု၌ ခိုက်သောအခါ ကာယဝတ္ထု တွင်မက ကာယဝတ္ထု၏ မှီရာမဟာဘုတ်၌ အာရုံဆိုက်သဖြင့် အခိုက် ပြင်းထန်လေ၏။

ဘယ်အခါ၌ ခိုက်သနည်း၊ ခိုက်သောအခါ် သာယာဘွယ်မှုဖြစ်အံ့၊ ဝတ္ထုမှီရာ မဟာဘုတ်တို့သည် အေးမြသောရေနှင့် တွေ့သောကြာပန်း တို့ကဲ့သို့ ချမ်းမြေ့သောအခြင်းအရာသို့ ရောက်သဖြင့် နောက် ကာယ ဝိညာဏ်ပေါ်သော ကာယသုခဝေဒနာဖြင့် ပေါ်လာရန် ကေန္တအ ကြောင်းဖြစ်ကြပေကုန်၏။

မသာယာဘွယ်မှုဖြစ်အံ့၊ပွက်ပွက်ကြိုက် ဆူပူသောရေနှင့်တွေ့သော ကြာပန်းတို့ကဲ့သို့ မချမ်းမြေ့သောအခြင်းအရာသို့ရောက်သဖြင့် နောက် ကာယဝိညာဏ်ပေါ်သော ကာယဒုက္ခဝေဒနာဖြင့် ပေါ်လာရန်ကေန္တ အကြောင်းဖြစ်ကြပေကုန်၏၊ ဤ၌လည်း ခိုက်မှုနှင့် လျော်စွာ ဖဿထူး ပေါ်သည်၊ ဖဿနှင့်လျော်စွာ ဝေဒနာထူးပေါ်သည်။

ပဉ္စဝိညာဏ်ပြီး၏။

## သမ္ပဋိစ္ဆိုင်း

ပဉ္စဝိညာဏ်တို့ကား-ပဉ္စဝတ္ထုကိုမှီကုန်သည်၊ သမ္ပဋိစ္ဆိုင်းတို့ကား-ဟဒယဝတ္ထုကိုမှီကုန်သည်၊ဝိညာဏ်တို့ကား-အနန္တရပစ္စည်း၊ သမ္ပဋိစ္ဆိုင်းတို့ကား-ပစ္စယုပ္ပန်၊ဤသို့မှီရာ ကွဲပြားသောတရားတို့မှ အနန္တရပစ္စည်း၊ သမ္ပဋိစ္ဆိုင်းတို့ကား-ပစ္စုပ္ပန်၊ ဤသို့မှီရာ ကွဲပြားသော တရားတို့မှ အနန္တရပစ္စည်းကိုအားယူ၍ထူထောင်ရသောကြောင့် သမ္ပဋိစ္ဆိုင်းဒွေတို့မှာလည်း ဥပေက္ခာဝေဒနာသာ မှန်သည်ဟုလာ၏။

ဟဒယဝတ္ထုသည် အာရုံထကောင်းသော အကြည်မျိုးမှုကား-မဟုတ်ပေ၊ ရွှေစင်ပကတိ ဘော်စင်ပကတိတို့ကဲ့သို့ အနှစ်အတံအား အင်ရှိသောဓာတ်ပေတည်း၊ပဉ္စဝတ္ထုတို့သည်ကား-အနှစ်ရှိသောဓာတ်မျိုးမဟုတ်၊ ဖလ်ဓာတ်မှန်ဓာတ်တို့ကဲ့သို့ အကြည်ဓာတ်သက်သက်သာတည်း၊ ထိုဝိညာဏ ဓာတ်သည်မှုကား- ဝေဘူလပတ္တမြားကဲ့သို့ အကြည်လည်းဖြစ်၊ အနှစ်လည်းမှန်ပေ၏၊ ဤတွင် အနှစ်မျိုးမဟုတ်သော ပဉ္စဝတ္ထုကိုမှီရ၍ အားနွဲ့လှသောပဉ္စဝိညာဏ်တို့မှ အနန္တရပစ္စည်းမှုကို အားယူ၍ ထူထောင်ရသောကြောင့် ဣဋ္ဌ,အနိဋ္ဌမှာပင် ဥပေက္ခာသာ မှန်သည်ဟု ဆိုသင့်ပါ၏။

သမ္ပဋိစ္ဆိုင်းပြီး၏။

## သန္တီရဏ

သုခဒုက္ခဝေဒနာတို့မှာ အချင်းချင်းထိခိုက်ကြသော ဣဋ္ဌ, အနိဋ္ဌမဟာဘုတ်တို့၏ တန်ခိုးကြောင့် တမျိုးပေါ်လာသော ဝေဒနာစုဖြစ်ပေ၏၊ ကာယဝတ္ထု၌မှီကြသော ကာယဝိညာဏ်ဒွေတို့မှတပါး တခြားသောစိတ်တို့နှင့်မဆိုင်ကုန်၊ ဒေါမနဿဝေဒနာမှာလည်း ပကတိသော ရေသည် မီးနှင့်ပေါင်းခိုက် ကျိုက်ကျိုက်ပွက်ဆူ ရေပူရေနွေးဖြစ်ရသကဲ့သို့ ဒေါသဟူသောဓာတ်ပူဓာတ်လောင်နှင့် ပေါင်းရမှ ဒေါမနဿဝေဒနာဟူ၍ဖြစ်နိုင်သည်၊ထို့ကြောင့်ဒေါသမူဒွေမှတပါးတခြားသောစိတ်တို့နှင့်မဆိုင်ကုန်၊ အနိဋ္ဌာရုံ၌သာဖြစ်ရသော အကုသလဝိပါက်စိတ်တို့အား သောမနဿနှင့်မထိုက်၊ ထို့ကြောင့် အကုသလဝိပါက်သန္တီရဏမှာလည်း ဥပေက္ခာသာ ယှဉ်လေသည်၊ ကုသလဝိပါက်၌

မူကား-ဇူဋ္ဌမဇ္ဈတ္တာရုံ,အတိဇူဋ္ဌာရုံတို့၏ တန်ခိုးကြောင့် ၂-မျိုးဖြစ်ရလေသည်။

မေးမြန်းဘွယ်

မေး။ အကုသလဝိပါက်၌လည်း အနိဋ္ဌမဇ္ဈတ္တာရုံ,အတိအနိဋ္ဌာရုံတို့၏ တန်ခိုးကြောင့် ၂-မျိုးပင် ရှိကောင်းသည်မဟုတ်လော-ဟူမူ။

ဖြေ။ ၂-မျိုးလုပ်လိုလျှင် ဒုက္ခဝေဒနာနှင့် သော်လည်းလုပ်ရလိမ့်မည်၊ဒေါမနဿဝေဒနာနှင့် သော်လည်း လုပ်ရလိမ့်မည်၊ ဒုက္ခဝေဒနာသည် ကာယဝိညာဏ်စိတ်မှရွှေ့နိုင်သောအခွင့်မရှိ၊ဒေါမနဿသည် ဒေါသနှင့်ခွဲနိုင်သောအခွင့်မရှိ၊ ဒေါသ၌အဗျာကတလည်း ဘက်၍မရ။

သန္တီရဏပြီး၏။

အာဝဇ္ဇန်း

ပဉ္စဒွါရာဝဇ္ဇန်းမှာအာရုံ ၇-ချက်လက်ဦးဆုံးကျခဲ၍ ခံစားခွင့်မသာသောကြောင့် ဥပေက္ခာယှဉ်လေသည်၊ဝုဋ္ဌောခေါ် မနောဒွါရာဝဇ္ဇန်းမှာလည်း ဝိပါက်အစဉ်ကိုဖြတ်၍ဇောအစဉ်လာအောင် ပဲ့ပြင်မှုကိစ္စနှင့် ကြောင့်ကြဘွယ်ရှိနေ၍ ခံစားမှုမှာ ဥပေက္ခာမျှဖြစ်ရလေသည်ဟု ဆိုကြ၏။

အာဝဇ္ဇန်းပြီး၏။

ဝိပါက်မည်ခြင်း

ဝိပါက်မည်ခြင်းကား- စိတ်သန္တာန်၌ဖြစ်သော စေတနာတည်းဟူသောကံသည် ဘင်ခဏနှင့်ချုပ်သည်ရှိသော် တခုသောအခြင်းအရာကို ထိုစိတ်သန္တာန်၌ထားခဲ့၍ချုပ်သည်၊ ထိုအခြင်းအရာကို အာဟိတဝိသေသလည်းခေါ်သည်၊ ဗီဇဘာဝလည်း ခေါ်သည်၊ ထိုဗီဇဘာဝသည် အကြင်မျှလောက် ပရမတ္ထဓမ္မ အသီးဖြစ်၍မပေါ်သေး၊ထိုမျှလောက် ထိုစိတ်သန္တာန်တွင် အစဉ်လိုက်ရော၍သာနေ၏၊ ကုသိုလ်,အကုသိုလ်,ဝိပါက်,ကြိယာ အားလုံးနှင့်ပင် မခြားမနားရောနိုင်၏။

ဗဟိဒ္ဓသန္တာန်မှ ရင့်ရန်အကြောင်းနှင့် ဆိုက်တိုက်မိသောအခါ ထိုဗီဇဘာဝသည် ပရမတ္ထအသီးဖြစ်၍ပေါ်ပေမူထိုပရမတ္ထကို“ဝိပစ္စတိ ပရိဏတဘာဝံ ဂစ္ဆတီတိ ဝိပါကော”ဟူသောအနက်နှင့်ဝိပါက်ခေါ်ပေသတည်း။ ဝိပစ္စတိ၊ရင့်တတ်၏။ ပရိဏတဘာဝံ၊ ရင့်မာသောအဖြစ်သို့။ ဂစ္ဆတိ၊ရောက်တတ်၏။ဣတိတသ္မာ၊ ထို့ကြောင့်။ဝိပါကော၊ဝိပါက်မည်၏။ပရမတ္ထဓမ္မအသီးအခြားအနေနှင့် မပေါ်သေးသမျှကာလပတ်လုံးနုသော အခိုက်ဖြစ်ခဲ့၍ ဝိပါကမဆိုရ ကမ္မဇရုပ် တရားများသည်မူကား-ထိုဗီဇဓာတ်မှ ဆက်လက် ဖြောင့်တက်၍ ဖြစ်ပေါ်သည်မဟုတ်၊ ဗီဇဓာတ်၏ အရှိန်အဝါကြောင့် ဝိပါကဓာတ်၏ အခြံအရံအသုံးအဆောင် အလို့ငှါဖြစ်ပေါ်လာသော အာနိသံသဖလစုသာတည်း၊ ထို့ကြောင့်နုသည်, ရင့်သည်-ဟု ဆိုခွင့်မရှိ၍ ဝိပါကမခေါ်ရ။

[ဤအနက်ကို အထက်သို့ရောက်မှ အကျယ်ဆိုမည်၊ ဝိပါကပုဒ်ကိုဖွင့်ကြသော ဆရာတို့ကား-ရှဋီအလိုနှင့်ဖွင့်ဆိုကြကုန်၏၊ ရှဋီမဟုတ်ပေ။]

ဝိပါက်မည်ခြင်းပြီး၏။

## ကြိယာမည်ခြင်း

ကြိယာမည်ခြင်းကား ၂-ပါးရှိ၏—

၁။ အနုသယမရှိ၍ ဖြစ်လာသောကြိယာတမျိုး,

၂။ ကိစ္စမအောင်မြင်၍ ဖြစ်လာသော ကြိယာတမျိုး။

၁။ လောကီကုသိုလ်တို့သည် အနုသယဓာတ် အစေးပြတ်သောအခါအကျိုးပေးမှု ငြိမ်းကြကုန်၏၊ ကြီးငယ်ကိစ္စဆောင်ဘို့မျှသာ ဖြစ်နေကြကုန်၏၊ ထိုကုသိုလ်တို့ကိုလည်း ရဟန္တာအဖြစ်သို့ ရောက်သောအခါ ကြိယာခေါ်သည်တမျိုး။

၂။ ဝိပါက်မည်သည် သူ့ဗျာပါရနှင့်သူ ထူထောင်၍ ထနိုင်သောတရားစုမဟုတ်၊ ကဆုန်,နယုန်တွင်မြေမှထ၍တက်သော ဓာတ်ခိုးတို့သည် မိုဃ်းရည်မိုဃ်းပေါက်အဖြစ်သို့ ရောက်သောအခါ လှုပ်ဘို့,ပွါးဘို့ အားအစွမ်း လမ်းဆုံးသဖြင့် ဓာတ်ဆုံးဓာတ်သေဖြစ်၍ မြေသို့ကျဘို့သာ ဖြစ်ကြကုန်သကဲ့သို့ ကံစေတနာဖြစ်ခဲ့ရာမှ ထိုသန္တာန်တွင် အစဉ်တက်ပွါး၍လာသော ထိုဗီဇဘာဝဓာတ်နုသည် ဝိပါက်အဖြစ်ရောက်သောအခါ လှုပ်ဘို့, ပွါးဘို့ အားအစွမ်း လမ်းဆုံးသဖြင့် ဓာတ်ဆုံး

ဓာတ်သေ ဖြစ်ကြလေကုန်၏၊ အနုသယရှိသော သန္တာန်၌ အောင်မြင်သော ကိုယ်စွမ်း ကိုယ်ရေးနှင့်ထကြ၍ ချုပ်ပြီးကာလလည်း ဗီဇဘာဝမျိုးစက် ချနိုင်သောတရားစုကို ကုသိုလ် အကုသိုလ်ခေါ်သည်။

ဝုဋ္ဌောအာဝဇ္ဇန်းတို့သည် ကား-သူတို့ အစွမ်းနှင့်သူ ထူထောင်၍ ထကြကုန်၏။ ကံ၏ အစက် အနက် မဟုတ်ကြပေကုန်၊ ထို့ကြောင့် ဝိပါက်လည်း မဟုတ်ကြလေကုန်။ ဓာတ်ဆိုး ဓာတ်သေဖြစ်ကြကုန်သော ဘဝင်သန္တီရဏတို့မှ ဆက်လက်ရကုန်သည်ဖြစ်၍လည်း ဗီဇဘာဝမျိုးစက် ချဘို့ လုလု အောင်မြင်သော ကိစ္စလည်း မရှိကြကုန်၊ ကုသိုလ်, အကုသိုလ် အဖြစ်သို့လည်း မရောက်ကြကုန်၊ ဝီထိစိတ်,ဇောစိတ်တို့ကို ရှေ့ဦးစွာ အစထူထောင်ရသော ကိစ္စကြိယာမျှသာ ဖြစ်ကြကုန်၍ ကြိယာမျှသာခေါ်ရကုန်သည်။

[ဤအနက်သည် အထက်၌သည်းလာလတံ့။]

ကြိယာမည်ခြင်းပြီး၏။

## အဟိတ်မည်ခြင်း

အဟိတ်မည်ခြင်းကား-အထူးယှဉ်သော သမ္ပယုတ်ဟိတ်-ဟူ၍ မရှိခြင်းပင်တည်း၊ အဘယ့်ကြောင့် သမ္ပယုတ်ဟိတ်မရှိသနည်း၊ ကိစ္စဌာန သေးနုတ်လှ၍ မရှိသည်ဟုတ်၏။

၁။ ဟိတ်တို့မည်သည် အရှိန်အဝါကြီးလှစွာသော မဟာသာလ နာမမည်တွင် အင်ကြင်းပင်တို့နှင့်တူကုန်၏။

၂။ အာဝဇ္ဇန, ဒဿန, သဝန, ဃာယန, သာယန, ဖုသန, သမ္ပဋိစ္ဆန, သန္တီရဏ, ဝဝတ္ထာပန၊ဤကိစ္စဤဌာနတို့သည် ရပ်နီး ရွာနီး ကျတ်တီး မြေကြော အင်တိုင်းတောတို့နှင့် တူကုန်၏။

၃။ ဇောစသောကိစ္စကြီး,ဌာနကြီးတို့သည် ဟိမဝန္တာတောကြီး နှင့်တူကုန်၏။

အင်တိုင်းတော၌ပေါက်သောသစ်ပင်လည်းမဟာသာလမဖြစ်နိုင်၊ မဟာသာလဖြစ်သော သစ်ပင်သည်လည်း အင်တိုင်းတော၌ မပေါက်နိုင်၊ ဟိမဝန္တာ၌သာ ပေါက်လေသတည်း၊ ဟိမဝန္တာ၌ ပေါက်မှသာ မဟာသာလကြီးဖြစ်နိုင်လေသတည်း။

သန္တီရဏ ၃-ခုသည် တဒါရုံဌာန, ပဋိသန္ဓိဌာန, ဘဝင်ဌာန-ဟူသော ဌာနကြီးတို့၌ ဖြစ်ပါကုန်သော်လည်း ဇနကကံ အားမသန်၍ အဟိတ်ဖြစ်ရကုန်သည်၊ တိဟိတ်ဥက္ကဋ္ဌကံပင် ဖြစ်သော်လည်း ဆိုခဲ့ပြီးသောကိစ္စသေး, ဌာနသေးတို့၌ ပေးရသောအခါ အဟိတ်ဝိပါက်ကိုသာ ပေးရလေသည်၊ ကိစ္စဌာနပင်ကြီးသော်လည်း ချို့တဲ့သော အကြောင်းရှိပြန်လျှင် အဟိတ်သာဖြစ်ရသည်။

ဟသိတုပ္ပါဒ်စိတ်သည် ဇောကိစ္စရှိပါသော်လည်း အကြံအဘန်နှင့် မဘက်သော သက်သက်ပြုံးမှု၏ သေးနုသောကိစ္စဖြစ်၍ ဟိတ်တို့မယှဉ်သည်၊ သဟိတ်ဝိပါက်တို့သည် အကြံအဘန်ပင် မရှိကုန်သော်လည်း ဇနကကံ၏ အစွမ်းကြောင့် ဟိတ်ယှဉ်ကုန်သည်။

အဟိတ်မည်ခြင်းပြီး၏။

သမ္တ၀

မေး။ ကုသိုလ်ဝိပါက်အရာ၌- တိဟိတ်ကံကြောင့် တိဟိတ်ဝိပါက်လည်း ဖြစ်လာသည်၊ ဒွိဟိတ်ဝိပါက်လည်း ဖြစ်လာသည်၊ အဟိတ် ဝိပါက်လည်း ဖြစ်လာသည်၊ ဒွိဟိတ်ကံကြောင့် ဒွိဟိတ်ဝိပါက်လည်း ဖြစ်လာသည်၊ အဟိတ်ဝိပါက်လည်း ဖြစ်လာသည်၊ ထို့အတူ ဒွိဟိတ်ဖြစ်သော အကုသိုလ်ကံစုကြောင့် ဒွိဟိတ်ဖြစ်သော သဟိတ်အကုသလ ဝိပါက်စိတ်သည်လည်း ဖြစ်ကောင်းသေးသည်မဟုတ်ပါလော၊ အဘယ့်ကြောင့် အကုသလဝိပါက်မှ အဟိတ်သာရှိလေသနည်း- မေးရန်။

ဖြေ။ အကုသိုလ်ဟိတ်တို့နှင့် ယှဉ်သောစေတနာသည် လွန်စွာလှုပ်ရှား၏၊ကံဖြစ်၍ ချုပ်ပြီးနောက် ဗိဇဘာဝအနေမှ တက်၍ ဝိပါက်ဖြစ်ပေါ်သောအခါ၌ ကောင်းစွာတည်တံ့ခြင်း ကိစ္စရှိသောဟိတ်နှင့်ယှဉ်၍ မပေါ်နိုင်၊ အကုသိုလ်စေတနာကိုမဆိုထားဘိ တိဟိတ်စသော ကုသိုလ်စေတနာစုသည်ပင် အကုသိုလ်ဟိတ် ခြံရံခဲ့လျှင် အကျိုးပေးသောအခါ် ကံနှင့်တူစွာ ဟိတ်မပါနိုင် ရှိရချေသည်၊ ထို့ကြောင့် အကုသလဝိပါက်စိတ်မှာ သဟိတ်ဟူ၍ မရှိပေသည်။

## ဋီကာကျော်ဝါဒ

ဋီကာကျော်နည်းနှင့် ဖြေလျှင်လည်းပြေပါ၏၊ အကုသလဝိပါက်စိတ်စုသည် အဗျာကတကေန်၊ အသောဘဏဟိတ်စုသည် အကုသိုလ်ကေန်၊ ထို့ကြောင့် အကုသိုလ်ဟိတ်တို့နှင့်လည်း ယှဉ်ခွင့်မရှိ၊ အကုသိုလ်၏ အကျိုးဖြစ်သော ထိုဝိပါက်စု၌ ကုသိုလ်၏ အကျိုးဖြစ်သော အလောဘစသောဟိတ်တို့သည်လည်း မယှဉ်ထိုက်ကုန်၊ ထို့ကြောင့် အကုသလဝိပါက်စိတ်မှာအဟိတ်သာရှိလေသတည်း။

[ဋီကာကျော်။]

သမ္ဘဝ,ဗျဘိစာရဟူရာ၌–

၁။ လောက၌ရေမှာအေးရန်,ပူရန်အကြောင်း ၂-ပါးထင်ရှားရှိနေသည်ကား-သမ္ဘဝ,

၂။ ယင်းသမ္ဘဝကြောင့်ရေဆိုလျှင် အအေးသာ ဟူ၍လည်းမကျ၊ အပူသာဟူ၍လည်းမကျ၊ ၂-ဘက်ရ ဖြစ်နေသည်ကား-ဗျဘိစာရ,

၃။ မီးမှာ မီးအေး, မီးပူဖြစ်ရန်အကြောင်း ၂-ပါးထင်ရှားမရှိသည်ကား-အသမ္ဘဝ,

၄။ ယင်းအသမ္ဘဝကြောင့် မီးဆိုလျှင်ပင်အပူသာဟု ဆိုကျသည်ကား-အဗျဘိစာရ,

ထို့ကြောင့် မီးယူခဲ့ဟူရာ၌ ပူသောမီးယူခဲ့ဟု ထည့်ဘွယ်မရှိ၊ရေယူခဲ့ဟူရာ၌ ပူသောရေယူခဲ့၊ အေးသောရေယူခဲ့ဟု ထည့်သင့်သောအခါ၌ ထည့်မှသာ ကွဲပြားသည်၊ ဤအတူ–

၁။ အကုသလဝိပါက်စိတ်စုမှာ ဟိတ်နှင့်ယှဉ်ရန် အကြောင်းမရှိသည်ကား-သမ္ဘဝ မရှိခြင်းတည်း။

၂။ အကုသလဝိပါက်ဆိုလျှင်ပင် အဟိတ်သာဟုဆိုကျသည်ကား-ဗျဘိစာရကင်းခြင်းတည်း။

၃။ ကုသလဝိပါက်စိတ်မှာ ဟိတ်နှင့်ယှဉ်ရန် အကြောင်းတရားထင်ရှားရှိနေသည်ကား-သမ္ဘဝရှိခြင်းတည်း။

၄။ ယင်းသမ္ဘဝကြောင့် ကုသလဝိပါက်ဆိုကာမျှနှင့် အဟိတ်သာ ဟူ၍လည်းမကျ၊ သဟိတ်သာဟူ၍လည်းမကျ၊ ၂-ဘက်ရ ဖြစ်နေသည်ကား-ဗျဘိစာရရှိခြင်းတည်း။

ထို့ကြောင့် အကုသလဝိပါက်ဟူရာ၌ အဟေတုကသဒ္ဒါ ထည့်ခွင့် မရှိ၊ကုသလဝိပါက်ဟူရာ,ကြိယာဟူရာ၌သာ အဟေတုကသဒ္ဒါထည့်ရ လေသည်။

သမ္ဘဝပြီး၏။

**သန်ါရစစ်ချက်**

**မေး။** ဤအဟိတ်စိတ်အဌာရသကို သသန်ါရိက ဆိုမည်လော၊ အသန်ါရိကဆိုမည်လော၊ ၂-ပါးဆိုရမည်လော ၂-ပါးမှ အလွတ်ဆိုမည်လော-မေးရန်။

**ဖြေ။** ဋီကာကျော်အလိုနှင့်ဆိုပေမူ-ထက်မြက်သောတိက္ခသဘော မရှိကြသောကြောင့် အသန်ါရိကမဆိုသာ၊ တိုက်တွန်း လောက်သော ကိစ္စမန္ဒယ်ကြ၍ တိုက်တွန်းဘွယ်ကိစ္စ မရှိကြ သောကြောင့်လည်း သသန်ါရိကမဆိုသာ၊ အလွတ်သာ တည်းဟု ဆိုပေမည်၊အချို့ဆရာတို့ကား - အသန်ါရိကဟူ ကြကုန်၏။

**စင်စစ်မူကား။** ပဋိသန္ဓေ,ဘဝင်, စုတိကိစ္စရှိသော မဟာဝိပါက်တို့ မှာ သေခါနီးတွင် တိုက်တွန်း၍ ထင်ရသော ကံ,ကမ္မနိမိတ်,ဂတိနိမိတ်ကို ယူ၍ဖြစ်ကြလျှင် သသန်ါရိက,ကံ၏အစွမ်းဖြင့် အလိုလိုထင်သောနိမိတ် ကိုယူ၍ဖြစ်ကြလျှင် အသန်ါရိက မှတ်ကြရမည်၊ တဒါရုံကိစ္စရှိသော မဟာဝိပါက်စုမှာ လျောက်ပတ်သော ဥတု,အာဟာရ-စသည်နှင့်ဖြစ် ရလျှင် အသန်ါရိက၊ မလျောက်ပတ်စုနှင့်ဖြစ်ရလျှင် သသန်ါရိကမှတ် ကြရသည်။

၁။ ပဋိသန္ဓေ,ဘဝင်,စုတိကိစ္စရှိသော သန္တီရဏ ၂-ခု၊တဒါရုံကိစ္စ ရှိသော သန္တီရဏ ၃-ခုတို့ကို ထိုမဟာဝိပါက်နှင့်တချက်တည်း ဆိုခွင့် မဆိုက်လော။

၂။ ရှေးအတို့၌ဖြစ်သော သင်္ခါရနှင့် သသင်္ခါရခေါ်သော အကြောင်းစုကြောင့် ယခုဖြစ်လာသော ဆင္ခါရိကဇောတို့ကို သသင်္ခါရိကဆိုရသဖြင့် ထိုဇောတို့၏ရှေ့သွားနောက်လိုက်ဖြစ်ကြသော ဆင္ခါရိက အဟိတ်စိတ်တို့ကို သသင်္ခါရိက ဆိုခွင့်မဆိုက်လော။

၃။ အသင်္ခါရိကဇောတို့၏ ရှေ့သွားနောက်လိုက် ဖြစ်ကြသော ဆင္ခါရိကအဟိတ်စိတ်တို့ကို အသင်္ခါရိကဆိုခွင့် မဆိုက်လော။

၄။ ဟသိတုပ္ပါဒ်မှာလည်း ဖြစ်ခွင့်နှင့်ယှဉ်၍ပေးလျှင် ဖြစ်မည်၊ မယှဉ်လျှင်လည်း မဖြစ်ပေရကား၊ ၂-ပါးဆိုခွင့် ရှိသည်ပင်။

ထို့ကြောင့် အဟိတ်စိတ်အဋ္ဌာရသကို ၂-ပါး၌ပင် ထည့်ခွင့်မြင်သည်၊ ဓမ္မသင်္ဂဏီ၌ မဟောသည်မှာ သူတို့အတွက်နှင့် အသီးထွက်လောက်သော သင်္ခါရကိစ္စ မရှိကြ၍ မဟောသည်ဆိုရမည်။

သင်္ခါရစစ်ချက် ပြီး၏၊

အဟိတ်စိတ် ၁၈-ခုပြီး၏။

---

## ကာမာဝစရစိတ် ၂၄-ခု

### သောဘဏမည်ခြင်း

သဒ္ဓါ,သတိ,ဟိရိ,ဩတ္တပ္ပ-စသော ၂၅-ပါးသော စေတသိက်တို့သည်သာလျှင် စင်ကြယ်ကောင်းမြတ် ချီးမွမ်းအပ်သောကိစ္စလက္ခဏာ ရှိကြပေကုန်သည်ဖြစ်၍ စင်စစ်အားဖြင့် သောဘဏ မည်ကုန်၏၊ ထိုစေတသိက်တို့နှင့် ယှဉ်ကုန်သော တရားတို့သည်လည်း အလားတူကောင်းမြတ်ကြကုန်သည်ဖြစ်၍ သောဘဏ မည်ကုန်၏၊ အဟိတ်တရားသည် ထိုသောဘဏအစစ်တို့နှင့် ယှဉ်ခြင်းမရှိကုန်၊ အကုသိုလ်စိတ်တို့သည်ကား - ထိုသောဘဏအစစ်တို့နှင့် ဆန့်ကျင်ဘက်ဖြစ်ကုန်သောမောဟ, အဟိရိက, အနောတ္တပ္ပစသည်တို့နှင့် ယှဉ်ကြကုန်သည်၊ ထို့ကြောင့် ထို ၂-ပါးတို့ကို အသောဘဏဆိုရကုန်သည်။

သောဘဏမည်ခြင်းပြီး၏။

### လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်

ကာမာဝစရံ၊ကာမာဝစရစိတ်သည်။ ပရိတ္တလက္ခဏံ၊သေးငယ်နုတ်ဖွဲ့သောလက္ခဏာရှိ၏။ကာမတဏှာယ၊ကာမတဏှာ၏။ဂေါစရဘာဝရသံ၊ကျက်စားကျင်လည်ရာဖြစ်ခြင်းကိစ္စရှိ၏။ စဋ္ဌလပစ္စုပဋ္ဌာနံ၊တိုလှုပ်လွယ်သောအဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏၊ အကုန်နှံ့စပ်အောင် ပဒဋ္ဌာန်ရှာလေ။

လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်ပြီး၏။

### ကုသလသဒ္ဒါ၏အနက်

**ဆောင်။** အနာကင်းလစ်၊ အပြစ်ကင်းကွာ၊ အလိမ်မာနှင့်၊ ချမ်းသာကောင်းကျိုး၊ ၄မျိုးအချက်၊ ကုသိုလ်နက်။

ကုသလသဒ္ဒါသည် အနာကင်းသည်ကိုလည်းဟော၏၊ကောင်းကျိုးပေးသည်ကိုလည်းဟော၏-ဟူလိုသည်၊ အနိဋ္ဌရုပ်စုသည် ရုပ်၏ရောဂါမည်၏၊ကိလေသာစုသည် နာမ်၏ရောဂါမည်၏၊စိတ်သန္တာန်၌နာမ်ရောဂါစွဲ၍ အပါယ်ငရဲ၌ တလူးလဲလဲခံနေကြရသည်၊ ဘုရားကား-နာမ်ရောဂါကို ကုသသောဆေးသမားကြီးပင်တည်း။

တိကိစ္ဆကောတိ ခေါ ဘိက္ခဝေ တထာဂတဿေတံ အဓိဝစနံ။ ။

[ပါဠိတော်။]

**အနက်ကား။** ဘိက္ခဝေ၊ ရဟန်းတို့။ တိကိစ္ဆကောတိ တော်၊ ဆေးသမား ဆေးသမား ဆိုသည်ကား။ခေါ၊ကေန်-စင်စစ်။တထာဂတဿ၊ငါဘုရား၏။ အဓိဝစနံ၊ အမည်တည်း။

### အနာကင်းခြင်းအနက်

ငါဘုရားမှ ဆေးသမားအစစ်၊ သည့်ပြင်-သမားတု သမားယောင်သာ-ဟူလိုသည်၊သည့်ပြင်ဆေးဆရာတို့မှာ ရုပ်နာကိုသာ ကုနိုင်သည်၊ ရုပ်နာတွင်လည်း တဘဝတွင်သာ ကုနိုင်သည်၊ နာမ်နာ မငြိမ်းလျှင် ရုပ်နာတလဲလဲသာ နေ၏၊ဘုရားမှာနာမ်နာကိုကုသည်၊ နာမ်နာငြိမ်းလျှင် ရုပ်နာလည်း အမြစ်ပြတ်တော့သည်၊အမြစ်ပြတ်အောင်ကုနိုင်မှ ဆေးသမား လမ်းဆုံး,ကမ်းဆုံးရောက်သည်၊ ဆေးသမားလမ်းဆုံး,

ကမ်းဆုံး ရောက်အောင် တတ်မြောက်ပေသည်ကား-ဘုရားရှင်ပေတည်း၊ ထို့ကြောင့် ငါဘုရားသာလျှင် ဆေးသမားအစစ် ဖြစ်သည်-ဟု ဟောပေသည်၊ ကုသိုလ်တရားတို့ကား-နာမ်နာကို ပယ်ရှားသောဆေးဝါး ဓာတ်စာတို့ပေတည်း။

အနာကင်းခြင်းအနက်ပြီး၏။

**အပြစ်ကင်းခြင်းအနက်**

သံကို ဖျက်သည်ကား-သံချေးတည်း၊သံချေး၏ ကိစ္စကား-မိရာသံကို မကျန်မကြွင်း အတင်းစားမှုပေတည်း၊ စားဘန်များလျှင် သံသားကုန်ဆုံး, သံသက်ပြုန်း၍ လုံးလုံးဖွဲပြာဖြစ်လေ၏၊ ဤကား-အညစ် အကြေးအချေး အညှော်တို့၏ ဓမ္မတာတည်း၊ထိုအညစ်အကြေး-ဟူသော ဓာတ်ချေးသည် စင်စစ်အားဖြင့် နိဗ္ဗာန်တခု၌သာ အရှင်းလွတ်၏၊ မဂ်ဖိုလ်တို့မှာပင် ဇရာ, မရဏ-ဟူသော ဓာတ်ချေး, ဓာတ်လောင်ရှိကြကုန်၏၊ တေဘူမကဓမ္မတို့ဝယ် ဆိုဘွယ်မရှိ၊ ဤအရာ၌ကား-ဖြူစင်သော စိတ်သန္တာန်ကို သံချေးအလား အကုန်စားတတ်သော ကိလေသာတို့ကိုအပြစ်ဆိုသည်၊ထိုအပြစ်ကို ပယ်မှုကြောင့် ကုသိုလ်ခေါ်သည်။

အပြစ်ကင်းခြင်းအနက်ပြီး၏။

[အလိမ်မာကောင်းကျိုးပေးတို့မှာ သိသာပြီး၊ အစဉ်အလာ မှန်လှစွာသော ဤအနက် ၄-ဦးတို့ကို အထူးမြတ်နိုးရမည်။]

သတလိင်္ဂဿ အတ္ထဿ၊
သတလက္ခဏဓာရိနော။
ဧကင်္ဂဒဿီ ဒုမ္မေဓော၊
သတဒဿီ စ ပဏ္ဍိတော။ ။

**အနက်ကား။** ဒုမ္မေဓော၊ပညာနည်းသော သူသည်။သတလိင်္ဂဿ၊ အရာမကသော ပဝတ္တနိမိတ်ရှိထသော။ သတလက္ခဏ ဓာရိနော၊ အရာမကသော သဘောလက္ခဏာကို ဆောင်ပေထသော။ အတ္ထဿ၊ အနက်ဒြပ်၏။ ဧကင်္ဂဒဿီ၊ တခုသောအစိပ်ကိုသာမြင်နိုင်၏။ ပဏ္ဍိ-တောစ၊ ပညာရှိသည်သာလျှင်။ သတဒဿီ၊ အရာမကကို မြင်နိုင်၏-

ဟု လာသော ထေရဂါထာပါဠိနှင့်အညီ-သတဒဿီ ဖြစ်တော်မူကြ ပေကုန်သော ဆရာမြတ်တို့၏ ဉာဏ်စွမ်းပြဆိုကြသော ဝိဂ္ဂဟ်လက်သစ်များကို လစ်လျူရှုအံ့။

[ကုသိုလ်၏ လက္ခဏာဒိကို ရှေး၌ဆိုခဲ့ပြီ။]

ကုသလသဒ္ဒါ၏အနက်ပြီး၏။

## ကုသိုလ်၏အကြောင်း

၁။ ပဋိရူပဒေသဝါသ၊ သူတော်ကောင်းတရား ထွန်းကား ပေလတ် လျောက်ပတ်သင့်တင့်သော မြို့ရွာဒေသ၌ နေထိုင်ခြင်းတပါး,

၂။ ပုဗ္ဗေစကတပုညတာ၊ ပြုခဲ့ဘူးသော ဘုန်းကံပါရမီရှိခြင်းတပါး,

၃။ သပ္ပုရိသူပနိဿယော၊ သူတော်ကောင်းတို့ ကြည်ညိုလေးမြတ် ဆည်းကပ်မှီတွယ်ခြင်းတပါး,

၄။ အတ္တသမာ ပဏိဓိ၊ စိတ်ထား,သဘောထားကောင်းခြင်းတပါး,

ကုသိုလ်ဖြစ်ရန်အကြောင်း ၄-ပါး၊ ဤ ၄-ပါးသည် တခုခုသော ဘဝ၌ တစွန်းတစထူထောင်မိသည်ရှိသော် အဆက်ဆက် အဆင့်ဆင့် အပြန်ပြန်လည်၍ သွားတတ်သောကြောင့် စက် ၄-ပါးမည်၏။

ကုသိုလ်၏အကြောင်းပြီး၏။

## သောမနဿ၏အကြောင်း

၁။ သောမနဿပဋိသန္ဓိကတာ၊ သောမနဿ ဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေခဲ့ခြင်း,

၂။ သဒ္ဓါဗဟုလတာ၊ သဒ္ဓါစရိုက်ပြောခြင်း,

၃။ ဝိသုဒ္ဓဒိဋ္ဌိ၊ သမ္မာအယူ ဖြူစင်ခြင်း,

၄။ အာနိသံသဒဿာဝိတာ၊ ကံတို့၏ အကျိုးအာနိသင်ကို မြင်နိုင်ခြင်း,

၅။ ဣဋ္ဌာရမ္မဏသမာယောဂေါ၊ အလိုရှိအပ်သော အလျှုဝတ္ထု၊ အလှူခံ ပုဂ္ဂိုလ်စသော ဣဋ္ဌာရုံနှင့် တွေ့ကြုံခြင်း,

၆။ ကသိဏ ပိဋ္ဌာဘာဝေါ၊ အနှောင့်အယှက်မှကင်းခြင်း,

[သောမနဿဖြစ်ရန်အကြောင်းစု။]

ဆောင်။ သန္တေ, သဒ္ဓါ၊ သမာ,နိသင်၊ လိုအင်ပြည့်နှက်၊ နှောင့်ယှက်မသန့်း ဤ ၆-ခဏ်း၊ ဝမ်းမြောက်ကုသိုလ်ချက်။

၁။ ဗုဒ္ဓါနုဿတိ၊ဘုရားဂုဏ်၌သက်ဝင်ခြင်း,

၂။ ဓမ္မာနုဿတိ၊ တရားဂုဏ်၌သက်ဝင်ခြင်း,

၃။ သံဃာနုဿတိ၊ သံဃာဂုဏ်၌သက်ဝင်ခြင်း,

၄။ သီလာနုဿတိ၊ မိမိသီလဂုဏ်၌သက်ဝင်ခြင်း,

၅။ စာဂါနုဿတိ၊ မိမိ၏ဒါနဂုဏ်၌သက်ဝင်ခြင်း,

၆။ ဒေဝတာနုဿတိ၊ နတ်မျိုးစေ့, သိကြားမျိုးစေ့ ဖြစ်ပေသော မိမိလက်ရှိ သူတော်ကောင်း ဥစ္စာရတနာ ၇-ပါးတို့၏ ဂုဏ်ကျေးဇူး၌ သက်ဝင်ခြင်း,

၇။ ဥပသမာနုဿတိ၊ နိဗ္ဗာန်၏ဂုဏ်ကျေးဇူး,ယခုဘဝတွင် ကိလေသာတို့မှ ငြိမ်းခွင့်ရဘူးသော ကျေးဇူးကိုအောက်မေ့ခြင်း,

၈။ လူခပုဂ္ဂလပရိဝဇ္ဇနံ၊ သဒ္ဓါနည်း၍မွဲခြောက်သော စိတ်နှလုံးရှိသော သူကိုဝေးစွာရှောင်ကွင်းခြင်း,

၉။ သိနိဒ္ဓပုဂ္ဂလသေဝနာ၊ သဒ္ဓါပို၍ ယိုယွင်းသော စိတ်နှလုံးရှိသောသူနှင့်အတူ ပေါင်းသင်းခြင်း,

၁၀။ ပသာဒနိယသုတ္တန္တပစ္စဝေက္ခနာ၊ အထူးကြည်ညိုဘွယ်ကောင်းလှသော သုတ္တန်တရားများကို ကြားနာသက်ဝင် ဆင်ခြင်မှုများခြင်း,

၁၁။ တဒဓိမုတ္တတာ၊ပီတိသောမနဿဖြစ်လိုလှသော စိတ်သဘောအမြဲညွှတ်ခြင်း,

ဤပီတိသမ္ဗောဇ္ဈင်ပွါးရန်တရား ၁၁-ပါးသည်လည်း သောမနဿအကြောင်းစုပင်လာ၏။

ဆောင်။ ဗုဓ်,ဓံ,သံ,သီ၊ စာဂီ,ဒေဝ၊ သတ္တာဓိန်၊ ကြည်ဘိုလူခြောက်၊ ပေါင်းမြောက်လူစို၊ ကြည်ညိုဘွယ်မှု၊ သုတ်စုံလေ့ကျက်၊နှစ်သက်ဆန္ဒ၊ လိုလှစွဲလမ်း၊ ဆဲ့တခဏ်း၊ ဝမ်းမြောက်ကုသိုလ်ချက်။

[ဤ၌ရှေး ၇-ခုမှတခုတခုနှင့် နောက် ၄-ခုကိုတွဲ၊၅-ခု ၇-လီဖြစ်၏။]

သောမနဿ၏အကြောင်းပြီး၏။

### ဥပေက္ခာ၏အကြောင်း

၁။ ဥပေက္ခာပဋိသန္ဓိကတာ၊ ဥပေက္ခာဝိပါက်စိတ်ဖြင့် ပဋိသန္ဓေ နေခဲ့ခြင်း,

၂။ အပ္ပသဒ္ဓတာ၊ သဒ္ဓါနည်းပါးခြင်း,

၃။ အဝိသုဒ္ဓဒိဋ္ဌိတာ၊ အယူမစင်ကြယ်ခြင်း,

၄။ အာနိသံသအဒဿာဝိတာ၊ ကံ၏အကျိုးအာနိသင်ကို အမြင် နည်းပါးခြင်း,

၅။ မဇ္ဈတ္တာရမ္မဏာ သမာယောဂေါ၊ မမြတ်နိုးလောက်သော မဇ္ဈတ္တာရုံနှင့်တွေ့ကြုံခြင်း,

၆။ ပိဋ္ဌိကတာ၊ အနှိပ်အစက်အနှောင့်အရှက်မကင်းခြင်း,

[ဥပေက္ခာဖြစ်ရန်အကြောင်းစု။]

ဤဥပေက္ခာကုသိုလ်စုသည်ကား-သောမနဿကုသိုလ်အောက်ယုတ် ညံ့၏၊ အချို့သူတို့ကား-သမ္ဗယုတ်သခ်ါရတူခဲ့ကြလျှင် သောမနဿထက် ဥပေက္ခာက သာရမည်-ဟူကြကုန်၏၊ သဒ္ဓါနည်းလှ၍ ဖြစ်ရသော ဥပေက္ခာကုသိုလ်စု, အယူမစင်ကြယ်၍ ဖြစ်ရသောဥပေက္ခာကုသိုလ်စု, အကျိုးအာနိသင်ကို အမြင်နည်းပါး၍ ဖြစ်ရသော ဥပေက္ခာကုသိုလ် စုသည် ချို့ငဲ့မှုကြောင့်ဖြစ်ပေရကား-အလွန်ယုတ်ညံ့သော ဥပေက္ခာ ကုသိုလ်စုသာတည်း။

မောဟစရိုက် အားကြီးသော သူအားလည်း ကုသိုလ်ဖြစ်သည်ရှိ သော် ဥပေက္ခာ ကုသိုလ်သာဖြစ်ခွင့်ရှိသည်၊ ဤသို့စသည်ဖြင့် အဇ္ဈတ္တ သန္တာန် မဖြူစင်၍ ဥပေက္ခာ အနေမျှဖြစ်ရသော ကုသိုလ်မှု, ဗဟိဒ္ဓ အတွက်နှင့် နှောင့်ရှက်ခြင်းရှိနေ၍ ဥပေက္ခာ အနေမျှ ဖြစ်ရသော ကုသိုလ်မှု, အလှူဝတ္ထုမစင်ကြယ်၍ ဥပေက္ခာ အနေမျှ ဖြစ်ရသော ကုသိုလ်မှု, အလှူခံ ပုဂ္ဂိုလ် ယုတ်ညံ့လှ၍ ဥပေက္ခာအနေမျှဖြစ်ရသော ကုသိုလ်မှု, ပစ္စည်းဝတ္ထုကို စွန့်မှုငြိတွယ်သည်ဖြစ်၍ ဥပေက္ခာအနေမျှ ဖြစ်ရသော ကုသိုလ်မှု, မိမိပြုကျင့်ရင်း မဟုတ်ဘဲနှင့် မလွဲသာ၍ ပြုရ သော ဥပေက္ခာမှု-ဟူသမျှသည် ဥပေက္ခာယုတ်,ဥပေက္ခာညံ့သာတည်း။

သောမနဿထက် မြတ်သောဥပေက္ခာမှုကား- သမာဓိ ကြီးလှ၍ ဖြစ်သော ဥပေက္ခာ, ဉာဏ်ပညာအမြင်ကြီးလှ၍ ဖြစ်သော ဥပေက္ခာ,

အဇ္ဈာသယကြီးမြတ်လှ၍ဖြစ်သော ဥပေက္ခာစုသည်သာလျှင် သမ္ပယုတ် သင်္ခါရ တူမျှပါလျက် သောမနဿထက် ဥပေက္ခာအတွက် သာလွန်မြင့်မြတ်ပေသတည်း၊ အပ္ပနာအရာ၌ သမာဓိကြီးသည်အတွက်ကြောင့် အထက် အထက်သော ဥပေက္ခာဈာန်စုမြတ်ပေသတည်း၊ ဉာဏ်ပညာအမြင်ကြီးလှသောသူတို့မှာဒါနစသောအောက်အောက်သော ကုသိုလ်မှုနယ်များသည် အားရဘွယ်မဖြစ် လျစ်လျူရှုမှုသာဖြစ်သတည်း။

ဘုရားအမှူးရှိသော သံဃာ ၄-သိန်းကို သိကြား ဘန်ဆင်းသော မဏ္ဍပ်၌ ၇-ရက်ယနာဆွမ်းလှူသော်လည်း လျစ်လျူမျှသာ ဖြစ်သော မဟာသင်္ပုဏ္ဏား, အသက်ထက်ဆုံးတနေ့တနေ့လျှင် ငါးသိန်းငါးသိန်း ကုန်အမြဲလှူသော်လည်း လျစ်လျူမျှသာဖြစ်သော မဟာသီဝလိမင်းကြီးတို့မှာကား-အဇ္ဈာသယကြီးမြတ်လှသော အတွက်ပေတည်း။

ဥပေက္ခာသမ္ဘောဇ္ဈင်အရာ၌—

၁။ သတ္တမဇ္ဈတ္တတာ၊ သတ္တဝါ၌ လစ်လျူရှုနိုင်ခြင်းတပါး,

၂။ သင်္ခါရမဇ္ဈတ္တတာ၊ ပစ္စည်းဝတ္ထုသင်္ခါရအစုတို့၌ လျစ်လျူရှုနိုင်ခြင်းတပါး,

၃။ သတ္တသင်္ခါရ ကေလာယန ပုဂ္ဂလပရိဝဇ္ဇနတာ၊ သတ္တဝါနှင့်ပျော်တတ်သောသူ,ပစ္စည်းဝတ္ထုတို့နှင့် ပျော်တတ်သောသူ, သတ္တဝါကို စုံမက်ခင်မင်တတ်သောသူ, ပစ္စည်း ဝတ္ထုကို စုံမက်ခင်မင်တတ်သော သူတို့ကို ဝေးစွာရှောင်ကွင်းခြင်းတပါး,

၄။ သတ္တသင်္ခါရမဇ္ဈတ္တ ပုဂ္ဂလသေဝနတာ၊ သတ္တဝါ, သင်္ခါရ ၂-ပါးတို့၌ လျစ်လျူအားကြီးသော သူနှင့် ပေါင်းဘက်ခြင်းတပါး,

၅။ တဒဓိမုတ္တာ၊ ထိုဥပေက္ခာ သမ္ဘောဇ္ဈင်၌ ညွတ်သောစိတ်ရှိခြင်းတပါး,

ဤငါးပါးသည်လည်းဥပေက္ခာဖြစ်ကြောင်း-ဟု လာ၏၊ဤဥပေက္ခာသည်ကား-အထွတ်အမြတ်ပေတည်း။

ဥပေက္ခာ၏အကြောင်းပြီး၏။

## ဥာဏသမ္ပယုတ်၏အကြောင်း

၁။ ဉာဏသမ္ဘာရကုသိုလ်ကံ အကျိုးပေးသောပဋိသန္ဓေရှိခြင်း,
၂။ စိုးရိမ်မှု, ကြောင့်ကြမှုကင်းရှင်းသောဘဝ ဖြစ်ခြင်း,
၃။ ဣန္ဒြေကြီးသော အရွယ်သို့ရောက်ခြင်း,
၄။ ကိလေသာနိုင်ငံသို့အလိုက်အစား နည်းပါးခြင်း,
[ဤလေးပါးသည် ဉာဏသမ္ပယုတ်၏ အကြောင်းတည်း။]

ကမ္မတော ဥပပတ္တိတော ဣန္ဒြိယပရိပါကတော ကိလေသ ဒူရိဘာဝတော။

[အဋ္ဌသာလိနီ။]

ကုသိုလ်သည် ပုညသမ္ဘာရ ကုသိုလ်,ဉာဏသမ္ဘာရ ကုသိုလ် ၂-ပါး၊ လောက၌ အပြစ်ကင်းသော အတတ်မျိုး, ပညာမျိုး,ဝိဇ္ဇာမျိုး, သာသနာ၌ တရားကျမ်းဂန်မျိုးတို့ကို လေ့လာ အားထုတ်ခြင်းအမှု, သူတပါးတို့ကို သင်ကြား ပြောဟောသောအမှု, အများတတ်ရန် ကျမ်းဂန်စာအုပ် ပြုလုပ်စီရင်သောအမှု၊ ဤအမှုများသည် ဉာဏသမ္ဘာရ ကုသိုလ်မှုပေတည်း။

မိမိမလေ့လာနိုင်ရှိရသည်ကို ရှုတ်ချ၍ သူတပါး လေ့လာသည်ကို ကြည်ညိုမှု, ရိုသေမှု, ချီးမွမ်းမှု, ပူဇော်မှု, ချီးမြှောက်မှု, ထောက်ပံ့မှု, ပြုစုပျိုးထောင်မှု, ကျမ်းစာဆောင်တို့ကို အရှည်စည်ကားပွါးများဖြစ်ထွန်းအောင် ကြေးငွေပေး၍ ရေးသားထုထောင်မှု များသည်လည်းကောင်း၊ အလိမ်အမာဉာဏ်ပညာကိုတောင့်တ၍ ပြုအပ်သောဒါနမှု, သီလမှု, ဝေယျာဝစ္စမှုစသည်များသည်လည်းကောင်း ဉာဏသမ္ဘာရတွင် အဝင်အပါဖြစ်၏။

ယော ဟိ ပရေသံ ဓမ္မံ ဒေသေတိ၊ အနဝဇ္ဇာနိ သိပ္ပါယတန ကမ္မာယတနဝိဇ္ဇာဋ္ဌာနာနိ သိက္ခာပေတိ၊ ဓမ္မကထိကံ သက္ကာရံ ကတွာ ဓမ္မံ ကထာပေတိ၊ အာယတိံ ပညဝါ ဘဝိဿာမီတိ ပတ္ထနံ ပဋ္ဌပေတွာ နာနပ္ပကာရကံ ဒါနံ ဒေတိ၊ တဿ ဝေရူပံ ကမ္မံ ဥပနိဿာယ ကုသလံ ဥပ္ပဇ္ဇမာနံ ဉာဏသမ္ပယုတ္တံ ဥပ္ပဇ္ဇတိ။

[အဋ္ဌသာလိနီ။]

**အနက်ကား။** ယော၊အကြင်သူသည်။ ပရေသံ၊ သူတပါးတို့အား။ ဓမ္မံ၊ တရားကို။ ဒေသေတိ၊ ဟောပေ၏။ (တရားကျမ်းဂန် ဟောပြော ချပ်သည်ကိုယူ။) အနဝဇ္ဇာနိ၊ အပြစ်ကင်းကုန်သော။ သိပ္ပါယတန ကမ္မာယတန ဝိဇ္ဇာဌာနာနိ၊ အသက်မွေးကြောင်းဖြစ်သော အတတ် မျိုး,အမှုမျိုး, ပညာမျိုးတို့ကို။ သိက္ခာပေတိ၊ သင်ကြားပြသ၏။ (ပန်း ရန်, ပန်းပု, ပန်းပဲ, ပန်းထိမ်စသည်ကား-သိပ္ပ၊ ကုန်သွယ်မှု,လယ် လုပ်မှုစသည်ကား-ကမ္မ၊ ပကတိလူတို့၏ ကြီဘန်ပြုလုပ်ခြင်းငှါ မတတ် ကောင်းသော ဂါထာမန္တရား ဆေးဝါးအင်းအိုင်ပညာမျိုး, ဗေဒင် ပညာမျိုးစသည်ကား-ဝိဇ္ဇာ၊ ဤ သိပ္ပ, ကမ္မ, ဝိဇ္ဇာတို့ကို စင်ကြယ်သော စိတ်ဖြင့် သူတပါးတို့အား သင်ကြားပြသခြင်းသည် ဉာဏသမ္ဘာရ ကုသိုလ်မည်၏-ဟူလိုသည်။) ဓမ္မကထိကံ၊ တရားဟော ပုဂ္ဂိုလ်ကို။ သက္ကာရံကတွာ၊ ပူဇော်သက္ကာရပြု၍။ ဓမ္မံ၊ တရားကို။ ပရေသံ၊ သူ တပါးတို့အား။ ကထာပေတိ၊ ပြောဟောစေ၏။ (မိမိကပစ္စည်းဝတ္ထု စိုက်ထုတ်ပြီးလျှင် လူပညာရှိ, ရဟန်းပညာရှိတို့ကိုပင့်ခေါ်၍ ပရိသတ် အများအား တရားနာ အစည်းအဝေးပြု၍ပေးသည်။) အာယတိံ၊ နောင်သောအခါ၌။ ပညဝါ၊ ပညာရှိသည်။ ဘဝိဿာမိ၊ ဖြစ်ရလတ့ံ။ ဣတိ၊ ဤသို့။ ပတ္ထနံ၊ ဆုတောင်းခြင်းကို။ ပဋ္ဌပေတွာ၊ ဖြစ်စေ၍။ နာ နပ္ပကာရကံ၊ အထူးထူးအပြားပြားသော။ ဒါနံ၊ကုသိုလ်ကောင်းမှုကို။ ဒေတိ၊ ပေးလှူ၏။တဿ၊ ထိုပုဂ္ဂိုလ်အား။ဝေရူပံ၊ ဤသို့သဘောရှိသော။ ကမ္မံ၊ ကံကို။ ဥပနိဿာယ၊ မှီ၍။ ကုသလံ၊ ကုသိုလ်သည်။ ဥပ္ပဇ္ဇမာနံ၊ ပြုသည်ရှိသော်။ ဉာဏသမ္ပယုတ္တံ၊ ဉာဏ်ပညာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ် လာ၏။

တရားကျမ်းဂန်မျိုး ဆိုခဲ့ပြီးသော သိပ္ပ, ကမ္မ, ဝိဇ္ဇာတို့ကို ဆိုသော လောကီကျမ်းဂန်မျိုးတို့ကို လက္ခကံကျွေးပေး၍ ရေးသားပြုစုမှုများ သည် ဆိုဘွယ်မရှိ၊ ဉာဏသမ္ဘာရကုသိုလ်အထူးဖြစ်သည်၊ ပုညသမ္ဘာရ ကုသိုလ်မည်သည်ကား-ပညာကိုအထူးမရည်စူးမူ၍ပြုအပ်သောဒါနမှု, သီလမှုစသည်တို့တည်း။

## ပုညသမ္ဘာရနှင့် ဉာဏသမ္ဘာရအထူး

၁။ ဤပုညသမ္ဘာရ ကုသိုလ်သည် ဘဝ၏မြင့်မြတ်ခြင်း, ဘောဂ၏ မြင့်မြတ်ခြင်းကိုသာ သန်သန်ပေးနိုင်သည်။ အလိမ်မာကို သန်သန်မပေးနိုင်။

၂။ သင်ကြားပို့ချမှု-ဟူသော ဉာဏသမ္ဘာရ ကုသိုလ်သည် အလိမ်မာကိုသာ သန်သန်ပေးနိုင်သည်၊ ဘဝဘောဂကို လွန်စွာမပေးနိုင်။

မဟောသဓာနှင့် ဝိဒေဟရာဇ် မင်းကိုရှု၊ မဟောသဓာသည် ထိုဘဝ၌ ဉာဏသမ္ဘာရအကျိုး သက်သက်ပေတည်း၊ ဝိဒေဟရာဇ်မှာ ပုညသမ္ဘာရ အကျိုးသက်သက်ပေတည်း၊ ထို့ကြောင့် ဉာဏသမ္ဘာရ ကုသိုလ်အထူးဆိုခဲ့ပေသည်။

၁။ ပရိပုစ္ဆကထာ၊ပညာရှိထံ ချဉ်းကပ်၍ မေးလေ့ မြန်းလေ့ ရှိခြင်း,

၂။ ဝတ္ထုဝိသဒကရိယာ၊ ကိုယ်အင်္ဂါနှင့်တကွ အတွင်းအပဖြစ်သော ဝတ္ထုတို့ကို အသန့်အရှင်း ဖြစ်စေခြင်း,

၃။ ဣန္ဒြိယသမတ္တပဋိပါဒနာ၊ သဒ္ဓါစသော ဣန္ဒြေငါးပါးတို့ကို အယုတ်အလွန် မရှိစေရအောင် မျှတညီညွတ်စေခြင်း,

၄။ ဒုပ္ပည ပုဂ္ဂလ ပရိဝဇ္ဇနာ၊ ပညာနည်းပါးလှသော ပုဂ္ဂိုလ်ကိုကြဉ်ရှောင်ခြင်း,

၅။ ပညာဝန္တပုဂ္ဂလသေဝနာ၊ ပညာရှိပုဂ္ဂိုလ်ကိုမှီဝဲခြင်း,

၆။ ဂမ္ဘီရ ဉာဏစရိယ ပစ္စဝေက္ခဏာ၊ နက်နဲသော ဉာဏ်၏ ကျက်စားရာဖြစ်သော တရားကျမ်းဂန်များကိုဆင်ခြင်ခြင်း,

၇။ တဒဓိမုတ္တတာ၊ ဓမ္မဝိစယဉာဏ်ဖြစ်ရန်အမှု၌ အမြဲညွတ်သော စိတ်ရှိခြင်း,

ဤဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ရန်တရား ၇-ပါးသည်လည်း ဉာဏ-သမ္ဘယုတ် အကြောင်းစုပင်တည်း။

ဉာဏသမ္ပယုတ်၏ အကြောင်းပြီး၏။

[ဉာဏဝိပ္ပယုတ်မှာ ဉာဏသမ္ပယုတ်မှပြန်လှန်လေ။]

ဉာဏဝိပ္ပယုတ်၏ အကြောင်းပြီး၏။

## သန်္တီရစစ်ချက်

ရှေး၌ ဆိုခဲ့ပြီးပင် ဖြစ်ငြားသော်လည်း အဋ္ဌကထာမှာ ဤမဟာကုသိုလ်တွင် ဖွင့်ဆိုရင်းဖြစ်ပေ၍ အဆင့်ဆင့် ထင်လင်း စေခြင်းငှါ သန်္တီရအဖြစ်ကို ဆိုဦးအံ့။

သသန်္တီရိကကို အလျှင်ဆိုမည်။

ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ သသန်္တီရေန၊ [ဓမ္မသင်္ဂဏီပါဠိတော်။] သဟသန်္တီရေနာတိ သသန်္တီရော၊ တေန သသန်္တီရေန သပ္ပယောဂေန သဉပါယေန ပစ္စယဂဏေနာတိ အတ္ထော၊ ယေနဟိ အာရမ္မဏာဒိနာ ပစ္စယဂဏေန ပထမံ မဟာစိတ္တံ ဥပ္ပဇ္ဇတိ၊ တေနေဝ သပ္ပယောဂေန သဉပါယေန ဣဒံ ဥပ္ပဇ္ဇတိ။ [အဋ္ဌသာလိနီ။]

ဤအဋ္ဌကထာ၌ အာရမ္မဏစသော သာမည အကြောင်းစုကို ပစ္စယဂဏ-ဟူ၍၊ ကုသိုလ်၏ ဝိသေသအကြောင်းစုကို ယူမှ ပါကဋ ဖြစ်သည်။

သဟသန်္တီရေနာတိ သသန်္တီရော၊ သပ္ပဋိသူပ နိဿယစသော ပစ္စည်းအပေါင်းရ၏၊ ယင်းပစ္စည်းအပေါင်းသည်ပင် ပယောဂ-ဟုဆိုအပ်သော သန်္တီရအထောက် အကူရှိမှ စိတ်ကို ဖြစ်စေနိုင်သော အခါ သသန်္တီရမည်၏၊ သသန်္တီရေန ဥပ္ပန္နံ သသန်္တီရိကံ၊သန်္တီရကူရသောအကြောင်းအပေါင်းကြောင့်ဖြစ်ပေါ်သောစိတ်-ဟူလိုသည်။

နတ္ထိ သန်္တီရော ဧတဿာတိ အသန်္တီရော၊ သန်္တီရမကူဘဲနှင့် စိတ်ကို ဖြစ်စေနိုင်သော ယခင် အကြောင်းအပေါင်းပင်ရ၏။ အသန်္တီရေ ဥပ္ပန္နံ အသန်္တီရိကံ၊ ထိုသုဒ္ဓအကြောင်းအပေါင်းကြောင့် ဖြစ်သောစိတ်ရ၏။

အသို့နည်းဟူမူ—

၁။ လူလူရှင်ရှင်၊နေ့စဉ်ထတ်ထတ် ဝတ်ကပ်မှု၌အချိန်ကျ၍ ကြေးစည်ခေါင်းလောင်းထိုးလျှင် ပကတိသောစိတ်ဖြင့် ပေါ့ပေါ့ပါးပါးသွားရောက် ဖြည့်ကျင့်သောအခါ ပယောဂမကူဘဲ သွားမြဲသွား၍ဖြစ်သောကုသိုလ်သည် အသန်္တီရိကမည်၏။

၂။ ရံခါတစုံတခု အတွက်ကြောင့် စိတ်အခြေပျက်၍နေ၏၊ ကြေးစည်ခေါင်းလောင်းသံ ကြားသော်လည်း သွားချင်စိတ်အလွန်နှံ့၏၊မသွက်မသံရှိ၏၊မသွားအံ့သောအခွင့်သို့ရှေးရှု၏၊ထိုအခါ မိမိစိတ်ကို မိမိသော်လည်းပြုပြင်၍ သွားရသည်၊ အဘော်အပေါင်းခေါ်၍သော်လည်းပါရသည်၊အဘော်အပေါင်းဆိုမည် ကဲ့ရဲ့မည်ကို ကြောက်၍သော်လည်း သွားရသည်၊ အဘော်အပေါင်း မရှိမသေမည်ကိုကြောက်၍သော်လည်း သွားရသည်၊ လာဘ်သတ်ပကာကို အကြောင်းပြု၍ သော်လည်း သွားရသည်၊အကျော်အစောရမည်ကို အရင်းပြု၍သော်လည်း သွားရသည်၊ မသွားလျှင် အများအစည်းအဝေး ပျက်မည်ကို အကြောင်းပြု၍ သွားရသည်၊ဤသို့သွား၍ဖြစ်သော ကုသိုလ်သည် သသင်္ခါရိကမည်၏။

၁။ အစဉ်ထိုဝတ်မှုဖြစ်လာခြင်း၏အကြောင်းကား- သပ္ပုရိသူပနိဿယ၊သဒ္ဓမ္မသဝနစသောအကြောင်းပေတည်း၊ထိုအကြောင်းစုသည် ပကတိပစ္စည်း အပေါင်းမည်၏၊ ထိုအကြောင်းစု အနေအတိုင်းနှင့် မတွန့်မတောင့် အဖြောင့်သွား၍ ဖြစ်သော ကုသိုလ်သည် အသင်္ခါရိကမည်၏။

၂။ ရံခါ ထိုအကြောင်းစု အနေအားဖြင့် သွားဖြစ်တော့မည်မဟုတ်၊မိမိစိတ်ကို မိမိတိုက်တွန်းခြင်း,သူတပါးတို့ခေါ်ငင် ဆော်ဩခြင်း-ဟူသော အကူအမပယောဂမှု,အပေါင်းအဘော်တို့ဆိုမည် ကဲ့ရဲ့မည်ကို ကြံစည်ခြင်းစသော အကူအမဥပါယမှုတို့နှင့်ဘက်၍သာ သွားဖြစ်ပြုဖြစ်သော ကုသိုလ်သည် သသင်္ခါရိကမည်၏။

[ကုသိုလ်မှုတိုင်းမှာ ဤဝတ်တက်မှုနှင့်ယှဉ်၍ယူလေ။]

ဣဓ၌လောကဒ္ဓ။ ကေဠွော၊အချို့သော။ ဘိက္ခု၊ရဟန်းသည်။ ဝိဟာ-ရပစ္စန္တေ၊အစွန်းအဖျားဖြစ်သောကျောင်း၌။ ဝသမာနော၊ နေလျက်။ စေတိယင်္ဂဏသမ္မဇ္ဇနဝေလာယ၀၊ စေတီပြင်ကွင် တမြက်လှည်းသော အခါသည်ရင်း။ ထေရုပဋ္ဌာနဝေလာယ၀၊ ထေရ်ကြီးကိုအား

သောအခါသည်ရှင်း။သမ္ပတ္တာယ၊ရောက်လတ်သည်ရှိသော်။ ဓမ္မသဝန ဒိဝသေ၊တရားနာနေ့သည်။ သမ္ပတ္တော၊ရောက်လတ်သည်ရှိသော်။မယိ၊ငါ သည်။ဂန္တွာ၊သွားပြီး၍။ ပစ္စာဂစ္ဆန္တေ၊ ပြန်သည်ရှိသော်။ အတိဒူရံ၊ အလွန်ဝေးသည်။ ဘဝိဿတိ၊ ဖြစ်လတ့်။ နဂမိဿတိ၊ မသွားတော့အံ့။ ဣတိ၊ ဤသို့။စိန္တေတွာ၊ကြံပြီး၍။ပုန၊တဘန်။ စိန္တေသိ၊ကြံပြန်၏။ဘိက္ခု- သနာမ၊ ရဟန်းအားမည်သည်။ စေတိယင်္ဂဏံဝါ၊ စေတီပြင်သို့ရှင်း။ ထေရုပဋ္ဌာနံဝါ၊ထေရ်ကြီးတို့အား ခစားရာအစည်းအဝေးသို့ရှင်း။ဓမ္မ- သဝနံဝါ၊တရားနာအစည်းအဝေးသို့ရှင်း။အဂန္တုံ၊မသွားမလာနေခြင်း ငှါ။အသာရုပ္ပံ၊မလျောက်ပတ်ပေ။ ဂမိဿာမိတိ၊ သွားပေမှလျော်မည် ဟူ၍။ဂစ္ဆတိ၊သွားပြန်၏။

ဝံ၊ဤသို့။ အတ္တနော၊ မိမိ၏။ ပယောဂေနဝါ၊ ပယောဂဖြင့်ရှင်း။ ပရေန၊သူတပါးသည်။ဝတ္တာဒီနိ၊ဝတ်စသည်တို့ကို။အကရဏေစ၊မပြုဘဲ နေခြင်း၌လည်း။ အာဒီနဝံ၊အပြစ်ကို။ ကရဏေစ၊ပြုကျင့်သည်၌လည်း။ အာနိသံသံ၊အကျိုးအာနိသင်ကို။ဒဿေတွာ၊ဟောပြ၍။သြဝဒိယမာန- ဿဝါ၊ ဆုံးမအပ်သည်ဖြစ်၍ရှင်း။ နိဂ္ဂဟဝသေနဝါ၊ အနိုင်အနင်းနှိပ် သည်၏အစွမ်းဖြင့်လည်း။ဟေ၊လာလေ့။ ဣဒံ၊ဤအမှုကို။ ကရောဟိ၊ပြု လေ့။ဣတိ၊ဤသို့။ ကာရိယမာနဿဝါ၊ အပြုခိုင်းအပ်သည်ဖြစ်၍ရှင်း။ ဥပ္ပန္နံ၊ဖြစ်ရသော။ကုသလစိတ္တံ၊ကုသိုလ်စိတ်သည်။ သသင်္ခါရေန၊သင်္ခါရ နှင့်တကွသော။ပစ္စယဂဏေန၊အကြောင်းအပေါင်းကြောင့်။ဥပ္ပန္နံနာမ၊ ဖြစ်သည်မည်သည်။ဟောတိ၊ဖြစ်၏။

[အဋ္ဌသာလိနီ။]

အချိန်အခါဆိုက်ရောက်လာ၍ပင်ဖြစ်စေ, သူတပါးတို့ဆော်ဩြ ဘိတ်ကြားလာ၍ပင်ဖြစ်စေ၊ ကြားသည်, သိသည်မှစ၍ ကုသိုလ်ကို လိုလားမှု,ပြဋ္ဌာန်း၍ သွားရောက် ပြုကျင့်အပ်သော ကုသိုလ်သည်သာ လျှင် အသင်္ခါရိကဖြစ်ပေသတည်း။

## အသင်္ခါရိကနှင့်သသင်္ခါရိကအထူး

၁။ အသင်္ခါရိကနှင့် လူဖြစ်သောသူသည် ခပ်သိမ်းသော အမှု၌ နုံ့နှေးသော မည်သည်မရှိ၊ရွှေသွားရွှေဆောင်သာဖြစ်၏၊ လျှင်

မြန်ပေါ့ပါး၏၊ ရဲရင့်၏၊ ရက်စက်၏၊ ကျွတ်ကျွတ်လွတ်လွတ် ပြုလွယ်ရှိ၏၊ အကျိုးပေးလည်း သန်သန်ရဲရဲပေးတတ်၏။

၂။ သသင်္ခါရိကနှင့် လူဖြစ်သောသူသည် ခပ်သိမ်းသော အမှု၌ နုံ့နှေး၏၊ သူတပါးနောက်လိုက်သာဖြစ်၏၊ လေးလံ၏၊ ရွံ့၏၊ တွံ့တို၏၊ ချွန့်၏၊ အကျိုးပေးလည်း နှောင့်နှောင့်ရှက်ရှက်ရှိတတ်၏။

**အသင်္ခါရိက၏အကြောင်း**

၁။ အသင်္ခါရိကကံနှင့်ရသောပဋိသန္ဓေ ရှိသည်လည်းဖြစ်စေ,

၂။ ရှေးရှေးဘဝ၌ လေ့ကျက်ဘူးသော အထုံနည်း သည်လည်း ဖြစ်စေ,

၃။ လျောက်ပတ်သော ဥတုဘောဇနအခါသမယနှင့် ပြည့်စုံသဖြင့် ကိုယ်စိတ် ၂-ဖြာချမ်းသာခိုက်လည်းဖြစ်စေ,

၄။ မြော်မြင်တတ်သော အရွယ်သို့ရောက်သည်လည်းဖြစ်စေ,

၅။ သဒ္ဓါပညာနှင့် ပြည့်စုံသည်လည်းဖြစ်စေ,

၆။ ကြည်လင်ဘွယ်သော အပေါင်းအဘော်,အလှူဝတ္ထု, အလှူခံပုဂ္ဂိုလ်စသည်နှင့် ပြည့်စုံသည်လည်းဖြစ်စေ,

[အသင်္ခါရိကဖြစ်ကြောင်း။]

**တနည်း။** ဝီရိယသမ္ဗောဇ္ဈင်ဖြစ်ကြောင်းတရား ၁၀-ပါး၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်ကြောင်းတရား ၇-ပါးတို့သည်လည်း အသင်္ခါရိကနှင့် လျောက်ပတ်၏၊ ဝိဘင်းအဋ္ဌကထာမှယူလေ။

အသင်္ခါရိက၏အကြောင်းပြီး၏။

[သသင်္ခါရိကအကြောင်းမှာအသင်္ခါရိကမှပြန်၍ယူလေ။]

မဟာကုသိုလ်ပြီး၏။

**မဟာဝိပါက်**

ဝိပါကသဒ္ဒါ၏ အနက်ကိုဆိုခဲ့ပြီးသော်လည်း အသစ်အသစ်ထင်လင်းစေခြင်းငှါ ဥပမာနှင့်တကွပြဆိုဦးအံ့။

ဒါနပြုရာ၌ ဇော ၇-ကြိမ်ဖြစ်၍ ချုပ်လေသောအခါ ထိုစိတ်သန္တာန်မှာ အာဟိတဝိသေသ ဗီဇဘာဝကို ထားခဲ့၍ချုပ်သည်၊ ထိုဗီဇဘာဝသည် ဝိပါက်ဖြစ်ရန်ကိစ္စ,အာသေဝနကိစ္စ, ဥပနိဿယကိစ္စ, ဝသီဝါသနာကိစ္စ,အနုသယကိစ္စ, စရိုက်ကိစ္စ, အဇ္ဈာသယကိစ္စ,အဓိမုတ္တိကိစ္စ, ပါရမီသမ္ဘာရကိစ္စဟူ၍ ချုပ်လေသော တရားအားလျော်စွာ များစွာသောကိစ္စစွမ်းရည်ရှိ၏၊ယင်းကိစ္စ စွမ်းရည်တို့ကိုဆောင်လျက် ထိုစိတ်သန္တာန်တွင် အစဉ်လိုက်ပါ၍နေ၏။

မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပသန္နေန၊ ဘာသတိဝါ ကရောတိဝါ။
တတော နံ သုခ မန္ဝေတိ၊ ဆာယာဝ အနုပါယိနီ။

မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပဒုဋ္ဌေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ ဒုက္ခ မန္ဝေတိ၊ စက္ကံဝ ဝဟတော ပဒံ။ ။

န ဟိ ပါပံ ကတံ ကမ္မံ၊သဇ္ဇုခီရံဝ မုစ္စတိ။
ဒဟန္တံ ဗာလ မန္ဝေတိ၊တသ္မာ ဆန္နောဝ ပါဝကော။ ။

[ဓမ္မပဒ။]

ချုပ်လေပြီးသောစိတ္တုပ္ပါဒ်၌ သမ္ပယုတ်တရားစုမှ ဗီဇဘာဝ အသီးအသီးကျန်ရှိကြ၏၊ထိုတွင် စေတနာဗီဇဘာဝသည် ကုသိုလ်သဘောဖြစ်အံ့၊ သုဂတိဘုံ၌ ပဋိသန္ဓေဝိပါက်,ပဝတ္တိဝိပါက်ဖြစ်၍ထွက်၏၊ အကုသိုလ်သဘောဖြစ်အံ့၊ဒုဂ္ဂတိ၌ ထွက်ပေါ်၏၊ ပညာဗီဇဘာဝသည် နောင်ပညာကြီးမြတ်ဘို့ အာသေဝနကိစ္စ, ဥပနိဿယကိစ္စ- စသည်ကိုဆောင်ပေ၏၊ မောဟဗီဇ ဘာဝသည် နောင်မောဟ ထက်သန်ဘို့ အာသေဝနကိစ္စစသည်ကို ဆောင်ပေ၏၊ သမ္ပယုတ်တရားကုန်အောင် ဝေဘန်၍ဆိုလေ။

**အဘိုးကား။** ဝိပါက်ဖြစ်ရန်ကိစ္စမှာ စေတနာ၏ ကိစ္စအသီးအသီးပေတည်း၊ အနုသယကိစ္စမှာ အကုသိုလ်နှင့်သာယှဉ်၊ ပါရမီကိစ္စမှာ

ကုသိုလ်နှင့်သာယှဉ်၊ ကြွင်းကိစ္စစုမှာ ကုသိုလ်, အကုသိုလ် ၂-ဘက်ရ၊ အထူးတခုမှာလည်း-လောဘတွင် သမုဒယသစ္စာကိစ္စလွန်၏၊ ထိုသမုဒယကိစ္စနှင့် ဘက်တွဲရမှ စေတနာသည် ဝိပါကကိစ္စကို စွမ်းနိုင်သည်၊ ပညာဗီဇထက်သန်လှသောသူအား ပညာဖြစ်ရန်အခွင့်နှင့် တွေ့တိုင်းတွေ့တိုင်း ပညာတောက်ထွန်း၏၊ လောဘဗီဇ ထက်သန်သောသူအား လောဘဖြစ်ပေါ်ရန် အခွင့်နှင့် တွေ့တိုင်းတွေ့တိုင်း လောဘတောက်ထွန်း၏၊ ရံခါသူတော်ကောင်း တရားနှင့်တွေ့ပြန်၍ အလောဘကို မွေးမြူပြန်လျှင် လောဘမှိန်ပြန်၏၊ အဒေါသကိုမွေးမြူပြန်လျှင်ဒေါသမှိန်ပြန်၏၊ အမောဟကို မွေးမြူပြန်လျှင် မောဟမှိန်ပြန်၏၊ ကုသိုလ်ပက္ခနှင့်ဝေးပြန်လျှင် အဆင့်ဆင့်အားကြီး၍ သွားပြန်၏၊ မဂ်ကုသိုလ်နှင့်တွေ့ကြမှ ထိုအကုသိုလ်ဗီဇတို့သည် ဓာတ်သက်ကုန်၍ မျိုးဆက်ဆုံးကြကုန်သည်။

အကုသိုလ်မျိုးဆက် ဆုံးသည်နှင့် တပြိုင်နက်တချက်တည်း ကုသိုလ်ဗီဇတို့သည်လည်း မျိုးဆက်ဆုံးကြကုန်၍ ကြိယာအကျိုးငါ ဖြစ်ကြကုန်၏၊ ထိုဗီဇဓာတ်နုတို့သည် ဗီဇဘာဝအခိုက်၌ အောင်မြင်သောကုသိုလ်အဖြစ်လည်း မရှိကုန်၊ အောင်မြင်သော အကုသိုလ်အဖြစ်လည်းမရှိကုန်၊ထို့ကြောင့် ကုသိုလ်,အကုသိုလ်,အဗျာကတတို့နှင့်မကွဲမပြားရောနှောကာ လိုက်ပါ၍ နေကြကုန်သည်၊ ထိုသို့ နေကြကုန်သော်လည်း ဥပါဒ်,ဌီ,ဘင်နှင့်အောင်မြင်စွာ ပေါ်ကြသော စိတ္တုပ္ပါဒ်အစုတို့၌ ဝိညာဏ်လည်း ဓာတ်အသီး,ဖဿလည်း ဓာတ်အသီး,ဝေဒနာလည်း ဓာတ်အသီး၊ ဤသို့ အသီးအသီး ဓာတ်တွဲ၍ ပေါ်ကြကုန်သကဲ့သို့ ထိုဗီဇဓာတ်တို့မူကား- ဓာတ်မကွဲကုန်။

ထို့ကြောင့် ထိုဗီဇဓာတ်တို့အတွက်နှင့် သမ္ပယောဂနည်း, သင်္ဂဟနည်းတို့၌ အရေအတွက် မထွက်ရကုန်၊ ပရမတ္ထအရာ၌ အကြံအဖန်အလေ့ပြုသော သူတို့ကို အကြံပွါးရန်နည်းပြလိုက်သည်၊ ကုသိုလ်စေတနာစသည်မှ ဖြစ်သော ဗီဇဓာတ်သည်လည်း ဗလဝ,ဒုဗ္ဗလ ၂-ပါး ဥက္ကဋ္ဌ,ဩမက-ဆိုလိုသည်၊ဥက္ကဋ္ဌမှာလည်း ဥက္ကဋ္ဌထက် ဥက္ကဋ္ဌအရာအထောင်မကဆင့်လေ၊ ဩမကမှာလည်း ဩမကအောက် ဩမက

အရာမက ဆုတ်လေ၊ကံကိုပြုစဉ်အခါအားရှိ အားမဲ့အတိုင်း သန္တာန်၌ အစဉ်ပါသော ဗီဇဓာတ်သည် အားရှိအားမဲ့ဖြစ်၏။

၁။ ဝိပါက်ဖြစ်၍ ထွက်ပေါ်သော အခါ အားရှိသော ဗီဇဓာတ်ဖြစ်ပေလျှင် ဖြစ်ပေါ်ရာ ဘဝသည် မြင့်မြတ်၏၊ အရှိန်အဝါတောက်ထွန်း၍ ကမ္မဇအစဉ်, ဘဝင်အစဉ် ခိုင်ခံ့၏၊ အသက်တမ်း အားလျော်စွာ ဘဝင်သန္တာန်ရှည်၏၊ဖ-ဒွါရတို့၌ ဇုဋ္ဌဝိပါက်တို့သည် စည်ကားကုန်၏၊ ထိုဝိပါက်တို့ စည်ကားရန် ရွှေငွေစသော စည်းစိမ် အဆောက်အဦတို့သည် ဖြစ်ထွန်းလာရကုန်၏။

၂။ အားနဲ့သော ဗီဇဓာတ်ဖြစ်ပေလျှင် ဖြစ်ပေါ်ရာ ဘဝသည် ယုတ်နိမ့်၏၊ အရှိန် အဝါ သေးနုတ်၏၊ ကမ္မဇအစဉ်, ဘဝင်အစဉ် လျော့ရဲ၏၊ ဘဝင်သန္တာန်တို့၏ ဖ-ဒွါရတို့၌ ဇုဋ္ဌဝိပါက်တို့သည် ပါးရှားကုန်၏၊အသုံးအဆောင်မရှိ တနေ့စာကို တနေ့လုံးပင် ပန်းမှရ၏၊ ပဝတ္တိ၌ ထောက်ပံ့သော ဗီဇဓာတ်မရှိလျှင် တသက်လုံးမွဲ၏။

## လေးဥပမာ

ဒူးလေးတွင် မြှားတင်၍ ပစ်ရာ၌—

၁။ အသားလည်း မှန်စေ,

၂။ အလုပ်လည်း ကောင်းစေ,

၃။ လေးမှူ၌လည်း ကျွမ်းကျင်စေ,

၄။ မြှားလမ်းလည်း သာစေ,

၅။ လေမိုယ်းလည်း ကောင်းစေ,

ပစ်လျှင်တဥသဘနှစ်ဥသဘသွား၏။

## နှိုင်းယှဉ်ပြချက်

၁။ လေးကိုယ်နှင့် လူကိုယ်တူ၏။

၂။ လေးကိုင်းနှင့်ကမ္မဒွါရ ၃-ပါးတူ၏။

၃။ လေးကြိုးနှင့် ဇော ၇-ကြိမ်, စေတနာ ၇-ချက်တူ၏။

၄။ မြွားနှင့်စိတ်သန္တာန်တူ၏။
၅။ မြွားတွင်ပါသော အဟုံနှင့် ဗီဇဓာတ်တူ၏။
၆။ မြွားလမ်းနှင့် စိတ်သန္တာန်တူ၏။
၇။ အသွားမှန်နှင့် တိဟိတ်,ဒွိဟိတ်ဘဝင်တူ၏။
၈။ အလုပ်ကောင်းနှင့် ကုသိုလ်မှုစင်ကြယ်ချက်တူ၏။
၉။ လေးမှု၌ကျွမ်းကျင်သည်နှင့် တရားကျမ်းဂန် ဗဟုသုတတူ၏။
၁၀။ မြွားလမ်းသာသည်နှင့် သမာအာဇီဝတူ၏။
၁၁။ လေမိုယ်းကင်းသည်နှင့် ဘဝဘဝ၌ ကံကြီးမထိုက် အပြစ်ကြီးကင်းမှု တူ၏။

လေးကိုင်းအချက်သည် လေးကြိုး၌ခိုက်၏၊ လေးကြိုးအချက်သည် မြွား၌ခိုက်၏၊လေးကြိုးအခိုက်အရိုက်သံလျှင်မြွားအားသံ၏၊မြွားလမ်းသာလျှင် အဟုန်ကုန်မှကျ၏၊ မြွားလမ်းမသာလျှင် ခိုက်မိ တိုက်မိရာ၌ကျ၏၊လေကြမ်းမိုယ်းကြမ်းတွေ့လျှင် တွေ့ရာတွင်အသွားပျက်၏၊ လေးကြိုးသည် တချက်ရိုက်ပြီးလျှင် ပြီး၏၊မြွားသွားရာသို့ ထက်ချပ်မလိုက်၊ မလိုက်သော်လည်း တကြိမ်ရိုက်သော အဟုံအရှိန်သည် တဥသဘ, နှစ်ဥသဘတိုင် မြွားတွင်ပါလေ၏၊အဟုံကုန်ရာ၌ မြွားကျ၏။

စိတ်သန္တာန်မှာမူကား-ကျသည်ဟူ၍မရှိ၊ပရိဗ္ဗာနစိတ်တွင်မှကျသည်၊ ဗီဇဓာတ်ဟုံမှာမူကား-အကြင်အခါ အခွင့်ပေါ်ဘို့အကြောင်းကိုရ၏၊ ထိုအခါ ဝိပါက်ခေါ်ရသောဓာတ်စု,ဓာတ်ခဲအဖြစ်နှင့်အသီးပေါ်ထွက်၍ စိတ်သန္တာန်တမျိုးထုထောင်၍ မြစ်ရေအယဉ်ကဲ့သို့ အဟုံနှင့်တကွပြေးသွား၍ အဟုံသေလျှင် စုတိဖြစ်၍ဆုံး၏၊ အဟုံသေရသည်မှာလည်း အချိန်ရောက်၍ သေရသည်လည်းရှိ၏၊ တိုက်မိ ခိုက်မိ၍ ကျရသောမြွားကဲ့သို့ အကြောင်းတပါးနှိပ်စက်၍ သေရသည်လည်းရှိ၏၊ စုတိကျ၍ တဘဝဆုံးလျှင် ပဋိသန္ဓေအတွက်နှင့် စေတနာတချက်စာ ငြိမ်း၏၊ ပဝတ္တိဝိပါက်အတွက်မှာ ဘဝတရာ ဘဝတထောင်မကသွားနိုင်၏။

[ဤကား-လေးဥပမာတည်း။]

## မီးခြစ်ဥပမာ

မီးခြစ်နှင့်လည်းတူပါ၏၊ မီးကိုတောက်စေနိုင်သော ဓာတ်ဆေးတို့ကိုစု၍ မီးခြစ်ဖြစ်၏၊ ထိုမီးခြစ်၌ ပါသောအဂ္ဂိဓာတ်သည် ကော်ပင့်နှင့် မတွေ့သမျှကာလပတ်လုံး ယမ်းတိုက်ထဲမှာပင်ထားသော်လည်း မီးတောက်ဖြစ်၍မထွက်သေး၊ ကော်ပင့်နှင့် တိုက်မှသာ မီးတောက်မီးလျှံဖြစ်၍ထွက်ပေါ်သည်။

## နှိုင်းယှဉ်ပြချက်

၁။ မီးခြစ်တန်နှင့် စိတ်သန္တာန်တူ၏,

၂။ ကော်ပင့်တိုက်သည်နှင့် ဆိုက်တိုက်လာသော အကြောင်းစုတူ၏,

[ပဋိသန္ဓေတို့မှာ ကံ,ကမ္မနိမိတ်,ဂတိနိမိတ်၏ထင်လာခြင်းများကိုယူ၊ ပဝတ္တိဆဋ္ဌါရိက ဝိပါက်တို့မှာ ၆-ဒွါရတွင် ဈဋ္ဌာရုံတို့၏ ထင်လာခြင်းများကိုယူ။]

၃။ ကော်ပင့်အတိုက်တွင်မှ ထိုအဂ္ဂိဓာတ် မီးတောက်မီးလျှံဖြစ်၍ ထွက်ပေါ်သည်နှင့် ထင်လာသော ထိုအာရုံတို့ကိုစွဲ၍ ထိုကုသိုလ်ဓာတ်သည် ဝိပါက်နာမ် ကလာပ်ဖြစ်၍ ထွက်ပေါ်မှုတူ၏။

မီးတောက်မီးလျှံဖြစ်၍ထွက်ပေါ်ပြီးလျှင် မီးတောက်မီးလျှံအချုပ်တွင် အဂ္ဂိဓာတ်သက်ဆုံး၏၊ မီးစနှင့်တို့သော်လည်းမတောက်ပြီ။

ထို့အတူ ကုသိုလ်စေတနာဓာတ်သည်လည်း ဓာတ်အသီးဖြစ်၍ မထွက်ရသေးသမျှကာလပတ်လုံး ငုတ်ဓာတ်, ဝပ်ဓာတ်အနေနှင့်သာ ကမ္ဘာအထောင်မကလိုက်၍ အစွမ်းရှိသလောက် ပဋိသန္ဓေဝိပါက်, ပဝတ္တိဝိပါက်အနေနှင့် ထွက်ပေါ်ရပြီးနောက် ဓာတ်သက်ကုန်ဆုံး၏၊ ထွက်ပေါ်ခွင့် မရခဲ့လျှင် ဖရိနိဗ္ဗာန်စံမှ ဆုံးသည်၊ ဓာတ်အသီးဖြစ်၍ မထွက်သေးသမျှ ကာလပတ်လုံး ငုတ်ဓာတ်အစု, ဝပ်ဓာတ်အစုအနုအကင်းအခိုက်၌ တည်လျက်ရှိသေး၍ ဝိပါက်မဆိုရကုန်သေး၊ ဥပါဒ်, ဌီ,ဘင် အသီးနှင့်ဓာတ်အသီးဖြစ်၍ ပေါ်ဓာတ်,ပွင့်ဓာတ်,ထွက်ဓာတ်အဖြစ်သို့ ရောက်သောအခါမှ ဝိပစ္စတိ၊ ရင့်သောအဖြစ်သို့ရောက်တတ်

၏။ ဠုတိ၊ ထို့ကြောင့်။ ဝိပါကော၊ မည်၏-ဟုဆိုရသောဝိပါကအဖြစ် ဖြင့်လာကုန်သတည်း၊ လောက၌ဖြစ်ပေါ်သမျှသော သက်ရှိသက်မဲ့စု မှာ ဗီဇဘာဝ အသီးအသီး ရှိကြသည်ချည်း။

## သောမနဿစသည်တို့၏အကြောင်း

သောမနဿ ဥပေက္ခာ ဖြစ်ကြောင်းမှာ အတိ ဣဋ္ဌာရုံ, ဣဋ္ဌ မဇ္ဈတ္တာရုံနှင့်ယှဉ်လေ၊ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်သော ဝိပါက် တို့မှာ တိဟိတ်ဥက္ကဋ္ဌကံသည် သမ္ပယုတ်ဖြစ်ကြောင်း, တိဟိတ်ဩမက ကံသည် ဝိပ္ပယုတ်ဖြစ်ကြောင်း၊ တဒါရုံကိစ္စမှာ တိဟိတ်ဥက္ကဋ္ဌကံ, တိဟိတ်တွင် တိဟိတ်ဇောတို့သည်သမ္ပယုတ်ဝိပါက်ဖြစ်ကြောင်း၊တိဟိတ် ဩမကကံ,ဒွိဟိတ်ဘဝင်, ဒွိဟိတ်ဇော, အဟိတ်ဇော, အကုသိုလ်ဇော များသည် ဝိပ္ပယုတ်ဝိပါက်ဖြစ်ကြောင်း၊သင်္ခါရမှာ-ပဋိသန္ဓေ,ဘဝင်ကိစ္စ တို့၌ ကံ၏အစွမ်းသက်သက်နှင့် အလိုလိုထင်သောကံ,ကမ္မနိမိတ်,ဂတိ နိမိတ်နှင့်ဖြစ်ရလျှင် အသင်္ခါရိက၊ပယောဂစိုက်၍ ထင်သောနိမိတ်နှင့် ဖြစ်ရလျှင် သသင်္ခါရိက။

သောမနဿစသည်တို့၏အကြောင်းပြီး၏။

မဟာဝိပါက်ပြီး၏။

[မဟဂ္ဂုတ်ကြိယာချစ်ခုမှာအထူးဆိုဘွယ်မရှိပြီ။]

## မဟာကုသိုလ်နှင့်မဟာကြိယာအထူး

မဟာကုသိုလ်နှင့် မဟာကြိယာတို့၏ အထူးကိုဆိုအံ့။

သရက်, ပိန္နဲတို့၏အစေ့မှာ ဟာရိတမည်သော အစေးနုသည်ရှိ၏၊ ထိုအစေးနု ရှိသမျှကာလပတ်လုံး မြေဥတု, ရေဥတုတည်းဟူသော ထူ တတ်,နှူးတတ်,ထကြွစေတတ်သောအကြောင်းတို့နှင့်ပေါင်းယှဉ်မိလျှင် အပင်အညွှောက် ပေါက်ရောက်ဖြစ်ပွါး၏၊ မီး၌လှော်၍ ဖုတ်၍ပြုတ်၍ ထိုအစေးအနု ကုန်ခန်းလျှင် မြေဥတုစသည်တို့နှင့် ပေါင်းယှဉ်ရသော် လည်း အပင်အညွှောက်ပေါက်ခြင်းမရှိပြီ၊ မျိုးကိစ္စမရှိပြီ၊ ထိုအစေးတို့ ကိုသာ အလိုရှိရာအသုံးချရတော့သည်၊ထိုအစေးတို့ဆွေး၍ အောက်၌ ပျောက်ပျက်လျှင်ပြီးတော့သည်။

ထိုအတူ စိတ်သန္တာန်၌ တဏှာနုသယဟူသော အစေးနရှိ၏၊ ထိုအစေးန၏ရသကား-အဇ္ဈတ္တခန္ဓာတို့ကို ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာ-ဟုတွယ်တာ ဖွဲ့စည်းခြင်းပေတည်း၊ ထိုအစေးနရှိသမျှ ကာလပတ်လုံး လောကီကုသိုလ်စေတနာတို့သည် ငါ့ကိုယ်ခုပျက်ပြန်လျှင် ငါ့ကိုယ်ခုအသစ်တည်ထောင်မှု, ငါ့ဥစ္စာတခုထူထောင်မှု၌ ဥဿာဟဗျာပါရတင်းလင်းနှင့်သာ ဖြစ်ကြချုပ်ကြ၏၊ယင်းဥဿာဟကို အာယုဟနဓာတ်ခေါ်သည်၊အရဟတ္တမဂ်ကိုရသောအခါ ထိုတဏှာနုသယဟူသော အစေးနသည် အကြွင်းမဲ့ချုပ်လေ၏။

အစေးနချုပ်သည်နှင့်တပြိုင်နက် ထိုစိတ်သန္တာန်၌ အာယုဟနဓာတ်လည်း ကွယ်ဆုံးလေ၏၊ ထိုအခါ ထိုလောကီကုသိုလ်စေတနာတို့သည် မီးပူအပြင်းထည့်၍ ဟရိတဓာတ်စေးကုန်ပြီးသော သရက်စေ့, ပိန္နဲစေ့တို့နှင့်အတူ ဗီဇကိစ္စမှငြိမ်းကြကုန်၏၊ ပရိနိဗ္ဗာန်မစံမီအတွင်း ကိုယ်နှင့်ဆောင်ရွက်ဘွယ်အမှု, နှုတ်နှင့်ဆောင်ရွက်ဘွယ်အမှု, နှလုံးနှင့်ဆောင်ရွက်ဘွယ်အမှုတို့ကို ဆောင်ရွက်ရုံသာ ကြိယာကိစ္စဖြင့် ဖွင့်ဖြစ်ကြလေကုန်၏။

၁။ သစ်စေ့နှင့်ကုသိုလ်,
၂။ ဟရိတဓာတ်နှင့် အနုသယဓာတ်စေး,
၃။ မဂ္ဂင်ရှစ်ပါးနှင့် ပူပြင်းလှသောမီးဓာတ်စပ်လေ။

ယထာပိ မူလေ အနုပဒ္ဒဝေ၊
ဆိန္နောပိ ရုက္ခော ပုနဒေဝ ရူဟတိ။
ဧဝံ တဏှာနုသယေ အသမူဟတေ၊
နိဗ္ဗတ္တတိ ဒုက္ခမိဒံ ပုနပ္ပုနံ။
[ဓမ္မပဒ။]

**အနက်ကား။** မူလေ၊ရေသောက်မြစ်သည်။ အနုပဒ္ဒဝေ၊ဘေးရန်မရှိ ပကတိစိမ်းရှင်လျက်ရှိနေသည်ရှိသော်။ရုက္ခော၊သစ်ပင်သည်။ဆိန္နောပိ၊ ပြတ်ပါသော်လည်း။ ပုနဒေဝ၊ တဘန်သာလျှင်။ ရူဟတိယထာပိ၊ ပေါက်မြဲပေါက် စည်မြဲစည်ပြန်သကဲ့သို့။ဧဝံ၊ဤအတူ။တဏှာနုသယေ၊ သတ္တဝါတို့၏ စိတ်သန္တာန်ထဲတွင် အမြဲကိန်းဝပ် စိုစွပ်စေးနဲ၍နေသော တဏှာနုသယဓာတ်စေးကို။အသမူဟတေ၊အခုံးပယ်နုတ်၍ မပစ်သေး

သည်ရှိသော်။ ဋ္ဌဒံဒုက္ခံ၊ ဤလူနတ်ပြဲဟူ၍ ခန္ဓာ ၅-ခု ဓာတ်အစုတည်းဟူသော ဒုက္ခသစ္စာသည်။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ နိဗ္ဗတ္တတိ၊ ဖြစ်ပေါ်ကာနေ၏။

၁။ မံသဂိဒ္ဓါ ဗဟူ မစ္ဆာ၊
ဒဠှံ ဗလိသလဂ္ဂိတာ။
ဖန္ဒမာနာ ဝိဝတ္တန္တိ၊
မစ္ဆာ ဗန္ဓဝသံ ဂတာ။ ။

၂။ ကာမဂိဒ္ဓါ ဣမေ သတ္တာ၊
ဒဠှံ သေနဟလဂ္ဂိတာ။
ဖန္ဒမာနာ ဝိဝတ္တန္တိ၊
မစ္စုရာဇ ဝသံဂတာ။ ။

၃။ ဗန္ဓနံ မစ္စုနော ဧတံ၊
ယေန ဗဒ္ဓေါ န မုစ္စတိ။
ဒါဌာပေသာ မရဏာဿ၊
ယာယ ဒဋ္ဌော န ဇီဝတိ။ ။

၄။ ဝဇိရဂ္ဂေါ သရောစေသော၊
ယေန ဝိဒ္ဓေါ ဝိရုပ္ပတိ။
ဝိသံပေတံ ဟလာဟလံ၊
ယေန ဖုဋ္ဌော ဝိဝတ္တတိ။ ။

၅။ မစ္စုဝေသော ဂုဟာသယော၊
ယေနာ ဝိဋ္ဌော သဒါ မတော။
သေနဟံ တံ ဝိဝဇ္ဇေယျ၊
ပဿန္တော မစ္စုနော ဘယံ။ ။

### အနက်ကား

၁။ မံသဂိဒ္ဓါ၊ သားတစ်၌မက်မောကုန်သည်ဖြစ်၍။ ဒဠှံ၊ ပြင်းစွာ။ ဗလိသလဂ္ဂိတာ၊ အဦ,အသဲ၌ ငါးမြှားချိပ်ငြိကုန်သော။ ဗဟူ၊ များစွာကုန်သော။ မစ္ဆာ၊ ငါးမိုက်တို့သည်။ မစ္ဆာဗန္ဓဝသံ၊ တံငါယောက်ျား၏အလိုသို့။ ဂတာ၊ ရောက်ကြကုန်၍။ ဖန္ဒမာနာ၊ တုန်လှုပ်ကုန်လျက်။ ဝိဝတ္တန္တိ၊ တလူးလဲလဲနေကြကုန်၏။

၂။ ဧဝံ၊ ဤအတူ။ ကာမဂိဒ္ဓါ၊ ကာမတရားတို့၌ မက်မောကြကုန်သည်ဖြစ်၍။ ဒဋ္ဌံ၊ မြဲစွာ။ သေနဟလဂ္ဂိတာ၊ နှလုံး၌ချစ်ခြင်းဟူသောတဏှာနှောင်ကြိုးဖြင့်ဖွဲ့ကြကုန်သော။ ဇာမေသတ္တာ၊ ဤသတ္တဝါတို့သည်။ မစ္ဆုရာဇဝသံ၊ သေမင်း၏အလိုသို့။ ဂတာ၊ လိုက်ကြရကုန်သည်ဖြစ်၍။ ဖန္ဒမာနာ၊ တုံလှုပ်ကုန်လျက်။ ဝိဝတ္တန္တိ၊ တလူးလဲလဲနေကြကုန်၏။

၃။ တေံ၊ ဤချစ်ခြင်းအမှုသည်။ မစ္စုနော၊သေမင်း၏။ ဗန္ဓနံ၊ နှောင်ကြိုးပေတည်း။ယေန၊အကြင်နှောင်ကြိုးနှင့်။ဗဒ္ဓေါ၊ ချည်မိသောသူသည်။နမုစ္စတိ၊ကမ္ဘာစဉ်ဆက် သေမင်းလက်မှ မလွတ်ရလေ။သော၊ ဤချစ်ခြင်းအမှုသည်။ မရဏာသ၊ သေမင်း၏။ ဒါဠှာပိ၊ အစွယ်လည်းမည်၏။ ယာယ၊ အကြင်အစွယ်ဖြင့်။ ဒဋ္ဌော၊ ကိုက်အပ်သောသူသည်။ နဇီဝတိ၊သုဂတိသက်မရှင်နိုင်။

၄။ ဧသော၊ ဤချစ်ခြင်းအမှုသည်။ ဝဇီရဂ္ဂေါ၊ ဝရဇိန်စင်းသွားတတ်သော။ သရောစ၊ သေမင်း၏ မြှားလည်းမည်၏။ ယေန၊ အကြင်မြှားဖြင့်။ ဝိဒ္ဓေါ၊ စူးသောသူသည်။ ဝိရုပ္ပတိ၊ အတူးထူး အထွေထွေ ဖောက်ပြန်၏။ တေံ၊ဤချစ်ခြင်းအမှုသည်။ ဟလာဟလံ၊လတ်တလောသေစေတတ်သော။ ဝိသံပိ၊ အဆိပ်စေးလည်းမည်၏။ ယေန၊ အကြင်အဆိပ်စေးဖြင့်။ ဖုဋ္ဌော၊ တွေ့ထိပျံ့နှံ့သောသူသည်။ ဝိဝတ္တတိ၊ ဖြတ်ဖြတ်လူးကာနေရလေ၏။

၅။ ဧသော၊ ဤချစ်ခြင်းအမှုသည်။ ဂုဟာသယော၊ သတ္တဝါတို့၏ ကိုယ်တည်းဟူသော လိုဏ်ဂူ၌ ကိန်းအောင်းသော။ မစ္စုဝ၊ သေမင်းပင်တည်း။ ယေန၊ အကြင်သေမင်းသည်။ အာဝိဋ္ဌော၊ အမြဲပူးသောသူသည်။ သဒါ၊ အခါခပ်သိမ်း။ မတော၊ သေပြီးသာမည်၏။ မစ္စုနော၊ သေမင်း၏။ ဘယံ၊ ဘေးကို။ ပဿန္တော၊ သိမြင်သော ပညာရှိသည်။ တံသေနဟံ၊ ထိုကာမ တရားတို့၌ ဖြစ်သော ချစ်ခြင်းကို။ ဝိဝဇ္ဇေယျ၊ ဝေးစွာရှောင်ကြဉ်ရာ၏။

ကာမာဂစရ တရားတို့ကို အစာအာဟာရပြု၍ ကြီးပွါးကာနေသော ချစ်ခြင်းခင်ခြင်းဟူသော ကာမတဏှာ၏ အပြစ်ကိုဆိုလိုသည်၊ ကာမတဏှာသည်မီးတည်း၊ ကာမစိတ်စတုပညာသသည် မီးစာထင်းတည်း၊ထင်းကောင်းလေလေ မီးတောက်လေလေ၊ထင်းမှလွတ်လျှင် မီး

ငြိမ်း၏၊အထူးအားဖြင့် ကာမသုခသောမနဿသည် ထင်းကောင်းပင်တည်း၊လူ့ကာမထက် နတ်ကာမ၊ နတ်တွင်မှာလည်း အထက်အထက် နတ်ကာမသုခသောမနဿများသည် အလွန်ထက်,အလွန်အနှစ်အဆီ အားကြီးလှသော ထင်းကောင်း မီးစာကောင်းပေတည်း။

ကာမာဝစရစိတ် ၂၄-ခုပြီး၏။

## ရူပါဝစရစိတ် ၁၅-ခု

ရူပစိတ်ကိုဆိုအံ့၊လက္ခဏာအားဖြင့် တခုတည်းသောစိတ်ကိုပင်လျှင် အခိုက်အတန့်အထူးကိုအစွဲပြု၍ ကာမစိတ်,ရူပစိတ်,အရူပစိတ်,လောကုတ္တရာစိတ်ဆိုရသည်၊ အသို့နည်းဟူမူ - ကာမတဏှာ အာရုံပြုနိုင်လောက်အောင်ရုန်းရင်းပေါ်လွင်သောအခိုက်ကို ကာမစိတ် ဆိုသည်၊ ကာမတဏှာအာရုံမပြုနိုင်လောက်အောင် သိမ်မွေ့နက်နဲခြင်းသို့ရောက်သောအခိုက်ကို မဟဂ္ဂုတ်ခေါ်သည်၊ ထိုမဟဂ္ဂုတ်မှာလည်းရူပတဏှာ အာရုံပြုနိုင်အောင် ရုန်းရင်းသောအခိုက်ကို ရူပစိတ်ခေါ်သည်၊ ရူပတဏှာကား-အာရုံမပြုနိုင်ပြီ၊ အရူပတဏှာသာ အာရုံပြုနိုင်လောက်အောင် သိမ်မွေ့နက်နဲခြင်းသို့ ရောက်သောအခိုက်ကို အရူပစိတ်ခေါ်သည်၊တဏှာသုံးပါး အာရုံပြုနိုင်လောက်အောင် ရုန်းရင်းသောအခိုက်မှ ကျွတ်လွတ်၍ အတုမရှိ သိမ်မွေ့နက်နဲခြင်းသို့ ရောက်သောအခိုက်ကို လောကုတ္တရာစိတ်ခေါ်သည်။

[ဝိတက်,ဝိစာရ, ပီတိ, သုခ,ဥပေက္ခာ,ဧကဂ္ဂတာတို့၏ အခြင်းအရာကို နောက်ပိုင်းသို့ရောက်မှ ဆိုမည်။]

ဈာန်မည်ကြောင်း

မေး။ ဤစေတသိက်တို့ကိုသာ အဘယ့်ကြောင့် ဈာန်ခေါ်သနည်း။

ဖြေ။ အာရုံ ၆-ပါး၌ မတန့်မနားလွင့်ပါးချောက်ချား၍ နေသောစိတ်ကို တခုတည်းသောအာရုံ၌ စိုက်၍ထားရန် ကိစ္စထူးရှိကြ၍ ဈာန်ခေါ်ပေသည်။

အသို့နည်းဟူမူ-လောက၌ အဆင့်ဆင့်မြင့်မြတ်၍သွားဘို့, အဆင့်ဆင့်ယုတ်နိမ့်၍သွားဘို့ အာရုံဝတ္ထုအမှုကိစ္စသည်ရှိ၏၊ အပြစ်အညစ်အဆင့်ဆင့်စင်ကြယ်၍ သွားဘို့ဖြစ်သောအာရုံဝတ္ထု အမှုကိစ္စများသည်

မြင့်မြတ်ဆန်းတက်သော လမ်းပေတည်း၊ အပြစ်အညစ် အဆင့်ဆင့် ထုပြောသိမ်ဖျင်း၍သွားဘို့ အာရုံဝတ္ထုအမှုကိစ္စများသည် ယုတ်နိမ့်စုံ မျှောသောလမ်းပေတည်း။

## နှိုင်းယှဉ်ပြချက်

၁။ ကိလေသာ အာသဝေါစုသည် နိမ့်ရာသို့အမြဲကျဆင်းစီးသွား သောမြစ်ရေနှင့်တူ၏။

၂။ မိစ္ဆာဝိတက်စုသည် အောက်အကျေသို့ ရေကိုအပြင်းတိုက်ပို့ သောလေကြမ်းနှင့် တူ၏။

၃။ စိတ်သည် လှေနှင့်တူ၏။

၄။ ပညာသည် ပဲ့သူကြီးနှင့်တူ၏။

၅။ ယောနိသောမနသိကာရသည် ပဲ့တက်မကြီးနှင့်တူ၏။

၆။ ဝီရိယသည် လှော်ခတ်သော ယောက်ျားနှင့်တူ၏။

၇။ သမ္မာဝိတက်သည် လှော်တက်ခတ်တက်နှင့်တူ၏။

### ထင်ရှားစေအံ့။

၁။ စိတ်မည်သည် သမ္မာဝိတက်နှင့် တက်သုတ်ရိုက်၍ အပြင်းလှော် နိုင်ခတ်နိုင်မှ အပြစ်အညစ်စင်ဘို့ရာအာရုံဝတ္ထုအမှုကိစ္စသို့တက် သည်၊ မလှော် မခတ်လျှင် မိစ္ဆာဝိတက် လေဟုံလှိုင်းဟုံနှင့် အာသဝေါမျှောရာအလွတ်ပါမှု တလမ်းသာရှိသည်။

၂။ ဝိတက်လှော်ခတ်၍ ကသိုဏ်းအာရုံသို့ ရှေးရှုဆန်တက်သော စိတ်ကို ထိုအာရုံမှဆုတ်ခွါလွင့်ပါး၍ မသွားရအောင် ဖွဲ့နှောင် ချုပ်တဲမှုကား-ဝိစာရပေတည်း၊ ဖွဲ့နှောင်ချုပ်တဲသူမရှိမူကား- ဝိတက်ပင်လှော်သော်လည်း လိပ်အိုတောင်ပေါ်သို့ တက်သ ကဲ့သို့ အထက်ကိုတလှမ်း အောက်ကိုနှစ်လှမ်းနေမည်။

၃။ ထိုအာရုံအမှုတို့၌ ထိုစိတ်ကိုမငြီးမငွေ့ပျော်မွေ့ပျော်ပါးအောင် ဖြေဖျော်မှုကား-ပီတိပေတည်း၊ ဖျော်ဖြေသူမရှိ၍ ချောက်ချား သွေ့သွေ့ ငြီးငွေ့ခြင်းဖြစ်ခဲ့လျှင် ဖွဲ့နှောင်ချုပ်တဲသော်လည်း မနိုင်မနေ အတင်းဆုတ်ခွါ လွင့်ပါးသွားမည်။

၄။ မငြီးမငွေ့ပျော်မွေ့ခြင်း ရှိသောစိတ်ကို ထိုအာရုံ ထိုအမှုတို့မှ လေးလေးနက်နက် မြဲမြဲရှိရှိ မလွှတ်ရက် မခွါရက်သောအရသာကိုထုတ်၍ပေးသည်ကား-သုခပေတည်း၊အဖျော်အဖြေပင်ကောင်းပါသော်လည်း ခင်ခင်မက်မက် မလွှတ်ရက်အောင် လေးနက်သော အရသာကိုမခံစားရလျှင် နဝံပိယံမျှသာဖြစ်၍ မကြာခင်ငြီးငွေ့၍ ခွါဆုတ်မည်။

၅။ ပကတိအခါက ရွာသူတို့၏မစင်နှင့် ကြီးပွါးခဲ့သော ခွေးသည်နောက်အခါ၌ မင်းစိုးရာဇာတို့မွေးမြူ၍ သားပွဲမ်းထမင်းအရသာကို စိတ်ရှိတိုင်းစားခါနေရပါသော်လည်း ဇာတိယိုကြိုက်ကိုမမေ့နိုင်၊ အစော်အနံ့ရလျှင် သားပွဲမ်းထမင်းကိုစွန့်၍ ဇာတိယိုကြိုက်သို့ ပါမည်၊ မပါစေခြင်းငှါ သံကြိုးနှင့်ဖွဲ့ထားမှနေမည်၊ထို့အတူ ဘဝအဆက်ဆက်၌ ကာမဂုဏ်မစင်တောကြီး၌ကြီးပွါး၍ လာခဲ့သော၍စိတ်သည် ယခုအခါမှ ဘာဝနာအာရုံ,ဘာဝနာမှုတို့၌ အလွန်မြတ်သောသုခအရသာကိုခံစားရပါသော်လည်း ဇာတိယိုကြိုက်ကိုသာ အမှတ်ရ၍တကြွကြွနေဦးမည်၊ထို့ကြောင့်မလှုပ်မကြွစေခြင်းငှါ ထိုအာရုံ ထိုအမှုတို့၌ အမြစ်စိုက်၍ထားခဲ့သည်ကား-ဧကဂ္ဂတာပေတည်း။

ဝိတက်သည် အာရုံသို့ ရှေ့ရှုထင်ခြင်းကိစ္စ, ဝိစာရသည် အာရုံ၌ အစဉ် ဖွဲ့ခြင်းကိစ္စ, ပီတိသည် စိတ်ကိုပျို့စေခြင်းကိစ္စ, သုခသည် စိတ်ကိုပွါးစေခြင်းကိစ္စ, သမာဓိသည် ကောင်းစွာထားခြင်းကိစ္စ-ဟူ၍ လာသောကိစ္စ ၅-ပါးကိုထင်ရှားအောင်ပြလိုက်သည်။

၎င်းသို့လျှင် ၎င်ငါးပါးသောတရားတို့သည် ဘာဝနာအာရုံ၌ စိတ်ကို နှစ်နှစ် ချိုက်ချိုက်အမြစ်စိုက်၍နေအောင်ဆောင်ရွက်ကြသော တရားစုဖြစ်ပေ၍ ဈာန-ဟု ခေါ်ရပေသည်။

ဈာနသဒ္ဒါသည် တခုခုသော အာရုံ၌ မတုံမလှုပ် မငဲ့မတိမ်း စိန်းစိန်းစိုက်၍ ရှုခြင်း အနက်ဟော၊ ထိုသို့ရှု၍နေသောအခါ စိတ်သန္တာန်တွင် အစဉ်ထုံစွဲ၍ နေကုန်သော အကြမ်း အထော် အစော်အပြစ်အညစ်အကြေး အခိုးအကင်းတို့သည် တနာရီထက်တနာရီ, တနေ့

ထက် တနေ့ တခြေ့ခြေ့ကျွတ်ငြိမ်းကုန်သဖြင့် ထိုစိတ်အစဉ်သည် ဆွတ်ဆွတ် ပြူစင် ကြည်လင်ထွန်းတောက်၍လာ၏။

[ဤကား-ဈာနသဒ္ဒါ၏ အာရုံ၌ စိုက်ထားခြင်း-ဟူသော အနက်မှ ထွက်သောမျောလမ်းပေတည်း။]

ဈာနသဒ္ဒါသည် လောင်ခြင်း, ကျွမ်းခြင်း, ဖုတ်မြိုက်ခြင်းအနက်ကိုလည်း ဟောပြန်၏၊ အသို့နည်း-ဟူမူ–

၁။ စိတ်ကိုအာရုံ၌ အတင်းစိုက်၍ ထားပေသော ဝိတက္ကသည် ထကြွလှုပ်ရှားတတ်သော ကာမစ္ဆန္ဒ အခိုးအကင်းကို အတင်းသတ်ပေ၏။

၂။ စိတ်ကို ရွှမ်းစို ရွှင်လန်းအောင် ဖျော်ဖြေပေသော ပီတိသည် စိတ်ကို ငြီးငွေ့ ခြောက်သွေ့အောင် ပြုတတ်သော ဗျာပါဒအခိုးအကင်းကို အတင်းသတ်ပေ၏။

၃။ ဘာဝနာ၏ အာရုံသို့ စိတ်ကိုအတင်းမောင်းနှင် ရိုက်ခိုင်းပေသော ဝိတက်သည် ပျင်းရိလိမ်လစ် ဆုတ်နစ်ထိုင်းမှိုင်းစေတတ်သော ထိန, မိဒ္ဓ အခိုးအကင်းကို အတင်းသတ်ပေ၏။

၄။ ငြိမ်းချမ်းခြင်းကို ပြုတတ်သော သုခသည် မငြိမ်မသက် မအေး မချမ်းခြင်းကို ပြုတတ်သော ဥဒ္ဓစ္စ, ကုက္ကုစ္စအခိုးအကင်းတို့ကို အတင်းသတ်ပေ၏။

၅။ အဘန်ဘန် သုံးသပ်ခြင်း ကိစ္စကိုပြုသဖြင့် ဘာဝနာမှု၌ အဆင့်ဆင့် ကြည်လင်၍ သွားအောင် ရွက်ဆောင်ပေသော ဝိစာရသည် စိတ်ကို ၂-ခွပြု၍ နောက်ကျု စေတတ်သော ဝိစိကိစ္ဆာ, တွေဝေမိုက်မှေးစေတတ်သော အဝိဇ္ဇာအခိုးအကင်းတို့ကို အတင်းသတ်ပေ၏။

ဤသို့သတ်သည်ကိုပင် ထိုအညစ်အကြေးတို့ကို လောင်းကျွမ်းဖုတ်မြိုက်မှုဆိုရသည်။

ကုသိုလ်စိတ်အစဉ်မှာ ထိုနီဝရဏ တရားတို့ မယှဉ်ကြကုန်သော်လည်း အခိုးအကင်းမှာ အပြည့်အနှက် ပါရှိသည်သာတည်း၊ ထိုအခိုးအကင်းအညစ်အကြေးတို့ကို သတ်သည်ကိုပင် ထိုနီဝရဏ တို့ကို အသတ်-ဆိုရကုန်သည်။

သမာဓိ ကာမစ္ဆန္ဒဿ ပဋိပက္ခော၊ ပီတိ ဗျာပါဒဿ၊ ဝိတက္ကော ထိနမိဒ္ဓဿ၊ သုခံ ဥဒ္ဓစ္စ ကုက္ကုစ္စဿ၊ ဝိစာရော ဝိစိကိစ္ဆာယ။

[ပေဋကောပဒေသကျမ်း။]

ဗျာန်မည်ကြောင်းပြီး၏။

### ဥပစာရဘုံအခက်း

နီဝရဏတို့၏ အခိုက်သည် ဝီတိက္ကမအခိုက်, ပရိယုဋ္ဌာနအခိုက်, အနုသယအခိုက်-ဟူ၍ ၃-ပါးရှိသည်။

၁။ ကာယကံမှု, ဝစီကံမှုကို လွန်ကျူးသော အခိုက်သည် ဝီတိက္ကမ အခိုက်မည်၏။

၂။ ကာယဒွါရ, ဝစီဒွါရတို့၌ ထကြွသောင်းကျန်းသော အခိုက်သည် ပရိယုဋ္ဌာန အခိုက်မည်၏၊ မနောဒွါရရိုက်မှုစုပေတည်း။

၃။ ဒွါရ ၃-ပါးတို့၌ ထကြွခြင်းမရှိမူ၍ ကုသိုလ်, အကုသိုလ်, အဗျာကတစိတ် အစဉ်၌သာ အကျပ်အတည်း အမြဲကိန်းဝပ်၍ နေသော အခိုက်သည် အနုသယ အခိုက်မည်၏။

### ဥပမာ

၁။ ရင့်ပြီးသော အုန်းသီး၏ အုန်းဆံ၌ ကိန်းဝပ်သော ဗီဇဓာတ်နှင့် အနုသယ အခိုက်သည် တူ၏၊

၂။ ထိုဓာတ်နှဖြစ်သော ဆံခြည်ထွေးခေါ်သော အခဲနှင့် ပရိယုဋ္ဌာနအခိုက်သည် တူ၏၊

၃။ ထိုအခဲမှဖြစ်၍ ထွက်သော အညှောက်အပင်နှင့် ဝီတိက္ကမ အခိုက်သည် တူ၏၊

သီလဝိသုဒ္ဓိသို့ရောက်လျှင် ဝီတိက္ကမအပြစ်ဒေါသငြိမ်း၏၊ ထိုအခါ မဟာ ကုသိုလ်သည် သီလဘုံမည်၏၊ သီလဘုံ၌ တည်၍ ဘာဝနာဘုံကို ကူးရာ ပရိကမ္မဘာဝနာ အခိုက်၌ ပရိယုဋ္ဌာနသည် မငြိမ်းသေး၊ အားနည်းရုံမျှသာ ရှိသေးသည်၊ နိမိတ်ထင်၍ နီဝရဏလည်းကွာ, ဈာန်အင်္ဂါလည်း ပေါ်သော ဥပစာရ ဘာဝနာသို့ ရောက်မှ နီဝရဏတို့၏ ပရိယုဋ္ဌာန အပြစ်ဒေါသငြိမ်းသည်၊ ထိုအခါ မဟာ ကုသိုလ်သည် ဥပစာရမည်၏၊နီဝရဏကွာသည်၊ ဈာန်အင်္ဂါပေါ်သည်-ဟူသောစကား၌ ဘာဝနာဘုံသို့ မတက်မီကာလ၌လည်း နီဝရဏ တို့၏ မင်းမူရာနယ်ပေတည်း၊ ထိုအခါကေဂ္ဂတာသည် ကာမစ္ဆန္ဒဘိစီး ချက်ကို မလှန်သာလှ၍ ကာမစ္ဆန္ဒ၏ အမှုဆောင်ဖြစ်နေရသတည်း။

ဘာဝနာဘုံသည်ကား-ဈာန်အင်္ဂါတို့၏ မင်းမူရာ နယ်ပေတည်း၊ ကသိဏ်းစသည်တို့တွင် တခုခုသောအာရုံနှင့် စိုက်ထားသောဘာဝနာ ဘုံသို့ရောက်သောအခါ ကေဂ္ဂတာသည် တနာရီထက်တနာရီ ကြီးပွါး ထွားကြိုင်း၍လာ၏၊ ကာမဂုဏ် တည်းဟူသော အစာရေစာမှဝေး သော ကာမစ္ဆန္ဒသည် တနာရီထက်တနာရီ ကြုံလှီလျော့ပါး၍သွား၏၊ နိမိတ်ထင်၍ ထိုအာရုံ၌ စိတ်အခြေစိုက်မိသောအခါ ကာမစ္ဆန္ဒ၏ ပရိ ယုဋ္ဌာနအကင်းသည် ကျွတ်လွတ်ကွာလွင့်လေ၏၊ရှေးအခါ၌ မိုယ်းတိမ် ဖုံးသောလဝန်းနှင့်တူသော ကေဂ္ဂတာသည် ထိုအခါတွင်အရောင်အဝါ ရွှန်းစက်စွာပေါ်ပေ၏၊ ငါ၏စိတ်သည် တည်ကြည်လေစွဟု ယောဂီ ပုဂ္ဂိုလ်၏ဉာဏ်တွင် ထင်ပေါ်လာ၏။

[ဤကား-ကာမစ္ဆန္ဒတည်းဟူသော မိုဃ်းတိမ်သွင့်ကွာ၍ ကေဂ္ဂတာ ဈာန်အင်္ဂါလဝန်းထွန်းပေါ်လာပုံကို ဆိုသောအချက်တည်း။]

ကာမစ္ဆန္ဒကွာလျှင်ပင် ထိန,မိဒ္ဓ,နီဝရဏတည်းဟူသော မိုဃ်းတိမ် လည်းလွင့်ကွာ၏၊ဝိတက်တည်းဟူသော ဈာန်အင်္ဂါလဝန်းလည်း ထွန်း ပေါ်၍လာ၏၊ ယောဂီပုဂ္ဂိုလ်၏ဉာဏ်မှာ ငါ၏စိတ်သည် နိမိတ်အာရုံ သို့သာ ကိုင်းရှိုင်း၏-ဟုထင်ရှားလာ၏-ဟူလိုသည်၊ဝိစိကိစ္ဆာ,နီဝရဏ လည်းကွာ၏၊ ဝိစာရ ဈာန်အင်္ဂါလည်း ပေါ်လာ၏၊ ငါ၏စိတ်သည် နိမိတ်အာရုံ၌သာရစ်ဝဲကာနေတော့သည်-ဟု ဉာဏ်၌ထင်လာ၏-ဆိုလို

သည်၊ ဗျာပါဒနီဝရဏ လည်းကွာ၏၊ ပီတိဈာန်အင်္ဂါလည်းပေါ်၏၊ မကြာဘူးသော နှစ်သက်ခြင်းကို ယခုအခါ ငါရလာပေ၏-ဟုသိသည် ဟူလို၊ဥဒ္ဓစ္စ,ကုက္ကုစ္စလည်း ကွာ၏၊ သုခဈာန်အင်္ဂါလည်းပေါ်လာ၏၊ သိသာပြီ။

နီဝရဏကွာ၏ဟူသော်လည်း ဗျာပါဒနီဝရဏ, ကုက္ကုစ္စနီဝရဏ တို့သာ အရှင်းကွာကုန်သည်၊ ကာမစ္ဆန္ဒမှာမူကား-ရှုန့်ရင်းသောကာမ ဂုဏ်၌သာ သာယာသော ကာမစ္ဆန္ဒ အစေးအညှော်သာကွာသည်၊ ငါ့ကိုယ်ဟု သာယာသောလောဘ၊ငါ့စိတ်, ငါ့ဉာဏ်, ငါ့ပရိက္ခရာ-ဟု သာယာသော လောဘတို့မှာမူကား-ရှိနေသည်သာဖြစ်၏၊ဥဒ္ဓစ္စလည်း လောဘ်အတူ၊ ထိနမိဒ္ဓ,ဝိစိကိစ္ဆာတို့လည်း ရှုန့်ရင်းသော အဘို့သာ ကွာကုန်သည်။

[ဤကား-ဥပစာရဘုံသို့ ရောက်သောအခါ နီဝရဏကွာပုံ,ဈာန်အင်္ဂါ ပေါ်ပုံတည်း။]

ဤဥပစာရဘုံမှာ နီဝရဏကွာ၍ ဈာန်အင်္ဂါ ပေါ်သော်လည်း အပ္ပနာမဆိုက်သေး၍ ကာမဘုံမှ မပြောင်းနိုင်သေး၊ အပ္ပနာမဆိုက် ကြောင်းကား-ဥပစာရဘုံခေါ်ရသော ထိုကာမကုသိုလ် စိတ္တုပ္ပါဒ်၌ နီဝရဏအစေးညှော်တို့ပင် ကွာပါကုန်သော်လည်း ထိုနီဝရဏတရား တို့နှင့် မပြားမထူး ရူးဘော်ရူးဘက် နောက်ဘော်နောက်ဘက် မိုက် ဘော်မိုက်ဘက် အဆက်များစွာကျင်လည်၍လာကုန်သော ဖဿ,ဝေ ဒနာ-စသော အညသမာန်း တရားတို့သည်ရှိကုန်၏၊ တည်ကြည်မှု၌ ရုတ်တရက် ကြိုးမကျတဲ့နိုင်ရှိနေသော ထိုတရားတို့အတွက်ကြောင့် စိတ် သည် ထိုအာရုံ၌ စွဲသားကိုက်သို့ချိုက်ချိုက်မကျ ကြွစောင်းစောင်းပင် ရှိသေးသည်၊ထို့ကြောင့် ခုနစ်ကြိမ်ထက်ဇောသက်မရှည်နိုင်လေသည်၊ ဂေါတြဘုစိတ်တိုင်အောင်ပင် ထိုအခြင်းဖြင့်ရှုန့်ရင်းပေါ်လွင့်၍ ဈာန် အင်္ဂါမသိမ်မွေ့သောကြောင့် ကာမန္တယ်ကို မလွန်နိုင်သေးရှိလေသည်၊ စိတ္တုပ္ပါဒ်၌ပါသောစေတနာသည် ကာမဘုံတွင်း၌သာ ပဋိသန္ဓေကို ပေးနိုင်သည်။

ဥပစာရဘုံအခန်းပြီး၏။

## ပထမဈာန်

ထိုအခြင်းအရာစုသည် ဂေါတြဘုတွင် ဆုံး၏,ပြတ်၏၊ ဂေါတြဘု၏ ဘင်၌ ရုန့်ရင်းမိုင်းပြသောကာမနွယ်,ကာမမျိုး,အခိုးအကင်းအကုန် ငြိမ်းကုန်၏၊ ထို့ကြောင့်ပင်လျှင် "ဂေါတ္တံ၊ ကာမနွယ်,ကာမမျိုးကို။ အဘိဘဝတိ၊ နှိပ်စက်တတ်၏။ ဣတိ၊ထို့ကြောင့်။ ဂေါတြဘု၊ဂေါတြဘု မည်၏"-ဟုဆိုရသည်၊ ထိုဂေါတြဘုစိတ်၏ အခြားမဲ့၌ကား- အလုံးစုံသောစိတ္တုပ္ပါဒ်တို့သည် သစ်သားစို၌ သံမှိုနှက်စိုက် တသားတည်း ကိုက်သကဲ့သို့ အာရုံနိမိတ်၌ မြိုက်မြိုက်ချပ်ချပ် ပြားပြားဝပ်လျက် နှံ့စပ်သက်ဝင်၍ တည်ခြင်းဟူသောအပ္ပနာကိစ္စသို့ ဆိုက်ကြပေကုန်၏။

ထိုအခါဈာန်အင်္ဂါတို့သည် ကာမမျိုးရိုး အခိုးမသန်း လွန်အေးချမ်းသဖြင့် ဆဒ္ဒန်အိုင်ကြီး၌ လှည်းဘီးရှိ ပေါက်လာသော ပဒုမာကြာ ပန်းကဲ့သို့ သန့်စွမ်းရှင်ကြည် စည်ပင်ထွားကျိုင်းကြပေကုန်၏၊ ထို ပုဂ္ဂိုလ်သည်လည်း အပူကြီးမား ငရဲသားကို ပတ္တမြားရည် လွန်ချမ်းကြည်သော သီတာမြစ်၌ နှစ်လိုက်ဘိသကဲ့သို့ ပီတိဖရဏာ ကိုယ်လုံးဖြာ၍ ချမ်းသာသုခ အနန္တကိုရလေ၏၊ ဤစိတ္တုပ္ပါဒ်၌ပါသော စေတနာသည်ကား - ကာမအခိုးအကင်းမှ အရှင်းလွတ်စင်၍ မုဆိုး၏ ချိုင့်တွင်းမှလွတ်ရသော ရွှေဟင်္သာမင်းသည် စိတ်ရွှင်လက်ရွှင် ကောင်းကင် တိမ်ထဲသို့ အလွတ်ပျံတက်လေဘိသကဲ့သို့ ကာမဘုံမှလွန်၍ ရူပပထမ ဈာန် ပဋိသန္ဓေဝိပါက်ဖြစ်၍ထွက်နိုင်သော အစွမ်းထိအောင် မြင့်မြတ် လေ၏၊ဤအပ္ပနာကုသိုလ်ကား-မဟဂ္ဂုတ်ဘုံပေတည်း။

ရွှေဟင်္သာငှက်သည် နေလသွားရာကောင်းကင်သို့ ဆိုက်အောင်ပျံ နိုင်၏-ဟူသော်လည်း အတောင်ဟုံတို့၏ အစွမ်းဖြင့်သာ ပျံနိုင်သည်၊ အတောင်မဒတ် အဟုံသတ်ပြန်လျှင် မြေအပြင်မှာ တမားမားနေပြန်၏၊ ထို့အတူ ဤစိတ်သန္တာန်၏ အပ္ပနာအခိုက်မည်သည် ပရိကံဘာဝနာဟုံ၏အစွမ်းဖြင့်သာ ပျံတက်ဆိုက်ထိရသော အမှုပေတည်း၊ ပရိကံဘာဝနာဟုံ စဲပြန်, ငြိမ်းပြန်လျှင် ကာမအခိုက် တလဲလဲဖြစ်မြဲတည်း၊ မဟဂ္ဂုတ်ဝိပါက်စုမှတပါး လောကီ, လောကုတ္တရာ အပ္ပနာဟူသမျှ

ဤနည်းချည်း၊ ထို့ကြောင့် အပ္ပနာအခိုက်မှလျော့ပြန်လျှင် ထိုပုဂ္ဂိုလ်သည်လည်း ကာမစိတ်တို့နှင့်သာ နေရပြန်၏။

[ဤကား-ဂေါတြဘုစိတ်တည်းဟူသော၊ကာမဘုံ ကာမဘဝမှ ပထမဈာန်စိတ်တည်းဟူသော မဟဂ္ဂုတ်ဘုံ,မဟဂ္ဂုတ်ဘဝသို့တဆင့်ကူးပုံကိုဆိုသော စကားရပ်တည်း။]

ပထမဈာန်ပြီး၏။

## ဒုတိယဈာန်

ယခုအခါ ဂေါတြဘုတည်းဟူသောကာမဘုံမှ ဒုတိယဈာန်စသော အပ္ပနာဘုံသို့ကူးပုံများကို အကျဉ်းမျှဆိုလိုက်အံ့၊ဘုံကူးသည်-ဟူရာမှာ မဟဂ္ဂုတ်ဘုံ-မဟဂ္ဂုတ်ဘုံအချင်းချင်း ကူးသည်ဟူ၍မရှိ၊ မဟဂ္ဂုတ်ဘုံမှ လောကုတ္တရာဘုံသို့ကူးသည်လည်းမရှိ၊လောကုတ္တရာဘုံ-လောကုတ္တရာဘုံချင်းချင်း ကူးသည်ဟူ၍လည်း မရှိ၊ အနုလုံ, ဂေါတြဘု, ဝေါဒါန်ဟူသော ကာမဘုံမှသာ မဟဂ္ဂုတ်ဘုံအမျိုးမျိုး,လောကုတ္တရာဘုံ အမျိုးမျိုးသို့ ကူးနိုင်သည်။

မဟာကုသိုလ်ဟူသော ကာမဘုံကြီးသည် သိကြားဘန်ဆင်းသော ပဒေသာပင်ကြီးနှင့်တူပေ၏၊ ပထမဈာန်သည်လည်း သူမှထွက်သော အညွန့်သာတည်း၊ဒုတိယဈာန်သည်လည်း သူမှထွက်သောအညွန့်သာတည်း၊နေဝသညာနာသညာသည်လည်း သူမှထွက်သော အညွန့်သာတည်း၊အဘိညာအမျိုးမျိုးတို့သည်လည်း သူမှထွက်သော အညွန့်အဖူးတို့သာတည်း၊ သောတာပတ္တိမဂ်သည်လည်း သူမှပင်ထွက်သည်။ လ။ အရဟတ္တမဂ်သည်လည်း၊သူမှပင်ထွက်သည်၊သမာပတ္တိဝီထိ၌ ဖိုလ် ၄-ခုသည်လည်း သူမှထွက်သော အညွန့်အဖူးတို့သာတည်း၊ ထို့ကြောင့် မဟာသဒ္ဒါနှင့်မဟာကုသိုလ်ဆိုရပေသည်။

မဟာကြိယာဟူသည်လည်း ကျွတ်ပြီးသောမဟာကုသိုလ်ပင်တည်း၊ ထိုပထမဈာန်၌ သာယာစွဲလမ်းသောနိကန္တိသည် အလွန်အားကြီး၏၊ ထိုနိကန္တိကို ရူပတဏှာလည်းခေါ်သည်၊ ရူပရာဂလည်း ခေါ်သည်၊ ဘဝတဏှာလည်းခေါ်သည်၊ဘဝရာဂလည်းခေါ်သည်၊ ထိုပုဂ္ဂိုလ်စိတ်သန္တာန်မှာ ထိုတဏှာသည် အပြစ်ဒေါသကြီး တခုပင်ဖြစ်၏၊ ဈာန်

အင်္ဂါငါးပါးတို့တွင် အကြီးအမှူး ဦးစီးဦးကိုင်ဖြစ်သော ဝိတက်သည် လည်း အလွန်ငြိမ်သက်သောတရားပင်မဟုတ်၊ ထို့ကြောင့် ထိုဝိတက် သည်လည်း အပြစ်ဒေါသတပါးပင်ဖြစ်ပြန်၏။

ဤအပြစ် ၂-ပါးတို့လက်၌ တည်ရှိသောကေဂ္ဂတာများသည် လေ ပေါင်းလေဆုံ၌ ထွန်းထားသောမီးတောက်နှင့်တူ၏၊ စေတနာသည် ထိုမီး၏ အရောင်နှင့်တူ၏၊ အသခေ်ျယျကပ်မှ အသက်တမ်း ရှိသော ပထမဈာန်ဘုံထက်လွန်၍ တက်နိုင်သော အစွမ်းမရှိ၊ ဝင်စားဘန်ဆင်း ကြိမ်ဘန်များလှသောအခါ ထိုဝိတက် လှုပ်လှက်လှုပ်လှက်ပြုသည်ကို ပင် မနှစ်သက်ခြင်းဖြစ်ပြန်၏၊ ထိုအခါမှ ထိုနိကန္တိအစေးပြည်ပြန်၍ ဝိတက်မပါသော ဈာန်ကို ရပြန်လိုသော သဘောဆန္ဒ ဖြစ်လာလေ သတည်း၊ ရှေး၌ ထင်ပြီးသော နိမိတ်မှာ ဝိတက်မပါသော ဈာန်ကို ဝင်စားလို၍ မဟာကုသိုလ်-ဟူသော ပရိကမ္မဘုံ, ဥပစာရဘုံတို့ကို အသစ်တည်ထောင်ရပြန်သည်။

၁။ ပထမဈာန်နိကန္တိ စင်ကြယ်စွာမကွာမီအတွင်းကို ပရိကမ္မ ဘုံခေါ်သည်။

၂။ စင်ကြယ်စွာကွာသည်မှစ၍ ဂေါတြဘုတိုင်အောင် ဥပစာ ရဘုံခေါ်သည်။

ဂေါတြဘု၏ ဘုံတွင် ကာမမျိုး,ကာမနွယ် ပြတ်ပြန်၍ ဝိတက်မပါ၊ ဝိစာရ, ပီတိ, သုခ, ကေဂ္ဂတာ-ဟူသော ဈာန်အင်္ဂါ ၄-ပါးသာပါ သော ဈာန်သည် အပ္ပနာဆိုက်လာ၏၊ကြွင်းသမျှကို ရှေးကဆိုခဲ့ပြီးနှင့် ယှဉ်လေ၊ ပထမဈာန်စေတနာမှာ အသခေ်ျယျ ကပ်ငယ်တကပ်မျှ အသက်တမ်းရှိသော ပထမဈာန်ဘုံ၌သာ ရောက်နိုင်သည်၊ ဤဒုတိယ ဈာန်စေတနာမှာ မဟာကပ်ကြီးရှစ်ကပ် အသက်တမ်းရှိသော ဒုတိယ ဈာန်ဘုံ၌ ရောက်နိုင်သည်၊နိကန္တိကြမ်း, အင်္ဂါကြမ်းတည်း-ဟူသော အပြစ်ဒေါသတို့ကို ချွတ်မှုကြောင့် တိုးတက်သောဘုံပေတည်း။

ဒုတိယဈာန်ပြီး၏။

[နောက်နောက်ဈာန်တို့ကိုလည်း ဆိုခဲ့ပြီးသောနည်းနှင့် နှိုင်းယှဉ်၍သိ လေ၊ ကျယ်မည်စိုး၍မရေးပြီ၊ မရေးသော်လည်း သိနိုင်လောက်ပြီ။]

ဝိစာရ, ပီတိ, သုခတို့၏ အပြစ်ဒေါသဖြစ်ကြောင်း ထည့်ရန် ဈာန်ငါးပါး ဘုံအဆင့်ဆင့် ဖြစ်သွားပုံပြီး၏။

**ဝေဒနာစသည်စစ်ချက်**

ဤရူပစိတ် ၁၅-ပါးတွင် ပဥ္စမဈာန် သုံးခုကား-ဥပေက္ခာသဟဂုတ်တည်း၊ ကြွင်း ၁၂-ခုကား-သောမနဿ သဟဂုတ်တည်း၊ ၁၅-ခုလုံးသည်ပင် ဉာဏသမ္ပယုတ်ပေတည်း၊ ဝိပ္ပယုတ်မရှိ။

အသင်္ခါရိက-သသင်္ခါရိက ၂-ပါးမှာ အဘယ်နည်း။

၁။ အသင်္ခါရိကသာ၊ သသင်္ခါရိကမဟုတ် ဆိုမည်လော။

၂။ သသင်္ခါရိကသာ၊ အသင်္ခါရိက မဟုတ်ဆိုမည်လော။

၃။ ၂-ပါးစုံပင်မဟုတ်၊ သင်္ခါရဝိမုတ်သာဆိုမည်လော။

၄။ ၂-ပါးစုံပင်ဟုတ်၏-ဆိုမည်လော။

[အမေး ၄-ချက်။]

ဈာန်အပြားကို ရှေးဦးစွာဆိုမည်၊ ဘဝသိဒ္ဓဈာန်, မဂ္ဂသိဒ္ဓဈာန်, ယောဂသိဒ္ဓဈာန်-ဟူ၍ ၃-ပါးရှိသည်း။

၁။ ဗြဟ္မာဘုံ၌ ဖြစ်သော သူသည် အတီတာနန္တရဘဝ၌ ရခဲ့ဘူးသော ဈာန်တို့ကို ထိုနောက်ဘဝ၌ အသစ်အားထုတ်ဘွယ်ကိစ္စမရှိ၊ ရပြီးဖြစ်၍ နေ၏။ ဝင်စားလိုသောအခါ ပထဝီ, ပထဝီ-ဟုနှလုံးပြုရုံမျှနှင့် ပေါ်လာ၏၊ အရူပဘုံ၌ကား-အောက်ဈာန်ကို လွှတ်၍ တက်ရသောကြောင့် အထက်အရိယာ ပုဂ္ဂိုလ်မှာ အောက်မဂ်, အောက်ဖိုလ်မဖြစ်လာသည်နှင့် တူ၏။

[ဤကား-ဘဝသိဒ္ဓဈာန်ပေတည်း။]

၂။ ပါရမီအထူးရှိသော အရိယာ ပုဂ္ဂိုလ်တို့အား ဈာန်ကို တခြား အားမထုတ်ရ၊မဂ်ကိုရလျှင်ပင် ဈာန်ရ,အဘိညာရဖြစ်တော့သည်၊ ဝင်စားလိုသောအခါ ကသိုဏ်းစသည်ကို နှလုံးသွင်းကာမျှနှင့် ဝင်စားနိုင်သည်။

[ဤကား-မဂ္ဂသိဒ္ဓဈာန်ပေတည်း။]

၃။ ပရိကမ္မဘာဝနာ, ဥပစာရဘာဝနာ အစဉ်တို့ဖြင့် တမင်အားထုတ်၍ ဖြစ်လာသော ဈာန်စုသည် ယောဂသိဒ္ဓဈာန်မည်၏။

[ဤကား-ဈာန်အပြားတည်း။]

## ဋီကာကျော်ဝါဒ

ရှေးပုဏ္ဏာ ၄-ချက်၌ ဋီကာကျော်အဖြေကို ဆိုပေအံ့၊ရူပစိတ်, အရူပစိတ်, လောကုတ္တရာစိတ်များသည် သသင်္ခါရိကလည်း မဟုတ်၊ အသင်္ခါရိကလည်းမဟုတ်၊ သင်္ခါရဝိမုတ်သာတည်း၊ တနည်းမှာ-သသင်္ခါရိကသာတည်း၊ ၂-ချက်ဖြေသည်။

**ယုတ္တိကား။** ဈာန်မည်သည် မဂ္ဂသိဒ္ဓဈာန်, ဘဝသိဒ္ဓဈာန်ပင် ဖြစ်စေဦးတော့၊ ဝင်စားလိုသော အခါ၌ ပထဝီ, ပထဝီစသည်ဖြင့် မနသိကာရပရိကံကိုပြုမှသာ ဖြစ်လာသည်၊ မနသိကာရပရိကံနှင့် ကင်း၍ အလိုလိုဖြစ်လာသော ဈာန်-ဟူ၍မရှိ၊ ဤမနသိကာရ ပရိကံမှုသည်လည်း ပုဗ္ဗပယောဂမှု, သင်္ခါရမှုပင်ဖြစ်သည်၊ထို့ကြောင့်ဈာန်-ဟူသမျှသည် အသင်္ခါရိကဆိုရရန်အခွင့်မရှိ၊ မနသိကာရပရိကံမှုကို အစွဲပြု၍ သသင်္ခါရိကသာ-ဟုဆိုရမည်လည်း ထိုမနသိကာရပရိကံမှုကိုပြုရုံမျှနှင့် ဖြစ်ပေါ်လာသည်မဟုတ်၊ ရှေးရှေးဘဝတို့က ပြုခဲ့ဘူးသော အဓိကာရ, ဥပနိဿယလည်း အံ့ရှိဘူးမှ ဖြစ်ပေါ်လာသည်၊ ထို့ကြောင့် သသင်္ခါရိကဟုဆိုရရန်အခွင့်လည်းမရှိ၊ ၂-ပါးစုံမှအလွတ်သာဖြစ်သည်။
[ပထမဖြေဆိုချက်၌ယုတ္တိ။]

ဒုတိယဖြေဆိုချက်ကား- ဈာန်ဟူသမျှသည် မနသိကာရပရိကံကို ပြုမှသာဖြစ်ပေါ်လာသည်၊ ထို့ကြောင့် သသင်္ခါရိက ချည်းသာတည်း၊ အသင်္ခါရိကဟူ၍မရှိ၊ ဖော်၍မဆိုသည်မှာ သသင်္ခါရိကအဖြစ်အလွန် ထင်ရှားလှ၍ အသင်္ခါရိကအနေနှင့် ကပ်ကိုးဘွယ်မရှိသောကြောင့် သသင်္ခါရိကဟု သဂြိုဟ်၌မဆိုလေသည်။
[ဒုတိယဖြေဆိုချက်၌ယုတ္တိ။]

၂- ချက်လုံးသည်ပင်လျှင် မဟုတ်ကြောင်းကို ယုတ္တိသာဓကနှင့် ပြလိုက်အံ့၊ ဈာန်အရာ၌ ပရိကံသည်-ဘာဝနာပရိကံ, မနသိကာရပရိကံဟူ၍ ၂-ပါးရှိ၏။

၁။ မရဘူးသေးသော ဈာန်ကိုရလို၍ အစမှစ၍ အားထုတ်သော အာဒိကမ္မိကပုဂ္ဂိုလ်အား ဂေါတြဘုတိုင်အောင်သောဘာဝနာမှုသည် ဘာဝနာပရိကံမည်၏။

၂။ ရပြီးသောဈာန်ကို ဝင်စားရုံမျှကိစ္စနှင့် ပထဝီ,ပထဝီစသည်ဖြင့် နှလုံးသွင်းကာမျှသောပရိကံသည် မနသိကာရပရိကံမည်၏။

ဋီကာကျော်ဆရာသည် ဤပရိကံ ၂-ပါးကိုပင် ပုဗ္ဗပယောဂပြုဘိ၏၊ သန်္ဒါရပြုဘိ၏။

ဤပရိကံ ၂-ပါးသည် ဈာန်၏ရိုးရာပရိကံမှုသာတည်း၊ ဒုက္ခ, အနတ္တဟု ပွါးများခြင်း,နှလုံးသွင်းခြင်းများသည် မဂ်,ဖိုလ်တို့၏ ရိုးရာပရိကံမှုသာတည်း၊ ဤကဲ့သို့သော ရိုးရာအမှုများကို ပယောဂမှု, သန်္ဒါရမှုမဆိုရ၊ ဘာဝနာအရာ၌သာ မဟုတ်သေး၊ ခပ်သိမ်းသောဒါနမှု, သီလမှုတို့၌ဗင်း, ဒုစရိုက်မှုတို့၌ဗင်း,အကြီးအငယ်ဖြစ်သော အမှုအား လျော်စွာ ပုဗ္ဗာဘိသန်္ဒါရဟူသော ပရိကံမှုရှိမြဲပေတည်း၊ ကွမ်းတရာကိုလှူဒါန်းလိုလျှင် အလှူဝတ္ထုကိုရှာရခြင်း, စီစဉ်ရခြင်း,အလှူခံပုဂ္ဂိုလ်သို့ရှေးရှုဆောင်ရခြင်း-စသော ပုဗ္ဗာဘိသန်္ဒါရသည် ရှိသည်သာဖြစ်၏၊ ကြီးသောအမှုတို့၌ ဆိုဘွယ်မရှိ၊ဤကဲ့သို့သော ရိုးရာမှုများကို ပယောဂမှု,သန်္ဒါရမှုမဆိုရ၊ဆိုချေသော် ခပ်သိမ်းသောကုသိုလ်,အကုသိုလ်သည် အသန်္ခါရိကဟူ၍ပင် မရှိရာပြီ၊ သသန်္ခါရိကချည်းရှိတော့မည်။

ပယောဂမှု,သန်္ဒါရမှုဆိုရသည်မှာ-ရိုးရာပရိကံမှုတို့နှင့် မထမြောက်နိုင်ဘဲ တွန့်တိုဆုတ်နစ်၍ နေရာ၌ မနေရအောင် ထူထောင် ထမြောက်အောင် ပေါင်မြှောင်ကူပံ့ရသော အမှုကိုသာဆိုရမည်၊ ထို့ကြောင့် ထိုရိုးရာပရိကံမှုကိုပုဗ္ဗပယောဂသန်္ဒါရပြု၍ထိုနှင့်မကင်းနိုင်သော ဈာန်စိတ်ကို သသန်္ခါရိကဆိုသော ထိုဋီကာကျော်စကားကို အမှားစင်စစ်မှတ်ရမည်။

[ပယ်ချက်-၇။]

ဈာန်ကိုရှေးရှေးဘဝ၌ ပြုအပ်သော အဓိကာရရှိမှ ရနိုင်သည်ဟူသောစကားသည်လည်း အဋ္ဌကထာများနှင့်မညီလေ၊ အဋ္ဌကထာများ၌ကား–

သမထမှု၌ အဓိကာရမရှိခဲ့ဘူးသောသူအား ဒုက္ခပဋိပဒါဈာန်ကိုရသည်၊ ရှိခဲ့ဘူးသော သူအား သုခပဋိပဒါဈာန်ကိုရသည်၊ ဝိပဿနာ၌ အဓိကာရမရှိခဲ့ဘူးသောသူအား ဒန္ဓာဘိညဈာန်ကိုရသည်၊ ရှိခဲ့ဘူးသောသူအား ခိပ္ပါဘိညဈာန်ကို

ရသည်ဟုလာပေသည်၊ ရှေးဘဝက အဓိကာရရှိခဲ့ဘူးမှ ဈာန်ကိုရသည်-ဟု မလာပေ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်အစရှိသာလျှင် ပါရမီမရှိလျှင်မရ၊ ပါရမီရှိမှရသည်-ဟုလာပေသည်။

ထို့ကြောင့် ထိုဋီကာကျော်စကားကို အမြတ်အားဖြင့် မယူအပ်။

[ပယ်ချက်-ဂ။]

စင်စစ်အမှန်အားဖြင့်ကား-ဤရူပ,အရူပ, လောကုတ္တရာစိတ်သည် သင်္ခါရဘေဒအားဖြင့် သသင်္ခါရိက, အသင်္ခါရိကဟူ၍ ၂-ပါးအပြားရှိသည် အမှန်ဖြစ်၏၊ ထို့ကြောင့်နေတ္တိပါဠိတော်၌။

ဒုဝိဓော သမာဓိ သသင်္ခါရော သမာဓိ အသင်္ခါရော သမာဓိ၊ ဟူ၍ဟောတော်မူသည်။

နေတ္တိအဋ္ဌကထာဋီကာတို့၌လည်း—

၁။ သသင်္ခါရ သမာဓိဆိုသည်ကား- ဒုက္ခပဋိပဒါဒန္ဓာဘိညာဈာန်တပါး, ဒုက္ခပဋိပဒါခိပ္ပါဘိညာဈာန်တပါး၊ ဤဒုက္ခပဋိပဒါဈာန် ၂-ပါးကိုဖွင့်ပေသည်။

၂။ အသင်္ခါရ သမာဓိဆိုသည်ကား-သုခပဋိပဒါဒန္ဓာဘိညာဈာန်တပါး, သုခပဋိပဒါခိပ္ပါဘိညာဈာန်တပါး၊ ဤသုခပဋိပဒါဈာန် ၂-ပါးကို ဖွင့်ပေသည်။

ပဋိပဒါအဘိညာတို့ကို ဆိုကြသော အဘိဓမ္မာ အဋ္ဌကထာတို့၌လည်း—

ယော အာဒိတော ကိလေသေ ဝိက္ခမ္ဘေန္တော ဒုက္ခေန သသင်္ခါရေန သပ္ပယောဂေန ကိလမန္တော ဝိက္ခမ္ဘေတိ၊ တဿ ဒုက္ခာ ပဋိပဒါနာမဟောတိ၊ ယောကိလေသေ ဝိက္ခမ္ဘေန္တော သုခေန အကိလမန္တော ဝိက္ခမ္ဘေတိ၊တဿ သုခါ ပဋိပဒါနာမ ဟောတိ။

[အဋ္ဌသာလိနီ။]

ဉာဏဝိဘင်း အဋ္ဌကထာ,ဝိသုဒ္ဓိမဂ် အဋ္ဌကထာတို့၌လည်း ဤနည်းအတူလာသည်၊ဤသို့လျှင် သုတ္တန်, အဘိဓမ္မာတသန်တည်း လာသောကြောင့် ဒုက္ခပဋိပဒါဈာန်ဟူသမျှတို့ကို သသင်္ခါရိကတို့ပေ-ဟု,သုခပဋိပဒါဈာန်ဟူသမျှတို့ကို အသင်္ခါရိကတို့ပေ-ဟု, ပုံသေမှချမှတ်အပ်၏။

ထိုသို့ဖြစ်ပါလျက် မဟဂ္ဂုတ်, လောကုတ္တရာစိတ်တို့၌ သခ်ါရဘေဒ ကို မမွှသင်ကြီး၌ မဟောသည်မှာမူကား-၍မဟဂ္ဂုတ်,လောကုတ္တရာစံမ္မ တို့သည် ဘာဝနာတည်းဟူသော ပဋိပဒါဖြင့်သာရအပ် ပြီးစေအပ် သောတရားတို့ဖြစ်ပေ၍ ထိုအားလျော်သော ပဋိပဒါဘေဒကို ဟော တော်မူသဖြင့် သခ်ါရဘေဒသည်လည်း အန္တောဂဓဖြစ်လေ၍ အသီး အခြားမဟောလေသည်။

ဒုက္ခပဋိပဒါဟု-ဆိုအပ်သော သသခ်ါရိကစျာန်, သုခပဋိပဒါဟု ဆို အပ်သော အသခ်ါရိကစျာန်တို့ကို ခြားနားအောင်ဆိုဦးအံ့၊

ပရိကမ္မဘုံ,ဥပစာရဘုံ,အပ္ပနာဘုံ၊၍ဘုံ ၃-ပါးကိုပိုင်းခြားလေဦး။

၁။ ပရိကမ္မဘုံဆိုသည်ကား-ကောင်းစွာ ထူထောင်ပြီးသော သီလ ဘုံ၌တည်၍ တခုတည်းသောအာရုံ၌ ဘာဝနာကိုရှေးရှုသည်မှ စ၍ ပဋိဘာဂနိမိတ်မထင်မီ, နီဝရဏမကွာမီ, စျာန်အင်္ဂါမ ပေါ်မီအတွင်း၌ ပွါးများသောကိစ္စနှင့် ဖြစ်သမျှသော မဟာ ကုသိုလ်စုသည် ပရိကမ္မဘုံမည်၏။

၂။ ပဋိဘာဂနိမိတ် ထင်သည်နှင့် တပြိုင်နက် နီဝရဏလည်းကွာ, စျာန်အင်္ဂါလည်း ပေါ်သည်မှစ၍ ဂေါတြဘုတိုင်အောင် ၍ အတွင်း၌ ပွါးများခြင်းကိစ္စနှင့် ဖြစ်သမျှသောမဟာကုသိုလ်စု သည် ဥပစာရဘုံမည်၏။

၃။ အပ္ပနာစျာန်သည် အပ္ပနာဘုံမည်၏။

ဒုတိယစျာန်ကို ရဘို့ပွါးများရာ၌ကား- ပထမစျာန်နိကန္တိ မကွာ မီအတွင်းသည် ပရိကမ္မဘုံမည်၏၊ထိုနိကန္တိကွာသည်မှစ၍ ဒုတိယစျာန် ၏ ဂေါတြဘုတိုင်အောင်သည် ဥပစာရဘုံမည်၏၊ နောက်နောက်စျာန် တို့၌လည်း၊၍နည်းအတိုင်းပိုင်းခြားလေ။

[၍ကား–ဘုံ ၃–ပါးပိုင်းခြင်းချက်ပေတည်း။]

(က) ၁။ ပရိကမ္မဘုံသည် ပဋိပဒါ၏နယ်တည်း။

၂။ ဥပစာရဘုံ,အပ္ပနာဘုံသည်၊အဘိညာ၏နယ်တည်း။

(ခ) ၁။ ပရိကမ္မဘုံအတွင်း၌၊ပယောဂမကူဘဲ ထမြောက်၍ သွား ပေလျှင် အပ္ပနာစျာန်သည် သုခပဋိပဒါစျာန် ဖြစ်ပေ၍ **အသခ်ါရိကစျာန်မည်၏။**

၂။ ပရိကမ္မဘုံအတွင်း၌ မချောမောရှိ၍ ပယောဂကမှ ထမြောက်၍ သွားခဲ့လျှင် အပ္ပနာဈာန်သည် ဒုက္ခပဋိပဒါဈာန်ဖြစ်၍ သသင်္ခါရိကဈာန်မည်၏။

(ဂ) ၁။ ပရိကမ္မဘုံ မဟာကုသိုလ်သည် သသင်္ခါရိက ဖြစ်အံ့၊ နောက်ဥပစာရဘုံ,အပ္ပနာဘုံအလုံးစုံတို့သည် သသင်္ခါရိကချည်း ဖြစ်ကုန်တော့သည်။

၂။ ပရိကမ္မဘုံ မဟာကုသိုလ်သည် အသင်္ခါရိက ဖြစ်အံ့၊ နောက်ဥပစာရဘုံ,အပ္ပနာဘုံ အလုံးစုံတို့သည်သသင်္ခါရိကချည်း ဖြစ်ကုန်တော့သည်-ဟူလိုသည်။

(ဃ) ၁။ ဥပစာရဘုံအတွင်း၌နှေးရက်ကြန့်ကြာ၍ အပ္ပနာအဆိုက်နှောင်းလျှင် ဒန္ဓာဘိညာဈာန်မည်၏။

၂။ မကြန့်ကြာဘဲ အပ္ပနာအဆိုက်မြန်လျှင် ခိပ္ပါဘိညာဈာန်မည်၏။

[အကျယ်ကို အဋ္ဌကထာမှာယူလေ။]

ရူပါဝစရစိတ် ၁၅-ခုပြီး၏။

---

## အရူပါဝစရစိတ် ၁၂-ခု

### သာသနာပ,သာသနာတွင်းရနိုင်ပုံ

အရူပါဝစရစိတ်၌အရူပဈာန်ကိုရအောင် အားထုတ်ကြသောသူတို့သည် သာသနာပရသေ့တို့လည်း အားထုတ်ကြကုန်၏၊ သာသနာတွင်း၌ ဘုရားတပည့်သား ရဟန်းတော်တို့လည်း အားထုတ်ကြကုန်၏။

**အထူးကား။** သာသနာပတို့မှာ ရုပ်နာမ်ကိုလွန်ခြင်းငှါ အားထုတ်ကြကုန်သည်၊ ရုပ်တရားတို့မည်သည် အလွန်ရှုန့်ရင်းသော ကိလေသာတို့၏ အာရုံဖြစ်၏၊ မွေးမြူရသော ပရိကံမှု အလွန်ကြီးကျယ်၏၊ အလွန်ကြမ်းတန်းသော အတွင်းဘေး, အပဘေးတို့နှင့် ဆက်ဆံ၏၊ အနှစ်အမာမရှိ၊ အရှည်မခိုင် ယိုယွင်းလွယ်၏၊ အပါယ်ဘေးနှင့်နီး၏၊ ရုပ်တရားကိုမှီတွယ်သော ဉာဏ်ဝိညာဏ်သည် ကမ်းနားသစ်ပင်နှင့်တူ၏၊

မျက်မိုက်ကောက်ရိုးမှတောက်သော မီးနှင့်တူ၏၊ ရူပါဝစရဈာန်စိတ်သည် ရုပ်နိမိတ်မှတွယ်တာသောဈာန်စိတ်ဖြစ်၍ အနှစ်မရှိသော ကြက်ဆူပင်ငယ်ကို တွယ်တာ၍ ပေါက်သော ရုက္ခစိုးဗိမာန်ကဲ့သို့ အရှည်တည်နိုင်သော အခွင့်မရှိ၊ ရုပ်၌သာယာသော နိကန္တိ တဏှာတည်း-ဟူသော သံကြိုးသံလွန် အနှောင်အဖွဲ့ရှိနေသည်ဖြစ်၍လည်း ရုပ်နယ်ကို လွန်နိုင်သော အစွမ်းမရှိ၊ ထို့ကြောင့် ရုပ်နိမိတ်နှင့် မစပ်မယှက် သက်သက်သော ကောင်းကင်၌ရအပ်သောဈာန်ကို ရပါမူ ကောင်းလေ၏-ဟု အားထုတ်ကြကုန်သည်။

[ဤသို့အမြော်အမြင်များသည် သာသနာတွင်းနှင့်မဆက်ဆံ၊သာသနာပရသေ့တို့၏ အမူသာတည်း။]

သာသနာတွင်း၌ကား-အရူပဈာန်များသည် အထူးသိမ်မွေ့သည်၊ အထူး အားရှိသည်ဖြစ်၍ ဝိပဿနာအခြေပြုရန်, အဘိညာဉ်အခြေပြုရန်, ရံခါရံဖန်ဝင်းစားဘို့သာ အားထုတ်ကြကုန်သည်၊ "ရှေးရှေးဈာန်၌ အပြစ်ကိုမြင်မှ နောက်နောက်ဈာန်ကို ရနိုင်သည်" ဟူသော စကားများကိုလည်း ယေဘုယျသာမှတ်ရမည်။

"ဇာနာတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ" ဟူသည်နှင့်အညီ-ဖြူစင်သောအဘို့၌ တည်ပေသော ယောဂီများမြတ်တို့၏ အလိုဆန္ဒသည် တောင့်တတိုင်း ပြီးစီးမြဲဖြစ်ပေရကား-ပထမဈာန်ကို ရပြီးနောက် ဒုတိယဈာန်ကိုရလိုသော ဆန္ဒနှင့်အားထုတ်လျှင် ဒုတိယဈာန်ပင်ဖြစ်လာပေမည်၊နောက်နောက်ဈာန်တို့၌လည်း ဤအတူဝသီဘော်သို့ ရောက်ပြီးသော ရူပပဉ္စမဈာန်၌တည်၍ ကသိုဏ်းကို ခွါ၍ ပွါးများလျှင် ပထမာရုပ္ပဈာန်ဖြစ်လာမည်၊ "ရုပ်၌အပြစ်ကိုမြင်၍ ပဉ္စမဈာန်၌ နိကန္တိကို စွန့်ခြင်းဖြစ်မှ အရူပဈာန်ကို ရသည်" အဆိုမှာ ပုဂ္ဂိုလ်သာမာန်၌သာမှတ်။

### ပထမာရုပ္ပဈာန်

ဤအရူပ ဈာန်၌လည်း—

(က) ၁။ ကသိုဏ်း ၉-ပါးတွင် တပါးပါးကိုခွါ၍ ကောင်းကင်နိမိတ်ကိုရပြီးနောက် ထိုကောင်းကင်နိမိတ်ကိုရှု၍ "အနန္တံ အာကာသံ,အနန္တံ အာကာသံ"ဟု စီးဖြန်းသည်မှစ၍

ရူပ ပဋ္ဌမဈာန်၌ သာယာသော နိကန္တိတဏှာ မကွာမီ အတွင်း၌ ဖြစ်သော မဟာကုသိုလ်သည် ပရိကမ္မဘုံမည်၏။

၂။ တဏှာနိကန္တိကွာသည့်မှစ၍ ဂေါတြဘုတိုင်အောင် ဤအတွင်း၌ ပွါးများသော မဟာကုသိုလ်သည် ဥပစာရဘုံမည်၏။

၃။ ဂေါတြဘု၏နောက်၌ ကျရောက်လာသော ပထမာရူပဈာန်သည် အပ္ပနာဘုံမည်၏၊ မဟဂ္ဂုတ်ဘုံမည်၏၊အရူပဘုံမည်၏၊ ပထမာရူပဘုံမည်၏။

(ခ) ၁။ ဤဈာန်သည်လည်း ပရိကမ္မဘုံအတွင်းက မချော မမော၍ ပယောဂကူခဲ့ရလျှင် ဒုက္ခပဋိပဒါဈာန်မည်၏၊ သသင်္ခါရိကဈာန်မည်၏။

၂။ ပရိကမ္မဘုံအတွင်း၌ ချောမော၍ ပယောဂလွတ်ခဲ့လျှင် သုခပဋိပဒါဈာန်မည်၏၊အသင်္ခါရိကဈာန်မည်၏။

(ဂ) ၁။ ဥပစာရဘုံတွင် ကာလကြာမြင့်၍ နေခဲ့လျှင် ဒန္ဓာဘိညဈာန်မည်၏။

၂။ မကြာလှဘဲတလျောက်တဲတက်လာခဲ့လျှင် ခိပ္ပါဘိညဈာန်မည်၏။

ဥပစာရဘုံ၌ကွာခဲ့ပြီးသော ရူပတဏှာသည် ဂေါတြဘု၏ ဘင်တွင် အကြွင်းမဲ့ချုပ်၏၊ ထို့ကြောင့် ထိုရူပတဏှာ၏ လက်မှထွက်မြောက်သော ဥပေက္ခာ, ကေဂ္ဂတာ-ဟူသော ဤပထမာရူပဈာန်သည် ရာဟု အသူရိန်၏ခံတွင်းမှလွတ်သော လဝန်းကဲ့သို့ အလွန်ကြည်လင်လှ၏၊ အားခွန်ဗလထက်သန်လှ၏၊ ဝသီဘာဝပြု၍ ဤဈာန်ကို ဝင်စားကာနေသော သူအား ပဋ္ဌဒွါရတွင် ရုန့်ရင်းပြင်းထန်သော အာရုံပင် ထင်လာခိုက်လာသော်လည်း ဈာန်ဇောအစဉ် အယိမ်း အယိုင်မရှိသောကြောင့် "နဇ္ဇဥ္ဆတိ၊မတုန်မလှုပ်တတ်။ ဣတိ၊ထို့ကြောင့်။အာနဥ္ဇံ၊ အာနဥ္ဇသမာပတ်ခေါ်ဝေါ်အပ်သတည်း။

ဤဥပေက္ခာ,ကေဂ္ဂတာဟူသော ဈာန်နှင့်ယှဉ်သော စေတနာသည်လည်း ရာဟုလက်မှ ကျွတ်လွတ်သောလဝန်း၏ အရောင်အဝါကဲ့သို့ အလွန်တရာကြည်လင်၍အားအင်ကောင်းလှလေသောကြောင့် အဣ္ဌ-

နိဋ္ဌာဘုံမှအထက်ယူဇနာ ၅-သောင်း,ရှစ်ထောင်မြင့်သော ကောင်းကင်၌ မဟာကပ်တသောင်း အသက်တမ်းရှိသော ပထမာရူပ္ပဘုံ၌ပထမာရူပ္ပဝိပါက်အဖြစ်နှင့် ဖြစ်ပေါ်ပြီးလျှင် မဟာကပ် ၂-သောင်းတိုင်အောင် ဘဝင်အယဉ် အစဉ်ရှည်ကြာ ဖြစ်ပွါးကာနေပေ၏။

အာကာသာနဉ္စာယတနပုဒ်၌-အာကာသပုဒ်, အနန္တပုဒ်, အာယတနပုဒ်အားဖြင့်၊အာကာသသည် ၄-မျိုးရှိ၏။

၁။ အနန္တကောင်းကင်ကြီးသည် အဇဋာကာသမည်၏။

၂။ လေသာပြူတင်းပေါက်စသော ကသိုဏ်းဆယ်ပါးတွင် ပါဝင်သော ကောင်းကင်သည် ပရိစ္ဆိန္နာကာသမည်၏။

၃။ အာကာသကသိုဏ်းမှ တပါးသော ကသိုဏ်း ၉-ပါးကိုခွါ၍ရအပ်သောကောင်းကင်သည်ကသိဏုဂ္ဃာဋိမာကာသမည်၏။

၄။ ရုပ် ၂၀-၌တွင် အတွင်းဝင်သော အာကာသ ဓာတ်သည် ပရိစ္ဆေဒါကာသမည်၏။

ဤနေရာဝယ် ကသိဏုဂ္ဃာဋိမာကာသကိုယူ၊ ဤကောင်းကင်သည် ဥပါဒ်ခြင်း,ချုပ်ခြင်းဟူသော ရှေ့အဆုံး,နောက်အဆုံးမရှိခြင်းကြောင့် အနန္တမည်၏-ဟုဖွင့်ကြ၏၊ အာယတနသဒ္ဒါသည်တည်ရာအနက်ဟော၊ အဆုံးမရှိသော ကောင်းကင်လျှင်တည်ရာ အာရုံရှိသောဈာန်သည် အာကာသာနဉ္စာ ယတနဈာန်မည်၏၊ ဤဈာန်၌ လွန်အပ်စွန့်အပ်သောအာရုံတပါး, ပြုအပ်သော အာရုံတပါး။

၁။ ဘာဝနာစိတ်ဖြင့် မှတ်လွှင့်ဖျောက်ဖျက်၍ ပစ်ခဲ့သောကသိုဏ်းအာရုံသည် လွန်အပ်စွန့်အပ်သော အာရုံမည်။

၂။ တွယ်တာကိုင်ဘက်၍ လာခဲ့သော ကောင်းကင်အာရုံသည် ပြုအပ်ယူအပ်သောအာရုံမည်၏။

အကယ်၍ အာရုံမပြောင်းဘဲ ကသိုဏ်းနှင့်သာ အားထုတ်၍နေခဲ့အံ့၊ ရူပဈာန်သာ တလဲလဲနေမည်၊ ကမ္ဘာ ၅-ရာမျှ အသက်တမ်းရှိသော ဝေဟပ္ဖိုလ်ထက်လွန်နိုင်သော အစွမ်းမလာ၊ကသိုဏ်းမှပြောင်း၍ ကောင်းကင်၌တွယ်တာသောဈာန်သည်မူကား-ကမ္ဘာ ၂-သောင်း

အသက်တမ်းရှိသောပထမာရုပ္ပဘုံသို့ ဆောင်နိုင်သောအစွမ်းရှိသည်၊ ဤသို့အာရုံကောင်းချက်ကြောင့် တိုးတက်သောအစွမ်းကိုသိအပ်၏။

ပထမာရုပ္ပဈာန်ပြီး၏။

## ဒုတိယာရုပ္ပဈာန်

တဘန်ထိုကောင်းကင်ကို လွှတ်ပြန်၍ ထိုကောင်းကင်ကို တွယ်တာသော အာကာသာနဉ္စာယတနစိတ်ကို အာရုံပြု၍ ဒုတိယာရုပ္ပဈာန်ဖြစ်သည်။

ဤ၌လည်း–

(က) ၁။ ပထမာရုပ္ပဝိညာဏ်ကိုအာရုံပြု၍"ဝိညာဏံအနန္တံ"ဟု စီးဖြန်းသည်မှစ၍ ပထမာရုပ္ပဝိညာဏ်၌ သာယာသော တဏှာနိကန္တိ မကွာမီအတွင်း၌ ပွါးများသော မဟာကုသိုလ်သည် ပရိကမ္မဘုံမည်၏။

၂။ နိကန္တိကွာသည်မှစ၍ ဂေါတြဘုတိုင်အောင် ဤအတွင်း၌ ပွါးများသောမဟာကုသိုလ်သည် ဥပစာရဘုံမည်၏။

၃။ ဂေါတြဘု၏အခြားမဲ့၌ ကျရောက်လာသော ဝိညာဏဉ္စာယတနဈာန်သည် အပ္ပနာဘုံမည်၏။

(ခ) ၁။ ဤဈာန်သည်လည်း ပရိကမ္မဘုံအတွင်းက ဆင်းရဲငြိုငြင်ခဲ့လျှင် ဒုက္ခပဋိပဒါ ဈာန်မည်၏၊ သသင်္ခါရိကဈာန်မည်၏။

၂။ မငြိုငြင်ခဲ့လျှင် သုခပဋိပဒါဈာန်မည်၏၊ အသင်္ခါရိကဈာန်မည်၏။

(ဂ) ၁။ ဥပစာရဘုံတွင် ကာလကြာမြင့်ခဲ့လျှင် ဒန္ဓာဘိညဈာန်မည်၏။

၂။ မကြာမြင့်ခဲ့လျှင် ခိပ္ပါဘိညဈာန်မည်၏။

ဥပစာရဘုံ၌ ကွာခဲ့ပြီးသော ပထမာရုပ္ပတဏှာသည် ဂေါတြဘု၏ ဘင်၌အကုန်ချုပ်၏၊ ထို့ကြောင့် ဤဒုတိယာ ရုပ္ပဈာန်သည် ရှန့်ရင်းသောပထမာရုပ္ပတဏှာမှ ကျွတ်လွတ်သည်ဖြစ်၍ဝင်း,အလွန်ကောင်း

မြတ်သော ပထမာရုပ္ပ ဝိညာဏ်ဟူသောအာရုံ၌ တွယ်ရသည်ဖြစ်၍ ၎င်း,ပထမာရုပ္ပဈာန်ထက် အလွန်ထက်သန်ကြည်လင် အားအင်ဗလ ကောင်းပေသည်နှင့် မဟာကပ်လေးသောင်းရှည်သောဒုတိယရုပ္ပဘုံ၌ အကျိုးဖြစ်၍ ပေါင်းနိုင်လေသည်။

ဝိညာဏဉ္စာယတနပုဒ်၌-ဝိညာဏပုဒ်, အနန္တပုဒ်,အာယတနပုဒ်၊ ကြို့ပင်၌စောင့်သောနတ်ကို ကြို့ဟူ၍, ထိန်ပင်၌ စောင့်သောနတ်ကို ထိန်-ဟူ၍ ခေါ်ရသကဲ့သို့ အနန္တအမည်ရှိသော ကောင်းကင်၌ဖြစ်သော ပထမာရုပ္ပဝိညာဏ်ကို အနန္တဝိညာဏ်ခေါ်သည်၊ ထိုအနန္တဝိညာဏ်ကို တွယ်တာသမှု အာရုံပြု၍ ဖြစ်သော ဤဒုတိယာရုပ္ပဝိညာဏ်သည် ဝိညာဏဉ္စာယတနမည်၏။

၁။ ဤဈာန်၌ လွန်အပ် စွန့်အပ်သော အာရုံကား-အနန္တကောင်းကင်ပေတည်း။

၂။ ပြောင်းရွှေ့ တွယ်တာသော အာရုံကား-ပထမာ ရုပ္ပဝိညာဏ်ပေတည်း။

ဒုတိယာရုပ္ပဈာန်ပြီး၏။

### တတိယာရုပ္ပဈာန်

တဘန် ထိုပထမာရုပ္ပဝိညာဏ်ကို လွှတ်ပြန်၍ ထိုပထမာရုပ္ပဝိညာဏ်၏ မရှိခြင်း-ဟူသော နတ္ထိဘောပညတ်ကိုအာရုံပြု၍တတိယာရုပ္ပဈာန်ဖြစ်လာသည်။

ဤ၌လည်း—

၁။ ပထမာရုပ္ပဝိညာဏ်ကို လွှတ်ပြန်၍ ထိုဝိညာဏ်၏ မရှိခြင်း-ဟူသော နတ္ထိဘောပညတ်ကို အာရုံပြု၍ "နတ္ထိကိဉ္စိ, နတ္ထိကိဉ္စိ"ဟု စီးဖြန်းသည်မှစ၍ ဒုတိယာရုပ္ပဈာန်ကို သာယာသော တဏှာ နိကန္တိမကွာမီ အတွင်း ဖြစ်ပွါးသော မဟာ ကုသိုလ်ကံသည် ပရိကမ္မဘုံမည်၏။

၂။ နိကန္တိကွာသည်မှစ၍ ဂေါတြဘုတိုင်အောင် ဖြစ်ပွါးသော မဟာကုသိုလ်ကံသည် ဥပစာရဘုံမည်၏။

၃။ ဂေါတြဘုနောက်၌ ကျရောက်လာသော အာကိဉ္စညာယတန ဈာန်သည် အပ္ပနာဘုံမည်၏။
[ပဋ္ဌာန်ပဒါ,အဘိညာသင်္ဂါရဏ္ဍနိမြ၊ အကျွင်းဆိုမြ။]

အာကိဉ္စညာယတနပုဒ်၌ နပုဒ်,ကိဉ္စနပုဒ်,အာယတနပုဒ်၊အာကိဉ္စန သဒ္ဒါ-အနည်းငယ်ဟော၊ နနှင့်ကိဉ္စဘက်၍ ပထမာ ရူပ္ပဝိညာဏ်၏ အနည်းငယ်မျှ အကြွင်းမရှိသော နတ္ထိဘောပညတ်-ဟု အနက်ထွက်သည်၊ ထိုနတ္ထိဘောပညတ်ကိုအာရုံပြု၍ ဖြစ်ပေါ်လာသော ဥပေက္ခာ, ဧကဂ္ဂတာကို အာကိဉ္စညာယတနဈာန်ခေါ်သည်။

၁။ ဤဈာန်၌ လွန်အပ်စွန့်အပ်သော အာရုံကား-ပထမာရူပ္ပဝိညာဏ်ပေတည်း။

၂။ ပြောင်းရွှေ့တွယ်တာသော အာရုံကား-နတ္ထိဘော ပညတ်ပေတည်း။

တတိယာရူပ္ပဈာန်ပြီး၏။

## စတုတ္ထာရူပ္ပဈာန်

တဘန် ထိုတတိယာရူပ္ပဈာန်ကို လွှတ်ပြန်၍ ထိုတတိယာရူပ္ပ ဈာန်ကိုပင် အာရုံပြု၍ စတုတ္ထာရူပ္ပဈာန် ဖြစ်လာလေသည်။

ဤ၌လည်း—

'၁။ နတ္ထိဘောပညတ်ကိုလွှတ်ပြန်၍ ထိုတတိယာ ရူပ္ပဈာန်ကိုပင် အာရုံပြု၍ သန္တမေတံ, ပဏီတမေတံ''ဟု စီးဖြန်းသည်မှစ၍ တတိယာ ရူပ္ပဈာန်ကိုသာ သာယာသော တဏှာနိကန္တိမကျွာမီ အတွင်း ဖြစ်ပွါးသောမဟာ ကုသိုလ်သည် ပရိကမ္မမည်၏။

၂။ နိကန္တိကျွာသည်မှစ၍ ဂေါတြဘုတိုင်အောင် ဖြစ်ပွါးသော မဟာကုသိုလ်သည် ဥပစာရဘုံမည်၏။

၃။ ဂေါတြဘု၏ နောက်၌ ကျရောက်လာသော ဥပေက္ခာ, ဧကဂ္ဂတာ-ဟူသော နေဝသညာ နာသညာ ယတနဈာန်သည် အပ္ပနာဘုံမည်၏။

[ပဋ္ဌာန်ပဒါ,အဘိညာ,သင်္ဂါရဏ္ဍနိမြ။]

နေဝသညာနာသညာ ယတနပုဒ်၌-နေဝပုဒ်,သညာပုဒ်,နပုဒ်,နပုဒ်, သညာပုဒ်, အာယတနပုဒ်၊ ၆-ပုဒ်၊ သညာသဒ္ဒါဖြင့် ဤဈာန်၌ရှိ အလုံးစုံသော စိတ်,စေတသိက်တို့ကိုအကုန်ယူ၊ပကတိသောကာမာဝစရ စိတ်,စေတသိက်သည် အလွန်ရုန့်ရင်း၏၊ ထို့ထက်ဥပစာရဘုံ အဖြစ်သို့ရောက်သော ကာမာဝစရသည် သိမ်မွေ့၏၊ ထို့ထက် ပထမဈာန်သည် အလွန်သိမ်မွေ့၏၊ ထို့ထက် ဒုတိယဈာန်။လ။ထို့ထက် အာကိဉ္စညာယတနဈာန်သည် အလွန်သိမ်မွေ့၏၊ ဤသို့ အလွန့်ထက် အလွန်အဆင့်ဆင့်သိမ်မွေ့၍ လာခဲ့သဖြင့် နေဝသညာ နာသညာ ယတနဈာန်သို့ဆိုက်သောအခါ စိတ်, စေတသိက် အပေါင်းသည် အထွတ်အထိပ်သိမ်မွေ့သော အဖြစ်သို့ ရောက်၏၊ သည့်ထက်သိမ်မွေ့ရန်မရှိပြီ၊ သည့်ထက်တိုးလျှင် အကြွင်းမဲ့ချုပ်သော နိရောဓ သမာပတ်သို့ ရောက်လေတော့သည်။

ထို့ကြောင့် ဤဈာန်၌ရှိသောတရားစုသည် လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်တို့နှင့်နာမ်တရားတို့ကိုသိမ်းဆည်းသောယောဂီပုဂ္ဂိုလ်၏ဉာဏ်၌မိမိရရထင်လောက်အောင်မရှိလေရကား-နေဝသညာမည်၏၊ မရှိသည် လုံးလုံးလည်း မဟုတ်လေရကား-နနသညာမည်၏၊ထိုတရားစုသည် အချို့မနာယတန, အချို့ဓမ္မာယတနဖြစ်ကြ၍ အာယတနမည်၏၊ သုံးပါးသော အနက်ကို ပေါင်း၍ နေဝသညာ နာသညာယတနမည်၏၊ ဤအရာ၌ကား-ဥပေက္ခာ,ဧကဂ္ဂတာ-ဟူသော ဤဈာန်နှင့် ယှဉ်သော စိတ်သည် နေဝသညာ နာသညာယတန စိတ်မည်၏။

၁။ နတ္ထိဘာဝ ပညတ်သည် လွန်သော အာရုံပေတည်း။
၂။ တတိယာရုပ္ပဝိညာဏ်သည် ယူအပ်သော အာရုံပေတည်း။

[အကြွင်းကို ရှေး၌ဆိုခဲ့ပြီးသောအတိုင်း စေ့စုံအောင် ဆောင်၍ သိလေ။

စတုတ္ထာရုပ္ပဈာန်ပြီး၏။
အရူပါဝစရ စိတ် ၁၂-ခုပြီး၏။

ပရမတ္ထဒီပနီဋီကာ ပုစ္ဆာအဖြေပြီး၏။

# မောင်လူကလေး၏ပုစ္ဆာအဖြေ

**နမော တဿ ဘဂဝတော အရဟတော**
**သမ္မာသမ္ဗုဒ္ဓဿ**

## လျှောက်လွှာ

နယ်ပိုင်ဝန်ထောက် မောင်လူကလေးက ဥတ္တမပုရိသ ဒီပနီကျမ်းစာမျက်နှာနံပါတ် ၁၀၉-၌ ''ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'' ဆိုရာ မိ-အက္ခရာတွင် မဟာကုသိုလ်ဉာဏသမ္ပယုတ် ဥက္ကဋ္ဌတိဟိတ်ဇော ၇-ကြိမ်ဖြစ်သည်-ဟု ရေးသားပါရှိပါသည်ဘုရား။

၎င်းတွင် မိ-ဟူသော အက္ခရာကိုအဆုံးထား၍ ရေးသားတော်မူသောကြောင့် အထက် ဇော ၆-ခုတို့၏ အထောက်အပံ့ကို ရသော သတ္တမဇောကြောင့်ဖြစ်သော ပထဝီဓာတ်မှာမှဖြစ်သော-

၁ ၂ ၃ ၄ ၅ ၆ ၇ ၈
''ဗု ဒ္ဓံ သ ရ ဏံ ဂ စ္ဆာ မိ''

အထိ၊ ဂ-လုံးသောအက္ခရာတို့၏ အပေါင်းဟူသော အသံဖြစ်သည်ဟူ၍-ယူရမည်လားဘုရား၊ သို့တည်းမဟုတ် တခုတခုသော သတ္တမဇောကြောင့်ဖြစ်သော ပထဝီဓာတ် တခုတခုစီမှာမှ ဖြစ်သော ဗု-ဟူသော ဒ္ဓံ-ဟူသော,သ-ဟူသော,ရ-ဟူသော,ဏံ-ဟူသော,ဂ-ဟူသော, စ္ဆာ-ဟူသော,မိ-ဟူသော၊အက္ခရာတလုံး တလုံးစီတို့၏ အသံတခုစီဟူ၍ပင် ယူရမည်လော-ဟု ဝါဒပြား‌လျက် ရှိနေပါသောကြောင့် မည်ကဲ့သို့မှတ်ယူရမည်-ဟု အမိန့်တော်ကို နာခံလိုပါသောကြောင့် ၎င်းဝိထိမျိုးနှင့် စပ်သောပါဠိအနက်များကို ရှုမြင်တော်မူပါရန် လျှောက်ထားတောင်းပန်ပါသည်-ကျေးဇူးတော်သခင် အရှင်မြတ်ကြီးဘုရား၊

## လယ်တီဆရာတော်ဘုရားကြီးဖြေဆိုချက်

''ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၌-အက္ခရာရှစ်လုံးရှိသည့်တွင် တလုံးတလုံး မှာပင် ဇော ၇-ကြိမ်စီဖြစ်၍ ရှေးအက္ခရာ ၇-လုံးတို့မှာလည်း မဟာ ကုသိုလ်ဉာဏသမ္ပယုတ် ဥက္ကဋ္ဌတိဟိတ်ဇော ၇-ကြိမ်စီပင် ဖြစ်၏၊ သို့ သော်လည်း ရှေးအက္ခရာတို့၌ ကြိယာကာရက စကားဝါကျ မပြီးဆုံး သေးသောကြောင့် ဝစီဘေဒသရဏဂုံကိစ္စ မပြီးမြောက်သေး၊ မိ-အက္ခ ရာသို့ရောက်မှ ကြိယာကာရက စကားဝါကျ ပြီးဆုံးသောကြောင့် ဝစီ ဘေဒသရဏဂုံကိစ္စ ပြီးမြောက်လေသည်။

ထို့ကြောင့် ဥတ္တမပုရိသဒီပနီကျမ်းစာမှာ မိ-အက္ခရာတွင်ပါရှိသော မဟာကုသိုလ်ဉာဏသမ္ပယုတ် ဥက္ကဋ္ဌတိဟိတ်ဇော ၇-ကြိမ်ကိုသာ ဝိသေ သထုတ်ဖော်၍ဆိုပေသည်၊ အက္ခရာရှစ်လုံးရှိရာ၌ တလုံးတလုံးသော အက္ခရာမှာပင် ဇော ၇-ကြိမ်စီ ဖြစ်ကြောင်းကိုလည်း ဤပြဆိုလတ္တံ့ သော အဋ္ဌသာလိနီ အဋ္ဌကထာပါဌ်ကိုထောက်၍ သိအပ်၏။

> ဣဒံ ဝက္ခာမိ၊ တံ ဝက္ခာမီတိ ဥပ္ပဇ္ဇမာနံ ပန စိတ္တံ ပထဝီ- ဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတု ဝဏ္ဏော ဂန္ဓော ရသော ဩဇာတိ အဋ္ဌ ရူပါနိ သမုဋ္ဌာပေတိ၊ တေသံ အဗ္ဘန္တရေ စိတ္တသမုဋ္ဌာနာ ပထဝီဓာတု ဥပါဒိန္နကံ ဃဋ္ဋယ- မာနာဝ ဥပ္ပဇ္ဇတိ၊ တေန ဓာတုသံဃဋ္ဋနေန သဟေဝ သဒ္ဒေါ ဥပ္ပဇ္ဇတိ၊ အယံ စိတ္တသမုဋ္ဌာန သဒ္ဒေါနာမ။

**အနက်ကား။** ဣဒံ၊ဤစကားကို။ ဝက္ခာမိ၊ဆိုအံ့။ တံ၊ထိုစကားကို။ ဝက္ခာမိ၊ ဆိုအံ့။ဣတိ၊ဤသို့။ ဥပ္ပဇ္ဇမာနံ၊ဖြစ်ပေါ်လာသော။ စိတ္တံ၊ဇော စိတ်သည်။ပထဝီဓာတု၊ပထဝီဓာတ်ရင်း။လ။ဩဇာ၊ရင်း။ဣတိအဋ္ဌရူပါ နိ၊ဤရှစ်ပါးသောရုပ်တို့ကို။ သမုဋ္ဌာပေတိ၊ဖြစ်စေ၏။ တေသံ၊ထိုရှစ်ပါး သောရုပ်တို့၏။ အဗ္ဘန္တရေ၊ အတွင်း၌။ စိတ္တသမုဋ္ဌာနာ၊ ထိုဇောစိတ် ကြောင့်ဖြစ်သော။ ပထဝီဓာတု၊စိတ္တဇပထဝီဓာတ်သည်။ ဥပါဒိန္နကံ၊ ကမ္မဇပထဝီဓာတ်ကို။ ဃဋ္ဋယမာနာဝ၊ထိခိုက်လျက်သာလျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။တေနဓာတုသံဃဋ္ဋနေန၊ထိုပထဝီဓာတ် ၂-ပါးတို့၏ ထိခိုက်ခြင်း နှင့်။သဟေဝ၊တကွသာလျှင်။သဒ္ဒေါ၊သည်။ ဥပ္ပဇ္ဇတိ၊၏။ အယံ၊ဤအသံ သည်။စိတ္တသမုဋ္ဌာနသဒ္ဒေါနာမ၊စိတ္တဇအသံမည်၏။

ဤအင္ဂကထာပါဠိမှာ အက္ခရာ တလုံးတလုံး၌ ဇော ၇–ကြိမ်ဖြစ်သည်-ဟု အသေအချာမပါသော်လည်း ဤစကား၏အဆုံး၌- "ပုရိမစိတ္တ သမုဋ္ဌာနာယ ဥပတ္ထမ္ဘနကိစ္စံပိ နတ္ထိ၊" ဟူ၍ပါရှိ၏။

**အမိပ္ပါယ်ကား။** ဤဝစီဝိညတ်အရာမှာ ကာယဝိညတ်၌ ဤကဲ့သို့ ရှေးရှေးစိတ်ကြောင့်ဖြစ်သော စိတ္တဇပထဝီဓာတ်ကို ထောက်ပံ့မှု, နောက်နောက်စိတ်ကြောင့် ဖြစ်သောစိတ္တဇပထဝီဓာတ်ကိုထောက်ပံ့မှုကိစ္စလည်းမရှိ၊ ဇော-၇ကြိမ်တို့မှာပင် သူ့ဇောနှင့်သူ့အက္ခရာ အသီးသီးဖြစ်နိုင်ကြသည်ချည်းဖြစ်သည်-ဟုလို၊ သူ့ဇောနှင့်သူ့အက္ခရာ ဟူရာမှာလည်း ဗုဒ်-ဟုရွတ်ဆိုဆဲအခါ၌ ဇော ၇-ကြိမ်ပင် ဗုဒ်သံ ၇-ကြိမ်ဖြစ်သည်ကိုဆိုသည်၊ ဓံ,သ,ရ,ဏံ,ဂစ်,ဆာ,မိ-တို့၌လည်း ထိုနည်းတူ၊ ဤအရာဌာနသည် အလွန်သိမ်မွေ့သော အရာဖြစ်၍ ဋီကာ,အနု,မဓု, လက်သန်း ကျမ်းဆရာတို့သည် အဆအယူ မတူကွဲပြား အဆိုများပြားလျက် ရှိကြကုန်၏၊ ငါတို့စီရင်သော ပရမတ္ထဒီပနီ ဋီကာရှပ်ပိုင်း ဝစီဝိညတ်အဖွင့်မှာလည်း ငါတို့သဘောသက်ရာကိုသေချာစွာဆိုလျက်ရှိလေ၏၊ သို့ရာတွင်ဆရာတော်မှာ ယခုအခါသည် နိုင်ငံခြားသာသနာပြုမှု အရေးကိစ္စနှင့်စပ်လျဉ်း၍ အရေးကိစ္စ အလွန်များပြားလျက်ရှိနေသောကြောင့် မောင်လူကလေး အမေးပြေလောက်ရုံမျှကိုသာ ရေးပေးလိုက်သည်။

မန္တလေးမြို့၊
၁၂၇၆-ခု၊ ဝါခေါင်လဆုတ် ၁၃-ရက်၊

မောင်လူကလေး၏ပုစ္ဆာအဖြေပြီး၏။

# မောင်သာတိုး၏ပုစ္ဆာအဖြေ

**နမော တဿ ဘဂဝတော အရဟတော**
**သမ္မာသမ္ဗုဒ္ဓဿ**

**လျှောက်လွှာ**

စကုမြို့။
နေ့စွဲ။ ၁၅-၄-၁၄။

ဘုရားတပည့်တော် စကုမြို့ ဒုတိယတန်းအမိန့်တော်ရရှေ့နေ မောင်သာတိုး ခြေတော်ဦးခိုက် ရှိသေစွာလျှောက်ထားဝံ့ပါသည်-ကိုယ်တော်အရှင်သူမြတ်ကြီးဘုရား။

တပည့်တော်သည် ဗုဒ္ဓဘာသာကျမ်းဂန်များကို အလေ့အထပြု၍ ကြည့်ရှုသင်ကြားရာ- သတ္တဝါတို့၏ တည်နေရာဘုံ၃၁နကို "ဩကာသလောက"၊ ၎င်းလောကသည်လည်း ဘုံ-၃၁-ကိုပင် ဆိုကြောင်းသိရပါသည်၊ "လောက" ဆိုသောအနက်စကားမှာ-ဖြစ်တတ် ပျက်တတ်ခြင်းသဘောတရားဟုလည်းသိရပါသည်။

ထို့ကြောင့် "လောက" ဟုဆိုသော ဘုံ ၃၁-၏ဖြစ်ပုံ,ပျက်ပုံကို ကြည့်ရှုစုံစမ်းသောအခါ "မီး,ရေ,လေ" တို့ကြောင့် တတိယဈာန် ၃-ဘုံအထိသာ ဖြစ်ပုံ,ပျက်ပုံကို သိရပါသည်၊ အထက်အထက်သော ဗြဟ္မာ့ဘုံတို့၏ဖြစ်ပုံ,ပျက်ပုံကိုမတွေ့မသိရပါ၊ "လောက" ဆိုလျှင် ဖြစ်ရ,ပျက်ရမည်-ဟုသဘောရပါသည်။

သို့အတွက် ထိုအချက်ကို ပညာအမြော်အမြင်နှင့်ပြည့်စုံ၍-ဟုအထင်ရသော "ရဟန်း,ရှင်,လူ" တို့ကိုပင် လျှောက်ထားမေးမြန်းကြည့်ရာ ကျမ်းဂန်၌ တိုက်ရိုက်ရှိမည်မထင်၊ "သဗ္ဗေ သင်္ခါရာ အနိစ္စာ" ဟူသောတရားတော်အရဖြင့် မပျက်ဘဲမနေနိုင်၊ အမှန်ပျက်မည်ဖြစ်မည် အထင်ရကြောင်းနှင့် ထင်မြင်ချက်ကိုသာ ပေးနိုင်ကြပါသည်။

တပည့်တော်၏စိတ်ထင်မှာ "သဗ္ဗေ သင်္ခါရာ အနိစ္စာ"ဟူသော တရားတော်အရ-တတိယရျာန် ၃-ဘုံအထိ၊ "မီး,ရေ,လေ တို့ကြောင့် ဖြစ်ပုံ,ပျက်ပုံကို အနိစ္စတရားထင်ရှားဘို့ရာ မြတ်စွာဘုရားဟောထား ခဲ့ပါလျှင် အထက်အထက်သော ဘုံဌာနတို့၏ ဖြစ်ပုံ,ပျက်ပုံကိုလည်း သဗ္ဗညုတဉာဏ်တော်ရသောဘုရားဖြစ်၍မဟောခဲ့ဘဲဖြင့် ရှိနေတော့ မည်မဟုတ်-ဟုသဘောရပါသည်။

တပည့်တော်၏အထင်အတိုင်း တိုက်ရိုက်ဟောထားချက် မရှိခဲ့ပါ လျှင်အခြားဘာသာကွဲတို့က ကောင်းကင်ဘုံသည် ဘယ်အခါမှ မပျက် မစီး၊ ထာဝရအမြဲပင်တည်လျက်ရှိ၏-ဟုဆိုသော စကားကိုငြင်းဆန် နိုင်တော့မည်မဟုတ်ပါ။

သို့ပါ၍ တတိယရျာန် ၃-ဘုံ၏ အထက်ကရှိရှိသမျှသော ဘုံဌာန အသီးအသီးတို့မှာ ဘာသာခြားလူမျိုးများ အယူတရားအတိုင်း မပျက် ဘဲ အမြဲတည်လျက်နေသည်ဆိုသောစကားမှန်ပါသလား။

သို့တည်းမဟုတ်လျှင် တတိယရျာန် ၃-ဘုံ၏ အထက်အထက်က ရှိ ရှိသမျှသော ဘုံဌာနအသီးအသီးတို့၏ ဖြစ်ပုံ, ပျက်ပုံကို ခိုင်မာသော ကျမ်းဂန်အထောက်အထား အကိုးအကားနှင့်တကွ တပည့်တော်အား ခြားနားစွာသိသာရန် ကိုယ်တော်တိုင်ဖြေဆိုချက်ကိုကယ်မပေးသနား တော်မူပါမည့်အကြောင်း- ခြေတော်ဦးခိုက်၍ ရိုသေစွာလျှောက်ထား ဝံ့ပါသည်ဘုရား။

ဖြေဆိုချက်ပေးသနားလိုက်စေလိုသော နေရာဌာနမှာ-

မောင်သာတိုး

ဒုတိယတန်း အမိန့်တော်ရရှေ့နေ

စကုမြို့

အထက်နိုင်ငံ မင်းဘူးစီရင်စု

---

## လယ်တီဆရာတော်ဘုရားကြီးဖြေဆိုချက်

စကုမြို့ ဒုတိယတန်းရှေ့နေ မောင်သာတိုး၏ လျှောက်လွှာ ဆရာ တော်၏ထံသို့ရောက်လာ၍ ၎င်းလျှောက်လွှာကိုအကျဉ်းဖြေဆိုပြန်ကြား ချက်ကား-

ဩကာသ လောက၏ အရ - ၃၁-ဘုံတို့တွင် ဝေဟပ္ဖိုလ်ဘုံ, အသညသတ်ဘုံ, သုဒ္ဓါဝါသငါးဘုံ, အရူပလေးဘုံ၊ဤ ၁၁-ဘုံတို့သည် ကမ္ဘာပျက်မှုနှင့်ပျက်ခြင်းမရှိကြကုန်၊ ကမ္ဘာပျက်မှုနှင့် ပျက်ခြင်းမရှိကြသည့်အတွက် နိစ္စဘုံ,ထာဝရဘုံဟူ၍ပင် ဆိုထိုက်ကြကုန်၏၊ သင်္ခါရဓမ္မတို့၏ဖြစ်မှု,ပျက်မှုနှင့်ပြောဆိုမှုကား-ထိုဘုံတို့၌ ရှိရှိသမျှသော ရုပ်,နာမ်ဓမ္မ-သင်္ခါရတို့သည် တနာရီမျှအသက်ရှည်၍ တည်နေနိုင်သည် မရှိကြကုန်၊ထိုဘုံသားတို့သည်လည်း မိမိတို့ဘုံမှာ ထာဝရအမြဲ တည်နေကြရသည်မဟုတ်ကုန်၊အသက်တမ်းရှိသမျှသာလျှင်တည်နေကြရကုန်သည်၊ အသက်တမ်းကုန်ဆုံးလျှင် သေဆုံးကြရကုန်သည်။

အရူပလေးဘုံတို့၌ ထိုကောင်းကင် အရပ်ကိုပင် အရူပဘုံခေါ်ရသည်၊ထိုကောင်းကင်ဟူသည် အထည်အသား ရှိတော့သည်မဟုတ်၊ ဖြစ်မှု, ပျက်မှုရှိတော့သည် မဟုတ်၊ ထိုအရူပဘုံခေါ်သော ဩကာသလောက၌ တည်ရှိကြကုန်သော နာမ်တရားအစုဟူသော သင်္ခါရလောက,ထိုနာမ်တရားအစုကို အစွဲပြု၍ အရူပဗြဟ္မာဟူ၍ ခေါ်ဆိုရသော ကမ္ဘာလောက ဤလောက နှစ်ပါးတို့သည်မှုကား-ဖြစ်မှု,ပျက်မှု အစဉ်ရှိသည်သာဖြစ်ကုန်၏၊ ထို့ကြောင့် ထိုအရူပဘုံတို့မှာ ကမ္ဘာပျက်မှုနှင့် ဖြစ်ခြင်း, ပျက်ခြင်း မရှိကြကုန်ငြားသော်လည်း သင်္ခါရအတွက်နှင့် ဖြစ်ခြင်း, ပျက်ခြင်းတို့သည်မှုကား-ကေန္တရှိကြကုန်တော့သည်၊ ကြွင်းသောဘုံတို့မှာလည်း ဤနည်းအလားတူဆင်ခြင်လေ၊ဤမျှလောက်သောဖြေချက်နှင့်ပင် မောင်သာတိုး၏စိတ်သဘော ကျေနပ်လောက်သင့်လေပြီ။

မုံရွာမြို့၊
၁၂၇၆-ခု၊ ကဆုန်လဆုတ် ၃-ရက်၊

မောင်သာတိုး၏ပုစ္ဆာအဖြေပြီး၏။

# မောင်သာထွန်း၏ပုစ္ဆာအဖြေ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

## လျှောက်လွှာ

စစ်ကိုင်းမြို့စီရင်စုံ ကျွဲးမင်းကြီးရွာနေ- မောင်သာထွန်း ရှိခိုးနား တော်လျှောက်ပါသည် ဆရာတော်အရှင်သူမြတ်ဘုရား။

၁။ ဘုံသုံးပါးမှာ ဗျာဓိတရားသည် မကင်းဘဲလျက် မီးတဆယ့် တပါးတွင် ၎င်းတရားမပါ ကြွင်းကျန်ရှိသည်ကို ကျမ်းဂန် အညီ သိရပါမည့်အကြောင်း။

၂။ စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်,ခန္ဓာ, အာယတန, ဓာတ်,သစ္စာ ဣန္ဒြေ,ဗိုလ်, မဂ္ဂင်,ဈာနင် စသော အဘိဓမ္မာကျမ်းကို တတ် ကျွမ်းသည်နှင့်မဂ်လမ်းကိုပိုင်တော့မည်-ဟု နေထိုင်သူတရပ်။ ပဋိပတ်ကျင့်စဉ်ကို ကုန်စင်အောင်သိကျွမ်းမှ မဂ်လမ်းကိုရမည် ဟု ဘာဝနာမယကို အားကျသူတမျိုး၊မတိုးသာ မရှောင်သာ လူနှစ်ဦးတို့ ဆည်းပူးကြသည့်အရာမှာ ဂင်္ဂါဝါဠု သဲစုမက ပွင့် တော်မူကြသော ဘုရားရှင်တို့လက်ထက် အာသဝေါကင်းကွာ၍ ရဟန္တာ ယောကျ်ား, ရဟန္တာမိန်းမ ဖြစ်ကြသည် အနက် မည်သည့်တရားက ထက်မြက်၍ ဖိုလ်မဂ်ကို လျင်စွာရသည်ဟု မ-စ ချီးမြှင့်တော်မူပါမည့်အကြောင်းကိုလည်း ရှိခိုးနားတော် လျှောက်ပါသည်-ဆရာတော်အရှင်သူမြတ်ဘုရား။

---

## လယ်တီဆရာတော်ဘုရားကြီးဖြေဆိုချက်

### ပထမပုစ္ဆာအဖြေ

၁။ ဘုံသုံးပါးမှာ ဗျာဓိတရားသည် မကင်းဘဲလျက် မီးဆယ့် တပါးတွင် ၎င်းတရားမပါ၊ ကြွင်းကျန်ရှိသည်ကို ကျမ်း ဂန်နှင့်အညီသိရပါမည့်အကြောင်း-ဟူသောပထမပုစ္ဆာ၌-

**အဖြေကား။** ဇရာမီး၌ပါဝင်သည်-ဟူ၍ ကျမ်းဂန်နှင့် အညီမှတ်ရမည်၊ အကြောင်းမှာမူကား- သစ်လွင်ရှင်လမ်း သောရုပ်တရား, နာမ်တရားတို့ကို ဟောင်းနွမ်း ညှိုးခြောက်စေမှုကို ဇရာမီးလောင်သည်-ဟု ဆိုရသည်၊ ဗျာဓိ-ဟူသည်လည်း၊ ခံ့ကျန်းရှင်လမ်း သောရုပ်တရား, နာမ်တရားတို့ကို ကုန်ခန်းညှိုးနွမ်းစေမှုမျိုးဖြစ်၍ ဇရာမီးသဘောရှိလေသည်။

ပထမပုစ္ဆာအဖြေပြီး၏။

## ဒုတိယပုစ္ဆာအဖြေ

၂။ အဘိဓမ္မာတတ်ကျွမ်းလှ၍ မဂ်လမ်းကိုပိုင်တော့မည်-ဟုနေထိုင်သူတမျိုး ပဋိပတ်ကျင့်စဉ်ကို ကုန်စင်အောင်သိကျွမ်းမှ မဂ်လမ်းကိုရမည်-ဟု ဘာဝနာမယကိုအားကိုးကျသူတမျိုး၊ ၎င်းနှစ်မျိုးတို့တွင် ဘယ်အမျိုးက သာလွန်ထက်မြက်၍ ဖိုလ်မဂ်ကိုမြန်မြန်ရနိုင်မည်-ဟု သိလိုပါကြောင်း-ဟူသောဒုတိယပုစ္ဆာ၌—

**အဖြေကား။** သဗ္ဗညုဗုဒ္ဓ ပါရမီမျိုးနှင့်, ပစ္စေကဗုဒ္ဓ ပါရမီမျိုးကဲ့သို့ မှတ်ရမည်၊ အဘိဓမ္မာ တတ်ကျွမ်းလှသောသူ၏ အမှုသည် သဗ္ဗညု ဗုဒ္ဓပါရမီဖြည့်မှုနှင့် အလားတူ၏၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ဖြေးဖြေးနှေးနှေးသာရောက်တတ်၏၊ ရောက်သောအခါ၌ ကြီးကျယ်စွာဖြစ်တတ်၏၊ အဘိဓမ္မာမတတ်ကျွမ်းလှဘဲ မိမိ၏အတ္တဟိတ အကျိုးမျှကို ရွယ်ကိုး၍ ဘာဝနာမယကို အားကျသောသူသည် ဖြောင့်မတ်စွာ သွားပါမူ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို မြန်မြန်ရောက်နိုင်၏၊ ရောက်သောအခါ၌ ကြီးကျယ်စွာမဖြစ်တတ်၊ အဘိဓမ္မာ တတ်ကျွမ်းလှသူ၏ အမှုသည် သရက်ဥယျာဉ်ကြီး, ပိန္နဲဥယျာဉ်ကြီးကို စိုက်ပျိုးသူနှင့်တူ၏၊ ဘာဝနာမယသမား၏ အမှုသည် ပူးခင်း, ဖရုံခင်း, မုံလာခင်း စိုက်ပျိုးသူနှင့်တူ၏။

ဒုတိယပုစ္ဆာအဖြေပြီး၏။

မောင်သာထွန်း၏ပုစ္ဆာအဖြေပြီး၏။

# ဥက္ကံပုစ္ဆာအဖြေ

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

မြန်မာသက္ကရာဇ် ၁၂၇၁-ခု၊ တန်ဆောင်မုန်းလဆန်း ၅-ရက်နေ့၊ ဥက္ကံ ဘုရားကြီးကျောင်းဘုန်းကြီး တောင်းပန်လျှောက်ထားချက်။

## ပုစ္ဆာ ၅-ရပ်

၁။ သဟာဇာတာဓိပတိပစ္စည်း၌ မောဟမူဒွေ့, ဟသိတုပ္ပါဒ်တို့သည် အဘယ့်ကြောင့် ပစ္စည်းမထိုက်ပါသနည်း။

၂။ ဝတ္ထာရမ္မဏာပုရေဇာတနိဿယ၌ အဘိညာဏ်ဒွေ ရသင့်မရသင့်၊ ရသော် ဝီထိနှင့်တကွပစ္စည်းတပ်ပုံကိုသိလိုပါသည်။

၃။ ပကတူပနိဿယ၌-ဗလဝဖြစ်သောစိတ်ကိုသာပစ္စည်းကောက်ပါသည်၊ဒုဗ္ဗလဖြစ်သောစိတ်သည်ပစ္စည်းတပ်သင့်မတတ်သင့်။

၄။ ဂုင်းပစ္စည်း၌-ပစ္စည်းထိုက်သော အချို့သော ပညတ်ဟူ၍သာဆိုပါသည်၊ အဘယ်ကဲ့သို့သောပညတ်သည်ပစ္စည်းထိုက်သည်၊ အဘယ်ကဲ့သို့သော ပညတ်သည် ပစ္စည်းမထိုက်သည်- ဟု ခွဲခြမ်းဝေဘန်၍ မိန့်တော်မူပါ။

၅။ ကမ္ဘာပျက်ရာတွင် သုဒ္ဓါဝါသငါးဘုံ၏ ဖြစ်ပုံ,တည်ပုံအခြင်းအရာကို သိလိုပါသည်ဘုရား။

---

## လယ်တီဆရာတော်ဘုရားကြီးဖြေဆိုချက်

မြန်မာသက္ကရာဇ် ၁၂၇၁-ခု၊ တန်ဆောင်မုန်းလဆန်း၅-ရက်နေ့၊ ဥက္ကံဘုန်းကြီးတောင်းပန်လျှောက်ထားချက် ပုစ္ဆာ ၅-ရပ်ကို အစဉ်အတိုင်းသိသာထင်ရှားရှိ အကျဉ်းအားဖြင့် ဖြေဆိုပေအံ့။

**၁—အမေး။** သဟာဇာတာ ဓိပတိပစ္စည်း၌-မောဟမူဒွေ့, ဟသိတုပ္ပါဒ်တို့သည် အဘယ့်ကြောင့်ပစ္စည်း မထိုက်ပါသနည်း။

**အဖြေ။** မောဟမူဒွေသည် လောဘ, ဒေါသ-ဟူသောမူလ တပါးမှကင်းသဖြင့် ရအပ်သောအခွင့်ရှိသည်ဖြစ်၍ အလွန်အားကြီး သောမောဟနှင့်ယှဉ်သည်တကြောင်း၊ သို့လော, သို့လောတွေးတော သောအားဖြင့် ရွှေရှားတတ်သောဝိစိကိစ္ဆာနှင့်,အာရုံ၌အလွန်ပျံ့လွင့် တတ်သော ဥဒ္ဓစ္စနှင့်ယှဉ်သည်တကြောင်း၊ ထိုအကြောင်းများကြောင့် အလွန်တုန်လှုပ်ခြင်းရှိ၏၊ အလွန်တုန်လှုပ်ခြင်းရှိသောကြောင့် ဤစိတ် နှစ်ပါး၌ယှဉ်သော ဝီရိယသည်လည်း ဝီရိယအဓိပတိကိစ္စ မတပ်နိုင်၊ စိတ်သည်လည်း စိတ္တအဓိပတိကိစ္စမတပ်နိုင်၊ ဟသိတုပ္ပါဒ်သည် ဘုရား ရဟန္တာတို့အား တွေ့ရှိရာအရေးထူး အခွင့်ထူးတို့၌ ဉာဏ်အထူးဖြစ် ပေါ်မှုကိုအစွဲပြု၍ ရုတ်တရက်အားဖြင့်ပြုံးမူရွှင်မှုမျှသာဖြစ်ချေ၍ အာရုံ ၌ အနက်အနဲသက်ဝင်မှုမရှိ၊ ထို့ကြောင့် ထိုစိတ်၌ရှိသော ဝီရိယသည် ဝီရိယာဓိပတိမတပ်၊ စိတ်သည်လည်း စိတ္တာဓိပတိမတပ်၊ ထို့ကြောင့် သဟဇာတာဓိပတိပစ္စည်း၌မောဟမူဒွေ,ဟသိတုပ္ပါဒ်တို့သည် သဟဇာ တာဓိပတိပစ္စည်းကို မရထိုက်ကြလေကုန်။

**၂–အမေး။** ဝတ္ထာရမ္မဏ ပုရေဇာတနိဿယ၌ အဘိညာဉ်ဒွေ ရသင့်မရသင့်၊ ရသော် ဝီထိနှင့်တကွ ပစ္စည်းတပ်ပုံကို သိလိုပါသည်။

**အဖြေ။** အချို့သော နောက်ဖြစ်သုံးချက်စုဇယား၌ ဝတ္ထာ ရမ္မဏပုရေဇာတနိဿယ၊ပစ္စယုပ္ပန်တွင် အဘိညာဉ်ဒွေမပါ၊မပါခြင်း အကြောင်းကား-ဝတ္ထာရမ္မဏပုရေဇာတ ပစ္စည်းမည်သည် မရဏာ သန္နအခါသာရနိုင်၏၊ အဘိညာဉ်ဒွေသည် မရဏာသန္န ဇောကိစ္စမ တပ်နိုင်၊ မရဏာသန္နဇောသည် ကာမဇောများ၌သာ ဖြစ်နိုင်၏-ဟု နှလုံးပိုက်၍ ထိုသုံးချက်စုများ၌ ဝတ္ထာရမ္မဏ ပုရေဇာတနိဿယ ပစ္စ ယုပ္ပန်တွင် အဘိညာဉ်ဒွေမပါလေသတည်း။

ရှေးရှေးသော သုံးချက်စုဟောင်းများ၌ကား- ၎င်းပစ္စယုပ္ပန်တွင် အဘိညာဉ်ဒွေသည်ပါရှိ၏။ ပါရှိခြင်း အကြောင်းကား-မရဏာ သန္န ဇောမည်သည် ကာမဇော၌သာ ဖြစ်သင့်သည်မဟုတ်၊ ဈာန်ဇော, အဘိညာဉ်ဇောများသည်လည်းမရဏာသန္နဇောဖြစ်နိုင်၏၊ အထောက် ကား–

အထခေါ အာယသ္မာ ဒဗ္ဗော မလ္လပုတ္တော ဘဂဝန္တံ အဘိ-
ဝါဒေတွာ ပဒက္ခိဏံ ကတွာ ဝေဟာသံ အဗ္ဘုဂ္ဂန္တွာ အာကာ
သေ အန္တလိက္ခေ ပလ္လင်္ကေန နိသီဒိတွာ တေဇော ဓာတုံ
သမာပဇ္ဇိတွာ ဝုဋ္ဌဟိတွာ ပရိနိဗ္ဗာယိ။
[ဥဒါန်းပါဠိတော် စာအုပ်နံပါတ်-၁၁၁၊ ကြောင်းရေ၂၉။]

ဝုဋ္ဌဟိတွာ ပရိနိဗ္ဗာယီတိ ဈာနိစိတ္တတော ဝုဋ္ဌဟိတွာ ဘဝင်
စိတ္တေန ပရိနိဗ္ဗာယိ။
[၎င်းအဋ္ဌကထာ။]

ဤပါဠိ, အဋ္ဌကထာများကိုထောက်၍ အဘိညာဉ်ဇောသည် မရ
ဏာသန္နဇောဖြစ်နိုင်ကြောင်းကို သိအပ်၏။

၁။ ကောင်းကင်၌ ဒဗ္ဗမထေရ် ထက်ဝယ်ဖွဲ့ခွေ နေရာ၌ အဘိ
ညာဉ်ဝီထိတခဏ်း,

၂။ တေဇောကသိုဏ်းဈာန်ကို ဝင်စား၍ ထိုဈာန်မှထ၍ ပရိ
နိဗ္ဗာန်စံရာ၌ အဘိညာဉ်ဝီထိတခဏ်း,

ထိုတွင် နောက်အခဏ်း၌ ရှေးဦးစွာ အဓိဋ္ဌာန်၏ အဓိဋ္ဌာန်ပါဒက
ဈာနဝီထိတစ်၊ ဆောက်တည်မှု-ဟူသော အဓိဋ္ဌာန်ဝီထိနှစ်၊ အဘိ
ညာဉ်၏ ပါဒကဈာနဝီထိသုံး၊ အဘိညာဉ်ဝီထိလေး၊

ထိုတွင်—

၁။ အဓိဋ္ဌာန်၏ ပါဒကဈာန ဝီထိဖြစ်ပုံကား-ဘဝင် စလန,
ဘဝင်ုပစ္ဆေဒ နှစ်ကြိမ်, မနောဒွါရာဝဇ္ဇန်း,ပရိကံ,ဥပစာ,
အနုလုံ, ဂေါတြဘု, ရူပါဝစရ ပထမဈာန်ဇောများစွာ။

၂။ ထို့နောင်ဘဝင် အဓိဋ္ဌာန် ဝီထိဖြစ်ပုံကား-ဘဝင် စလန,
ဘဝင်ုပစ္ဆေဒ-နှစ်ကြိမ်, မနောဒွါရာဝဇ္ဇာန်း, မဟာကြိယာ
ဉာဏသမ္ပယုတ်ဇော ၇-ကြိမ်, ထိုနောင်ဘဝင်၊ ဤဝီထိဖြင့်
ငါ၏ ကိုယ်မှတေဇော ဓာတ်သည် မီးတောက် မီးလျှံထ၍
ဤခန္ဓာကိုယ်ကိုလောင်စေသတည်း-ဟု ဓိဋ္ဌာန်၏။

၃။ အဘိညာဉ်၏ပါဒကဈာနဝီထိမှာ ရှေးပါဒကဈာနဝီထိအ
တိုင်းပင်။

၄။ အဘိညာဉ် ဝီထိဖြစ်ပုံကား- ဘဝင်စလန,ဘဝင် ပစ္ဆေဒ နှစ်ကြိမ်, မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု, မဟာကြိယာပရိကံဇော ၄-ကြိမ်, ထိုနောင် ရူပါဝစရအဘိညာဉ် ဇောတကြိမ်, ထိုနောင်ဘဝင်တကြိမ်, ထို့နောင် ပရိနိဗ္ဗာနစုတိတကြိမ်။

[ဤကား-အဘိညာဉ် ဝီထိဖြစ်ပုံတည်း။

**ပဋိသန္ဓေတပ်ပုံကား။** ဤဝီထိ၌အလုံးစုံသော စိတ်သည် စုတိစိတ်မှ ပြန်၍ရေသည်ရှိသော်၁၇-ချက်မြောက်သောဘဝင်စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုတခုကိုသာ မှီကြကုန်၏၊ ဤဝီထိ၌ အလုံးစုံသော စိတ်တို့သည် ဟဒယဝတ္ထုတခု၌သာ မှီကြကုန်၏၊ အဘိညာဉ်နှင့် တကွ သော ဝီထိစိတ်တို့သည်လည်း ရှေးအမိဝမ်းချက်အတိုင်း ရူပကာယ ခန္ဓာကိုယ်ကို အာရုံပြုကြကုန်၏၊ ထိုဟဒယဝတ္ထုသည် ရူပကာယ ခန္ဓာကိုယ်၌အတွင်းဝင်လျက်ရှိ၏၊ ထို့ကြောင့် ထိုဟဒယ ဝတ္ထုသည် ရှေး၌ဖြစ်၍ အဘိညာဉ်နှင့် တကွသော ထိုဝီထိစိတ်တို့မှီရာ ဝတ္ထုလည်း ဖြစ်, အာရုံပြုရာလည်း ဖြစ်သောကြောင့် ဝတ္ထာရမ္မဏ ပုရေဇာတ ပစ္စည်းမည်၏။

**၃-အမေး။** ပကတူပနိဿယ၌ ဗလဝဖြစ်သော စိတ်ကိုသာ ပစ္စည်းကောက်ပါသည်၊ ဒုဗ္ဗလဖြစ်သော စိတ်သည် ပစ္စည်းတပ်သင့်မတပ်သင့်။

**အဖြေ။** ဒုဗ္ဗလဖြစ်သောစိတ်သည် ပစ္စည်းမတပ်သင့်၊ မတပ်နိုင်ပုံ ကား-လမ်းခရီးသွားရာ၌ ထိုလမ်းတလျှောက်တွင် အဆင်းအမျိုးမျိုး, အသံအမျိုးမျိုး-အစရှိသောအာရုံတို့သည် ထိုပုဂ္ဂိုလ်၏ခြောက်ဒွါရတို့၌ ထိုက်သည်အားလျော်စွာ ထင်ခြင်း, ထိခိုက်ခြင်းသို့ ရောက်ကြကုန်၏၊ ဝီထိစိတ်တို့သည်လည်း ဘဝင်ခြားလျက် မစဲအောင်ဖြစ်ကြကုန်၏၊ ထို ပုဂ္ဂိုလ်သည်လည်း မိမိနေရာသို့ ရောက်သောအခါ၌ ထိုအာရုံတို့တွင် အချို့ကိုသာ အမှတ်ရနိုင်၏၊ အချို့ကိုအမှတ်မရနိုင်၊ ဤကား-ကိုယ် တွေ့ဒိဋ္ဌပေတည်း။

ဤသို့ပြန်၍ အမှတ်ရနိုင်ခြင်း,မရနိုင်ခြင်းသည် ရှေး၌ဖြစ်ခဲ့သော ဝီထိစိတ်များ၏ ဗလဝ,ဒုဗ္ဗလအထူးကိုအစွဲပြု၍ ဖြစ်ရလေသတည်း၊ ထိုတွင် ရှေး၌ ဗလဝဖြစ်သော စိတ်သည်သာလျှင် နောက်၌အမှတ်ရသောစိတ်အား ပကတူပနိဿယပစ္စည်းတပ်၏၊ရှေး၌ ဒုဗ္ဗလဖြစ်သော စိတ်သည်ကား-နောက်၌အမှတ်ရသောစိတ်ကို မဖြစ်စေနိုင်သောကြောင့် ပကတူပနိဿယပစ္စည်းမတပ်၊ဤယုတ္တိကိုထောက်၍ လောက၌ ပကတူပနိဿယပစ္စည်းဖြစ်ပုံအလုံးစုံကို မြင်လေ။

၄—အမေး။ ၎င်းပစ္စည်း၌ ပစ္စည်းထိုက်သော အချို့သောပညတ်ဟူ၍သာဆိုပါသည်၊အဘယ်ကဲ့သို့ပညတ်သည်ပစ္စည်းထိုက်သည်၊ အဘယ်ကဲ့သို့ပညတ်သည် ပစ္စည်းမထိုက်သည်-ဟု ခွဲခြမ်းဝေဘန်၍ မိန့်တော်မူပါ။

အဖြေ။ ကသိုဏ်းပဋိဘာဂနိမိတ် တည်းဟူသော ပညတ်အထူးသည် အထက်အရူပဈာန်ကိုရခြင်းငှါ ကျေးဇူးပြုနိုင်သော ပညတ်အထူးဖြစ်၍ ထိုကသိုဏ်းပဋိဘာဂနိမိတ်ပညတ်မျိုးကို ပစ္စည်းထိုက်သော အချို့သောပညတ်ဟု ပြောရိုးဆိုးရိုးရှိကြ၏၊ "ပုဂ္ဂလောပိ ဥတုပိ ဘောဇနံပိ သေနာသနံပိ ဥပနိဿယပစ္စယေန ပစ္စယော"ဟူ၍ ဟောတော်မူသောကြောင့်သဗ္ဗညုဗုဒ္ဓဟူသောပညတ်အထူး,အရိယသံဃ-ဟူသောပညတ်အထူး, မာတာပိတုအာစရိယ-ဟူသောပညတ်အထူး၊ ဤသို့စသော ပုဂ္ဂလပညတ်များသည်လည်း ပစ္စည်းထိုက်သော ပညတ်ပင်ဖြစ်သည်ဟု ဆိုရန်ရှိ၏၊ ပိဋကတ်သုံးပုံတည်းဟူသော အက္ခရာဝဏ္ဏ နာမပညတ်တို့သည်လည်း အနက်ကိုသိသောဉာဏ်အား လွန်စွာ ကျေးဇူးပြုနိုင်၏၊လောက၌ ပြောဆို၍နေကြသော နာမပညတ်များသည် ထို့အတူပင်တည်း။

၅—အမေး။ ကမ္ဘာပျက်ရာတွင် သုဒ္ဓါဝါသငါးဘုံ၏ဖြစ်ပုံ, တည်ပုံ အခြင်းအရာကို သိလိုပါသည်ဘုရား။

အဖြေ။ ကမ္ဘာပျက်ရာ၌ မီးဖျက်သောကမ္ဘာ၌ ပထမဈာန်ဘုံတိုင်အောင်ပါဝင်လေ၏၊ ရေဖျက်သောကမ္ဘာ၌ ဒုတိယဈာန်သုံးဘုံ

တိုင်အောင်ပါဝင်လေ၏၊ လေဖျက်သောကမ္ဘာ၌ တတိယစျာန်သုံးဘုံ တိုင်အောင်ပါဝင်လေ၏၊ ဝေဟပ္ဖိုလ်ဘုံ, အသညသတ်ဘုံ,သုဒ္ဓါဝါသ ငါးဘုံတို့သည် ကမ္ဘာပျက်ဘေးမှ အခါခပ်သိမ်းလွတ်ကြကုန်၏၊ ထို့ကြောင့် ထိုဘုံများသည် ကမ္ဘာပျက်, ကမ္ဘာတည်မှုနှင့်စပ်၍ ဖြစ်ပုံ, တည်ပုံအထူးကို ဆိုဘွယ်မရှိ။

## မေးမြန်းဘွယ်

အထူးကိုဆိုဘွယ်ရှိသည်မှာမူကား-ဘုရားပွင့်ခြင်းမရှိသော သုညကမ္ဘာတွေ အသင်္ချေကြုံကြိုက်၍ နေသောအခါ၌ ထိုသုဒ္ဓါဝါသဘုံများသည် အဘယ်သို့ဖြစ်၍ နေပါသနည်း-ဟုမေးရန်ရှိ၏။

**အဖြေ**။ သုဒ္ဓါဝါသ ငါးဘုံတို့တွင် အကနိဋ္ဌဘုံသည် ကမ္ဘာတသောင်းခြောက်ထောင် အသက်တမ်းရှိ၏၊လောက၌ ကမ္ဘာတသောင်းခြောက်ထောင်လွန်၍ သုညကမ္ဘာတွေ ကြုံကြိုက်သောအခါ၌ ထိုသုဒ္ဓါဝါသဘုံမှာ ဘုံများသာရှိ၍ ဗြဟ္မာမရှိကြကုန်ပြီ၊ မင်းတို့၏စံနန်းတော်ဟောင်းများကဲ့သို့ဖြစ်၍နေသည်-ဟု အဋ္ဌကထာတို့၌ ဆိုပေ၏။

ဤသုဒ္ဓါဝါသပြဿနာသည် ရှေးအခါ၌သီဟိုဠ်ကျွန်းမှာဖြစ်ဘူး၏၊ ဖြစ်ဘူးပုံကား- မြတ်စွာဘုရားတို့၏ ပွင့်တော်မူကြရာ ဇာတိခေတ်ဖြစ်သော စကြဝဠာတသောင်း၌ သုဒ္ဓါဝါသငါးဘုံနှင့်တကွ ၃၁-ဘုံ အသီးအသီးရှိကြသကဲ့သို့ ဇာတိခေတ်မှအလွတ်ဖြစ်သော စကြဝဠာ အနန္တတို့မှာ သုဒ္ဓါဝါသငါးဘုံနှင့်တကွ ၃၁-ဘုံအသီးအသီးရှိကြလိမ့်မည်လော၊ မရှိလိမ့်မည်လော-ဟုအမေးပုစ္ဆာဖြစ်ဘူး၏၊ ထိုပုစ္ဆာပြဿနာသည် မန္တလေး မြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင်မင်းတရားကြီးထံသို့ ရောက်လေ၏၊ မင်းတရားကြီးက ငါတို့ကျေးဇူးရှင် စံကျောင်း ဆရာတော်ဘုရားကြီးကို ဖြေဆိုရန်လွှဲအပ်၏၊ ဆရာတော်ဘုရားကြီးသည် အဘိဓမ္မတ္ထ ဝိဘာဝနီအမည်ရှိသောအဘိဓမ္မာဝတာရဋီကာအဆိုနှင့် ဖြေဆိုလိုက်လေသည်။

ငှင်းဋီကာ အဆိုကား–

“ထိုစကြဝဠာ အနန္တတို့မှာလည်း သုဒ္ဓါဝါသငါးဘုံနှင့် တကွ ၃၁-ဘုံအသီးအသီးရှိကြ၏၊ သို့သော် သုဒ္ဓါဝါသငါးဘုံမည်သည် အရိယာပုဂ္ဂိုလ်တို့သာ နေရာဖြစ်၏၊ ထို့ကြောင့် စကြဝဠာ အနန္တတို့မှာ အရိယာပုဂ္ဂိုလ်ဟူ၍မရှိ၊ ထိုသုဒ္ဓါဝါသဘုံတို့မှာ အရိယာပုဂ္ဂိုလ်အဘယ်မှာရနိုင်မည်နည်း-ဟု ဆိုရန်ရှိ၏၊ဤဇာတိခေတ် စကြဝဠာတသောင်းမှ အရိယာဗြဟ္မာများသည် ဝိဝေကသုခအကျိုးငှါ သွား၍နေကြသည်”-ဟု ငှင်းဋီကာအဆိုရှိ၏။

အချို့က ဆိုကြပြန်၏၊ စကြဝဠာသည် အနန္တဖြစ်၍ သုဒ္ဓါဝါသဘုံသည်လည်း အနန္တဖြစ်၏၊ ဤဇာတိခေတ် စကြဝဠာတသောင်းမှ အရိယာဗြဟ္မာများသည် ထိုသုဒ္ဓါဝါသအနန္တတို့၌ အနှံ့အပြားရောက်နိုင်ခွင့်မရှိ၊ ထို့ကြောင့် ဤဇာတိခေတ် စကြဝဠာတသောင်း၌သာ သုဒ္ဓါဝါသငါးဘုံနှင့်တကွ ၃၁-ဘုံအသီးအသီးရှိကြ၏၊ ထိုစကြဝဠာ အနန္တတို့၌မူကား-သုဒ္ဓါဝါသဘုံဟူ၍မရှိကြပြီ၊ ပုထုဇဉ်တို့၏နေရာ ၂၆-ဘုံသာရှိကြ၏-ဟု ယူသင့်ကြောင်းကို ဆိုကြကုန်၏။

အချို့ကလည်း ဤသို့ဆိုကြကုန်သေး၏၊ ထိုစကြဝဠာ အနန္တတို့မှာလည်း ဘုရားပွင့်ရာဇာတိခေတ်ပေါင်း တသောင်းစီ အသီးအသီးရှိကြ၏၊ ဘုရားလည်းအသီးအသီးပွင့်ကြ၏၊ အရိယာပုဂ္ဂိုလ်နှင့်တကွ, သုဒ္ဓါဝါသငါးဘုံနှင့်တကွ ၃၁-ဘုံအသီးအသီးရှိကြ၏-ဟုဆိုကြကုန်သေး၏။

အဋ္ဌကထာတို့၌မူကား-ဤဇာတိခေတ်မှတပါး စကြဝဠာအနန္တတို့၌ ဘုရားတို့၏ပွင့်ခြင်း မရှိကြောင်းကို ဆိုကြ၏၊ ကြိုက်ရာယူကြလေကုန်၏။

ဥက္ကံပုဏ္ဏာ အဖြေပြီး၏။

# ကျွန်းကုန်းကြီးပုစ္ဆာအဖြေ

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## လယ်တီဆရာတော်ဘုရားကြီးဖြေဆိုချက်

### သန်တပရမတ်,အသန်တပရမတ် ၂-ပါးကိုခွဲပြခြင်း

သန်တပရမတ်, အသန်တပရမတ်၊ ဤပရမတ်နှစ်ပါး ခွဲနည်းကို မေးလျှောက်ချက်၌—

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊သင်္ခါရပစ္စယာ ဝိညာဏံ၊ဝိညာဏ ပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏံ သောက ပရိ- ဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

[ဤဒေသနာသည် သန်တပရမတ် အဆက်ပွါး၍နေပုံကို ဟောတော် မူသော ဒေသနာတော်ပေတည်း။]

**အနက်ကား။** အဝိဇ္ဇာပစ္စယာ၊ သစ္စာလေးပါးတရားတို့ကို မသိမ မြင် မထင်မလင်းခြင်း တည်းဟူသော အဝိဇ္ဇာတရား ထင်ရှားရှိနေ ခြင်းကြောင့်။သင်္ခါရာ၊ဘဝကိုပြုပြင်တတ်သောကုသိုလ်ကံ,အကုသိုလ်ကံ ဟူသော သင်္ခါရတရားတို့သည်။ သမ္ဘဝန္တိ၊ ထင်ရှားဖြစ်ပေါ်ကုန်၏။ သင်္ခါရပစ္စယာ၊ သင်္ခါရတရား ထင်ရှားရှိနေခြင်းကြောင့်။ ဝိညာဏံ၊ နောက်ဘဝတွင် ပဋိသန္ဓေဝိညာဏ်, ပဝတ္တိဝိညာဏ် တည်းဟူသော ဝိညာဏ် ၆-ပါး အကျိုးတရားသည်။ သမ္ဘဝတိ၊ ထင်ရှားဖြစ်ပေါ်၏။ ဝိညာဏပစ္စယာ၊ဝိညာဏ် ၆-ပါး ထင်ရှားဖြစ်ပေါ်ခြင်းကြောင့်။နာမ ရူပံ၊ဝိညာဏ်၏ အခြံအရံဖြစ်သော ဖဿ, ဝေဒနာ-အစရှိသော နာမ်

တရား၊ပထဝီ,အာပေါ-အစရှိသောရုပ်တရား၊ဤနာမကာယ,ရူပကာယတရားနှစ်ပါးသည်။သမ္ဘဝတိ၊ထင်ရှားဖြစ်ပေါ်၏။

နာမရူပပစ္စယာ၊နာမကာယ,ရူပကာယတရားနှစ်ပါး ထင်ရှားဖြစ်ပေါ်ခြင်းကြောင့်။သဠာယတနံ၊လူအများတို့၏သက်ရောက်ရာ ရေဆိပ်ကြီးသဘွယ်ဖြစ်သော စက္ခာယတန,သောတာယတန, ဃာနာယတန, ဇိဝှါယတန,ကာယာယတန,မနာယတန-ဟု ဆိုအပ်သော၆-ပါးသော အာယတနတရားသည်။ သမ္ဘဝတိ၊ ထင်ရှားဖြစ်ပေါ်၏။ သဠာယတနပစ္စယာ၊ အာယတနတရား ၆-ပါး ထင်ရှားဖြစ်ပေါ် ခြင်းကြောင့်။ ဖဿော၊အာရုံကိုထိခိုက်ခြင်းတည်းဟူသော ဖဿတရား ၆-ပါးသည်။ သမ္ဘဝတိ၊ ထင်ရှားဖြစ်ပေါ်၏။ ဖဿပစ္စယာ၊ ဖဿတရား ၆-ပါးထင်ရှားဖြစ်ပေါ်ခြင်းကြောင့်။ဝေဒနာ၊အာရုံ၏အရသာကို ခံစားခြင်းတည်းဟူသော ဝေဒနာတရား ၆-ပါးသည်။ သမ္ဘဝတိ၊ ထင်ရှားဖြစ်ပေါ်၏။

ဝေဒနာပစ္စယာ၊ ဝေဒနာ ၆-ပါး ထင်ရှား ဖြစ်ပေါ်ခြင်းကြောင့်။ တဏှာ၊အာရုံ၌ တပ်မက်မောခြင်းဟူသော ရူပတဏှာ-အစရှိသောတဏှာ ၆-ပါးသည်။သမ္ဘဝတိ၊ထင်ရှားဖြစ်ပေါ်၏။တဏှာပစ္စယာ၊တဏှာ ၆-ပါးထင်ရှားဖြစ်ပေါ်ခြင်းကြောင့်။ ဥပါဒါနံ၊ အပြင်းအထန်စွဲလမ်းခြင်းဟူသော ကာမုပါဒါန်,ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်-ဟု ဆိုအပ်သော ဥပါဒါန်တရားလေးပါးသည်။သမ္ဘဝတိ၊ထင်ရှားဖြစ်ပေါ်၏။ ဥပါဒါနပစ္စယာ၊ ဥပါဒါန်တရားလေးပါး ထင်ရှားဖြစ်ပေါ်ခြင်းကြောင့်။ ဘဝေါ၊ သံသရာ၏ အကျိုးစီးပွါးဖြစ်သော သုစရိုက်တရား,ဒုစရိုက်တရားဟူသော ကာမဘဝတရား၊ဝိပါက်နာမက္ခန္ဓာကမ္မဇရုပ်ဟု ဆိုအပ်သော ဥပပတ္တိဘဝတရား၊ ဤဘဝတရား နှစ်ပါးသည်။သမ္ဘဝတိ၊ထင်ရှားဖြစ်ပေါ်၏။ဘဝပစ္စယာ၊ဘဝတရားနှစ်ပါးထင်ရှားဖြစ်ပေါ်ခြင်းကြောင့်။ဇာတိ၊ပဋိသန္ဓေအဘန်ဘန်နေရခြင်း တည်းဟူသော ဇာတိတရားသည်။သမ္ဘဝတိ၊ထင်ရှားဖြစ်ပေါ်၏။

ဇာတိပစ္စယာ၊ ဇာတိတရား ထင်ရှားဖြစ်ပေါ်ခြင်းကြောင့်။ ဇရာမရဏံ၊ အဘန်ဘန်အိုရခြင်း တည်းဟူသောဇရာတရား, အဘန်ဘန်သေရခြင်းတည်းဟူသော မရဏတရား၊ဤဇရာမရဏတရားနှစ်ပါးသည်၎င်း။

သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿုပါယာသာ၊စိုးရိမ်ပူပန်ရခြင်းအမျိုးမျိုးတည်းဟူသော သောကတရား, ငိုကြွေးမြည်တမ်းရခြင်း တည်းဟူသော ပရိဒေဝတရား, ကိုယ်၏ဆင်းရဲခြင်း တည်းဟူသော ဒုက္ခတရား, စိတ်၏ဆင်းရဲခြင်းတည်းဟူသော ဒေါမနဿတရား, သက်ကြီးရှိုက်တငင်ငင် ပင်ပန်းရခြင်းတည်းဟူသော ဥပါယာသတရားတို့သည်ဧင်း။ သမ္ဘဝန္တိ၊ ထင်ရှားဖြစ်ပေါ်ကုန်၏။

ဧဝံ၊ဤသို့။ ကေဝလဿ၊ ချမ်းသာသုခနှင့် မရောမယှက် သက်သက်သော။ ဧတဿဒုက္ခက္ခန္ဓဿ၊ ဤဒုက္ခသစ္စာတရားအစု၏။ သမုဒယော၊ မပြတ်မစဲအမြဲဖြစ်ပွါးရခြင်းသည်။ဟောတိ၊ဖြစ်၏။

> အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊ ဝိညာဏနိရောဓာ နာမရူပနိရောဓော၊ နာမရူပနိရောဓာ သဠာယတနနိရောဓော၊သဠာယတနနိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာ မရဏံ သောကပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။
>
> [ဤဒေသနာသည် အသင်္ခတပရမတ်ကို ဟောတော်မူသော ဒေသနာပေတည်း။]

**အနက်ကား။** အဝိဇ္ဇာယတွေဝ၊ အဝိဇ္ဇာ၏သာလျှင်။ အသေသဝိရာဂနိရောဓာ၊ နောင်တဘန်ဖြစ်ပေါ်ရန် အကြွင်းအကျန်မရှိဘဲ အရိယာမဂ်ဖြင့် ချုပ်ငြိမ်းခြင်းကြောင့်။ သင်္ခါရနိရောဓော၊ နောင်ဘဝအသစ် အသစ်ကိုပြုပြင်တတ်သော ကုသိုလ်ကံ,အကုသိုလ်ကံ သင်္ခါရတရား၏ ချုပ်ငြိမ်းခြင်းသည်။ ဟောတိ၊ဖြစ်၏။ သင်္ခါရနိရောဓာ၊ သင်္ခါရတရားတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ ဝိညာဏနိရောဓော၊ နောင်ဘဝအသစ်-ဟု ဆိုအပ်သော ပဋိသန္ဓေ ဝိညာဏ်၏ ချုပ်ငြိမ်းခြင်းသည်။

ဟောတိ၊ ဖြစ်၏။ ဝိညာဏနိရောဓာ၊ဝိညာဏ်၏ချုပ်ငြိမ်းခြင်းကြောင့်။ နာမရူပနိရောဓော၊နာမကာယ,ရူပကာယတရားနှစ်ပါးတို့၏ ချုပ်ငြိမ်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။

နာမရူပနိရောဓာ၊ နာမကာယ,ရူပကာယ တရားနှစ်ပါးချုပ်ငြိမ်းခြင်းကြောင့်။ သဠာယတန နိရောဓော၊ အာယတနတရား ၆-ပါးတို့၏ ချုပ်ငြိမ်းခြင်းသည်။ ဟောတိ၊ဖြစ်၏။ သဠာယတနနိရောဓာ၊ အာယတနတရား ၆-ပါးတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ ဖဿနိရောဓော၊ ဖဿတရား ၆-ပါးတို့၏ ချုပ်ငြိမ်းခြင်းသည်။ ဟောတိ၊ဖြစ်၏။ ဖဿ-နိရောဓာ၊ ဖဿတရား ၆-ပါးတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ ဝေဒနာ-နိရောဓော၊ ဝေဒနာတရား ၆-ပါးတို့၏ ချုပ်ငြိမ်းခြင်းသည်။ဟောတိ၊ ဖြစ်၏။

ဝေဒနာနိရောဓာ၊ ဝေဒနာ တရား ၆-ပါးတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ တဏှာနိရောဓော၊တဏှာတရား ၆-ပါးတို့၏ ချုပ်ငြိမ်းခြင်းသည်။ ဟောတိ၊ဖြစ်၏။ တဏှာနိရောဓာ၊ တဏှာတရား ၆-ပါးတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ ဥပါဒါနနိရောဓော၊ ဥပါဒါန်တရားလေးပါးတို့၏ ချုပ်ငြိမ်းခြင်းသည်။ဟောတိ၊ဖြစ်၏။

ဥပါဒါနနိရောဓာ၊ ဥပါဒါန်တရားလေးပါးတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ ဘဝနိရောဓော၊ ဘဝတရားနှစ်ပါးတို့၏ ချုပ်ငြိမ်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဘဝနိရောဓာ၊ ဘဝတရား နှစ်ပါးတို့၏ ချုပ်ငြိမ်းခြင်းကြောင့်၊ ဇာတိနိရောဓော၊ ပဋိသန္ဓေအသစ် အသစ် ဖြစ်ပေါ်မှု၏ ချုပ်ငြိမ်းခြင်းသည်။ ဟောတိ၊ဖြစ်၏။

ဇာတိနိရောဓာ၊ပဋိသန္ဓေအသစ်အသစ် ဖြစ်ပေါ်မှု၏ချုပ်ငြိမ်းခြင်းကြောင့်။ ဇရာ မရဏံ၊ အဘန်ဘန်အိုရခြင်း, အဘန်ဘန် သေရခြင်း-ဟူသော ဇရာ,မရဏ တရားနှစ်ပါးသည်၎င်း။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ၊ အဘန်ဘန်စိုးရိမ်ရခြင်း, အဘန်ဘန်ငိုကြွေးရခြင်း, အဘန်ဘန်ကိုယ်၏ဆင်းရဲရခြင်း, အဘန်ဘန်စိတ်၏ ဆင်းရဲရခြင်း, အဘန်ဘန်သက်ကြီး ရှိုက်တငင်ငင် ပင်ပန်းရခြင်း တို့သည်၎င်း။ နိရုဇ္ဈန္တိ၊ အရဟတ္တမဂ်ဖြစ်ပေါ် ဆဲခဏ၌ အဝိဇ္ဇာနှင့်တကွ ချုပ်ငြိမ်းကြလေကုန်၏။

ဇဝံ၊ ဤသို့။ ကေဝလသဿ၊ချမ်းသာ သုခနှင့်မဘက် သက်သက်သော။ တေဿ ဒုက္ခက္ခန္ဓဿ၊ ထိုဒုက္ခသစ္စာတရားအစု၏။ နိရောဓော၊ ချုပ်ငြိမ်းခြင်းသည်။ ဟောတိ၊ဖြစ်၏။

ဤဒေသနာ၌—

၁။ အဝိဇ္ဇာသည် သင်္ခတပရမတ်မည်၏။ အဘယ့်ကြောင့်သင်္ခတပရမတ်မည်သနည်း-ဟူမူ "အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော"ဟူသော ပါဠိနှင့်အညီ၊ အာသဝ-တည်းဟူသောအကြောင်း တရားတို့၏ ဖြစ်ပွါးမှုကြောင့် အဝိဇ္ဇာသည် အသစ်အသစ် ဖြစ်ပေါ်မှုထင်ရှားရှိနေသောကြောင့် သင်္ခတပရမတ်ခေါ်ပေသတည်း။

၂။ ထိုအဝိဇ္ဇာ၏ နောင်တဘန်ဖြစ်ပေါ်ရန်အကြွင်းအကျန်မရှိ၊ အရိယာမဂ်၏ အစွမ်းဖြင့် အကုန်အစင် ချုပ်ငြိမ်းခြင်းသည်၊အသင်္ခတပရမတ်မည်၏၊ အဘယ့်ကြောင့် အသင်္ခတဓာတ် ပရမတ်မည်သနည်း-ဟူမူ "အာသဝ နိရောဓာ အဝိဇ္ဇာနိရောဓော"ဟူသော ပါဠိနှင့် အညီ၊ အာသဝ-တည်းဟူသော အကြောင်းတရားတို့၏ချုပ်ငြိမ်းခြင်းကြောင့် အဝိဇ္ဇာ၏ အသစ်အသစ် ဖြစ်ပေါ်မှု မရှိသော ချုပ်ငြိမ်းမှုဖြစ်လေသောကြောင့် ထိုချုပ်ငြိမ်းမှုကို အသင်္ခတပရမတ်ခေါ်ပေသတည်း။

သင်္ခတပရမတ်, အသင်္ခတပရမတ် ၂-ပါးကို ခွဲပြခြင်းပြီး၏။

---

### နိဗ္ဗာန်၏ ဘာဝ,အဘာဝကိုပြဆိုခြင်း

ဤသို့လျှင် အဝိဇ္ဇာဟူသော သင်္ခတပရမတ်၏ အသစ်အသစ်ဖြစ်ပေါ်မှု မရှိခြင်းဟူသောအဝိဇ္ဇာ၏အဘာဝသည် အသင်္ခတဓာတ်ပရမတ်မည်၏၊ ဤစကား၌ အဘာဝဆိုသော်လည်း အဝိဇ္ဇာ၏ မရှိခြင်းကို ဆို၏၊ သန္တိလက္ခဏာအားဖြင့်မူကား-အရိုးအစဉ် ထင်ရှားရှိသော ဘာဝကြီးတပါးပင် ဖြစ်၏၊

[သင်္ခါရချုပ်ငြိမ်းမှုစသည်တို့၌လည်း ဤနည်းအတူ အဘာဝနှင့်ဘာဝ နှစ်ပါးကို ခြားနား၍သိလေ၊]

ဤဒေသနာ၌-အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရချုပ်သည်၊ သင်္ခါရချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်သည်-အစရှိသည်ဖြင့် အဆင့်အဆင့်ဟောတော်မူရသည်မှာလည်း အကြောင်း, အကျိုးဖြစ်ထိုက်သောတရားအစဉ်သို့လိုက်၍ ဟောတော်မူခြင်းမျှသာတည်း၊ ထိုတရားတို့၏ချုပ်ငြိမ်းမှုမှာမူကား-အရဟတ္တမဂ်ခဏ၌ အဝိဇ္ဇာ ချုပ်ငြိမ်းမှုတွင် တပေါင်းတစုတည်းပါလေ၏၊ အဝိဇ္ဇာချုပ်ငြိမ်းမှုနှင့် တစုတည်းသောချုပ်ငြိမ်းမှုဖြစ်လေ၏၊ ထိုချုပ်ငြိမ်းမှုသည် ထိုပုဂ္ဂိုလ် ခန္ဓပရိနိဗ္ဗာန်စံသည်မှနောက်၌အနမတဂ္ဂသံသရာနှင့်အမျှ နိစ္စထာဝရတည်ရှိလေ၏။

ထိုချုပ်ငြိမ်းမှုတွင်—

၁။ ငရဲဘဝအဆက်ဆက် အနန္တချုပ်ငြိမ်းမှုလည်း ပါဝင်လေ၏။

၂။ တိရစ္ဆာန် ဘဝအဆက်ဆက် အနန္တချုပ်ငြိမ်းမှု,

၃။ ပြိတ္တာဘဝအဆက်ဆက် အနန္တချုပ်ငြိမ်းမှု,

၄။ အသုရကာယ်ဘဝအဆက်ဆက် အနန္တချုပ်ငြိမ်းမှုလည်းပါဝင်လေ၏။

၅။ ထို့အတူ လူ့ဘဝအဆက်ဆက် အနန္တချုပ်ငြိမ်းမှု,

၆။ နတ်ဘဝ အဆက်ဆက် အနန္တချုပ်ငြိမ်းမှု,

၇။ ဗြဟ္မာဘဝ အဆက်ဆက် အနန္တချုပ်ငြိမ်းမှုတို့လည်း ပါဝင်လေကုန်၏။

အဝိဇ္ဇာ၏ချုပ်ငြိမ်းမှု-ဟူသောစကားတွင်—

ဤမျှလောက် ကြီးကျယ်သော အသင်္ခတဓာတ် ပရမတ်နယ်ကြီးသည် အသိဉာဏ်တွင် ထင်မြင်ထင်ရှား ရှိလေ၏၊ ထိုပုဂ္ဂိုလ်၏သန္တာန်တွင် ရှေ့သို့အစဉ်ဖြစ်ပွါးလတ္တံ့သော သင်္ခတတရားတို့၏ ချုပ်ငြိမ်းမှု၏သာလျှင် တခုတည်းဖြစ်သည်မဟုတ်သေး၊ လွန်လေပြီးသောအတိတ်သံသရာ၌ ပရိနိဗ္ဗာန်စံကြကုန်ပြီးသောခပ်သိမ်းသော ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့၏ အသင်္ခတဓာတ် ပရမတ်နိဗ္ဗာန်ကြီးနှင့်လည်း တခုတည်းရောမိလေ၏၊ ယခုဘုရား သာသနာတော်မှာ ပရိနိဗ္ဗာန်စံကြသော ပုဂ္ဂိုလ်တို့၏အသင်္ခတဓာတ်ပရမတ်နိဗ္ဗာန်ကြီး,နောင်အနမတဂ္ဂသံသရာတွင် ပရိနိဗ္ဗာန်စံကြကုန်လတ္တံ့သောဘုရား, ပစ္စေက

ဗုဒ္ဓါ,ရဟန္တာတို့၏ အသခ်တဓာတ်ပရမတ်နိဗ္ဗာန်ကြီးနှင့်လည်း တခုတည်းဖြစ်လေ၏။

ဥပါဒ်စွန်း,ဘင်စွန်း, ရှေ့အစွန်း, နောက်အစွန်း, အောက်အစွန်း, အထက်အစွန်း, လက်ဝဲအစွန်း, လကျာအစွန်း-မရှိသော အနိမိတ္တတရားဖြစ်၍ ပစ္စုပ္ပန်,အတိတ်,အနာဂတ် ကာလအပြားအားဖြင့်လည်း ကွဲပြားခြင်းမရှိ၊ ပုဂ္ဂိုလ်သန္တာန်အားဖြင့်လည်း ကွဲပြားခြင်းမရှိလေ။

[ဤကား-အနမတဂ္ဂသံသရာတွင် အစဉ်ထာဝရတည့်ရှိသောအသခ်တဓာတ်ပရမတ်နိဗ္ဗာန်ကြီး၏ သန္တိသဘောဟူသော ပရမတ္ထသဘာဝအားဖြင့် ထင်ရှားရှိနေပုံကို ပြဆိုချက်တည်း။

နိဗ္ဗာန်၏ဘာဝ,အဘာဝကို ပြခြင်းပြီး၏။

---

### နိဗ္ဗာန်၏အမေးလေးချက်အဖြေကိုပြခြင်း

၁။ အဝိဇ္ဇာ၏ မရှိခြင်းတည်းဟူသော အဘာဝကို နိဗ္ဗာန်-ဟူ၍ ဆိုခဲ့သော် ထိုနိဗ္ဗာန်သည် အဘယ်သို့လျှင် ပရမတ္ထအားဖြင့် ထင်ရှားရှိပါသနည်း။

၂။ အဘယ်သို့လျှင် ပရမသုခဖြစ်နိုင်ပါသနည်း။

၃။ အဘယ်သို့လျှင် အနန္တဂုဏ်ကျေးဇူးနှင့် ပြည့်စုံနိုင်ပါသနည်း။

၄။ အဘယ်သို့လျှင် အပ္ပမေယျဂမ္ဘီရဖြစ်နိုင်ပါသနည်း။

[အမေး ၄-ချက်]

### နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိပုံ

၁။ ထိုအဝိဇ္ဇာ၏အဘာဝဟု ဆိုအပ်သော နိဗ္ဗာန်သည် သန္တိလက္ခဏာအားဖြင့် အရိုးအစဉ်ထင်ရှားသော ဘာဝကြီးတပါး ဖြစ်ပေ၍ ပရမတ္ထအားဖြင့် ထင်ရှားရှိပေ၏။

**ထင်ရှားရှိပုံကား။** ခပ်သိမ်းသော မြတ်စွာဘုရားတို့သည် ဘုရားအဖြစ်သို့မရောက်မီ ရှေးကာလ၌ သစ္စာလေးပါးတရားကို ထိုးထွင်း၍ မသိခြင်းတည်းဟူသော အဝိဇ္ဇာတရားရှိနေကြကုန်၏၊ အဝိဇ္ဇာတရားရှိနေသည့်အတွက်ကြောင့် သင်္ခါရ-အစရှိသော သံသရာဝဋ်တရားတို့သည်လည်း ရှိနေကြကုန်၏၊အဆုံးဘဝသို့ရောက်၍ အရဟတ္တမဂ်ဉာဏ်

ကြီးကို ရကြသောအခါ၌ ထိုအဝိဇ္ဇာတရားသည် အကြွင်းအကျန်မရှိ ချုပ်ငြိမ်းကွယ်ပျောက် အဘာဝအဖြစ်သို့ရောက်လေ၏။

အဘာဝဟူသော်လည်း အဇ္ဈာကာသကောင်းကင်ကဲ့သို့ အချည်းနှီး,တုစ္ဆ,နိရတ္ထက,အဘာဝမျိုးမဟုတ်၊ထိုမြတ်စွာဘုရားတို့မှာ ထိုဉာဏ်မှစ၍ ခပ်သိမ်းသောကိလေသာတို့၏ ချုပ်ငြိမ်းခြင်း, ဒုတိယဘဝမှစ၍ ခပ်သိမ်းသော ဝဋ်ဒုက္ခတို့၏ ချုပ်ငြိမ်းခြင်း ဟူသော သန္တိလက္ခဏာနှင့်တကွ အနမတဂ္ဂသံသရာတွင် အရိုးအစဉ်အားဖြင့် ထင်ရှားလျက်ရှိနေသော ပရမတ္ထဘာဝကြီးတပါး ဖြစ်ပေ၏၊ ထိုနိဗ္ဗာန်သည် ဤသို့လျှင် ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။

## နိဗ္ဗာန်သည် ပရမသုခဖြစ်ပုံ

၂။ ထိုနိဗ္ဗာန်သည် အဘယ်သို့လျှင်ပရမသုခဖြစ်နိုင်ပါသနည်း-လူ့ချမ်းသာအပေါင်းတို့တွင် လေးကျွန်းလုံးကိုအစိုးရသော စကြာမင်းတို့၏ချမ်းသာသည် အကြီးအကျယ်ဆုံးသော ချမ်းသာဖြစ်၏၊ ထိုစကြာမင်းချမ်းသာသည် အနိစ္စမျိုးစင်စစ်ဖြစ်၏၊ပျက်စီးခြင်းသည်လျှင် အဆုံးရှိ၏၊ထိုစကြာမင်းကြီးသည်လည်း အဝိဇ္ဇာအစရှိသော ကိလေသာဝဋ်, ကမ္မဝဋ်,ဝိပါကဝဋ် တို့မှ ကျွတ်လွတ်ခြင်း မရှိသေးသောကြောင့် ယခုနေ့စကြာမင်း,နောက်နေ့၌ ခွေးဘဝ, ဝက်ဘဝ-အစရှိသော အပါယ်ဘဝသို့ ကျရောက်ရန် ဝဋ်ဒုက္ခဘေးကြီး တင်းလင်းရှိနေ၏။

ထိုအဝိဇ္ဇာ၏ ချုပ်ငြိမ်းခြင်းတည်းဟူသော နိဗ္ဗာနသုခသည်မူကား-နိစ္စမျိုးဖြစ်၏၊ အနမတဂ္ဂ သံသရာတွင် ဘယ်အခါမှ ပျက်ဆုံးခြင်းမရှိ၊ မြတ်စွာဘုရားတို့သည်လည်း အဝိဇ္ဇာအစရှိသောကိလေသဝဋ်,ကမ္မဝဋ်, ဝိပါကဝဋ်တို့မှ ကျွတ်လွတ်ကြလေကုန်သောကြောင့် ခွေးဘဝ, ဝက်ဘဝ အစရှိသော အပါယ်ဘဝတို့နှင့်တကွ ခပ်သိမ်းသောဘဝသို့ ကျရောက်ခြင်းမရှိကြကုန်ပြီ၊ဤသို့လျှင် လေးကျွန်းလုံးကိုအစိုးရသော စကြာမင်းကြီး၏အကြီးအကျယ်ဆုံးသော လူ့ချမ်းသာထက် ဤအဝိဇ္ဇာ၏ချုပ်ငြိမ်းခြင်းတည်းဟူသော နိဗ္ဗာန်သုခသည် အဆသိန်းသန်းမက သာလွန်မြင့်မြတ်သော ပရမသုခကြီးဖြစ်ပေ၏။

နတ်ချမ်းသာအပေါင်းတို့တွင်လည်း သိကြားမင်းကြီး,နတ်မင်းကြီးတို့၏ချမ်းသာသည် အကြီးကျယ်ဆုံးသော ချမ်းသာဖြစ်၏၊ ဗြဟ္မာချမ်းသာအပေါင်းတို့တွင်လည်း မဟာဗြဟ္မာမင်းကြီးတို့၏ ချမ်းသာသည် အကြီးကျယ်ဆုံးသောချမ်းသာဖြစ်၏၊ ဤနတ်မင်းကြီး, ဗြဟ္မာမင်းကြီးတို့၏ချမ်းသာသည် အနိစ္စမျိုးစင်စစ်သာ ဖြစ်ကုန်၏၊ ပျက်စီးခြင်းလျှင် အဆုံးရှိကြကုန်၏၊ ထိုသိကြားမင်းကြီး, နတ်မင်းကြီး, မဟာဗြဟ္မာမင်းကြီးတို့သည်လည်း အဝိဇ္ဇာအစရှိသော ကိလေသဝဋ်,ကမ္မဝဋ်,ဝိပါကဝဋ်တို့မှ ကျွတ်လွတ်ခြင်းမရှိကြသေးသောကြောင့် ယခုနေ့ သိကြားမင်းကြီး,နတ်မင်းကြီး,မဟာဗြဟ္မာမင်းကြီး၊နောက်နေ့၌ ခွေးဘဝ, ဝက်ဘဝ-အစရှိကုန်သော အပါယ်ဘဝသို့ ကျရောက်ရန် ဝဋ် ဒုက္ခဘေးကြီး ထင်းလင်းရှိနေကြကုန်၏။

အဝိဇ္ဇာ၏ ချုပ်ငြိမ်းခြင်းတည်း-ဟူသော နိဗ္ဗာနသုခသည်မူကား-နိစ္စမျိုးဖြစ်၏၊ အနမတဂ္ဂသံသရာတွင် ဘယ်အခါမှ ပျက်ဆုံးခြင်းမရှိ၊ မြတ်စွာဘုရားတို့သည်လည်း အဝိဇ္ဇာအစရှိသော ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်တို့မှ ကျွတ်လွတ်ကြလေကုန်သောကြောင့် ခွေးဘဝ, ဝက်ဘဝ-အစရှိသော အပါယ်ဘဝတို့နှင့်တကွ ခပ်သိမ်းသော ဘဝသို့ ကျရောက်ခြင်း မရှိကြကုန်ပြီ။

ဤသို့လျှင် နတ်မင်းကြီး,သိကြားမင်းကြီး,မဟာဗြဟ္မာမင်းကြီးတို့၏ အကြီးကျယ်ဆုံးသော နတ်ချမ်းသာ,ဗြဟ္မာချမ်းသာထက် ဤအဝိဇ္ဇာ၏ ချုပ်ငြိမ်းခြင်း-တည်းဟူသော နိဗ္ဗာနသုခသည် အဆသိန်းသန်းမကသာလွန်မြင့်မြတ်သော ပရမသုခကြီး ဖြစ်ပေ၏၊ဤသို့လျှင် ပရမသုခဖြစ်နိုင်၏။

### နိဗ္ဗာန်သည်အနန္တဂုဏ်ကျေးဇူးနှင့်ပြည့်စုံပုံ

၃။ ထိုနိဗ္ဗာန်သည် အဘယ်သို့လျှင် အနန္တဂုဏ်ကျေးဇူးနှင့် ပြည့်စုံနိုင်ပါသနည်း၊ အနမတဂ္ဂသံသရာ၌ တထောင့်ငါးရာ ကိလေသာတို့တွင် တခုတခုသော ကိလေသာ မမ္မ၏ အကျိုးယုတ် အကျိုးမဲ့ ကြီးသည် အနန္တကြီးကျယ်ကုန်၏၊ အဝိဇ္ဇာချုပ်ငြိမ်းခဲ့သည်ရှိသော် ထိုတထောင့်ငါးရာကိလေသာတို့၏ ချုပ်ငြိမ်းမှုသည် အကုန်လုံးပါဝင်လေ၏၊ ထို့

တခုတခုသော ကိလေသာဓမ္မ၏အကျိုးယုတ်, အကျိုးမဲ့ကြီး အနန္တတို့သည်လည်း အကုန်ချုပ်ငြိမ်းကြလေကုန်၏၊ ထိုအကျိုးယုတ် အကျိုးမဲ့ကြီးအနန္တတို့၏ ချုပ်ငြိမ်းမှုသည် နိဗ္ဗာန်၏ အနန္တ ဂုဏ်ကျေးဇူးဖြစ်လေ၏။

ကမ္မဝဋ်အနန္တတို့၏ ချုပ်ငြိမ်းမှု,ဝိပါကဝဋ် အနန္တတို့၏ ချုပ်ငြိမ်းမှုတို့ကို အစွဲပြု၍လည်း နိဗ္ဗာန်၏ အနန္တဂုဏ်ကျေးဇူးတို့ကို ဆိုလေ၊ ဤသို့လျှင် နိဗ္ဗာန်သည် အနန္တဂုဏ်ကျေးဇူးနှင့်ပြည့်စုံနိုင်၏။

### နိဗ္ဗာန်၏အပ္ပမေယျဂမ္ဘီရဖြစ်ပုံ

၄။ ရူပသင်္ခါ ဝိမုတ္တော ခေါ မဟာရာဇ တထာဂတော အပ္ပမေယျော ဂမ္ဘီရော၊သေယျထာပိ မဟာသမုဒ္ဒေါ၊ဝေဒနာသင်္ခါဝိမုတ္တော။လ။သညာသင်္ခါဝိမုတ္တော။လ။သင်္ခါရ သင်္ခါဝိမုတ္တော။လ။ ဝိညာဏသင်္ခါ ဝိမုတ္တော။လ။သေယျထာပိ မဟာသမုဒ္ဒေါ။

ဟူသော ကောသလသံယုတ်ပါဠိတော်၌ အဓိပ္ပါယ်ကား—

ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌ သတ္တဝါ-ဟူသော ပညတ်သည် သဘောအားဖြင့်ရှိသည်မဟုတ်၊ သဘောအားဖြင့်ရှိသော ပရမတ္ထတရားကို အမှီပြု၍ သိအပ်, ခေါ်ဝေါ်အပ်သော ပညတ်တရားမျှသာဖြစ်၏၊ ထိုပညတ်သည်လည်း ခန္ဓပရိနိဗ္ဗာန်မစံမီ ရှေးအဘို့၌ သင်္ခတဖြစ်သော ရုပ်နာမ်တို့၏ အပေါ်၌သာလျှင် ထင်မြင်နိုင်၏၊ ပညတ်နိုင်၏။

ခန္ဓပရိနိဗ္ဗာန်စံပြီးသည် နောက် အသင်္ခတဖြစ်သော နိဗ္ဗာန်-ဟူသော ပရမတ္ထတရားသည်ကား-အလွန်သိမ်မွေ့သော တရားဖြစ်ချေ၍ ထိုတရား၏ အပေါ်၌ မထင်မြင်နိုင်၊ မပညတ်နိုင်၊ မဟာသမုဒ္ဒရာတွင်းသို့ သက်ဆင်းသောသူသည် ထောက်ရာတည်ရာ-ဟူ၍တစုံတခုကိုမျှ မရနိုင်သကဲ့သို့ ထိုနိဗ္ဗာန်သို့ ဆိုက်ရောက်သော သတ္တဝါသည် ထိုနိဗ္ဗာန်၌ ပုဂ္ဂိုလ်, သတ္တဝါ-ဟူသော ပညတ်၏ တည်ရာမှီရာ တစုံတခုသော ထောက်ရာတည်ရာကို မရလေပြီ၊နိဗ္ဗာန်သည် မဟာသမုဒ္ဒရာသဘွယ်

နက်နဲသကဲ့သို့ ထိုပညတ်သည်လည်း မဟာသမုဒ္ဒရာသဘွယ် နက်နဲလေ၏၊ ထို့ကြောင့် အပ္ပမေယျော ဂမ္ဘီရော သေယျထာပိ-ဟူ၍ ဟောတော်မူသည်-မှတ်ရမည်။

နိဗ္ဗာန်၏ အမေးလေးချက်အဖြေကို ပြခြင်းပြီး၏။

---

## နိဗ္ဗာန်မှာ ရုပ်ထူး,နာမ်ထူးမရှိကြောင်းကို ပြခြင်း

နိဗ္ဗာနံ သုခုမ ရူပ ဂတိကန္တိ ဝိညာယတိ-ဟူသော အနုဋီကာပါဠိ၌မှာလည်း နိဗ္ဗာန်ကို သုခုမရုပ် ၁၆-ခုနှင့် ဓမ္မာယတန, ဓမ္မဓာတ်၌ အကျုံးဝင်ခြင်းတူသောကြောင့် သုခုမ ရူပ ဂတိကံဟုဆိုသည်၊ နိဗ္ဗာန်သည် အလွန်သိမ်မွေ့သောရုပ်နှင့် အလားတူသောကြောင့် ဆိုသည်မဟုတ်၊

နိဗ္ဗာန်ကိုနာမ်ဟုခေါ်ရသည်မှာလည်း စိတ်နာမ်,စေတသိက်နာမ်မျိုးဖြစ်၍ ခေါ်ရသည်မဟုတ်၊ရုပ်တရားကဲ့သို့ စမ်းသပ်တွေ့ထိ၍ သိနိုင်သောတရားမျိုးမဟုတ်၊ အမည်နာမကို အစဉ်မှီးပြီးလျှင် အနက်သဘောကို ဆင်ခြင်၍ သိရသောကြောင့် နာမ်ဟူ၍ခေါ်လေသည်။

နိဗ္ဗာန်မှာ အမှန်အားဖြင့် ဝဋ်ဒုက္ခဘေးတို့မှ ငြိမ်းအေးခြင်းတည်းဟူသောသန္တိသဘောသည်သာလျှင် အသင်္ခတ နိဗ္ဗာန်အမည်ဖြစ်၏၊ ထိုနိဗ္ဗာန်မှာ တည်ရာမှီရာ ခန္ဓာဟူ၍ တစုံတခုမျှမရှိပြီ၊ ခန္ဓာမရှိသည့်အတွက်ကြောင့် ပရိနိဗ္ဗုတဟူ၍လည်း ခေါ်စရာပညတ်လည်းမရှိပြီ။

နိဗ္ဗာန်မှာရုပ်ထူး,နာမ်ထူးမရှိကြောင်းကို ပြခြင်းပြီး၏။

---

## မိစ္ဆာဒိဋ္ဌိဖြစ်ပုံကိုပြခြင်း

### သဿတဒိဋ္ဌိဖြစ်ပုံ

အကယ်၍ ထိုနိဗ္ဗာန်မှာ ထိုခန္ဓာသည်ရင်း, ထိုပရိနိဗ္ဗုတပုဂ္ဂိုလ်သည်ရင်း ကောန်ရှိသည်ဆိုငြားအံ့၊ သဿတဒိဋ္ဌိအမှန်ဖြစ်၏၊ သဿတဒိဋ္ဌိဆိုသည်ကား- ထိုခန္ဓာကိုပင် ထိုပုဂ္ဂိုလ်၏အတ္တပြု၍ ထိုအတ္တနှင့် ထိုပုဂ္ဂိုလ်သည် ခန္ဓပရိနိဗ္ဗာန်စံရာ၌ ချုပ်ဆုံးခြင်းမရှိဟူ၍ အနုပါဒိသေသနိဗ္ဗာန်ဘက်သို့ ကူးပြောင်းတည်နေသည်-ဟု ယူခြင်းသည် သဿတဒိဋ္ဌိမည်၏။

## ဥစ္ဆေဒဒိဋ္ဌိဖြစ်ပုံ

ဥစ္ဆေဒဒိဋ္ဌိဆိုသည်ကား-ခန္ဓပရိနိဗ္ဗာန်မစံမီ ရှေးအဘို၌ ထိုခန္ဓာကို ပင် ထိုပုဂ္ဂိုလ်၏ အတ္တဟူ၍ စွဲယူခဲ့ပြီးလျှင် ထိုအတ္တနှင့် ထိုပုဂ္ဂိုလ် သည် ခန္ဓပရိနိဗ္ဗာန်စံရာတွင် အကုန်ချုပ်ဆုံးလေ၏-ဟု ယူခြင်းသည် ဥစ္ဆေဒဒိဋ္ဌိမည်၏။

မိစ္ဆာဒိဋ္ဌိဖြစ်ပုံကို ပြခြင်းပြီး၏။

---

## သမ္မာဒိဋ္ဌိဖြစ်ပုံကိုပြခြင်း

ဤအရာ၌ သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိဟူသော အယုတ်တရားနှစ်ပါး နှင့်သမ္မာဒိဋ္ဌိဟူသောမဇ္ဈိမပဋိပဒါတို့၏ အထူးကိုပြဆိုရာ၏။

အထူးဆိုသည်ကား-ခန္ဓပရိနိဗ္ဗာန်စံခြင်းသို့ မရောက်မီ ရှေးကာလ၌ ခန္ဓာကိုပင် ပုဂ္ဂိုလ်သတ္တဝါ၏ အတ္တပြု၍ ပုဂ္ဂိုလ်သည်အမှန်ရှိ၏၊ သတ္တ ဝါသည်အမှန်ရှိ၏၊ အတ္တသည်အမှန်ရှိ၏-ဟု ခိုင်မြဲစွာ ယူရှိကြသော သူတို့၏အယူမှာ ခန္ဓပရိနိဗ္ဗာန်နှင့်စပ်လျှင် သဿတဒိဋ္ဌိသော်လည်း ဖြစ်ရာ၏၊သို့မဟုတ် ဥစ္ဆေဒဒိဋ္ဌိသော်လည်း ဖြစ်ရာ၏၊ထိုအယုတ်တရား နှစ်ပါးဟူသောလမ်းလွဲလမ်းမှားကို ဘယ်လိုနည်းနှင့်မှ မရှောင်သာပြီ၊ အဘယ့်ကြောင့်နည်းဆိုသော် ခန္ဓပရိနိဗ္ဗာန်မစံမီ နောက်ကာလကပင် ခန္ဓာကိုပင် ပုဂ္ဂိုလ်သတ္တဝါ၏ အတ္တပြု၍ ပုဂ္ဂိုလ်သည်အမှန်ရှိ၏၊ သတ္တ ဝါသည်အမှန်ရှိ၏၊ အတ္တသည်အမှန်ရှိ၏- ဟုခိုင်မြဲသော ယူခြင်းဟူ သော အတ္တဒိဋ္ဌိကြီး· အရင်းခံရှိနေသောကြောင့်တည်း၊ ထိုအတ္တဒိဋ္ဌိ အရင်းခံရှိနေသောသူတို့မှာ သေသောအခါနှင့်စပ်လျှင် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိနှစ်ပါးတွင် တပါးပါးသို့ရောက်လေတော့သည်။

ထို့ကြောင့် ကထာဝတ္ထုပါဠိတော်၌—

ပရိနိဗ္ဗုတော ပုဂ္ဂလော အတ္ထတ္တမှိ နတ္ထတ္တမှီတိ အတ္ထတ္တမှိ၊ ပရိနိဗ္ဗုတော ပုဂ္ဂလော သဿတောတိ နဟေဝံ ဝတ္တဗ္ဗေ-ဟူ၍ငင်း, နတ္ထတ္တမှီတိ အာမန္တာ၊ ပရိနိဗ္ဗုတော ပုဂ္ဂလော ဥစ္ဆိန္နောတိ နဟေဝံ ဝတ္တဗ္ဗေ-ဟူ၍ငင်း။

အစွန်းနှစ်ဘက်မလွတ်နိုင်ချက်ကို ဟောတော်မူပေ၏။

ခန္ဓပရိနိဗ္ဗာန်မစံမီ ရှေးကာလကပင် ထိုခန္ဓာသည် ပုဂ္ဂိုလ်,သတ္တဝါမဟုတ်၊ ပုဂ္ဂိုလ် သတ္တဝါ၏ အတ္တလည်းမဟုတ်၊ သဘာဝဓမ္မသက်သက်သာဖြစ်၏၊ထိုခန္ဓာမှအလွတ် ပုဂ္ဂိုလ်ဟူ၍,သတ္တဝါဟူ၍,အတ္တဟူ၍ သဘောအားဖြင့်မရှိပြီ-ဟု သိမြင်သောဉာဏ်သည် သမ္မာဒိဋ္ဌိမည်၏၊ ထိုသမ္မာဒိဋ္ဌိ ဉာဏ်အမြင်ရှိသောသူတို့မှာ အတ္တဒိဋ္ဌိအရင်းခံ မရှိသည့်အတွက်ကြောင့် ခန္ဓပရိနိဗ္ဗာန်နှင့်စပ်၍ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိသို့ ရောက်ဘွယ်မရှိပြီ၊ မဇ္ဈိမပဋိပဒါ၌တည်လေ၏။

သမ္မာဒိဋ္ဌိဖြစ်ပုံပြီး၏။

---

## မဇ္ဈိမပဋိပဒါကိုပြခြင်း

မဇ္ဈိမပဋိပဒါဆိုသည်ကား- အဝိဇ္ဇာရှိသည်ရှိသော် သင်္ခါရစသောဝဋ်တရားတို့သည် ဘဝအဆက်ဆက် ဆက်လက်ဖြစ်ပွါး၍သာ နေကုန်၏၊ဥစ္ဆေဒသို့ ရောက်သည်မရှိ၊အရဟတ္တမဂ်သို့ရောက်၍ အဝိဇ္ဇာအကုန်ချုပ်ငြိမ်းလျှင် သင်္ခါရစသော ဝဋ်တရားတို့သည် ထိုဘဝမှနောက်၌ ဖြစ်ပေါ်ခြင်း မရှိကြကုန်ပြီ။

[ဤကား–မဇ္ဈိမပဋိပဒါတည်း။]

ဤမဇ္ဈိမပဋိပဒါလမ်း၌ အတ္တဒိဋ္ဌိဟူသော အရင်းခံ မရှိသည့်အတွက်ကြောင့် သေကြသောအခါနှင့်စပ်လျဉ်း၍ရင်း,ခန္ဓပရိနိဗ္ဗာန်စံမှုနှင့်စပ်လျဉ်း၍ရင်း၊ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိဟူသော အကိုင်းအခက်ဒိဋ္ဌိနှစ်ပါးဖြစ်ပွါးဘွယ် မရှိပြီ။

မဇ္ဈိမပဋိပဒါပြီး၏။

ဤတွင်ရွေကား – အထူးထူးအထွေထွေ မေးခြင်းကို ဖြေဆိုချက်ပြီး၏။

ဤမျှလောက်သောစကားအစဉ်ဖြင့် လူ,ရှင်,ရဟန်းတို့၏ ဉာဏ်အလင်း ပေါက်မြောက်ရန်ဖြေကြားသော အဖြေကျမ်းသည် ၁၂၇၉-ခု တန်ဆောင်မုန်းလအတွင်း ပြီးစီးအောင်မြင်ခြင်းသို့ရောက်၏။

**ပြည်သူတို့အတွက် နိုးဆော်ချက်**

သဗ္ဗ ကောဝိဒ ကိစ္စေသု၊
ဇနိန္ဒံ့ ယထာ ပန၊
သမ္မာဆန္ဒော မဟာထေရော၊
ပဿန္တုဿ တထာ ပန၊ ၊

**အနက်ကား။** သဗ္ဗကောဝိဒကိစ္စေသု၊ အလုံးစုံသော လိမ္မာရေးကိစ္စကြီးတို့၌။မဟာထေရော၊ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည်။ ယထာပန သမ္မာဆန္ဒော၊ အကြင်သို့မူကား-အလိမ်မာဉာဏ်ရကြောင်း အလိုကောင်းဆန္ဒတော်ကြီးသည်။အတ္ထိ၊အမြဲပင်ရှိတော်မူ၏။ တထာပနဇ္ဇ စ္ဆန္ဒံ၊ ထိုသို့မူကား, အလိမ်မာဉာဏ် ရကြောင်း အလိုကောင်းဆန္ဒကြီး ရှိတော်မူသည့်အတိုင်း။ ဇနာ၊ တိုင်းသူပြည်သား လူများအပေါင်းတို့သည်။ ကောဝိဒါယ၊ အရာရာတို့၌ အလိမ်မာဉာဏ်ရောင် ဝင်းပြောင်ထိန်လင်းကြစေခြင်း အကျိုးငှါ။ ပဿန္တု၊ ပေါက်ရောက်ထင်မြင်အောင် ကြည့်ရှုနိုင်စေကုန်သတည်း။

ကျွန်းကုန်းကြီးပုစ္ဆာအဖြေပြီး၏။

**နိုင်ငံတွင်းပုစ္ဆာအဖြေပေါင်းချုပ်ကျမ်း**

**ပြီးပြီ။**

THE HANTHAWADDY PRESS